
www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# စေတန်၏ (၆)အုပ်မြောက် အထူးထုတ်စာအုပ်

## သရဲဂိမ်း၊ ကားသရဲ

မကြာမီ




- စာရွက်အရေအတွက်၊ စာဖောင်များတိုးချဲ့ပြီး စေတန်၏ (၆) အုပ်မြောက်၊ အထူးထုတ် သရဲစာအုပ် 'သရဲဂိမ်း' ဖြစ်သည်။
- နိုင်ငံတကာတွင် ခေတ်စားနေသော ချာလီ၊ ချာလီ သရဲခေါ် ရာမှ နောက်ဆက်တွဲ ပေါ်ပေါက်လာသည့် ချောက်ချားစရာ ဖြစ်ရပ်များ၊ နိုင်ငံတကာ သရဲခေါ် နည်းများ၊ တရုတ်သရဲခေါ် နည်းတို့ကို အပျော်အပြက် ကစားခဲ့ရာမှ လူငယ်တစ်သိုက် ကြုံတွေ့ရသည့် ချောက်ချားစရာ အဖြစ်အပျက်များကို သရဲဂိမ်းအဖြစ် ဖွဲ့ဖော်လိုက်သောအခါ ..။
- Bonus Track အဖြစ် သရဲဂိမ်းနှင့်အတူ 'ကားသရဲ' ဝတ္ထုတို တစ်ပုဒ်ကိုလည်း ထပ်တိုးထည့်သွင်း ဖော်ပြထားပါကြောင်း။

www.burmeseclassic.com

www.burmeseclassic.com

# EDITOR's LETTER

BURMESE CLASSIC

ဆင္ဒမအာရုံစာပေမှ စီစဉ်သည့် "သင့်အတွက် တားရော့ပညာ" လုံးချင်းစာအုပ် မကြာမီတွင် ထွက်ရှိမည်ဖြစ်ပြီး တားရော့ပညာနှင့်ပတ်သက်၍အပြည့်စုံဆုံးဖြစ်အောင် ဖန်တီးထားသည်။

ယခုလတွင် သင့်Crushကို အရှုံးအမှုးဖြစ်စေမယ့် အစီအရင်၊ လမ်းခွဲဖို့ဖြစ်နေသူများအတွက် အချစ်ဖြေဆေး၊ ဒေစီပန်းနှင့် ချစ်၊ မချစ် ဆန်းစစ်နည်း အပါအဝင် လက်တွေ့ အကျိုးပြုထိရောက်သော အစီအရင်များကို အထူးပြု ဖော်ပြထားသည်။

ဆက်လက်၍ အသိပညာ၊ ဗဟုသုတများ ရရှိစေမည့် ဂမ္ဘီရ အကြောင်းအရာ၊ ဝတ္ထု ဆောင်းပါးများကို ဖော်ပြသွားပါမည်။

အထူးဝယ်သိမ်း စာအုပ်ကောင်းများဖြစ်အောင် ဖော်ပြထားပါသဖြင့် ပရိသတ်များအနေဖြင့် လက်မလွှတ်ရလေအောင် စာအုပ်ဆိုင်များတွင် ကြိုတင်မှာကြား၍ ဝယ်ယူထားနိုင်ပါကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# သင့်အတွက် မရှိမဖြစ် ဆောင်ထားသင့်သည့် Dream Catcher များ ဝယ်ယူနိုင်ပြီ



ဖက်ရှင်လည်းကျ၊ လှပဆန်းကြယ်သည့် Dream Catcher များကို ဆောင်ထားပါက အိပ်မက်များကို မှတ်မိစေခြင်း၊ မိမိအပေါ်ကျရောက်လာမည့် ဘေးဆိုးအန္တရာယ်များ၊ မကောင်းကြံစည်ခြင်းများကို Dream Catcher ၏ Spider Web ပင့်ကူအိမ်ကွန်ရက်က ဖမ်းဆီးထားမည်ဖြစ်ပါသည်။

မိမိနေအိမ်၊ အိပ်ခန်း၊ ကားများတွင် အလှဆင်ပစ္စည်းအဖြစ် သာမက အဆောင်အဖြစ်ပါ ဆောင်ထားနိုင်ပါပြီ။

# ဂျူပီတာ အင်းပြားအဆောင်များ ဝယ်ယူနိုင်ပါပြီ

ဂျူပီတာ အင်းပြား အဆောင်အကြောင်းကို ဆဋ္ဌမအခါရဲ့ မဂ္ဂဇင်း အမှတ်(၂၆)တွင် ဖော်ပြထားပြီး လုပ်ငန်းများတွင် ထားရှိပါက လုပ်ငန်းများ တိုးတက် ကြီးပွား အဆင်ပြေခြင်း၊ လာဘ်လာဘ ရွှင်လန်းခြင်း၊ အန္တရာယ် ကင်းခြင်းများကို ရရှိနိုင်သည့် ဂျူပီတာ အင်းပြား အဆောင်များ ဝယ်ယူ ရရှိနိုင်ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

## ငါးထောင့်ကြယ် အဆောင်များ
## "ဆဋ္ဌမအာရုံ" မဂ္ဂဇင်းတွင် ဝယ်ယူနိုင်ပါပြီ



ငါးထောင့်ကြယ် အဆောင်နှင့် ခွဲကြိုးကို အစွမ်းသတ္တိ သိရှိသွင်းနည်းကို လည်း "ဆဋ္ဌမအာရုံ" မဂ္ဂဇင်း အမှတ်စဉ် (၂၆)တွင် ဖော်ပြထားပါသည်။ သင့် အတွက် ကံကောင်းခြင်းအဆောင် လက်ပွဲတစ်ခုအနေဖြင့် ဆောင်နိုင်ပါပြီ။

## ရောင်စုံ ဖယောင်းတိုင်များ
## "ဆဋ္ဌမအာရုံ" မဂ္ဂဇင်းတွင် ဝယ်နိုင်ပြီ





အစီအရင်များအတွက် အဖြူရောင်၊ အပြာရောင်၊ အဝါရောင်၊ ပန်းရောင်၊ လိမ္မော်ရောင်၊ အနက်ရောင်၊ အစိမ်းရောင်၊ ခရမ်းရောင် ဖယောင်းတိုင်များ ဝယ်ယူနိုင်ပါပြီ။ ဖယောင်းတိုင်စိုက်ရန် Candle Holder ဖယောင်းတိုင်စိုက် ခွက် အလှများလည်း ရရှိနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# အိမ်အရောက်ပို့ဆောင်ပေးမည်

**"ဆဋ္ဌမအာရုံမဂ္ဂဇင်း"** ကို

လစဉ်မှာယူလိုသူ ပရိသတ်များအနေဖြင့်

**ကမ္ဘောဇဘဏ်၊ ပုစွန်တောင်ဘဏ်ခွဲ၊ ရန်ကုန်မြို့၊**

**ဘဏ်အကောင့်နံပါတ် ၀၁၄၁ - ၂၂၀၀ - ၄၃၆၀၇ သို့**

မိမိနှင့် နီးစပ်ရာဘဏ်မှ ငွေလွှဲခနှင့်အတူ မိမိမှာယူလိုသော (၆) လ (သို့) (၁)နှစ်စာအတွက် ငွေလွှဲပေးပို့၍ မှာယူနိုင်ပါသည်။ ငွေလွှဲခကို မှာယူသူဘက်မှ တစ်ပါတည်းပေးချေ၍ ငွေလွှဲပေးပို့ရပါမည်။

## (၆)လ ၂၀၀၀၀ ကျပ်

## (၁၂)လ ၄၀၀၀၀ ကျပ်

**ဖုန်း - ၀၉ ၇၃၁ ၇၆၆၅၀** သို့ မိမိ ငွေလွှဲပေးပို့ကြောင်းနှင့် စာအုပ်ပေးပို့ရမည့်လိပ်စာ၊ မှာယူသူ၏ နာမည်နှင့် ဖုန်းနံပါတ်တို့ကို အကြောင်းကြားပေးရပါမည်။

ဘဏ်တွင် ငွေလွှဲပေးပို့မှုရောက်ရှိကြောင်း စစ်ဆေးပြီး ဖော်ပြပါ အချက်အလက်များ ပြည့်စုံပါက စာတိုက်မှတဆင့် အိမ်အရောက် ပို့ဆောင်ပေးပါမည်။ စာတိုက်မှပေးပို့နိုင်သော နေရာတိုင်း ရောက်ရှိပါလိမ့်မည်။

အိမ်အရောက်ပို့ကြိုတင်ငွေပေးမှာယူသူများ
ဆက်သွယ်ရန် - ၀၉၇၃၁၇၆၆၅၀
စာအုပ်ဆိုင်များနှင့်ဖြန့်ချိရေးကိုယ်စားလှယ်များ
ဆက်သွယ်ရန် - ၀၉၃၀၀၅၀၁၆၀



www.burmeseclassic.com

www.burmeseclassic.com

# စာပေမြင့်မှ လူမျိုးတင့်မည်

ဆဋ္ဌမအာရုံ မဂ္ဂဇင်းကို ဖတ်စရာ၊ မှတ်စရာများစွာဖြင့် ဝယ်သိမ်း စာအုပ်ကောင်း တစ်အုပ်ဖြစ်အောင် အထူး ကြိုးစားထားပါသည်။ လစဉ် လဆန်းပိုင်းတွင် ထွက်ရှိနိုင်အောင် ကြိုးစားပါမည်။

ပရိသတ်များအနေဖြင့် မိမိ ဝယ်ယူနေကျ စာအုပ်ဆိုင်များတွင်လည်း ကြိုတင် မှာကြားထားနိုင်ပါသည်။ ဆဋ္ဌမအာရုံ မဂ္ဂဇင်း၊ ထွက်မည့်ရက်ကို လည်း ကြိုတင် ဖုန်းဆက် မေးမြန်းနိုင်ပါသည်။

သင်သည် ဆဋ္ဌမအာရုံ မဂ္ဂဇင်း ပရိသတ်တစ်ဦး ဖြစ်လျှင် စာပေကို ချစ်မြတ်နိုးသူ၊ စာပေ၏ရသကို ခံစားတတ်သူ၊ စာအစုံ ဖတ်တတ်သူများဖြစ်ကြပါစေ။ စာအုပ်၊ စာပေ လူ့မိတ်ဆွေ - စာပေမြင့်မှ လူမျိုးတင့်မည်။

ဆဋ္ဌမအာရုံ မဂ္ဂဇင်း
အယ်ဒီတာ အဖွဲ့

---

Sixth Sense
Publishing House

**ဆဋ္ဌမအာရုံ စာပေတိုက်**

အမှတ်(၁၇၀-၁၇၂)၊ ဒုတိယထပ်၊ လမ်း(၅၀)အထက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၇၃၁ ၇၆၆၅၀

www.burmeseclassic.com

www.burmeseclassic.com

Sixth Sense
ဆဋ္ဌမအာရုံ

# Contents

o.33, APRIL , 2017


ူးခြားဆန်းပြား အင်းစမများ (၁) ၃၁

မသယ်ဘုန်းမြည့်

အစွမ်းထက် သစ်သီးယတြာများ ၄၁

ဂန္တီရဆရာ လှမျိုး (B.Sc)

သုရဿတီမယ်တော်နှင့် ဂါထာမန္တန် ၅၅

အောင်ကောင်းမြ (သာကေတ)

ခန့်စစ်စဉ်တိုက် ၈၀

တ်လှသစ်

ာဘုးသရဲ ၁၁၀

ိုးမိုးနိုင်

မဗ္ဗောသုတ်နှင့် ဘဝတက်လမ်း ၁၂၅

င်ကြွင်းနိုင် (ပဲခူး)

## ူး ဆန်း တွေ့ လာ အံ့ မွယ် စီ ရင် နည်း များ

သင့် Crush ကို အရူးအမူးဖြစ်စေမယ့် အစီအရင် ၁၄

ပမ်းခွဲဖို့ဖြစ်နေသူများအတွက် အချစ်ဖြေဆေး ၁၇

ချစ်သူနှင့်ခြေရှုပ်နေသူအား အပြတ်ဖြတ်အစီအရင် ၂၀

ဒေီပန်းနှင့် ချစ်၊ မချစ် ဆန်းစစ်နည်း ၂၄

ုံးမန်းဖြင့် အဖုအကျိတ်များ ပျောက်ကင်းစေ ၂၆

ချစ်သူ စိတ်နာမှုကို ပြေပျောက်အောင် စီရင်နည်း ၂၈


www.burmeseclassic.com

www.burmeseclassic.com

# Contents Contents Contents

No.33, APRIL , 2017

ကလေးရှူးနေသော သရဲမ ၁၃၄

ခရန့်မြေ ခရေ

ဝိညာဉ်နှလုံးသား ၁၅၈

ဇလွန်ကျော်ဦး

ကျွန်ုပ်ကြုံခဲ့ရသည့် ထူးခြားဆန်းကြယ်ဖြစ်ရပ်များ ၁၇၄

မောင်လှယဉ် (မော်လမြိုင်)

ပရလောကသားနှင့် လူစိမ်းဧည့်သည် ၁၉၀

သိဏ်းသန်းအောင် (မြင်းခြံ)

မော်စက်ရှင်၏ ဆန္ဒ ၂၁၃

ထပ်တာရာ

## သုတ / ရသ ဖြစ်ရပ်ဆန်းကြယ်

ကံကောင်းစေတဲ့ ဝါးပင်ပျို Lucky Bamboo ၆၈

အမျိုးသမီးများအတွက် ဗန်ဒိုသိုင်းကွက်များ(၂) ၇၅

ဆေးပညာ နတ်ဘုရား Asklepios ၁၀၄

သွေးလေဆီးဝမ်းအတွက် ဇောရာဖ်ပင်အစွမ်း ၁၃၀

ထိပ်ကပ်နာအတွက် ဆေးနည်းကောင်းတစ်လက် ၁၁၉

ရိုးရာနတ်နှင့် ဆက်သရသည့် ကန်တော့ပွဲများ ၁၅၄

လှူဒါန်းရသော ကန်တော့ပွဲအမျိုးမျိုး ၂၁၀



www.burmeseclassic.com

www.burmeseclassic.com

# ကလောင်ရှင်သစ်များ ပေါ်ထွက်လာရေး အစီအစဉ်

ဆဋ္ဌမအာရုံ မဂ္ဂဇင်းအယ်ဒီတာအဖွဲ့သည် ဂျာနယ်လစ်ပညာရပ်ဝန်းတွင် ကလောင်ရှင်အသစ်များ မွေးဖွားပေးနိုင်ရေးကို အထူး အလေးထားပါသည်။ ကလောင်ရှင်သစ်များပါဝင်လက်စွမ်းပြရေးသားနိုင်ရန်နေရာများကိုလည်း ချန်လှပ်ပေးထားပါသည်။

သာမန်ထက် ထူးခြားဆန်းကြယ်သည့် အဖြစ်အပျက်များ၊ ဂျာနယ်လစ်ပညာရပ်ဆိုင်ရာ အချက်အလက်များကို ခေတ်အမြင်၊ ခေတ်အတွေးဖြင့် ပေါင်းစပ်ရေးသားသည့် ဝတ္ထု/စာမူကောင်းများကို အမြဲတမ်း တံခါးဖွင့် ကြိုဆိုလျက် ရှိပါသည်။

ပုံနှိပ်ဖော်ပြခံရသည့် ဝတ္ထု/စာမူများကို ကလောင်ဟောင်း၊ ကလောင်သစ်မခွဲခြားဘဲ ထိုက်တန်သည့်စာမူခနှင့်စာအုပ်လက်ဆောင် တို့အား ချီးမြှင့်သွားပါမည်။

ဆဋ္ဌမအာရုံမဂ္ဂဇင်း

အယ်ဒီတာအဖွဲ့

www.burmeseclassic.com

www.burmeseclassic.com

# ဆဋ္ဌမအာရုံ မဂ္ဂဇင်း

## ၏

## ဦးတည်ချက်

---

ကျွန်ုပ်တို့မဂ္ဂဇင်းသည် အရိုးခံဂမ္ဘီရမဂ္ဂဇင်းတစ်စောင်မဟုတ်ပါ။ "ဆဋ္ဌမအာရုံစိတ်အဟုန်" ဆိုသည့်ဆောင်ပုဒ်ကိုလက်ကိုင်ပြု၍ထူးထွေဆန်းပြားမှုများကို ခေတ်စနစ်နှင့် လိုက်ဖက် ညီအောင် ပုံဖော်ထားသည်။ ဂမ္ဘီရလောကကို အလုပ်အကျွေးပြုရန် ဦးတည်ချက်ဖြင့် မွေးဖွားလာသည့်ခေတ်မီ ဂမ္ဘီရမဂ္ဂဇင်းတစ်စောင်ဖြစ်သည်။

အစွမ်းထက်သည့်ဂါထာမန္တန်နှင့် လောကီအစီအရင်များ၊ မှော်၊ ဝိဇ္ဇာ၊ စုန်းကဝေနှင့် သဘာဝလွန်စွမ်းအားရှင်များအကြောင်း၊ အတိတ်သမိုင်းတွင်ဖြစ်ပျက်ခဲ့သည့် ဂမ္ဘီရဆန်သောဖြစ်ရပ်များ၊ ဖတ်စရာ ဂမ္ဘီရဝတ္ထုများ၊ သုတ/ရသ ဖြစ်ရပ်ဆန်းကြယ်နှင့်လျှို့ဝှက်အပ်သော ပညာရပ်ဆိုင်ရာအချက်အလက်၊ အကြောင်းအရာများကို တစ်အုပ်ထက် တစ်အုပ် ပိုမိုကောင်းမွန်အောင် အစဉ်အမြဲ ပြောင်းလဲတင်ဆက်ပါမည်။

ကိုမိုး(တောင်ကြီး)

ဆဋ္ဌမအာရုံမဂ္ဂဇင်း(အယ်ဒီတာချုပ်)

www.burmeseclassic.com

www.burmeseclassic.com

ဆဋ္ဌမအာရုံ မဂ္ဂဇင်း

ပုံနှိပ်မှတ်တမ်း

အယ်ဒီတာချုပ်
ကိုမိုး(တောင်ကြီး)

အကြံပေးအယ်ဒီတာ
ဦးငွေစိုး၊ ဒေါက်တာမီ

အမှုဆောင်အယ်ဒီတာအဖွဲ့
နွေသင်နိုင်၊ ဝေယံမိုး၊ မိုးထက်မြင့်

အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးမှူး
ဒေါ်ဌေးဌေးလှိုင်

ထုတ်ဝေသူ
ကိုမိုး(တောင်ကြီး) {(၀၀၅၀၈)}

ပုံနှိပ်သူ
ဦးကျော်သင်း {(၀၀၆၂၆)}
(သံလွင်ဦးပုံနှိပ်တိုက်)

မျက်နှာဖုံး ဒီဇိုင်းနှင့် လိုဂို
အောင်မိုး

ပန်းချီ သရုပ်ဖော်
ခဲရင့်နိုင်၊ ဖိုးအောင်၊ လှသစ်အောင်

ကွန်ပျူတာ
ဆဋ္ဌမအာရုံ ဗိုင်းတော်သားများ


ဖြန့်ချိရေး
ဆဋ္ဌမအာရုံစာပေတိုက်
အမှတ် (၁၇၀ - ၁၇၂)၊ ဒုတိယထပ်၊ လမ်း(၅၀)အထက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -၀၉ ၃၀၀ ၅၀ ၁၆၀၊ ၀၉ ၇၃၁ ၇၆၆၅၀။

တန်ဖိုး - ၂၀၀၀ ကျပ်



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# သင့်Crushကို အရူးအမူးဖြစ်စေမယ့် အစီအရင်



အစွမ်းထက်တဲ့ အချစ်အစီအရင်တစ်ခုဖြစ်တာကြောင့် ကိုယ် တကယ်ချစ်တဲ့သူအပေါ်မှာသာ ပြုလုပ်ပါ။ ဒီအစီအရင်မပြုလုပ်မီ ကိုယ့်ဆန္ဒအမှန်ဟာ ဘာလဲဆိုတာ အရင်ဆန်းစစ်ပါ။

ကိုယ်တကယ်ကြွေနေတဲ့ Crush အပေါ်မှာသာ ပြုလုပ်ပါလို့ ဆိုချင်ပါတယ်။ ဘာလို့လဲဆိုတော့ အစီအရင်လုပ်ပြီးရင် သင့် Crush သင်ချစ်နေတဲ့သူဟာ သင့်အပေါ် စွဲလမ်းစိတ်နဲ့ ရူးလောက်အောင်ဖြစ်လာနိုင်တာမို့ သတိပြုပါ။

သူ့စိတ်ထဲက တွေးသမျှ အတွေးတိုင်းဟာ သင်မှသင်ပဲ ဖြစ်နေပါလိမ့်မယ်။ မယုံလို့ဆိုပြီးတော့လည်း မစမ်းနဲ့။ တကယ် အတည်ဖြစ်မှသာ လုပ်ပါလို့ မှာချင်ပါတယ်။

အစီအရင်အတွက် လိုအပ်တဲ့ပစ္စည်းများကတော့-

၁) အနီရောင်ဖယောင်းတိုင်

၂) ရေမွှေးနင်းဆီ

၃) ကျောက်တုံး

၄) သစ်ရွက်တို့ ဖြစ်ပါတယ်။

www.burmeseclassic.com


www.burmeseclassic.com





အရေအတွက်က နံပါတ်(၇)ဟာ ကံကောင်းစေတဲ့ ကိန်းဂဏန်းဖြစ်တဲ့အတွက် ဖယောင်းတိုင်(၇)တိုင်၊ ရေမွှေးနှင်းဆီ(၇) ပွင့်၊ ကျောက်တုံးငယ်(၇)တုံး၊ သစ်ရွက်(၇)ရွက် တို့ဖြစ်ပါတယ်။ သစ်ရွက်ကို အချစ်အစီအရင် ဖြစ်တာမို့ စွယ်တော်ရွက်သုံးပါ။

ပြီးရင် လူသူရှင်းတဲ့ မြေကွက်လပ်တစ်ခုမှာ လေးထောင့်စပ်စပ် ဧရိယာတစ်ခုကို ကိုယ့်စိတ်ထဲကနေ သတ်မှတ်ပြီး ပုံအတိုင်း အထက်ထောင့်နှစ်ဘက်မှာ ဖယောင်းတိုင်နဲ့ပန်း၊ အောက်ထောင့်နှစ်ဘက်မှာ ကျောက်တုံးနဲ့ သစ်ရွက်တို့ကို ထားပါ။

အလယ်မှာတော့ လူနဲ့ တစ်ပေအရွယ် အပ်ချည်ကို ထားပါ။ ကိုယ့်လက်ထဲမှာ ကိုယ့်Crush ပုံကို ထည့်ထားပါ။ ဖယောင်းတိုင်များကို မီးထွန်းညှိပြီး ပစ္စည်းများကို နေရာတကျ အစီအရီ ချပြီးတာနဲ့ သင့်အစီအရင် စတင်ပါပြီ။



www.burmeseclassic.com



အစီအရင်စပြီဆိုရင် ထောင့်လေးထောင့်မှာ လေးထောင့်စပ်စပ်ချထားတဲ့ ပစ္စည်းများကို သင်ဟာ ပုံမှာ ဖော်ပြထားတဲ့အတိုင်း စက်ဝိုင်းသဏ္ဌာန်ပတ်ရမှာ ဖြစ်ပါတယ်။

ဒီလိုပတ်ရာမှာ ကိုယ့်လက်ဖဝါးထဲမှာ ကိုယ့်Crush ပုံကို ထည့်ထားပြီး စက်ဝိုင်း ပတ်နေစဉ်အတွင်းမှာ အပ်ချည်ကြိုးနဲ့ ရစ်ပတ်နေရမှာ ဖြစ်ပါတယ်။ ထောင့်လေးထောင့်မှာ ချထားတဲ့ ပစ္စည်းလေးမျိုးကို မြုံမိအောင် စက်ဝိုင်းပတ်ပြီး လမ်းလျှောက်နေစဉ်အတွင်း ပါးစပ်ကနေ -

"သူ့အတွေး၊ သူ့နှလုံးသား
ကျွန်ုပ်နှင့် ချည်နှောင်ပြီးဖြစ်ပါစေ
ကျွန်ုပ်စေစားသမျှ
သူ လိုက်နာပါစေ။
ဒါဟာ ကျွန်ုပ်ရဲ့ဆန္ဒဖြစ်လို့
အောင်မြင်ပါစေ"

ဆိုတဲ့စကားကို စက်ဝိုင်း တစ်ပတ်ပြည့်သည်အထိ ရွတ်ဆိုပေးပါ။ သင့်ကိုစောင့်ရှောက်နေတဲ့နတ်များကို အထူးကျေးဇူးတင်ပြီး ဒီအစီအရင်ကို စီရင်ရမှာဖြစ်ပါတယ်။


သင် စတင်ခဲ့တဲ့နေရာမှာ ပြန်ရောက်ပြီဆိုရင်တော့ သင့်ရဲ့ စက်ဝိုင်းဝိုင်းပတ်ခြင်းအစီအရင် ပြီးဆုံးပါပြီ။ ချစ်သူရဲ့ဓာတ်ပုံထား ထားတာ မရှိဘူးဆိုရင် ဖုန်းထဲက သင့်ချစ်သူရဲ့ပုံကိုမြင်သာအောင် ထားပြီး ဖုန်းကိုအပ်ချည်နဲ့ရစ်ပတ်ရင်လည်း ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



# လမ်းခွဲဖို့ဖြစ်နေသူများအတွက် အချစ်ဖြေဆေး



ချစ်သူနှစ်ဦးဟာ လမ်းခွဲရဖို့ အကြောင်းတစ်ခုခုပေါ်လာခဲ့ရင် လမ်းခွဲရတော့မယ်လို့ ပူဆွေးနေမယ့်အစား ပြန်လည်သင့်မြတ်နိုင်မယ့် အခုအစီအရင်လေးကို လုပ်ဆောင်နိုင်ပါတယ်။

မည်သို့သော သက်ရောက်မှုအတွက်ကိုမဆို၊ ဖြေဆေးဆိုတာရှိတာမို့ သက်သာခွင့်ရပြီး ပြန်ပေါင်းထုတ်ချင်ရင်တော့ ဒီအစီအရင်လေးကို ယုံကြည်စွာ လုပ်ဆောင်လိုက်ပါ။

အစီအရင်အတွက် လိုအပ်တဲ့ပစ္စည်းများကတော့-

၁) အနီရောင် မှင်စို ဘောလ်ပင်

၂) တစ်မိုက်ခန့် ပိတ်စတစ်စ

၃) အပ်နှင့် အပ်ချည်

၄) ကတ်ကြေး


၅) လမ်းခွဲဖို့ဖြစ်နေတဲ့ ချစ်သူနှစ်ဦးနာမည်တို့ ဖြစ်ပါတယ်။

ဒီအစီအရင်ကို ကိုယ်တိုင်ခံစားနေရတဲ့သူ၊ သို့မဟုတ် ကိုယ့်သူငယ်ချင်းတစ်ယောက်ယောက် အဆင်မပြေဖြစ်လို့ လမ်းခွဲရမယ့် အခြေအနေဆိုက်ရောက်နေပြီဆိုရင်လည်း သူတို့အတွက်

www.burmeseclassic.com

www.burmeseclassic.com







ခွင့်တောင်းစရာမလိုဘဲ တိတ်တိတ်လေး လုပ်ပေးနိုင်ပါတယ်။

ဒါက ဒီအစီအရင်ရဲ့ ထူးခြားချက်တစ်ခုပဲဖြစ်ပါတယ်။ အစီအရင်စပြီဆိုရင် ပိတ်စပေါ်မှာ အနီရောင်မှင်စိုဘောလ်ပင်နဲ့ အသည်းပုံလှလှလေးကို ရေးဆွဲလိုက်ပါ။ ပြီးရင် အသည်းပုံရဲ့ ညာဘက်ခြမ်းမှာ ယောကျ်ားလေးရဲ့နာမည်၊ ဘယ်ဘက် ခြမ်းမှာ မိန်းကလေးရဲ့နာမည်တို့ကို ရေးပါ။

နာမည်ရေးပြီးတာနဲ့ ပိတ်စနဲ့ အသည်းပုံရဲ့ အလယ်တည့်တည့်ကနေ ကတ်ကြေးနဲ့ ဖြတ်ထုတ်လိုက်ပါ။ ညှပ်ထုတ်လိုက်တဲ့ အချိန်မှာ သူတို့နှစ်ယောက် (သို့မဟုတ်) ကိုယ်တို့နှစ်ဦးဟာ လုံး၀ ကို အပြီးတိုင် ပြတ်စဲလမ်းခွဲခဲ့ပြီလို့ စိတ်ထဲမှာ ခံစားမှတ်ယူပေးပါ။

ဇာတ်လမ်းကို ဒီမှာတင်၊ နိဋ္ဌိတံပြီလို့ မှတ်ယူပြီးရင်တော့ ကွဲနေတဲ့ ပိတ်စအသည်းလေးကို အပ်ချည်နဲ့ ပြန်ချုပ်ပါမယ်။




ပြန်ချုပ်နေစဉ်မှာ ရွတ်ဆိုရမှာက -

"အသည်းနှစ်ခြမ်း ပြန်လည် ပေါင်းစည်းမိသလို၊ သူတို့အချစ်(သို့) ကျွန်ုပ်တို့အချစ်လည်း ပြန်လည် ပေါင်းစည်းမိပါစေ"လို့ တိုင်တည်ရွတ်ဆိုပါ။

www.burmeseclassic.com

www.burmeseclassic.com




အဲဒီအချိန်မှာ အရင်က တစ်ချိန်လုံးတစ်ယောက်နဲ့ တစ်ယောက် ဘယ်လောက်ချစ်ခဲ့ကြတယ်ဆိုတာကို ပြန်လည်အမှတ်ရပေးပြီး ဒီအစီအရင်ကို အောင်မြင်စွာ လုပ်ဆောင်ပါ။

ဒါဆိုရင် ကာမကြမ္မာ (Kama) မှာ သင်တို့ချစ်သူနှစ်ဦး လမ်းခွဲရဖို့ သေချာပေါက် ရှိနေရင်တောင် ပိတ်စအသည်းပုံလေးကို ညှပ်လိုက်တာဟာ တကယ်ပဲ လမ်းခွဲစေခဲ့ပြီဆိုတဲ့ သဘောကို သက်ရောက်စေတာကြောင့် သင်တို့ဟာ အပြင်လောကမှာ ဘယ်တော့မှ ထပ်မကွဲတော့ပါဘူး။

တကယ့်ကို ရာသက်ပန် လက်တွဲချင်သူများလည်း ဒီအစီအရင်ကို လုပ်ဆောင်ထားနိုင်ပါတယ်။ ဒါဆိုရင် သင်တို့ချစ်သူနှစ်ဦး ဒီဘဝမှာ ပေါင်းရပါလိမ့်မယ်။


www.burmeseclassic.com

www.burmeseclassic.com



# ချစ်သူနှင့်ခြေရှုပ်နေသူအား အပြတ်ဖြတ်အစီအရင်



ချစ်သူဟာ ကိုယ်တစ်ယောက်လုံးရှိနေလျက်နဲ့ အခြား တစ်ယောက်ဆီ ခြေလှမ်းပျက်နေပြီဆိုရင်တော့ စောစောစီးစီးက တည်းက အပြတ်ဖြတ်နိုင်တဲ့ အခုစီရင်နည်းကို အသုံးပြုနိုင်ပါတယ်။

ချစ်သူနဲ့ခြေရှုပ်နေသူဟာ ပိန်လိန်ရှုံ့တွပြီး အဝေးကို လွင့် သွားစေမယ့် အပြတ်ဖြတ်အစီအရင်ဖြစ်ပြီး အစီအရင်အတွက် လိုအပ်တဲ့ပစ္စည်းများကတော့ -

၁) အနက်ရောင်ဖယောင်းတိုင်
၂) A4 စာရွက်ဖြူတစ်ရွက်
၃) မှင်စိုဘောပင်(အနီ၊ အပြာကြိုက်တာသုံး)
၄) ကတ်ကြေးတစ်လက်တို့ဖြစ်ပါတယ်။

လိုအပ်တဲ့ပစ္စည်းများရပြီဆို အစီအရင်ကို စတင်ပါ။

ကိုယ့်ကို ဘယ်သူမှ အနှောင့်အယှက် မပေးနိုင်တဲ့နေရာ မှာ ကိုယ်လက်သန့်စင်စွာဖြင့် အစီအရင်ကို စတင်လုပ်ဆောင် ပါမယ်။

A4 စာရွက်ဖြူပေါ်မှာ ချစ်သူနာမည်ကို တစ်ဖက်က ရေးပါ။ ပြီးရင် အလယ်ကနေ မျဉ်းဖြောင့်တစ်ကြောင်းဆွဲပါ၊ အခြားတစ်

www.burmeseclassic.com

www.burmeseclassic.com





ဘက်မှာတော့ ချစ်သူက ချက်စပစ်နေတဲ့သူ(သို့မဟုတ်) ချစ်သူနဲ့ ခြေရှုပ်နေသူရဲ့ နာမည်ကို ရေးပါ။

ဒီလိုရေးရာမှာ ကိုယ့်ချစ်သူက ယောကျ်ားဆို ညာဘက်ကနေနာမည်ရေးပြီး ကိုယ့်ချစ်သူနဲ့ခြေရှုပ်နေတဲ့ မိန်းကလေးကို ဘယ်ဘက်ကနေရေးပါ။

ကိုယ့်ချစ်သူက မိန်းကလေးဆို ဘယ်ဘက်ကနေ ကိုယ့်ချစ်သူနာမည်ကိုရေးပြီး အခြားတစ်ဖက်ညာဘက်ကနေ ချစ်သူနဲ့ခြေရှုပ်နေတဲ့ ယောကျ်ားလေးနာမည်ကိုရေးပါ။

ပြီးရင် ဖယောင်းတိုင်ကိုမီးညှိပါ။ ကြိုက်ရာမီးခြစ်ကိုသုံးနိုင်ပါတယ်။ ပြီးတော့ လိုင်းတားပြီး ခြားထားတဲ့ အလယ်တည့်တည့်မှ စက္ကူကို ကပ်ကြေးနဲ့ဖြတ်တောက်လိုက်ပါ။

ပြီးတဲ့အခါ အစုလိုရွတ်ဆိုပါ။





www.burmeseclassic.com

www.burmeseclassic.com




"အချစ်နတ်ဘုရားရှင်
ကျွန်ုပ်ချစ်သူ
မောင်မောင် (or)
ခင်ခင်သည်
အခြားတစ်ယောက်
ကိုကို (or) လှလှ
နှင့် ချစ်ဇာတ်လမ်း
မဆက်စေရန်
ဖြတ်တောက်ပေးပါ။
ကျွန်ုပ်တို့ကြား
ခြေရှုပ်နေသူ
(မ or မောင်)သည်
သူ့အမှားအတွက်
နောင်တရပြီး
ရှောင်ခွာထွက်သွားပါစေ။
နားလည်မှုရပြီး
အချစ်ဇာတ်လမ်းဖြတ်တောက်သွားပါစေ"လို့ရွတ်ဆိုပါ။

ပြီးရင် မိမိချစ်သူနဲ့ခြေရှုပ်နေသူရဲ့နာမည်ပါတဲ့ စာရွက်ပိုင်းကို စိတ်ထဲမှာ နာကြည်းစွာဖြင့် လုံးချေပစ်လိုက်ပါ။




သူ့ဘဝ စုတ်ပြတ်သတ်ပြီး ကိုယ့်အချစ်ရေးကို လာမနှောင့်ယှက်နိုင်တော့ဘူး လို့ ခံယူပါ။

ပြီးရင် ဖယောင်းတိုင်မီးနဲ့ မီးရှို့လိုက်ပါ။ မီးရှို့နေစဉ်-

"ငါ့ချစ်သူ ငါ့ထံ ပြန်လာပါစေ

ငါ့ချစ်သူ ငါ့ထံ ပြန်လာပါစေ

www.burmeseclassic.com

www.burmeseclassic.com



ငါ့ချစ်သူ ငါ့ထံ ပြန်လာပါစေ
လူအများရှေ့မှာ
ငါ့ကို တောင်းပန်ပါစေ”လို့ ရွတ်ဆိုပါ။

ပြီးတဲ့အခါ ကိုယ့်ချစ်သူ နာမည်ပါတဲ့ စာရွက်အပိုင်းကိုလည်း မီးရှို့ပေးပါ။


ဒီလိုမီးရှို့တာဟာ ချစ်သူ ကိုယ့်ဆီ ပြန်လာဖို့အတွက် ဖြစ်ပါတယ်။ ဒါပေမယ့် လုံးခြေ မပစ်ရပါဘူး။ အပြန့်အတိုင်း မီးရှို့ပါ။ ဘာလို့လဲဆိုတော့ ကိုယ်က ကိုယ့်ချစ်သူ အချစ်ကို ပြန်လိုချင်တယ် မဟုတ်ပါလား။

သူ့ဘဝကို လိမ်ကျစ်လုံးထွေးမပစ်လိုက်ဖို့တော့ အရေးကြီးပါကြောင်း ချစ်သူနဲ့ခြေရှုပ်နေသူကို အပြတ်ဖြတ်အစီအရင်ကို ဖော်ပြပေးလိုက်ရပါတယ်။


www.burmeseclassic.com

www.burmeseclassic.com

# ဒေစီပန်းနှင့် ချစ်၊ မချစ် ဆန်းစစ်နည်း




ဥရောပရှိ ဆယ်ကျော်သက်လူငယ်များ အများဆုံးပြုလုပ်တဲ့ ရှေးကျသော အံ့ဖွယ် အချစ်ဆန်းစစ်နည်းတစ်ခု ဖြစ်ပါတယ်။ နိုင်ငံတကာ International School ကျောင်းတက်တဲ့ ဆယ်ကျော်သက်များလည်း သိပါတယ်။

ချစ်သူဟာ ကိုယ့်အပေါ် တကယ် ချစ်၊ မချစ်ကို ဒေစီပန်းပွင့်ဖတ်များအသုံးပြုပြီး ဆန်းစစ်တဲ့နည်းလမ်း ဖြစ်ပါတယ်။ ဒီအစီအရင်ကို ဖော်ညွှန်းတဲ့ အင်္ဂလိပ်ကဗျာလေးတွေတောင် ရှိပါတယ်။


သေသေချာချာစီရင်တဲ့ နည်းလမ်းကို သိရှိလိုသူများအတွက်ကတော့ ပထမဆုံး ဒေစီပန်းတစ်ပွင့်ထဲကို ဈေးမဆစ်ဘဲ ဝယ်ပါ။ ပန်းဆိုင်ကိုရောက်တဲ့အခါ သင့်စိတ်ထဲမှာ ရွေးချယ်ပြီး ဝယ်ရလိမ့်မယ်လို့ ထင်မိတဲ့ ဒေစီပန်းတစ်ပွင့်ကို ဝယ်ယူနိုင်းတာ ဖြစ်ပါတယ်။

လပြည့်နေ့မှာ စီရင်ရမှာဖြစ်တဲ့အတွက် လပြည့်နေ့မနက်ပိုင်းမှာ ဝယ်ထားလိုက်ပါ။ ပြီးရင် ညဘက်ရောက်တဲ့အခါ ဒီလုပ်ဆောင်ဖို့ သင့်တော်တဲ့အချိန်၊ လူခြေတိတ်ဆိတ်ပြီး ကိုယ့်အစီအရင်



www.burmeseclassic.com

www.burmeseclassic.com


ကို ဘယ်သူမှ မနှောင့်ယှက်တဲ့ နေရာမှာ ဒေစီပန်းလေးကို ကိုင်ပြီး–

"ဒီဒေစီပန်းရဲ့ ပွင့်ဖတ်လေးတွေဟာ

ကျွန်ုပ်ကို ချစ်တဲ့လူ ရဲ့အချစ်

စစ်၊မစစ်ကို ဆန်းစစ် နိုင်တဲ့

မှော်ဆန်တဲ့ ပွင့်ဖတ် လေးများဖြစ်ပါစေသတည်း" လို့ တိုင်တည်ပါ။

ပြီးရင် ဒေစီပန်းက ပွင့်ဖတ်တစ်ချပ်ချင်းစီကို ညာလက်နဲ့ ခြွေချပြီး . .

ဒေစီပွင့်ဖတ် တစ်ချပ်ခြွေချရင်–

He loves me.

နောက်ထပ် ပွင့်ဖတ်ထပ်ခြွေချရင်–

He loves me not. ဆိုပြီး ရွတ်ဆိုပါ။

Random ကြုံကြိုက်တဲ့ကိန်းကျဆိုတဲ့ နည်းမျိုးဖြစ်ပါတယ်။ တစ်ဖတ်ချင်းစီခြွေချရင်း နောက်ဆုံးမှာ ကျန်တဲ့ ဒေစီပန်းပွင့်ဖတ်လေးဟာ

He Love me အကြိမ်မှာ ဖြစ်တယ်ဆိုရင်–

(သူဟာ သင့်ကို တကယ်ချစ်တဲ့သူပါ)

He Love me not အကြိမ်မှာ ဖြစ်တယ်ဆိုရင်တော့–

(သူဟာ သင့်ကို တကယ်မချစ်တဲ့သူပါ)လို့ အဖြေထွက်လာပါလိမ့်မယ်။ အစီအရင်ကို ယုံကြည်စွာ လုပ်ဆောင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



# ထုံးမန်းဖြင့် အဖုအကျိတ်များ ပျောက်ကင်းစေ



မန္တန်တွေဆိုတာ အရှမ်း အစွမ်းထက်ပါတယ်။ တချို့မန္တန်တွေဟာ ရွတ်ဆိုတဲ့နေရာမှာ ဟားစရာတစ်ခုလို၊ မဟုတ်တရုတ် စကားလုံးတွေနဲ့ ဆိုရပေမယ့် လက်တွေ့အစွမ်းကတော့ အံ့မခန်း အစွမ်းထက်မြက်ပါတယ်။

အိမ်ကိုကြွတဲ့ ဘုန်းတော်ကြီးတစ်ပါးဆိုလျှင် မန္တန်အစွမ်းနှင့်ပတ်သက်၍-

"တကာ .. ကျွန်ုပ် ကိုယ်တွေ့ကြုံဖူးတယ်။ နယ်ကနေ အဒေါ်တစ်ယောက်ရောက်လာပြီး အိမ်မှာ ထိပ်ခပ်နာဖြစ်နေတဲ့ လူနာတစ်ယောက်ကို ပါးစပ်ကနေ ရယ်စရာလိုလို၊ ကွိစိ .. ကွိစ တွေရွတ်ပေးပြီး နောက်ရက်ဆိုတာနဲ့ လူနာဟာ အံ့မခန်း ရောဂါ အရှင်းပျောက်တာကို တွေ့ဖူးတယ်"လို့ ဆိုပါတယ်။

ဒီလိုမန်းမှုတ်တဲ့ မန္တန်တွေထဲမှာ ထုံးမန်း၊ ကွမ်းမန်း၊ ဆေးမန်းဆိုပြီး အမျိုးမျိုးရှိပါတယ်။ အခုဖော်ပြမှာကတော့ အဖုများကို လက်တွေ့သေးငယ်ပျောက်ကင်းစေတဲ့ ထုံးမန်းနည်းဖြစ်ပါတယ်။

အဖုအကျိတ်ဆိုတာ လူမှာ တော်တော်ဒုက္ခပေးတဲ့အရာ ဖြစ်ပါတယ်။ တချို့ကကင်ဆာဖြစ်ပြီး အဆီကြိတ်၊ အသားကြိတ်၊



www.burmeseclassic.com

ရှိုးရှိုးအဖုအလုံးတွေလည်း အမျိုးမျိုးရှိပါတယ်။ စာရေးသူဆိုလျှင် မျက်နှာမှာ အဆီကြိတ်တစ်ခုပေါက်ဖူးပြီး ခွဲစိတ်ရာမှာ ငွေသိန်းချီ ကုန်ကျခဲ့ဖူးပါတယ်။

ဒီလိုကုန်ရမယ့်နေရာမှာ စမ်းသပ်ကြည့်လို့အကျိုးထူးခဲ့ရင် ငွေကုန်ကြေးကျမဖြစ်မယ့် ထုံးမန်းနည်းကို အစုလို ဖော်ပြရခြင်းဖြစ်ပါတယ်။ ပထမဆုံး ထုံးမန်းမယ့်သူဟာ ဦးစွာ သက်ဆိုင်ရာဘုရားရှိခိုးပြီး သီလခံယူရမယ်။ ဗုဒ္ဓဘာသာဝင်ဆိုလျှင် ငါးပါးသီလခံယူပါ။ ပြီးရင် သန့်စင်သော ထုံးအနည်းငယ်ကို ခွက်သန့်သန့်မှာထည့်ပါ။ အဲဒီထုံးကို ထုံးမန်းအဖြစ် အစွမ်းဝင်အောင် မန်းရမယ့်မန္တန်ကတော့ -

"ဥုံမ် . . ကျောက်ကြီး ထုံးတိုင်၊ ကျောက်တိုင် သံခဲ၊ ကျောက်ပုလဲ၊ ကွဲ . . ဆရာကွဲ၊ ကြေ . . ဆရာကြေ၊ ပြေ ဆရာ ပြေ၊ ပျောက် . . ဆရာ ပျောက်"

ဆရာတစ်ယောက်လို မာန်နဲ့ထန်နဲ့ ထုံးခွက်ကို ရှေ့ချပြီး မန်းမှုတ်ပါ။ ခုနစ်ရက်သားသမီး မည်သူမဆို မန်းနိုင်ပြီး (၃၇)ခေါက် မန်းရမယ်။ မန်းနေစဉ် တံတွေးမမြိုပါနဲ့။ တခြားကိုလည်း စိတ်မရောက်စေပါနှင့်။

မန်းပြီးရင် မန်းပြီးသား ထုံးကို အဖုအကြိတ်ပေါ်မှာ (၀) ဝလုံးပုံ ကွင်းပါ။ အဲဒီထုံးကိုပဲ ဝါးလုံးမှာ (၀)လုံးပုံ ကွင်းပါ။ အဖုအကြိတ်သေးသူများ (၃)ရက်လောက်၊ တစ်ရက်တစ်ခေါက်ပြုလုပ်ပေးရုံဖြင့် သိသာစွာ ပျောက်ကင်းသွားပါတယ်။

အခက်အခဲဖြစ်နေသူများကတော့ (၉)ရက်ဆက်တိုက်၊ အချိန်မှန်မှန်ပြုလုပ်ပေးရုံဖြင့် သင့်ရဲ့အဖုအကြိတ်တို့ဟာ သိသာစွာ သေးငယ်သွားပါလိမ့်မယ်။ ဒီနေရာမှာ လက်တွေ့သိသာစွာ ပျောက်ကင်းခြင်းရှိ၊ မရှိဆိုတာက ပြုလုပ်သူရဲ့ သီလ၊ သမာဓိ စရဏ ကျင့်ကြံထားရှိမှုအားတို့နှင့်လည်း သက်ဆိုင်ပါတယ်။

စမ်းသပ်ကြည့်ပါ။ သင့်အတွက် မဖြစ်ခဲ့သည့်တိုင်အောင် ဒါကို လုပ်ဆောင်ကြည့်လို့ အကျိုးမယုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

## ချစ်သူစိတ်နာမှုကို ပြေပျောက်အောင် စီရင်နည်း



စိတ်ဆိုးစိတ်ကောက်တာ အကြောင်းမဟုတ်ပေမယ့် စိတ် ာသွားတယ်ဆိုရင်တော့ ချစ်သူကို ပြန်ချော့ရတာ တော်တော် ာက်ခဲပါလိမ့်မယ်။ ဒီလိုအခြေအနေမျိုးမှာ ချစ်သူရဲ့နာကျည်းမှုကို ပြေပျောက်သွားအောင်လုပ်နိုင်မယ့် အစီအရင်ဖြစ်ဝါတယ်။

ချစ်သူက ကိုယ့်အပေါ် အကြောင်းတစ်ခုကြောင့် နာကျည်း သွားတာပဲ ဖြစ်ဖြစ်၊ တစ်စုံတစ်ယောက်ဟာ ကိုယ့်အပေါ် အဆင် ပြေနိုင်လောက်အောင် မုန်းတီးနာကျည်းနေတယ် ဆိုပါစို့။

ကိုယ်ကလည်း သူနဲ့ မဆက်ဆံလို့ မဖြစ်တဲ့ အနေအထား ာစ်ခုနဲ့ ဆက်ဆံနေရဦးမယ်ဆိုရင် လွယ်ကူပြီး စီရင်ရတာ အဆင် ပြေမယ့် အခုနည်းလမ်းလေးကို အသုံးပြုကာ နာကျည်းမုန်းတီးမှု ျားကို ပြေပျောက်အောင် လုပ်ဆောင်လိုက်ပါ။

လွယ်ကူရိုးရှင်းတာမှန်ပေမယ့်ယုံကြည်မှု အပြည့်ထားပြီး ုပ်ဆောင်ပါ။ အလွန်ထိရောက်မှုရှိတဲ့ အစီအရင်ဖြစ်ပါတယ်။ ခုအစီအရင်အတွက် လိုအပ်တဲ့ပစ္စည်းများကတော့ -



www.burmeseclassic.com

www.burmeseclassic.com




၁) အနက်ရောင် ဖယောင်းတိုင်

၂) အနံ့ရှူးရှတဲ့ ပန်းတစ်ပွင့် (နှင်းဆီနီရ)

၃) မီးခြစ်တစ်လုံး

၄) ငွေခွက်(ဘုရားဈေးမှာ ဆိုဒ်စုံရရှိ)တို့ ဖြစ်ပါတယ်။

ကိုယ့် အပေါ်မှာ ဘယ်လောက်ပဲ မကျေမနပ်ဖြစ်ပြီး အငြိုးအတေးကြီးနေပါစေ။ ဒီအစီအရင်က အိုကေစေမှာဖြစ်တယ်လို့ ယုံကြည်လိုက်ပါ။ အစီအရင်ကို ထုံးစံအတိုင်း ကိုယ့်ကို ဘယ်သူမှ အနှောင့်အယှက်မပေးနိုင်တဲ့နေရာမှာ ပြုလုပ်ပါ။

အစီအရင် မပြုလုပ်ခင်မှာ ကိုယ်လက် သန့်ရှင်းစင်ကြယ်မှုများ ရှိနေပါစေ။ အစီအရင်စပြီဆိုရင် အသင့်ယူထားတဲ့ငွေခွက်ထဲကို ရေအနည်းငယ်ဖြည့်လိုက်ပါ။



ပြီးရင် ငွေခွက်ထဲကရေထဲသို့ နှင်းဆီပွင့်ဖတ်တစ်ပွင့်ကို ခြွေပြီးထည့်လိုက်ပါ။ ပြီးတဲ့အခါ အနက်ရောင်ဖယောင်းတိုင်ကို မီးညှိပြီး အဆိုပါဖယောင်းတိုင်ကို ငွေခွက်ပေါ်ကနေ ဘေးတိုက် ရွေ့လျားပေးနေရင်း–

"ကျွန်ုပ်အပေါ်ထားတဲ့ နာကျည်းမှု၊ မုန်းတီးမှုများအား ယခု ရေကြည်မွှေးကို သောက်သုံးသူထံမှ ဖယ်ရှားပေးပါ။

သူ့ထံမှ ခင်မင်ချစ်ခင်မှုကို


www.burmeseclassic.com

www.burmeseclassic.com





ပြန်လည် ဆွဲဆောင်ပေးပါ။ လူတကာ အထင်ကြီး လေးစားမှုကို ပြန်ရပါစေ" လို့ တိုင်တည်ရွတ်ဆိုပါ။


ထိုသို့ရွတ်ဆိုပြီးပါက အနက်ရောင်ဖယောင်းတိုင်မီးကို ရေထဲသို့ စိုက်ချပ်ပါ။ မီးခိုးတိတ်ပြီး ငြိမ်းသွားပါလိမ့်မယ်။

ပြီးရင်တော့ အဲဒီရေကို ပုလင်းတစ်ခုထဲမှာ ထည့်ထားပြီး ကိုယ့်ကို မလိုလားတဲ့သူ၊ နာကျည်းသွားတဲ့လူ၊ မုန်းတီးသွားတဲ့လူကို ရောစပ်ပြီး တိုက်ပေးနိုင်ပါတယ်။

နှင်းဆီပွင့်ဖတ်က တစ်ဖတ်သာဖြစ်ပြီး ဖယောင်းတိုင်ကလည်း မီးငြိမ်းရုံလေးလောက်သာ ရေထဲထည့်တာမို့ နှင်းဆီရနံ့နဲ့ ဖယောင်းတိုင်ရနံ့ သိပ်မစွဲနိုင်ပါဘူး။ ရိုးရိုးရေလိုသာ အနံ့အရသာ မပျက်ဘဲ ရှိနေပြီး ဘယ်သူမှ သတိထားမိနိုင်မှာ မဟုတ်ပါဘူး။

ဒါကို တစ်ကြိမ်ပဲဖြစ်ဖြစ်၊ သူ့ဘက်က ကိုယ့်အပေါ် နာကျည်းမှုတွေ၊ အငြိုးအတေးတွေ ပျောက်သွားတဲ့အထိ တိုက်ပေးနိုင်ပါတယ်။ ဒီရေကို ပွားထားလို့လည်း ရပါတယ်။ နောက်ပိုင်းကိစ္စကတော့ သင့်ရဲ့ဆောင်ရွက်ချက်အပေါ်မှာ တည်ပါလိမ့်မယ်။

သင်ဖြစ်ချင်တဲ့ ဆန္ဒဟာ အောင်မြင်ပါလိမ့်မယ် . . မိတ်ဆွေ။




နှင်းဆီပွင့်ဖတ်ထည့်ထားသော ရေခွက်



www.burmeseclassic.com

www.burmeseclassic.com




# ထူးခြားဆန်းပြား
# အငြိုးစမများ (၁)

ဝေဿံဘုန်းမြင့်

www.burmeseclassic.com

www.burmeseclassic.com





*** ဂမ္ဘီရလိပ် စမ ***

ထူးခြားလှသော စမဖြစ်သည်။ လိပ်ပုံ၏ ကျောအလယ် (နံ)နေရာတွင် အဆောင်ပြုလိုသူ၏ နေ့၊ နံကိုထည့်ပါ။

အကျိုးထူးကား . . စုန်းတိုက်၊ နတ်တိုက်၊ အစိမ်းတိုက်၊ ပုဏ္ဏကတိုက်၊ ရိပ်ဖမ်း၊ သံဖမ်း၊ မြေရာကောက်နှင့်တကွ လူပြုစားခံရခြင်း၊ ဘူးလုံး၊ အစာလုံး၊ အပင်းလုံးများလည်း ပျောက်ကင်း ချမ်းသာနိုင်ကြောင်း ဆိုပါသည်။




*** ရွှေဝင်၊ ငွေဝင် ကြီးလေးကြီး ကြေးစည်စမ ***

ကြေးစည်၏ မျက်နှာစာ(၂)ဘက်တွင် အထက်ဖော်ပြပါ ရွှေဝင်၊ ငွေဝင် ကြီးလေးကြီး ကြေးစည်စာကို ရေးသားရန် ဖြစ်သည်။ ဆော့ပင်ဖြင့်

www.burmeseclassic.com



ရေးသားနိုင်ပါသည်။ မိတ္တူကူး၍ ကပ်ထားလျှင်လည်း ရသည်။

အကြောင်းထူးရှိပါက ကြေးစည်တီး၍ ဆုတောင်းဆုယူပြုနိုင်ပါ၏။ လိုအပ်လျှင် ကိုယ်နှင့်မကွာ ဆောင်ထားနိုင်ပါသည်။ အကျိုးထူးသော စမအဆောင်ကောင်း ဖြစ်ပါသည်။



### * စီးပွားဥစ္စာ လာဘ်များစွာတိုးမည့် ကင်းခြေများ စမ *


အန္တရာယ်ရန်စွယ်များ ကင်းပစေပြီး လာဘ်လာဘများ ပေါကြွယ်ဝစေနိုင်သော အံ့ဖွယ်အရုပ်စမ ဖြစ်ပါသည်။ မိတ္တူကူး၍ ကိုယ်နှင့်မကွာ ဆောင်ထားနိုင်ပြီး စီးပွားရေးလုပ်ငန်းများတွင် ပုံကြီးချဲ့၍ အလှမီနီယံဘောင်ဖြင့် ချိတ်ဆွဲထားနိုင်ပါသည်။




### * ကယုက်၊ ယယုက် ဗီလာ စမ ဗိုမ *


ကယုက်၊ ယယုက် ဗီလာ စမ ဗိုမ၏ စွမ်းအင်သည်ကား အတိုက် အခိုက် ဟူသမျှကို ပျက်ပြယ်စေနိုင်ပါသည်။

မိမိတို့အနေဖြင့် ကောင်းရောင်း၊ ကောင်းဝယ်ခြင်း အမှု



www.burmeseclassic.com

ကိုပြုလုပ်နေပါလျက် အတိုက်အခိုက်၊ အဖျက်အဆီးအား ကြီးမားစွာ ရှိနေပါလျှင် . . ဖော်ပြပါ စမဗိုမနစ်ပုံကို ကျောချင်းကပ်ပြီး ပလတ်စတစ်လောင်း ဆောင်ထားပေးပါ။ အန္တရာယ် ရန်အသွယ်သွယ်မှ ကင်းဝေးစေပါလိမ့်မည်။



(လူချစ်၊ နတ်ချစ် စီးပွားဖြစ် စမ)

* စမဗဝ ဂါထာ *

* စက္ခု မာစရ မာစိဏ္ဏော၊
မမ္မည္ခု မမ္မ သာမိကော၊
ဗလူပေတော ဗလမရော၊
ဝရဒေါ ဒေတု ဇယျ မင်္ဂလံ"


အထက်ဖော်ပြပါ စမပုံကို မိတ္တူကူး ဆောင်နိုင်ပါသည်။ အိမ်တွင်လည်း အဆောင်အဖြစ် ပလတ်စတစ်အုပ်၍ ချိတ်ဆွဲလျှင် ကောင်း၏။ (စ၊ မ၊ ဗ၊ ဝ,)ဂါထာကို တတ်နိုင်သမျှ ရွတ်ဆိုပါလေ။

www.burmeseclassic.com

www.burmeseclassic.com



အကျိုးပေးသန်ပါသည်။



*** ဂမ္ဘီရ ဓာတ်စမပုံ ***


ထိုစမအင်းကို ဆောင်ထားသူ အမျိုးသား၊ အမျိုးသမီး တို့အနေဖြင့် လူနတ် ချစ်ခင်ခြင်း၊ တန်ခိုးဩဇာ ကြီးကျယ်ခြင်း၊ အလုပ်သစ် အကိုင်သစ်များခြင်း၊ တိုးရဲ့နိုင်ခြင်း၊ လာဘ်လာဘ ပေါများခြင်း၊ အခြွေအရံ ပေါများခြင်း၊ ဉာဏ်ရည် ဉာဏ်သွေး ထက်မြက်ခြင်း စသည့် များစွာသော အကျိုးဖလများ ရရှိပါမည်။

များစွာသော အင်းစမများနှင့်မတူ . . တမူထူးခြားသော ဂမ္ဘီရ ဓာတ်စမဖြစ်သည်။ မိတ္တူကူး၍ ပလတ်စတစ်လောင်းကာ ကိုယ်နှင့်မကွာ ဆောင်ထားပါလေ။

www.burmeseclassic.com

www.burmeseclassic.com






### * စွယ်တော်စမနှင့် အင်းဆံ *

* ဟိန်းရန် ဂါထာ -

"ဥုံ မ မံ ဟု ဟာ သွာ ဟု"

* အင်းဆံ - ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ အာကာသဓာတ် ငါးပါး ညီညွတ်၍ ကိုယ်စိတ်နှစ်ပါး ချမ်းသာစေ။

| | | | | |
|---|---|---|---|---|
| ပ | ငါး | ယော | စိတ် | ဝီ |
| သာ | ကိုယ် | ထ | ပါး | အာ |
| ဓာတ် | ဝါ | စေ | အာ | နှစ် |
| ၍ | ချမ်း | တေ | ကာ | ညီ |
| ဇော | သ | ညွတ် | ပါး | ပေါ |

အထက်ပါအစီအရင်(၂)ခုတွဲ၍ ဖယောင်းတိုင်တွင်ဝတ်၍ မီးပူဇော်ပါ။ ကျန်းမာရေး မကောင်းသူ၏ ဓာတ်ပုံ (သို့မဟုတ်) အဝတ်အစားကို လင်ပန်းတွင်ထည့်၊ အပေါ်က ဖယောင်းတိုင်ထွန်းလေ။

### * နေမင်း၊ လမင်းစမ စီမံပုံ *

၁) ရက်ကောင်း၊ ရက်မြတ်တွင် စတင်ပါ။


၂) ကာလကို (၇)ရက် သတ်မှတ်ပါ။


၃) မိတ္တူကူး၍ စီမံနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



* ပြီးမြောက်စေသော ကိစ္စများ

ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ လုပ်ငန်းအခွင့်အလမ်း ကောင်းခြင်း၊ ဩဇာအာဏာ ကြီးခြင်း၊ ရောင်းရေးဝယ်တာ ကောင်းခြင်းတို့ ဖြစ်သည်။


* မှတ်ချက်

စီမံရမည့်ကာလအတွင်း ရှေးဦးစွာ ဝိဇ္ဇာလေးပါး ပင့်ဖိတ်ထားပါ။ ဘုရားတွင် နံ့သာတိုင် ကပ်လှူပါ။ ဘုရားရှိခိုးခြင်း၊ သီလခံယူခြင်း၊ မေတ္တာပို့သခြင်း၊ ဆုတောင်းဆုယူခြင်းအမှုပြုပါ။

(၇)ရက်ပြည့်လျှင် ကိုယ်နှင့်မကွာ ဆောင်ထားနိုင်ပါပြီ။ သဒ္ဒါ၊ ဝီရိယ အားလျော်စွာ အကျိုးပေးမည်။

www.burmeseclassic.com


www.burmeseclassic.com

*** စေလိုရာစေ သမ္မုဒ္ဒေ အင်းတော်ကြီး ***

မီးဘေး၊ ရေဘေး၊ လျှင်ဘေး၊ လေဘေး လွတ်ကင်းနိုင်၏ ။ အတိုက်အခိုက်များ မဝင်ရောက်နိုင်။ ဈေးဆိုင်များတွင် ဆောင်ထားသော် အရောင်းအဝယ်ကောင်း၏။ သွားလေရာ ဆောင်သော် ခရီး အဆင်ပြေ၏။ ဖယောင်းတိုင်တွင် ပတ်၍ မီးပူဇော်ပြီး လိုရာ ဆုတောင်းနိုင်၏။

လှိုတရစေမုံ



*** စေလိုရာစေ သမ္မုဒ္ဒေ အင်းတော်ကြီး ***

ခရီးသွားလေရာဆောင်လျှင် အန္တရာယ်ကင်း၏။ အပြောင်းအရွှေ့ကိစ္စမှန်သမျှ အဆင်ပြေ၏။ မိတ္တူကူး၍ ဖယောင်းတိုင်တွင် ပတ်ပြီး တစ်နေ့တစ်တိုင် (၃)ရက် မီးထွန်းပူဇော်၍ လိုရာ ဆုတောင်းနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com






*** ကြီးလေးကြီး စမ ***

နေအိမ်များ၊ ဈေးဆိုင်များတွင် ဆောင်ထားခြင်းဖြင့် အတိုက်အခိုက်မှန်သမျှ ကင်းပခြင်း၊ စီးပွားရေး အဆင်ပြေခြင်းတို့ ဖြစ်မည်။ ဉာဏ်ရှိသလို သုံးစွဲနိုင်ပါသည်။






ဈေးရောင်းကောင်းချင်ရင် ဈေးဗန်းအောက်မှာ ထားရပါမည်။ ဆေးကုချင်ရင် သုံးမယ့်ဆေးပုလင်းမှာ ဖော်ပြပါ ကြီးလေးကြီး

www.burmeseclassic.com

www.burmeseclassic.com




စမပုံရေးပါ။ သောက်ပါဟု ဆိုသည်။



### * တန်ပြန် စမတော်ကြီး *

အတိုက်အခိုက်မှန်သမျှ ကင်းပစေသည်။ ကိုယ်နှင့်မကွာ ဆောင်ထားသော် ကောင်း၏။ အရေးကြီးကိစ္စရှိလျှင် ဖယောင်းတိုင်မှာပတ်၍ (၈)တိုင်ထွန်းညှိပြီး ဆုတောင်းဆုယူပြုပါလေ။



### * စမ္မာနုဝ အင်းတော်ကြီး *

သင့်မှာ အတိုက်အခိုက် အနှောင့်အယှက်များ ရှိနေပါလျှင် အထက်ပါပုံ အင်းတော်ကို ဖယောင်းတိုင်မှာပတ်၍ စလောင်းဖုံး ပေါ်တင်ပြီး (၈)ရက် တိတိ မီးထွန်းပေးပါ။ ရန်စွယ်များ ကင်းပစေလိမ့်မည်။

ဝေယံဘုန်းပြည့်

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





။

**လောကီပညာတွင်
ဆူးပါသော အသီး
ဥပမာ- ဒူးရင်းသီး။
ပညတ်မကောင်းသော အသီး
အသုံးနည်းကြပါသည်။**

လောကီပညာစာတ်ယတြာတွင် အရွက်၊ အညွန့်၊ အခက်များ၊ ပန်းပွင့်များ၊ သစ်သီးများ၊ သစ်သားများကို အမျိုးမျိုးအဖုံဖုံ အသုံးပြု ဆောင်ရွက်ကြပါသည်။ ယခု စာရေးသူအနေဖြင့် သစ်သီးယတြာများကို ရေးသားဖော်ပြပေးပါမည်။ သစ်သီးတွင်လည်း (၇) နေ့၊ (၇)နံပါဝင်နေပါသည်။


## * တနင်္ဂနွေနံ (အ၊ အာ၊ ဥ)နှင့် စသော သစ်သီးယတြာများ *

တနင်္ဂနွေနံမှစလျှင် အုန်းသီး၊ ဥသျှစ်သီးကို ယတြာအဖြစ် အသုံးပြုနည်းကို ဖော်ပြရပါမည်။ မြန်မာနိုင်ငံတစ်ဝန်းလုံး အုန်းသီးကို ငှက်ပျောသီးနှင့်တွဲ၍ ကန်တော့ပွဲအမျိုးမျိုး ထိုးလှူကြပါသည်။ ယတြာအနေဖြင့်သုံးပါက အုန်းသီးအခွံကျွတ်ကို ဇယောင်းတိုင် တင်ထွန်းနည်း အလုပ်အကိုင်အတွက် အစွမ်းထက်ပါသည်။

လောကီဗေဒင်ပညာအရ စနေသက်ရောက်တွင် အများဆုံး အသုံးပြုကြသည်။ သို့သော် အလုပ်အကိုင် အဆင်မပြေသူကိုလည်း အုန်းသီးယတြာ ပြုလုပ်နိုင်းရာ အဆင်ပြေသွားတာလက်တွေ့ သိမြင်ရပါသည်။

www.burmeseclassic.com





အုန်းသီးအခွံကျွတ်တစ်လုံးကို ရှာအောင် ပြုလုပ်ပါ။ ထို အုန်းသီးတွင် ဆေးပင်နှင့် "အလုပ်ကိစ္စ အောင်မြင်စေ၊ အလုပ်အကိုင်ကိစ္စ အဆင်ပြေစေ" စသည်ဖြင့် လိုရာဆန္ဒရေးပါ။

အုန်းသီးအောက်တွင် သံပန်းကန်ပြားမှာ သဲထည့်ထားပါ။ သံပန်းကန်ပြားမှာ သဲထည့်ပြီး သဲပေါ်မှာ အုန်းသီးတင်ပါ။ အုန်းသီးမျက်နှာ အပေါ်တွင်ရှိနေရပါမည်။ ထို အုန်းသီးပေါ်မှာ ဖယောင်းတိုင်တစ်တိုင် တင်ထွန်းပြီး အရဟံဂုဏ်တော်ပုတီးစိပ်ကာ မိမိလိုရာဆန္ဒကို ဆုတောင်းပါ။

တနင်္ဂနွေ၊ သောကြာ တစ်ရက်ရက် စတင် ဆောင်ရွက်ပါ။ ပုတီး(၉)ပတ်စိပ်၊ (၉)ရက်ပြုလုပ်ပြီးပါက အုန်းသီးကို ရေမျှော လိုက်ပါ။ (သို့မဟုတ်) သန့်သောတစ်နေရာ (ညောင်ပင်အောက်မှာ) စွန့်ပါ။ (၉)ရက် အဆင်မပြေသေးလျှင် နောက်ထပ်(၉)ရက် ဆက်လုပ်။ (၉)ရက် သုံးကြိမ်၊ (၂၇)ရက်ပြုလုပ်လျှင် ကျိန်းသေ အဆင်ပြေသွားပါမည်။ အချို့လည်း (၉)ရက်နှင့် အဆင်သွားပြေတာ တွေ့ရပါသည်။

အုန်းသီးကဲ့သို့ ဥသျှစ်သီးကိုလည်း ပြုလုပ်နိုင်သည်။ အိုးအိမ်၊ အိမ်ထောင်၊ အလုပ်ကိစ္စ အဆင်ပြေစေသည်။ အုန်းသီးတစ်လုံးကို သောကြာထောင့်မှာလှူပြီး လိုရာဆန္ဒ ဆုတောင်းမှု ပြုလုပ်နိုင်ပါသည်။

နဝင်းပညာတွင် ကျန်းမာရေးယတြာ၊ နစ်ဆန်းတစ်ရက် အထူးယတြာတွင် အုန်းသီးပါးစပ်ဖွင့်ယတြာ အသုံးပြုသည်။ အထက်ဆောင်ပန်း၊ အောက်နင်းကြမ်းနှင့် နဝင်းချပြီး ချည်မန်းကွင်း၊ ဆံပင်၊ လက်သည်း၊ ခြေသည်းကို အုန်းသီးထဲထည့်ကာ

www.burmeseclassic.com


ရေစီးထဲတွင်မျှောသော ယတြာဖြစ်သည်။

အုန်းသီးစိမ်းကို ထိပ်အဝလုပ်၊ ဆားအပြည့်သိပ်ပြီး ညောင်ပင့်တစ်ပင်မှာ ရုက္ခစိုးနတ်မင်းကို ရည်မှန်းလှူ၊ ဆုတောင်းခြင်းလည်း ပြုလုပ်နိုင်သည်။ လောကီပညာရှင်တို့မှာ ကြာသပတေးသက်ရောက်မှာ အထူးပြုလုပ်ကြသည်။ အုန်းသီးအဝလုပ် အရည်သွန်ကာ ဆားအပြည့်သိပ်၊ အချိန်မရွေးလှူဒါန်း၊ လိုရာဆန္ဒဆုတောင်းမှု ပြုနိုင်သည်။

ဈေးဆိုင်အရောင်းအဝယ် လာဘ်ပိတ်နေပါက အုန်းသီးစိမ်း အဝလုပ်ပြီး ကြံတစ်ချောင်း၊ နှင်းဆီပန်းသုံးပွင့် ထည့်ပြီး ဆိုင်မှာ တင်ထားပေးပါက လာဘ်ဝင်ငွေရှင်ပြီး အရောင်းအဝယ်ကောင်းစေသည်။

***တနင်္လာနံ (က၊ ခ၊ ဂ၊ ဃ၊ င)နှင့် စသော သစ်သီးယတြာများ ***

ကျွဲကောသီး - ကျွဲကောသီးတစ်လုံးမှာ ကြက်လျှာ(၆) လက် ထိုးစိုက်၍ လာဘ်ခေါ်ယတြာ ပြုလုပ်နိုင်သည်။ ကြက်လျှာမှာ လိုရာဆန္ဒ ရေးသားနိုင်သည်။ ကျွဲကောသီး လာဘ်ခေါ်ယတြာအဖြစ် အသုံးပြုသည်။ ဘုရားရှေ့မှာ လှူထား၊ အလယ်မှာ ဖယောင်းတိုင် အစိမ်းကလေးတစ်တိုင် ပူဇော်ဆုတောင်းပါ။ (၉)ရက်လှူပြီး စွန့်ပစ်နိုင်သည်။


ကြံ - အကြံအစည် အောင်၊ အဆင်ပြေစေရန် ကြံချောင်း၊ ကြံအပိုင်း တစ်တောင်နီးပါးခန့် အရှည်တစ်ချောင်းကို သုံးပိုင်းခန့်ပိုင်း၊ ထိပ်မှာ သပြေညွန့်(၃)ညွန့်စီချည်ပြီး အိုးတစ်လုံးနှင့်ထည့်ကာ ဘုရားရှေ့မှာ လှူထားပေးပါ။ ကြံစည်သမျှ အောင်မြင်မှု ရရှိစေပါသည်။

ငှက်ပျောသီး - အဖီး၊ အဖီးလိုက်ကို ပန်းကန်ပြားတွင် ထည့်လှူပေးပါ။ ငှက်ပျောသီးအမျိုးမျိုး ရှိသည်။ ရခိုင်၊ ဖီးကြမ်းအသုံးများသည်။ ဖီးကြမ်းနှင့်ငှက်ပျောက ကက်ကက်ဓာတ်မိသည်။ ကျန်းမာချမ်းသာစေသည်။ မှည့်သွားပါက စွန့်ပြီးစား၍ ရသည်။

www.burmeseclassic.com

www.burmeseclassic.com


ငွေကိစ္စ၊ အကြွေးကိစ္စ၊ တနင်္လာနံကိစ္စမျ
အတွက် လှူဒါန်း၊ ဆုတောင်းပါ။ ရတ
တွေ့နိုင်အောင် ရနိုင်လည်း သုံးကြသည်၊



ကြက်သွန် - ကြက်သွန်နီဥကြီးတစ်လုံးကို ဖန်ခွက်မှာ ထည့်၊ စိတ်သောက ကြုံနေရသောကိစ္စများ အေးငြိမ်းစေပါသည်။ အချို့လည်း ကြက်သွန်ဘေး တစ်ဘက်တစ်ချက်တွင် ကသစ်ရွက် တစ်ရွက်စီ ထည့်ထားကြသည်။ ကသစ်ရွက် ထည့်၍လည်း ရသည်။ မထည့်လည်း ကြက်သွန်နှင့် ပြုလုပ်စီရင်နိုင်သည်။ သူခိုးရန် ကာကွယ်ရန် ကြက်သွန်ဥကို အိမ်ထောင့်လေးထောင့်မှာ မြှုပ်နှံထားရသည်။

ချင်း - ချင်းတက်ကို စာချုပ်စာတမ်း၊ အခက်အခဲကိစ္စ၊ လျှင်မြန်စွာ ဖြစ်လိုသောကိစ္စများမှာ အသုံးပြုကြသည်။ "နေ့ချင်း၊ ညချင်းစီးပွားတက်"ဟူသော ပညတ်ဓာတ်ယူထားသည်။

စာချုပ်စာတမ်း အများအယွင်းကိစ္စ၊ ပြဿနာကိစ္စတို့ ကြုံတွေ့ရပါက ပန်းကန်တစ်ချပ်ပေါ်မှာ ချင်းတက်တင်၊ ဖယောင်းတိုင်တစ်တိုင် ချင်းတက်ပေါ် တင်ထွန်းပြီး ဆုတောင်းပါ။ (၉)ရက်ဆက်၍ ပြုလုပ်ပါ။ စာရင်းမှားသောကိစ္စ ပြုလုပ်နိုင်းရာ (၉)ရက်ပြည့်သောအခါ အဆင်ပြေသွားပါသည်။ (ကိုယ်တွေ့)

မည်သည့်အကြောင်းမှမရှိဘဲ စီးပွားရေး လျှင်မြန်စွာ တိုးတက်လိုပါက ချင်းတက်နှစ်ခု ပြုလုပ်ပါ။ မနက်တစ်ကြိမ်၊ မနက်ချင်းပေါ်မှာ ဖယောင်းတိုင်ထွန်း၊ ဘုရားပူဇော်ပြီး"အရဟံ"(၉)ပတ်စိပ်ပါ။ ညချင်းပေါ်မှာ ဖယောင်းတိုင်တစ်တိုင်ထွန်း "ဘဂဝါ"ဂုဏ်တော်ပုတီး (၉)ပတ်စိပ်ပါ။ (၂၇)ရက် ပြုလုပ်လျှင် ထူးခြားတာတွေ့ရမည်။

လောကီပညာရှင်၊ ဝိဇ္ဇာလိုင်းသမားများမှာ ကြန့်ကြာသောကိစ္စအတွက် ဘုရား၊ ရဟန္တာ၊ ဝိဇ္ဇာတွေကို ချင်းသုပ်(၅)ပွဲ ကပ်လှူ

www.burmeseclassic.com


ဆုတောင်းနိုင်းသည်။ (၃)ရက်ပြုလုပ်ရသည်။ ညနေပိုင်း ပြုလုပ်ပါ။

ခရမ်းသီး - အချစ်ရေး၊ အိမ်ထောင်ရေးအတွက် အသုံးပြုသည်။ ခရမ်း(၂၈)ကိုရှာ၊ (အိမ်ထောင်မိတ်)ဖြစ်သည်။ အမျိုးသမီးများ အထူးဆောင်ရွက်ရသည်။

အချစ်ရေး၊ အိမ်ထောင်ရေးကိစ္စ အဆင်ပြေလိုပါက ခရမ်းသီးနှပ် ဆွမ်းလောင်း ဆုတောင်းပါ။ ခရမ်းသီးတစ်လုံး၊ ငှက်ပျောသီး နှစ်လုံး ပန်းကန်ထဲထည့်၊ မိမိအိပ်ရာအနီးမှာ ခါတ်ဆင်ထားပါက အိမ်ထောင်ကျနိုင်သည်။

ငရုတ်ကောင်း - ရုပ်ခန္ဓာမကောင်း (ကျန်းမာရေးညံ့)နေပါက ကြွေဇလားတစ်လုံးတွင် ငရုတ်ကောင်း အပြည့်ထည့်ပါ။ ထိုငရုတ်ကောင်းပေါ်မှာ ကြက်လျှာအဖြူတစ်ချောင်းစိုက်၍ "ခန္ဓာ ကျန်းမာပါစေ"ဟု ရေးထားပါ။ "ငါ့ရုပ် ကောင်းပြီ၊ ငါကျန်းမာပြီ"ဟု ယုံကြည်စွာ ပြုလုပ်ပါ။

ကြက်လျှာ အရိုးတံရှည်နေပါက တစ်ဝက်ဖြတ်ပါ။ ငရုတ်ကောင်းခြောက်လျှင် စွန့်ပစ်နိုင်သည်။ ကျန်းမာရေး ကောင်းသွားပါက ဆက်လုပ်စရာ မလိုပါ။ ငရုတ်ကောင်း ကျန်းမာရေးကောင်းစေသည်။

*** အင်္ဂါနံ (ဇ၊ ဆ၊ ဈ၊ ည)နှင့် စသော သစ်သီးယတြာများ ***

စပျစ်သီး- အချို့က သပျက်သီးဟုခေါ်ပြီး အပျက်ဓာတ်ဟုဆိုကြသည်။ အမှန်မှာ "စပျစ်သီး"သာ ဖြစ်ပါသည်။ ၃၅တွဲဖြစ်၍ မိတ်ဓာတ်ဖြစ်သည်။

ဗုဒ္ဓဟူးနံ လူ၊ ရွှေ၊ ရေ၊ ရတနာပစ္စည်း၊ ဝါး၊ ယွန်းထည်ပစ္စည်း၊ လူမှုရေးကိစ္စ၊ ရေယာဉ် စသည့် ဗုဒ္ဓဟူးနံကိစ္စ အဆင်ပြေစေရန် စပျစ်သီးလှူ ဆုတောင်းပေးပါ။

သားသမီးရတနာ ရလိုပါကလည်း မယ်တော်ဘုရား ငါးပါးကို စပျစ်သီးလှူ ဆုတောင်းပေးပါ။ ဆီးသီး(ဇီးသီး)အရက်သမား

www.burmeseclassic.com




များ အရက်ဖြတ်လိုပါက ဇီးသီး(၁)လုံးတွင် စာရေး။ ဘုရားရှေ့ ကပ်လှူပေးထားရသည်။

ဥပမာ - အောင်အောင် အရက် လုံး၀ မသောက်စေရ။ ဇီးသီးတစ်လုံး ဆီမှာ ဘောလ်ပင်နှင့် စာလုံးတစ်လုံး စီရေးပါမည်။ ပြီးလျှင် ပန်းကန်တစ် ချပ်ထဲထည့်ပြီး ဘုရားလှူ ဆုတောင်း ပါ။ ဇီးသီးနွမ်းခြောက်လျှင် အသစ်ပြန် လဲပေးပါ။ အနည်းဆုံး(၃)ကြိမ် ပြုလုပ်ပါ။

ဇီးဖြူသီး - ဇီးဖြူသီးကို စပျစ်သီး ကဲ့သို့ အသုံးချနိုင်သည်။ အင်္ဂါသားသမီး တစ်ဦးဦး၊ ကြာသပတေးသားသမီး တစ်ဦးဦးနှင့် အဆင်ပြေလိုပါ က ဇီးဖြူသီးဆောင်သွားပါ။ ဆေးဖက်ဝင်အသီး ဖြစ်သည်။

အိန္ဒိယတွင် ဇီးဖြူသီးအလုံးကြီးများ ပျားရည်၊ ဆေးရည် စိမ် ပါကင်ပိတ်ပြီး အထူးစီမံ ရောင်းကြသည်။ နေအိမ် ခြံဝင်းအတွင်း မြွေသတ္တဝါမလာစေရန် ဇီးဖြူသီးကြဲထားကြသည်။

စိန်ပန်း(၃၅)ခတ်ဖြစ်၍ အိမ်ထောင်ရေးကိစ္စလည်း ဇီးဖြူ သီးလှူ ဆုတောင်းမှုပြုနိုင်သည်။ ငှဟူး(လူ)၏ အမြစ်၊ အညွန့်တွဲ ဖြစ်၍ လူတိုင်းဆောင်ထား စားသုံးသင့်ပါသည်။

စတော်ဘယ်ရီ - အချစ်ရေးကိစ္စတွင် အထူးသုံးကြသည်။ ဖယောင်းတိုင်အနီ ပူဇော်၊ စတော်ဘယ်ရီသီးလှူကာ အချစ်ရေး ကိစ္စဆုတောင်းမှုပြုနိုင်သည်။


မယ်တော် တစ်ပါး.ပါးထံမှာ စတော်ဘယ်ရီလှူ၊ ဖယောင်း တိုင် အနီ(၂)တိုင်ပူးထွန်းကာ အချစ်ရေးကိစ္စဆုတောင်းပါက အဆင် ပြေစေပါသည်။ စတော်ဘယ်ရီ ဖျော်ရည်အဖြစ်လည်း ကပ်လှူနိုင် သည်။ ချစ်သူကို လက်ဆောင်ပေးသင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



## * ဗုဒ္ဓဟူးနံ (ယ၊ ရ၊ လ၊ ဝ၊ ဠ)နှင့် စသော သစ်သီးယတြာများ *



လိမ္မော်သီး - ငွေကံပွင့် ယတြာအဖြစ် အသုံးပြုကြသည်။ လင်ဗန်းပေါ်တွင် လိမ္မော်သီး တင်လှူခြင်း၊ လိမ္မော်သီးနှင့် လက်ဖက်တွဲ၍ ဓာတ်ဆင်ခြင်း၊ ငွေစက္ကူပေါ်မှာ လိမ္မော်သီး အလုံးလိုက် တင်၍ လာဘ်ဝင်အောင် ပြုလုပ်ခြင်း စသည်တို့ကို ဆောင်ရွက်ကြသည်။ လိမ္မော်သီးကဲ့သို့ ရှောက်ချိုသီးကိုလည်း အသုံးပြုနိုင်သည်။

လိမ္မော်သီးမှာ တနင်္လာနံ၏ မိတ်ဓာတ်ဖြစ်သည်။ ငွေ၊ ကား၊ ကျောက်၊ အချစ်ရေး စသည့်ကိစ္စတွေမှာ အသုံးပြုနိုင်သည်။ ချစ်သူကို လိမ္မော်သီး လက်ဆောင်ပေးသင့်သည်။ ချစ်သူဓာတ်ပုံပေါ် လိမ္မော်သီးတင် ခေါ်နိုင်သည်။ ကားအရောင်းအဝယ် လိမ္မော်သီး အခွံဖြင့် ရိုက်ပေး၍ရသည်။ ကားကိစ္စတွင် လိမ္မော်သီးဓာတ်ဆင်၍ ရသည်။

ရှောက်သီးတစ်လုံး အလယ်မှာထား၊ သံပုရာသီးကို ဘေးပတ်လည်မှာထားပြီး ရှောက်သံပုရာ ဓာတ်ဆင်နိုင်သည်။ ကျန်းမာရေးကိစ္စ အထူးကောင်းသည်။ တနင်္ဂနွေဂြိုဟ် သက်ရောက်နေသူများ ရှောက်သီးသုပ် ဒါနပြုပေးပါ။ မိမိနေအိမ် ဘေးဥပါဒ် အန္တရာယ် ကင်းဝေးစေရန် ရှောက်သီး၊ သံပုရာသီးတွဲ၍ ဓာတ်ဆင်ပေးပါ။ ခြောက်၊ ပုပ်လျှင် စွန့်ပစ်ပါ။

ရှောက်ချိုသီးနှင့် လိမ္မော်သီးတွဲ၍ လှူနိုင်သည်။ ရှောက်ချိုက (၈၂)ကိုရှုဓာတ်၊ လိမ္မော်က မိတ်ဓာတ်ဖြစ်နေသည်။ တနင်္လာနံကိစ္စဟူသမျှ ထိုအသီးနှစ်မျိုးကို အဆင်ပြေသလို လှူဒါန်းဆုတောင်းမှုပြုပါ။ အိမ်ထောင်ရေး၊ အချစ်ရေး အဆင်ပြေစေသည်။




www.burmeseclassic.com

www.burmeseclassic.com



## * ကြာသပတေးနံ (ပ၊ ဖ၊ ဗ၊ ဘ၊ မ)နှင့် စသော သစ်သီးယတြာများ *



ပန်းသီး - ပန်းသီးကို အချစ်ရေးကိစ္စတွင် အသုံးပြုနိုင်သည်။ ပန်းသီးတစ်လုံးမှာ ချစ်သူနှစ်ဦးနာမည်ရေးပြီး ဖယောင်းတိုင်အနီတစ်တိုင် ပူဇော်ကာ (ထွန်းညှိကာ) လိုရာဆန္ဒ ဆုတောင်းနိုင်သည်။ ချစ်သူနှစ်ဦး ပတ်ပို့စ်ဓာတ်ပုံနှစ်ပုံကို မျက်နှာချင်းဆိုင် ကပ်ပြီး ပန်းသီးအောက်ထား၊ ဖယောင်းတိုင်ထွန်း ဆုတောင်းမှုပြုနိုင်သည်။ မိမိချစ်ခင်သူ၊ ကျန်းမာရေး မကောင်းသူကိုလည်း ပန်းသီးလက်ဆောင်ပေးနိုင်သည်။

ရှုံးပတီသီး - အမှုအခင်း ရုံးချိန်းကိစ္စ သွားသောအခါ ရုံးပတီသီးတစ်တောင့် ဆောင်သွားပါ။ အပြန်တွင် အလယ်မှ ချိုး၍ နောက်ပြန်ပစ်လိုက်ပါ။ ရုံးချိန်းသွားတိုင်း ပြုလုပ်သွားပါ။

ဖရုံသီး - ဖရုံသီးတွင် ကျောက်ဖရုံသီးနှင့် ရွှေဖရုံသီး ဟူ၍ နှစ်မျိုးရှိသည်။ ကျောက်ဖရုံသီးသည် ဆေးဖက်ဝင်သည်။ ကျောက်တပ်ရောဂါအတွက် သုံးသည်။ လောကီပညာတွင် ကျန်းမာရေးအတွက် အသုံးပြုသည်။ ကျန်းမာရေး မကောင်းသူတစ်ဦး အိပ်ရာခေါင်းရင်းတွင် ကျောက်ဖရုံသီးတစ်လုံးကို ပိတ်ဖြူ၊ ပိတ်နီနှစ်စတ်၍ (အိမ်တွင်းအုန်းဆွဲရာတွင် အသုံးပြုသော ပိတ်ဖြူ၊ ပိတ်နီ) တစ်ညသိပ်ထားပါ။ ပြုတ်မထွက်အောင်ချိတ်ဖြင့် ချိတ်တွဲထားပါ။ နောက်တစ်နေ့နံနက် ရေစီးထဲပစ်ချ၊ မျှောလိုက်ပါ။

ရွှေဖရုံသီးတစ်လုံးကို လင်ဗန်းထဲထည့်၊ ဘေးပတ်ပတ်လည်မှာ စပါးနံထည့်၊ အပေါ်မှာ စံပယ်ပန်းကုံးတင်ပြီး လုပ်ငန်းစီးပွားအတွက် ဆုတောင်းပါ။ ရွှေဖရုံသီးကို လာဘ်လာဘ၊ ငွေကြေးကိစ္စ၊ အကြွေးကိစ္စအတွက် စီရင်ဆောင်ရွက်နိုင်ပါသည်။

ပြည်ပ၊ နိုင်ငံခြားရောက်နေသော မိသားစုဝင် တစ်ဦးဦး

www.burmeseclassic.com





ထံမှ ငွေကြေး၊ အဆက်အသွယ်မရပါက ရွှေဖရုံသီးတစ်လုံးဝယ်၊ တစ်ခြမ်းကို ဟင်းချက်စား၊ ကျန်တစ်ခြမ်းမှာ ခေါ်လိုသူ၊ အဆက်အသွယ်ရလိုသူအမည်ကို ထုံးဖြင့်ရေးပါ။

အင်္ဂါနေ့ နံနက်စောစောတွင် အင်္ဂါထောင့်မှာ ခေါ်လိုသူ၏ သက်စေ့ ရေသပ္ပာယ်ပြီး ထိုဖရုံသီးကို လှူခဲ့ပါ။ ခေါ်လိုသူအမျိုးသမီးဆိုပါက သောကြာထောင့်မှာ လှူပါ။ ထိုသို့ လှူဒါန်းဆုတောင်းမှုပြုပါက မကြာမီ ငွေ+အဆက်အသွယ် ကျိန်းသေရောက်ရှိပါမည်။

မာလကာသီး - ကြွေးပူကိစ္စ အမြန်အေးဆေးစေရန် မာလကာသီး(၇)လုံး (သို့မဟုတ်) (၇)စိပ်နှင့် ရေတော်တစ်ခွက်ကို ဘုရားကပ်လှူ ဆုတောင်းပါ။ အချို့လည်း ကျန်းမာရေးအတွက် မာလကာသီး လှူကြသည်။ မာလကာသည် (၅၂)အတွဲ ဖြစ်သည်။ ကျန်းမာရေး၊ အကြွေးပြဿနာ၊ ငွေပြဿနာအတွက် မာလကာသီး ဓာတ်ဆင်ယတြာ အထူးကောင်းပါသည်။

မရမ်းသီး - မရမ်းကို (၅+၄)အတွဲ နဝင်းဓာတ် ယူကြသည်။ ပန်းယတွဲဟု ခေါ်သည်။ အသီးအနေဖြင့် အစိမ်း၊ အမှည့်ရှိသည်။ လင်ယောကျ်ားဖြစ်စေ၊ သားသမီးဖြစ်စေ၊ တစ်ဦးဦး ရမ်းကားနေပါက မရမ်းအောင် မရမ်းသီး(၉)လုံး ဓာတ်ဆင်လှူထားလိုက်ပါ။

အိုးအိမ်၊ အိမ်ထောင်ရေး၊ အုပ်စု၊ ဦးစီး စသည့် တနင်္ဂနွေနံ အခက်အခဲကိစ္စ မရမ်းသီး လှူဒါန်း ဆုတောင်းမှုပြုနိုင်သည်။ မိမိနေအိမ်သို့ ဆွေမျိုးသားချင်းများ အဝင်အထွက်များနေ၊ ညည်းထောင်းပြီး စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်နေပါက ဘူးသီးတစ်လုံး




www.burmeseclassic.com

www.burmeseclassic.com


ချိတ်ဆွဲထားလိုက်ပါ။ တဖြည်းဖြည်း အလာကျဲသွားပါမည်။

ပိန္နဲသီး - အလုပ်ကိစ္စ အဆင်မပြေ၊ ဝင်ငွေမကောင်း ဖြစ်နေပါက ပိန္နဲသီး အလုံးလိုက်ဖြစ်စေ၊ အမွှာလိုက်ဖြစ်စေ လှူပါ။ ဤတွင် ပိန္နဲ(၅+၇) ယူထားခြင်း ဖြစ်သည်။ အင်္ဂါ၊ ဗုဒ္ဓဟူး သက်ရောက်အထူးလှူပါသည်။ တနင်္ဂနွေနံ၏ မိတ်ဓာတ်လည်းဖြစ်သည်။ ပိန္နဲသီး၊ ပိတောက်ညွှန့်၊ ပိတောက်ပုတီး ဆက်စပ်လျက်ရှိပါသည်။

*** သောကြာနံ (သ၊ ဟ)နှင့် စသော သစ်သီးယတြာများ ***



သဘော်သီး - သဘော်သား လုပ်ငန်းကိစ္စ၊ ကျန်းမာရေးကိစ္စတွင် အသုံးပြုသည်။ သဘော်သားလုပ်ငန်းကိစ္စတွင် သဘော်သီး အလုံးလိုက်ဖြစ်စေ၊ အခွံနွှာခွဲ၍ဖြစ်စေ၊ လှူဒါန်း ဆုတောင်းနိုင်သည်။ သဘော်သီးတစ်လုံးကို လှဲ၍ ထိုသဘော်သီးပေါ်တွင် ကြက်လျှာတစ်ချောင်းစိုက်၊ ဖယောင်းတိုင်တစ်တိုင် တင်ထွန်းပြီး ဆုတောင်းပါ။

သဘော်သီးမှာ လိုရာဆန္ဒရေးပါ။ ကြက်လျှာအဖြူ (၁) ချောင်း (သို့မဟုတ်) ပုံပါအတိုင်း(၂)ချောင်း စိုက်ပါ။ သဘော်သီးမှာ "သဘော်သားအလုပ် အမြန်အဆင်ပြေစေ"ဟု ရေးထားပါ။ သဘော်သီးစိမ်း ပြုလုပ်၍ရသည်။ မည့်လျှင် စွန့်လိုက်ပါ။

ကျန်းမာရေးတွက် သဘော်သီးမှာ ဝါ၊ စိမ်း၊ နီ ကြက်လျှာကိုးချောင်း ပတ်ပတ်လည်တွင် စိုက်ပါ။ ကြက်လျှာတစ်ချောင်းစီမှာ စာရေးပါ။ ဥပမာ- "ဒနွေသား ဦးအေး . . ကျန်းမာရေးကောင်းစေ။

ခံစားနေရသော ဝေဒနာပျောက်စေ။ ရောဂါနှင့်ဆေးတွေ့စေ" တစ်မျိုးမျိုးကို ရေးပါ။

ဝါ (၃)၊ စိမ်း (၃)၊ နီ (၃)ခုစီ ပြုလုပ်ရမည်။ သဘော်သီးအလယ်မှာ ဖယောင်းတိုင်တစ်တိုင် ထွန်းညှိပူဇော်ပါ။ (၃)ရက်ပူဇော်ပြီးပါက ရေစီးထဲ မျှောလိုက်ပါ။ ကျန်းမာရေး ကောင်းသွားပါမည်။ ရောဂါနှင့်ဆေးတွေ့ရမည်။

ပန်းကန်လုံးမှာ သဘော်သီး ငြိမ်အောင်ထားခြင်း ဖြစ်သည်။

သံပုရာသီး – ရှေ့တွင် ဖော်ပြထားသောသလို၊ သံပုရာသီးနှင့် ရှောက်သီးတွဲ၍ ဓာတ်ဆင်နိုင်ပါသည်။ မိမိနေအိမ်တွင် အနှောင့်အယှက်ကင်းစေရန်၊ မိသားစုကျန်းမာရေးအတွက် သံပုရာသီး(၆)လုံး ပန်းကန်ပြားတွင် ထည့်၊ ဘုရားကပ်လှူ ဆုတောင်းပါ။ ခြောက်လျှင်စွန့်ပစ်ပါ။ ခြံထောင့်၊ အိမ်ထောင့်တွေမှာ စွန့်ပစ်နိုင်သည်။

ရှေးလူကြီးများ သူခိုးအိပ်မွေ့ချ မရစေရန် ခေါင်းအုံးအောက်မှာ သံပုရာသီး ထားအိပ်ကြသည်။ ဟိန္ဒူဘာသာဝင်တို့ ခက်ရင်းခွတွင် သံပုရာသီး စိုက်လှူကြသည်။ သံပုရာဟူသည် ၆ ၅ ၄ ဂဏန်းစဉ်ဖြစ်သော သစ်သီးဖြစ်သည်။ ကျန်းမာ၊ ချမ်းသာ ဘေးရန်ကွာစေသော သံပုရာသီးဖြစ်ပါသည်။

လာဘ်ရွှင်၊ ငွေဝင် လှူဝင်စေရန် သံပုရာသီးမှာ စ၊ ဓ၊ ဗ၊ ဝ အက္ခရာ စမရေး။ ပြီးလျှင် ထိပ်ပိုင်းမှာ အဝတ်ချုပ်အပ် တစ်ချောင်းစိုက်၊ အပ်မှာ အပ်ချည်ကြိုးထည့်ပြီး အိမ်ရှေ့ဝရန်တာ၊ အမြင့် တစ်နေရာမှာ ချိတ်ဆွဲချည်ထားပါ။

သံပုရာသီးကို လက်နှင့်ဆုပ်ကိုင်ပြီး အမြင့်ကို တွန်းလိုက်ပါ။ ပြန်ဝင်လာသောအခါ လက်နှင့်ဆုပ်ဖမ်း၍–

"ငွေဝင်စေ၊ လာဘ်လာဘများ ရစေ"စသည်ဖြင့် ပြောဆိုပါ။ သံပုရာသီးခြောက်လျှင် အသစ်လဲပေးပါ။

စာရေးသူ လက်တွေ့ စမ်းသပ်ကြည့်သော နည်းဖြစ်သည်။ လာဘ်ခေါ်သံပုရာ စီရင်နည်းဖြစ်ပါသည်။

သရက်သီး – တနင်္ဂနွေသက်ရောက်နေပါက သရက်သီး



www.burmeseclassic.com

www.burmeseclassic.com


လှူပေးရသည်။ ခရီးသွားကိစ္စ အဆင်ပြေလိုပါကလည်း သရက်သီး လှူ ဆုတောင်းပါ။ စက်ပစ္စည်း (ဆန်၊ ဆီ၊ စက်၊ ဆေး၊ စာအုပ်၊ စစ်) စသည့် အင်္ဂါနံအဆင်ပြေစေရန် သရက်သီးလှူဆုတောင်းပါ။

*** စနေနံ (တ၊ ထ၊ ဒ၊ ဓ၊ န)နှင့် စသော သစ်သီးယတြာများ ***

စနေနံအသီး - ထန်းသီး၊ ဒန်းသီး၊ နာနတ်သီး၊ တည်သီး၊ ဒန့်ဒလွန်သီး စသည်တို့ ရှိပါသည်။ စနေနံ အသုံးနည်းပါသည်။ အချို့က အုန်းသီးနှင့် ထန်းသီး တွဲလှူကြသည်။ တနင်္ဂနွေ + စနေ (အနွှော)ဓာတ်မိသည်ဟု ဆိုသည်။ အလုပ်အကိုင် တည်တံ့ခိုင်မြဲ စေရန်အတွက် လှူဒါန်းနိုင်ပါသည်။

သခွားသီး - အင်္ဂါ၊ ဗုဒ္ဓဟူးသက်ရောက်တွင် (၆ + ၂) နံပြေ ဖြစ်နေ၍ သခွားသီးကို အညှပျောက်စေရန် အသုံးပြုကြသည်။ တနင်္လာ၊ သောကြာ၊ တစ်ညညည ခြေထောက်အောက် ထားအိပ်ကာ နောက်တစ်နေ့နံနက် နစ်ပိုင်း,ပိုင်း နစ်နေရာခွဲ စွန့်ပစ်ရပါသည်။

သခွားသီးကို နစ်ပိုင်းပိုင်းရာတွင် "ငါ့ဒက် နင်ခံ"ဟု ပြော ၍ ပိုင်းရပါသည်။ သခွားသည် (၆ + ၂) သောကဓာတ်ဖြစ်၍ ကောင်း ကျိုးအတွက် အသုံးမပြုသင့်ပါ။

အင်္ဂါ၊ ဗုဒ္ဓဟူးသက်ရောက် အကြွေးကိစ္စ အဆင်မပြေပါက သခွားသီးမှာ လိုရာရေး၊ သွားကြားထိုးတံ (၂၆)ချောင်းစိုက်။ တစ် ချောင်းစိုက်၊ တစ်ခါပြောပြီး ထိုသခွားသီးကို လမ်းဆုံလမ်းခွ (လူ သွားလမ်း) ဘေးရောက်အောင် စွန့်ပစ်ရပါသည်။ အကြွေးငွေ မြန် ရစေသည်။

သခွားသီး - သခွားသီးမှည့်ကိုတော့ နတ်ကိုးကွယ်သူတို့ က ပဲခူးမယ်တော်ကို ဆက်သ၊ လှူဒါန်းတာ တွေ့မြင်ရပါသည်။ သခွားသီးနှင့် ကြက်သွန်ရော၍လှူပါက ဓာတ်ဆင်ခြင်းသည် (၆ + ၂) (၂ + ၆)တက်ကင်းမိသည်။ ဓာတ်စာအဖြစ် စားသုံးနိုင်ပါသည်။

❖

www.burmeseclassic.com

www.burmeseclassic.com



အောင်စေတီ ဆရာတော်ဘုရားကြီးသည် သူ၏ဘုရားခန်းတွင် စားပွဲတစ်လုံးခင်းကာ ထိုစားပွဲပေါ်တွင် အုန်းသီးနိုင်၊ ထန်းသီးနိုင်၊ ငှက်ပျောနိုင်၊ ကွမ်းသီးနိုင်၊ ပန်းသီး၊ လိမ္မော်သီး စသည်တို့ကို အမြဲမပြတ် လှူထားပါသည်။ ငွေများ အစုံလိုက်၊ အပြုံလိုက်ဝင်စေသည်။ လူများမပြတ် ဝင်လာသည်။

လှူဒါန်းမည့်သူများ လူဆိုပါက ပေးကမ်းထောက်ပံ့သူများ ရောက်လာစေသည်။ တစ်နည်း အစာရေစာမပြတ် ပေါများစေသည်ဟု မှတ်ရပါသည်။အချို့ ဝန်ထမ်းကိစ္စ ထန်းသီးလှူ ဆုတောင်းပါ။

(၇ နေ့၊ ၇ နံ) စုံလင်အောင် လှူပါက တနင်္ဂနွေနံ အုန်းသီး၊ တနင်္လာနံ ကျွဲကောသီး စသည်ဖြင့် လှူပြီး စနေနံအတွက် ထန်းသီး၊ နာနတ်သီး တစ်မျိုးမျိုး ထည့်လှူဒါန်းနိုင်ပါသည်။ နှင်းသီးပေါ်ချိန် နှင်းသီးထည့်လှူဒါန်းနိုင်သည်။

လောကီပညာတွင် ဆူးပါသောအသီး ဥပမာ - ဒူးရင်းသီး၊ ပဲ့တတ်မကောင်းသောအသီး၊ နာနတ်သီး အသုံးနည်းကြပါသည်။ သောကြာဂြိုဟ်သက်ရောက်တွင် ဒန့်ဒလွန် (၇+၄)နှစ်ပြတ္တွဲကို ကျန်းမာရေး၊ ဘေးဥပါဒ် အန္တရာယ်ကင်းစေရန် ခြေထောက် အောက်တစ်ညထား အိပ်နိုင်းလေ့ရှိပါသည်။

ကွမ်းသီး - ကွမ်းသီးအနိုင်လိုက် ချိတ်ဆွဲ တန်နိုးကြီး ဘုရားတစ်ဆူကို လှူဒါန်း(အိမ်မှာလှူ အာရုံပြု) ဆုတောင်းမှုပြုပါက အမှုအခင်းကိစ္စ ကွင်းလုံးကျွတ်လွတ်စေပါသည်။

သဘာဝသစ်သီးများသည် အာဟာရအဖြစ် စားသုံးနိုင်၊ ဆေးဖက်ဝင်သလို လောကီယတြာ ကောင်းကျိုးအတွက်လည်း အသုံးပြုနိုင်ပါသည်။ အချို့ဆရာတော်ကြီးတွေ ဆွမ်းမစားဘဲ သစ်သီးပဲ ဘုဉ်းပေးတာ တွေ့မြင်ရသည်။

ယခု အသက်(၈၀)ကျော်တိုင်အောင် ကျန်းမာလျက်ရှိပါသည်။ သစ်သီးတစ်မျိုးတည်းယူပါက သောကြာနံဖြစ်သည်။ သစ်သီးယတြာ အစွမ်းထက်ပါသည်။ လက်တွေ့ဆောင်ရွက်နိုင်ကြပါစေ။

ဂမ္ဘီရဆရာလှမျိုး (B.Sc)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





။

ဗိုလ်တထောင်ဘုရား၊
ရွှေဘုန်းပွင့်ဘုရား၊ ကြေးသွန်း
ဘုရားကြီး၊ မယ်လမုဘုရား၊
ငါးထပ်ကြီး၊ ခြောက်ထပ်ကြီး
စသည့် ဘုရားများတွင်
တွေ့မြင်ရသည်။

လွန်ခဲ့သောနှစ်ပေါင်း (၄၀)နီးပါးခန့်က စာရေးသူအိမ်သို့ အညာဒေသမှ အမျိုးသမီးတစ်ဦးရောက်လာပြီး သုရဿတီမယ်တော်ပုံတစ်ပုံပေးသွားသည်။

ထိုပုံမှာ သစ်သားဘောင်နှင့် ပြုလုပ်ထားသော မှန်အတွင်းမှ ရွှေရောင်ဖြင့် ပြုလုပ်ထားသော ပုံဖြစ်သည်။ ဟင်္သာကိုစီးပြီး လက်နှစ်ဖက်ဖြင့် ကလပ်တစ်ခုကို ကိုင်ထားသည်။

ကလပ်ပေါ်မှာ ကျမ်းစာအုပ်သုံးအုပ်တင်ပြီး လက်နှစ်ဖက်ဖြင့် ကိုင်ထားသော မယ်တော်ပုံဖြစ်သည်။ (ယခုအချိန်ထိ ရွှေရောင်လုံးဝ မပျက်ပါ။)

စာရေးသူမိခင်မှ ဘုရားကျောင်းဆောင်အောက် ညာဘက်ခြမ်း (အိမ်အပြင်ဘက်တွင်)ချိတ်ဆွဲထားပြီး ရှေ့တွင် ခုံတစ်လုံးချကာ ပန်းအိုးတစ်လုံး တင်လှူထားသည်။

စာမေးပွဲဖြေခါနီးတွင် ဆွမ်းတော်၊ ရေတော်၊ ပန်းများ လှူပြီး ကန်တော့ခိုင်းသည်။ စာရေးသူလည်း စိတ်မပါ့တပါခိုင်းနိုင်း၍ တာဝန်ဝတ္တရားကျေ ကန်တော့သည်။ ဘာဆုမှလည်း မတောင်းပါ။

www.burmeseclassic.com

www.burmeseclassic.com


အမေကတော့ သားပညာရေးအတွက် အထူး ဆုတောင်းပေးသည်။

ဤသို့နှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင် ဘွဲ့ရပြီးသည်အထိ သူရဿတီမယ်တော်ကို ပညာရေးအတွက် ပူဇော်ဆုတောင်းမှုပြုသည်။ ငယ်စဉ်က လက်အုပ်ချီပြီး ကန်တော့ခြင်း မပြုပေ။ နောက်ပိုင်းတွင် သူရဿတီဂါထာတစ်ပုဒ် စာအုပ်ထဲမှတွေ့၍ ပူဇော်သည်။ တစ်ဖန် ဂါထာမရွတ်ဆိုဘဲ နေသည်။

မိခင်ဖြစ်သူကတော့ "ဗုဒ္ဓဟူးသား . . သွားလေရာမှာ အမေ သူရဿတီမယ်တော် စောင့်ရှောက်ပါ" ဟု ပြောဆို ဆုတောင်းသည်။ သူရဿတီမယ်တော် စောင့်ရှောက်သလား၊ မစောင့်ရှောက်သလား စာရေးသူ မသိပါ။

နောက်ပိုင်း လောကီပညာ လေ့လာလိုက်စားသောအခါ ဘိုးတော်၊ မယ်တော်အကြောင်း လေ့လာသည်။ သူရဿတီမယ်တော်ကို အမျိုးမျိုးဝေဖန် ရေးသားကြသည်။ ယုံကြည်သူတို့ လက်ခံ၍ မယုံကြည်သူတို့ ပစ်ပယ်ထားသည်မှာ သဘာဝဖြစ်သည်။

ဖြစ်သင့်သည်မှာ မိမိယုံလျှင် ကိုးကွယ်ပူဇော်။ မယုံလျှင် မကိုးကွယ် မပူဇော်ပါနှင့်။ သို့သော် သူတစ်ပါး ယုံကြည်တာကိုလည်း အပြစ်တင် ဝေဖန်ပြောဆိုခြင်းမှာ မဖြစ်သင့်ပေ။ ပညာရှိသူများပင် ယုံကြည်သူနှင့် မယုံကြည်သူ သဘောထား ကွဲလွဲကြသည်မဟုတ်ပါလား။

ဆရာကြီးမင်းသိခ်မှ မရမ်းတလင်းလက်ဆောင် ဂန္ဓာရယတြာများစာအုပ်တွင် ရသေ့ကြီးဦးခန္တီ အစဉ်သဖြင့် ရွတ်ဆိုသော သူရဿတီဂါထာဟု ရေးသားဖူးသည်။

ရသေ့ကြီးထံတွင် (၈)နှစ်သားကိုရင်လေး တစ်ပါးရှိလေ၏။ ထိုကိုရင်လေးသည် နောင်အခါ ရွှေဥဒေါင်းတောင်ဆရာတော်ကြီးဖြစ်တော်မူလာလေ၏။ ဆရာတော်ကြီးသည် တရားပွဲတိုင်းတွင် တရားမဟောခင် ထိုဂါထာတော်ဖြင့် ရသေ့ကြီးဦးခန္တီ လာဒ်ပွင့် လူချစ်လူခင်များအောင် ဆောင်ရွက်ခဲ့သည်။

ထိုဂါထာတော်ကို ရေတွင်မန်း၍ ဆိုင်ရှေ့တွင် ပက်ထား


www.burmeseclassic.com

www.burmeseclassic.com



သော် ထိုဆိုင်သည် လွန်စွာ လူစည်ကားမည်ဖြစ်၏။ ထိုဂါထာကို ရေတွင် ရွတ်၍ မျက်နှာသစ်၍သွားသော် ကျေးမွေးမည့်သူများ ပေါ် ပေါက်လာမည်ဖြစ်၏။

ကျွန်ုပ်သည် ကျွန်ုပ်ရေးပြီးစာမူများကို ထိုဂါထာရွတ်ပြီးမှ စာအုပ်တိုက်များသို့ ပို့လေ့ရှိ၏ဟု ဆရာကြီးကရေးထားတာ ဖတ် မှတ်ရသည်။ ဆရာကြီးမင်းသိခ်စာအုပ်များ အထူးပေါက်မြောက် အောင်မြင်ခဲ့ပါသည်။

❖

### * လျှို့ဝှက်ရှားပါးသော သူရဿတီဂါထာ *

၁) ဥုံမ် . . ဥဿျောင် ပါးနား
နှုတ်လျှာများက စောင့်ထ သူရဿတီ၊

၂) အညီမက္ကာ ပညာဉာဏ်နှင့် အကြံပေးတတ်
ကိုယ်စောင့်နတ်လည်း လာဘ်နှင့်မက္ကာ
လိုရာတတိုင်း ရစေသော်၊

၃) ငါ၏အသံ တစ်ရံကြားက
သားနှင့်အတူညီမှု နမအဖအလား
ချစ်တွေ့ပွား၍ စီးပွားချမ်းသာ တည်စေသော်ဝ်။

၄) ဥုံမ် . . တာရာသိဒ္ဓိ ဝန္ဒာမိ၊
လေးကျွန်းမျက်နှာ၊
နေက အဖ၊ လက အမိ၊
သွားလေရာရာ မဟာဂီရိနတ်မင်းကြီးသမီး
ငါ့ကို မ,စေသော်။ စီးပွားချမ်းသာ တည်စေသော်။
အသက်တစ်ရာ ရှည်စေသော်ဝ်။

၅) ဥုံမ် . . တုဋ္ဌေဟိ၊ မမ တုဋ္ဌေဟိ၊
ပိယေဟိ၊ မမ ပိယေဟိ၊
သိဋ္ဌေဟံ၊ မမ သိဋ္ဌေဟံ၊
တုံယုံ တုံယုံ စိပ္ပသိဒ္ဓိ စိပ္ပသိဒ္ဓိ၊



www.burmeseclassic.com

www.burmeseclassic.com




ဓာရေယျ- ဓာရေယျ၊
ဝါရေယျ- ဝါရေယျ၊
ဘဒ္ဒန္တိ ဘဒ္ဒန္တိ ဒူရေ ဒူရေ
သွာ ဟုံ ဟုံ။

ဝေပုလ္လာရာမ ဆရာတော်ဘုရားကြီး၏ (မဂ်ဖော့တ)ပတ္တမြားရတနာ ဂါထာတော်လေးပိုဒ်တွင် သူရဿတီဂါထာ နှစ်ပုဒ်ပါရှိသည်။

၁) ဒီဝါတပတိဂါထာ၊
၂) ဖုဋ္ဌသလောက မေ့မှဟိ၊
၃) တုဋ္ဌေဟိ တုဋ္ဌေဟိ (အမှတ်- ၅ ဂါထာနှင့်တူ)၊
၄) သဗ္ဗဟိတ မင်္ဂလာနိ ပုညာဘိ သီရိသောဘဏ်
သူရဿတီစ မေမာတာ
နိစ္စံ ရက္ခန္တု မံသဒါ ဟူ၍ ဖြစ်သည်။

တုဋ္ဌေဟိ တုဋ္ဌေဟိ (တုတ်ထေဟိ)အပိုဒ်တွင် အနည်းငယ်ကွဲလွဲမှုရှိပါသည်။ မည်သို့ပင်ဆိုစေကာမူ သူရဿတီဂါထာသည် လာဘ်ပွင့်(လာဘသိဒ္ဓိ)အဖြစ် အသုံးပြုနိုင်သည်မှာ ထင်ရှားသည်။

ဝေပုလ္လာရာမဆရာတော်၊ ရွှေဥဒေါင်းတောင်ဆရာတော်၊ ကျော်အောင်စံထားဆရာတော် စသည့် ဆရာတော်များအပြင် အဝမဟာပဏ္ဍိတဘွဲ့ရဆရာတော်အချို့ပင် ရွတ်ဆိုပူဇော်ခဲ့ပါသည်။

သမိုင်းအထောက်အထားပြုရသော်-
ရွှေသာလျောင်း အနေကဇာတင်စာတမ်းတွင်
"ဩဘာင်း . . သဗ္ဗမင်္ဂလာ ဇယတု" ဆုတောင်းဂါထာတော်

www.burmeseclassic.com

www.burmeseclassic.com




ကြီးကို ရွတ်ဆို ပူဇော်ခဲ့ပါသည်။

ထိုဂါထာတော်တွင် ပိဋက ဖြို ဖြို – ပိဋကတ်သုံးပုံ အလုံးစုံကို အာရုံမဖောက် စောင့်ကာနေကြသော သာသနာတော်စောင့် ဖြား နတ်မင်းကြီးများနှင့်တကွ သူရဿတီသီရိနတ်သမီးသည် ငှင်း (လည်းကောင်း)ဟု ပါရှိပါသည်။

သက်ဆိုင်ရာပုဂ္ဂိုလ်များနှင့် (၃၁)ဘုံသားတို့အား အမျှဝေခြင်းတွင်လည်း ပိဋကတ်တော်ကို စောင့်ရှောက်တတ်သော သူရဿတီစသော နတ်သမီးတို့နှင့် အတွင်း(၃၇)မင်း၊ အပြင်(၃၇)မင်းတို့အား လည်းကောင်းဟု ပါရှိပါသည်။

ဆရာတော်ဘဒ္ဒန္တဝေပုလ္လ၏ "ဟိတသိဒ္ဓိပကာသနီကျမ်း" တွင် –

*** သူရဿတီနတ်သမီး ဂါထာ ***

"ဥုံမ် . . သူရဿတီ ဒေဝီစ မေမာတာ မာတာစ မေ သူရဿတီ ဒေဝီ အနုကမ္ပံ ဥပါဒါယ လာဘံ ဓမေ အမှိ ဒေဟိတွံ၊

ဥုံမ် . . ဘဒ္ဒေ သူရဿတီ ဝရက ဒေဝီဖြဟ္မကွသာ သာသနေ ဝိဇာနေယျ မေ မုခေ ဣမေစယံ တိဋ္ဌတု ဩြက္ကမန္တိ ဗုဒ္ဓသာသနေ ဩြောင်းကပ်"

ငှင်းသူရဿတီဂါထာကို ဘုရားရှင်ထံမှာ (၅)ပါးသီလ နေ့စဉ်ခံယူ၍ နံနက်(၂၇)ခေါက်၊ ည(၂၇)ခေါက် မှန်မှန်ရွတ်ပါ။ လာဘ်လာဘ ပေါများ၏။ အရောင်းအဝယ် ကောင်းမွန်၏။ စီးပွားတိုးတက်၏။ ရာထူးအဆင့်အတန်း တိုးတက်၏။ စာမေးပွဲများ

www.burmeseclassic.com





အောင်မြင်နိုင်၏။

လူနတ်ချစ်ခင် လေးစားရ၏။ အမှုပြဿနာများကို နိုင်နင်း၏။ ပြောတိုင်း၊ ဆိုတိုင်း အောင်မြင်နိုင်သည်ဟု မှတ်ပါ။ ပန်းတစ်မျိုးမျိုးကိုဖြစ်စေ၊ အောင်သပြေညွန့်ကိုဖြစ်စေ၊ အောက်ပါ ပီယမန်းမန္တန်နှင့် ဆောင်ထားပါ။ ပီယအဆောင် ဖြစ်စေသည်။

## * သူရဿတီ ပီယမန်းမန္တန် *

"ဥုံမ် သူရဿတီ ဒေဝီ စန္ဒီမယ်လျှ နတ်မိန်းမ ပီယသိန္နေ ချစ်ဆွေပြင်းစွာ ဒေဝီလာလို့မ"

ဤမန္တန်ဖြင့် သဇင်ပန်း၊ ဂမုန်းပန်း၊ ဂေါ်သဇင်ပန်းတို့ကို ကြိတ်ပြီး (၃၇)အုပ်၊ မယ်တော်ရှေ့မှာ ရွတ်ဆိုပြီးလျှင် ဆောင်ထား။ ပီယသိဒ္ဓိဆေး ဖြစ်သည်။ (သို့မဟုတ်) ပန်းရိုးရိုးကိုလည်း ဆောင်ထားနိုင်သည်။

## * သူရဿတီ လျှာစောင့်မန္တရား *

"ဩောင်း နမော ဂုရုယျတိ ဝတစ်ရာ ဒေဝီ ဖြဟ္မာ ပဋ်သုဝါ ယုဝဝါသတံ တိဋ္ဌတု မမ ဇိဝှါဂ္ဂေ"

ယှ = ရှဟု အသံထွက်ပါ။

www.burmeseclassic.com

www.burmeseclassic.com


စာပေအတတ်သင်သော် မသင်မီ ရွတ်ဖတ်ပါ။ အနည်းဆုံး (၇)ခေါက်ရွတ်ဆိုပါ။

*** သူရဿတီ ပီယလက်စွပ် ***

စနေနေ့လည်း ဖြစ်ရမည်။ လကွယ်နေ့နှင့်လည်း ကြုံရမည်။ ထိုနေ့တွင် စနေသား၊ အရှေ့ရှူးရှူးသွားသော ညောင်မြစ်ကို ဆန်ပေါက်ပေါက်နှင့် ကောင်းစွာပူဇော်၍ တူးနိုင်းပါ။

ထို့နောက် အမျက်ပါအောင် လက်စွပ်လုပ်၊ သစ်စေးသုံးထပ်သုပ်၊ ရွှေသုံးထပ်ချပြီး အောက်ပါဂါထာဖြင့် ဘုရားရှေ့မှာ ဖြစ်စေ၊ သိမ်တွင်းမှာဖြစ်စေ တစ်ထောင်စုပ်ပါ။

ဂါထာ - "ဥုံမ် . . ဒေဝီနတ်သမီး နင့်ဘလာ၏ မျှော်၊ နင့်မိလာ၏ မျှော်"

**အညွှန်း**

အသုံးပြုလိုသောအခါ ၎င်းလက်စွပ်ကို လက်ညှိုးနှင့်ဝတ်၍ လက်ညှိုးညွှန်ပြီး ပြောဆိုပြုလုပ်ရမည်။ ပြုလုပ်သမျှ အောင်မြင်နိုင်ပါသည်။

သူရဿတီမယ်တော်ကို သူရဿတ္တိနှင့်ပြည့်စုံသော နတ်သမီးဟု ကျော်အောင်စံထားဆရာတော်မှ မိန့်ဆိုသည်။ အတွင်း (၃၇)မင်းတွင် ထည့်သွင်းကြသလို၊ နတ်မင်းကြီးငါးပါးဟွင်လည်း ထည့်သွင်း ပူဇော်ကြသည်။

တေရဋ္ဌ၊ ဝိရူဠှက၊ ဝိရူပက္ခ၊ ကုဝေရ ဟူသော နတ်မင်းကြီးများနှင့် တန်းတူထား ပူဇော်ကြသည်။ ပိဋကတ်မယ်တော်၊ သူရဿတီ၊ ရေစောင့် မြစ်စောင့်နတ်သမီး၊ ဗေဒင်လေးကျမ်းစောင့် နတ်သမီး စသည်ဖြင့် အမျိုးမျိုးခေါ်ဆိုကြသည်။ ဒေဝီကိုးပါးဟွင် တစ်ပါးပါဝင်သည်။


စာရေးဆရာများ၊ စာပေပညာလုပ်ငန်း လုပ်ကိုင်သူများ လက်တွေ့ပူဇော်ပြီး အဖြေရှာကြည့်သင့်သည်။ ကျွန်ုပ် စာရေးသူသည်



www.burmeseclassic.com

www.burmeseclassic.com


စာပေဆောင်းပါးများ ရေးသားခြင်း အောင်မြင်သလို၊ စာအုပ်လည်း (၁၈)အုပ် အောင်မြင်စွာ ရေးသားပြုစုနိုင်ခဲ့ပါသည်။ သူရဿတီမယ်တော်ကို အုန်းသီးတစ်လုံး၊ ငှက်ပျော်သုံးဖီးပွဲလှူ၍ အဓိဋ္ဌာန် ပြုနိုင်သည်။



ထိုကန်တော့ပွဲတွင် ပန်း၊ နံ့သာဖြူ၊ အမွှေးနံ့သာ၊ လက်ဖက်၊ ကွမ်းယာ၊ ပုဝါ၊ ရေမွှေးပုလင်း စသည်တို့ ထည့်ကာ ပင့်ဆောင် ပူဇော်ရပါသည်။

လောကီအစီအရင်ပြုလုပ်ခြင်း သူရဿတီအရုပ်၊ ပုံတော်၊ စမ၊ အင်းပြုလုပ်ခြင်း၊ လောကီဆိုင်ရာ အဆောင်ရုပ်၊ အင်းစမ ပြုလုပ်၊ ပွဲလှူခြင်းတို့တွင် အောက်ပါမန္တန်ရွတ်ဆို၍ ဆောင်ရွက်ပါ။

"ဦး်မ် . . သူရဿတီ
စန္ဒီမယ်လျှ နတ်မိန်းမ
ငါ၏ခံတွင်း မြဲစောင့်လျှဦးသည်
သံညွှင်းသံမျှ တစ်ခွန်းဟက
ပီယသဟာ မေတ္တာ ကျွမ်းဝင်
ချစ်ခင်နလုံး ကြိုးသို့ထုံး၍
နလုံး ငါ့သို့ကပ်စေသော်။
ဖော် . . ဖော် ဘုဒ္ဓါဟိ ဘုဒ္ဓါဟိ။
အာဂစ္ဆန္တု၊ အာဂစ္ဆန္တု
ဇေယျတု ဇေယျတု သွာဟာ"

ဤမန္တန်ကို ခုနစ်ခေါက်ရွတ်၍ ပင့်ခေါ်ကော့မွေးပြီး လိုရာ


www.burmeseclassic.com

www.burmeseclassic.com


ဆောင်ရွက်ပါ။

သူရဿတီမယ်တော်အား ငှက်ပျောသီးလှူရာတွင် မည်သည့် ငှက်ပျောသီးမဆို လှူနိုင်ပါသည်။ ငှက်ပျောသီးမှည့်၍ ပွဲစွန့်သော အခါ ငှက်ပျောသီးမှည့်တစ်လုံး အုန်းသီးကိုခွဲပြီး အုန်းသီးစိပ်။

အုန်းရည်၊ လက်ဖက်၊ ကွမ်းယာ၊ ပန်း၊ အမွှေးနံ့သာရည် စသည်တို့ကို မျှတအောင်ထည့် သူရဿတီဂါထာတစ်ပုဒ် ရွတ်ဆို ကြိတ်ပြီး ပီယ၊ လာဘဆေးတော်အဖြစ် (သူရဿတီမယ်တော်ဆေး) အဖြစ် ဆောင်ထားနိုင်ပါသည်။

### * သူရဿတီ ဆုတောင်းမန္တန် *

"ဦးမ် . . သူရဿတီ
ဒေဝီသညာ မိမာတာ
ဖြူပြာသန့်သန့် ရွှေကြာနံ့သို့
မိမြတ်အမျိုး ကျမ်းဂန်စိုးသည်
စုံမျိုးပညာ စည်းစိမ်ဥစ္စာ
စောင်မပါလော့၊ သိပ္ပံနေ
မာတာဒေဝီ နတ်မအေ . .
ဦးမ် . . သူရဿတီ စန္ဒီမည်သီး
နတ်သမီး . . သားကြီး ကျွန်ပ်
ခေါ်သည်တကား (အမျိုးသမီးဆို သမီးကြီး)၊
ဦးမ် . . မယ်ဖွားမိခင် ကျွန်ပ်ထိပ်တွင်
ကျွန်ပ်ခေါ်တွေ မအေမွေးသူ
မိမျက်ဖြူနွဲ့ လာပါခဲ့ . .
ဟိုပုဗ္ဗ ရှေးဘဝက
မာတာ ဘူတ ပုဗ္ဗာမယ်တော်
ဖြစ်ခဲ့ဖူးသော သူရဿတီနတ်သမီး
ကျွန်ပ်အား ကပ်လျက်မသွေ

www.burmeseclassic.com


တည်နေမြဲ ရှုအောင်ဆုကို ပေးစေသော် . ."

ဇင်းမန္တန်ကို နံနက်အိပ်ရာထ (၉)ခေါက်၊ ညဦး အိပ်ရာဝင် (၉)ခေါက်ရွတ်။ အကြံ အစည် အားလုံး အောင်မြင်ကာ (၇)ရက် သားသမီးတို့၏ ချစ်မြတ်နိုးပေ လိမ့်မည်။



အမှုအခင်းပြိုင်ဆိုင်လျှင် ရှုံးမင်း၏ မျက်နှာကို လည်းကောင်း၊ တစ်ဖက်ကသက်သေ၊ တရားခံ၊ တရားလို၏မျက်နှာကို လည်းကောင်း စေ့စေ့ကြည့်ပြီး အချိန်ရသမျှ ရွတ်။ ကိုယ့်ဘက်မှ အောင်မြင်မည်။

သူရဿတီမှော်လည်း အစွမ်းထက်ပါသည်။ မှော်တွင် လက်ဖက်မှော်၊ သူရဿတီမှော်၊ မြွေမှော်၊ ရုက္ခစိုးမှော် စသည်ဖြင့် မှော်အမျိုးမျိုး ရှိသည်။

မှော်အကြောင်း တစ်ပုဒ် သီးသန့် ရေးပါဦးမည်။ သူရဿတီစမပုံကို မှိုင်းခံစက္ကူတွင်ရေးဆွဲပြီး မန္တန်ရွတ်ဆို ပြာချ၊ နံ့သာငါးပါးနှင့် စိမ်သောက်သောနည်းလည်း ရှိသည်။

ယခုအခါ တန်ခိုးကြီးဘုရားစေတီအနီးရှိ ဝိဇ္ဇာဓာတ်နန်းများတွင်လည်း သူရဿတီမယ်တော်ပုံ ထုလုပ်ပူဇော် ကိုးကွယ်လာကြသည်။

ရန်ကုန်မြို့ပတ်ဝန်းကျင်တွင် ဗိုလ်တထောင်ဘုရား၊ ရွှေဘုန်းပွင့်ဘုရား၊ ကြေးသွန်းဘုရားကြီး၊ မယ်လမုဘုရား၊ ငါးထပ်ကြီး၊ ချောက်ထပ်ကြီးစသည့် ဘုရားများတွင် တွေ့မြင်ရသည်။

သူရဿတီမယ်တော် အစီအရင်နှင့် ဂါထာမန္တန်များစွာ


www.burmeseclassic.com

www.burmeseclassic.com


ရှိပါသည်။ ရုပ်ထုပုံသဏ္ဍာန်လည်း အမျိုးမျိုးထုကြသည်။ အဓိက မှာ လောကီရေးရာအတွက်သာ ဆောင်ရွက်ခြင်းဖြစ်ပါသည်။

အမြတ်ဆုံးရတနာသုံးပါးကို ဦးထိပ်ထား ပူဇော်ရပါမည်။ မိမိတို့ပြုလုပ်သော ကုသိုလ်ကောင်းမှုကို အမျှအတန်းပေးဝေ မေတ္တာပို့ပေးခြင်းဖြင့် ကူညီစောင့်ရှောက်ပါသည်။

မိမိတို့ကောင်းကျိုးလိုရာ ဆန္ဒပြည့်ရန် စီရင်ဆောင်ရွက်သင့်ပါသည်။ သူတစ်ပါးကို ထိခိုက်စေသော သူတစ်ပါး မယား၊ သားမျိုး သမီးမျိုးကို ဖျက်ဆီးစေလို၊ အပျော်အပါးကိစ္စ အသုံးမပြုသင့်ပါ။

ဗုဒ္ဓဘာသာဝင်တစ်ဦးအနေဖြင့် မိမိ၏မိခင်ကဲ့သို့ သဘောထား၊ ရိုသေစွာ ပူဇော်ပသခြင်းဖြင့် သရဏဂုံ မပျက်စေပါ။

မည်သည့် အစီအရင်လုပ်လုပ် ကိုယ်စိတ် သန့်ရှင်းစေရပါမည်။ သူရဿတီမယ်တော်ရုပ်တုကိုလည်း သန့်ရှင်းအောင်ထား၊ အမွှေးနံ့သာ၊ ဆီမီးပန်းပူဇော်။


မိမိကိုယ်တိုင်လည်း ခန္ဓာကိုယ်သန့်ရှင်း အကောင်းဆုံး ရေမွှေး၊ နံ့သာဆီစစ်တို့ကို အသုံးပြု၍ သူရဿတီဂါထာမန္တန် ရွတ်ဆိုဆောင်ရွက်ခြင်းဖြင့် စုတ်၊ လာဘ်ပွင့်လန်းစေမည်မှာ အမှန်ဖြစ်ပါသည်။

မှော်၊ အင်း၊ စမ အစီအရင်များ ရှာဖွေစုဆောင်းပြီး အလျဉ်းသင့်သလို ရေးသားဖော်ပြပေးပါမည်။

ဒေါင်းကောင်းမြ(သာကေတ)


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# ကံကောင်းစေတဲ့ဝါးပင်ပျို Lucky Bamboo




ဝါးပင်ပျိုလာဘ်ကောင်းလေးများ (Lucky Bamboo) ဟာ တရုတ်လူမျိုးတို့ရဲ့ ဖုန်းရွှေတွက်ကိန်းမှာ အရေးပါတဲ့ အခန်းကဏ္ဍမှ ပါဝင်ပါတယ်။ ဒီဝါးပင်ပျိုတွေဟာ ရှင်သန်ခြင်းရဲ့အဓိပ္ပါယ်ဖြစ်ပြီး ဖုန်းရွှေရဲ့အဓိကအချက်တွေဖြစ်တဲ့ (ရေ၊ သစ်သား၊ မြေကြီး) စတဲ့ ဓာတ်သဘာဝ(၃)မျိုးပါဝင်နေပါတယ်။

မြေမှာပေါက်တာမို့ မြေဓာတ်၊ ရေလိုတာမို့ ရေဓာတ်နဲ့ သစ်ပင်ဖြစ်တာမို့ သစ်သားဓာတ် (Water, Wood, Earth) ဓာတ်သဘာဝတွေ ပါဝင်နေတာဖြစ်ပါတယ်။ ဒီဝါးပင်ပျိုများကို မှန်ကန်တဲ့ ထည့်စရာ အိုးခွက်တွေမှာ ထည့်သွင်းစိုက်ပျိုးထားမယ်ဆိုရင် မီးဓာတ်နဲ့ သတ္တုဓာတ် (Fire and Metal) တို့ ပါဝင်လာပြီး ဖုန်းရွှေရဲ့ ဓာတ်သဘာဝတွေ ပြီးပြည့်စုံလာမယ်လို့ သတ်မှတ်ပါတယ်။

ဒါကြောင့် ဖုန်းရွှေနဲ့ကုစားမယ်ဆိုရင် Lucky Bamboo ခေါ် ဝါးပင်ပျိုလာဘ်ကောင်းလေးများဟာ အလွန် လူသိများ ထင်ရှား နေခြင်းပဲ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ချက်ကတော့ ဒီဝါးပင်ပျိုများဟာ ဘယ်လို အလင်းရောင်မှာမဆို ရှင်သန်နိုင်ကြပါတယ်။ နေအလင်းရောင်မှာ သာမက အိမ်ထဲ၊ တိုက်ထဲမှာရှိတဲ့ မီးအလင်းရောင်အောက်တွေမှာ အစာချက်နိုင်ပြီး ရှင်သန်နိုင်တဲ့အပင်တွေ ဖြစ်ပါတယ်။

ဖုန်းရွှေနည်းနိသာယတွေမှာ ဝါးပင်ဟာ ချီစွမ်းအင်ခေါ် (Chi Energy) ကို ဖမ်းနိုင်ပါတယ်။ ဝါးပင်ပျိုဟာ သန်စွမ်းတောင့်တင်းတာကြောင့် မိမိအိမ်ရဲ့စွမ်းအင်ကို တက်စေနိုင်တဲ့ အစွမ်းသတ္တိရှိတယ်လို့ ယုံကြည်ကြပါတယ်။

**ဝါးပင်ပျိုအရေအတွက်နှင့် အဓိပ္ပါယ်ဖွင့်ဆိုချက်**

လှပသေသပ်စွာ စုစည်း ဖွဲ့စည်းထားတဲ့ ဝါးပင်ပျိုတွေရဲ့ အရေအတွက်နံပါတ်ဟာ လာဘ်လာဘနှင့် အများဆုံး ဆက်စပ်နေပါတယ်။ သင့်ရဲ့အိမ်နဲ့ သင့်ဘဝမှာ စွမ်းအားတက်ဖို့ရန် အစွမ်းသတ္တိကို ဝါးပင်အရေအတွက်က အဆုံးအဖြတ်ပေးပါတယ်။


စိုက်ပျိုးထားတဲ့ အိုးထဲမှာ ဝါးပင်ပျိုအရေအတွက် များလေလေ၊ စီးပွားနဲ့ လာဘ်လာဘအတွက် ကြီးမားလေလေဖြစ်တယ်လို့ ဆိုပါတယ်။

**ဝါးနွယ်ခွေ လာဘ်ကောင်အပင်**

ဝါးပင်ပျိုတွေထဲကမှ လိမ်ကောက်နေတဲ့ ဝါးပင်ပျိုတွေက ပိုပြီး အစွမ်းထက်ပါတယ်။ ဖြောင့်ဖြောင့်တန်းတန်းထက် ပုံသဏ္ဍာန် အမျိုးမျိုးနဲ့ ကောက်ကွေ့နေတာမျိုးက ပိုပြီး အစွမ်းရှိပါတယ်။ ဒီလို ပုံစံမျိုးရဖို့အတွက် အစိမ်းရောင်ဖန်လုံအိမ် Green House ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



မိမိနှစ်သက်တဲ့ ပုံပန်းသဏ္ဌာန်မျိုးရအောင် စိုက်ပျိုးရယူနိုင်ပါတယ်။

ချမ်းသာကြွယ်ဝခြင်းတွေနဲ့ ပြည့်ဝနေတဲ့ ဘဝတစ်ခုကို (Lucky Log Bamboo) ခေါ် ဝါးနွယ်ခွေ လာဘ်ကောင်ပင်လေးတွေက ကိုယ်စားပြုပါတယ်။ ဒီလို ဝါးနွယ်ခွေ အကောက်လေးတွေကို လုပ်ငန်းကြီး လုပ်သူတွေကို လက်ဆောင်ပေးဖို့ အကောင်းဆုံး ပစ္စည်းဖြစ်ပါတယ်။


ဒီလက်ဆောင်ပေးလိုက်ရင် သူတို့လုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာဖို့ ကတိကဝတ်ပြုလိုက်သလိုပါပဲ။ သန်စွမ်းကျန်းမာတဲ့ ဝါးပင်ပျိုရဲ့ ရွက်စိမ်းတွေကြားထဲမှာ တချို့က မွှေးကြိုင်တဲ့ ပန်းအဖြူလေးတွေ ထည့်ပေးတတ်ပါတယ်။ ဒါကလည်း လာဘ်ကောင်းခြင်းတစ်မျိုး ဖြစ်ပါတယ်။

## ဝါးပင်ပျို (၂)ပင်ရဲ့ အဓိပ္ပါယ်

ချစ်သူတွေအတွက်ကတော့ တစ်ယောက်ကို တစ်ယောက် အချစ်သင်္ကေတအဖြစ် ဝါးပင်ပျိုနှစ်ပင်ကို စည်းနှောင်ထားတဲ့ လက်ဆောင်ပေးနိုင်ပါတယ်။ ဒါ့အပြင် နှစ်ပင်တွဲဟာ ကိုယ့်ရဲ့ ကံကောင်းခြင်းတွေကို နှစ်ဆတိုးစေတဲ့ သင်္ကေတအဖြစ်လည်း သတ်မှတ်ကြပါတယ်။ တစ်ဆစ်မှ နှစ်ဆစ် (Curve) တစ်ခုဖြစ်ဖို့အတွက် အချိန် (၁၈)လ၊ တစ်နှစ်ခွဲအချိန်ယူရတယ်လို့ ဆိုပါတယ်။


www.burmeseclassic.com

www.burmeseclassic.com

## ဝါးပင်ပျို့ (၃)ပင်ရဲ့ အဓိပ္ပါယ်

မိမိအိမ်ထဲမှာထားဖို့ဆိုရင်တော့ ဝါးပင်ပျို့သုံးပင်တွဲဟာ ပေါ်ပြူလာအဖြစ်ဆုံးလို့ ဆိုပါတယ်။ ဘာလို့လဲဆိုတော့ ကံကောင်းခြင်း(၃)မျိုးကို ဖြစ်စေတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။

Fu လို့ခေါ်တဲ့ Happiness ပျော်ရွှင်ခြင်း၊ Soh လို့ခေါ်တဲ့ Long Life အသက်ရှည်ခြင်း၊ Lu လို့ခေါ်တဲ့ Wealth ချမ်းသာခြင်း၊ ရာထူးတိုးခြင်းတွေ ပေးစွမ်းလို့ ဒီအပင်သုံးပင်ဟာ အိမ်မှာ ထားချင်သူတွေအတွက် အကောင်းဆုံးဖြစ်ပါတယ်။

## ဝါးပင်ပျို့ (၄)ပင်ရဲ့ အဓိပ္ပါယ်

တရုတ်ဘာသာမှာ စာလုံး(၄)လုံးဟာ သေမင်းတမန် Death အဓိပ္ပါယ်နဲ့ဆင်တူပြီး လေးခုမြောက်နံပါတ်ဟာ မကောင်းတဲ့ စွမ်းအား (Negative Energy) သဘောကို ဆောင်ပါတယ်။ တရုတ်ရဲ့ရိုးရာယဉ်ကျေးမှုမှာ ဝါးပင်လေးပင်ကို မည်သည့်အခါမှ မတွေ့ရပါဘူး။


ဘယ်တော့မှလည်း ဝါးလေးပင်ကို လက်ဆောင် မပေးသင့်ပါဘူး။ ဒီလိုပြုမူမယ်ဆိုရင် အလွန် ရိုင်းစိုင်းရာရောက်ပြီး လက်ခံ ရရှိသူကို သင်ဟာ သေမိန့်ပေးသကဲ့သို့ ဖြစ်တတ်တယ်လို့ အယူရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com





**ဝါးပင်ပျို (၅)ပင်ရဲ့ အဓိပ္ပါယ်**

ဝါးပင် ငါးပင်ထားရှိခြင်းဟာ သင့်ရဲ့ရှင်သန်ခြင်း (၅)မျိုးအတွက် ချမ်းသာခြင်းတွေပေးမယ်လို့ အယူရှိပါတယ်။ ကိုယ့်ဘဝရှင်သန်ဖို့အတွက် လိုအပ်တဲ့ ကျန်းမာတဲ့ အလုပ်အကိုင်၊ ကျန်းမာရေးနဲ့ ပြည့်စုံတဲ့ ဆက်ဆံရေး အစရှိသဖြင့် သန်မာတဲ့ဘဝမှ တောင့်တတဲ့ အချက်တွေအတွက် ဝါးပင်ပျို ငါးခုက ဖြည့်ဆည်းပေးပါလိမ့်မယ်။

Emotional ခံစားမှု၊ Intuitive ထိုးထွင်းသိမှု၊ Mental စိတ်အခြေအနေ၊ Physical ကိုယ်ခန္ဓာကြံ့ခိုင်မှု၊ Spiritual စိတ်ဝိညာဉ်ကြံ့ခိုင်မှု စတဲ့ စိတ်ပိုင်းဆိုင်ရာတွေ ချမ်းသာပြည့်ဝဖို့ ဝါးပင်ငါးပင်က စွမ်းအားတွေပေးတယ်လို့ ယူဆကြပါတယ်။

**ဝါးပင်ပျို (၆)ပင်ရဲ့ အဓိပ္ပါယ်**

ခြောက်ပင်ဆိုတာဟာ တရုတ်ဘာသာမှာ ကံကောင်းခြင်း (Good Luck) လို့ မှတ်ယူပါတယ်။ ကံကောင်းခြင်းကြောင့်ချမ်းသာခြင်းကို ရယူနိုင်တယ်လို့ မှတ်ကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com





**ဝါးပင်ပျို့ (၇)ပင်ရဲ့ အဓိပ္ပါယ်**

ကောင်းမွန်တဲ့ ကျန်းမာရေးကို အလိုရှိတယ်ဆိုရင် ဝါးပင်ပျို့(၇)ပင်ကို ဆောင်နိုင်ပါတယ်။

**ဝါးပင်ပျို့ (၈)ပင်ရဲ့ အဓိပ္ပါယ်**

သားသမီးရယ်လို့ သူတွေ၊ မျိုးပွားခြင်းကို အားပေးစေချင်တယ်ဆိုရင်တော့ ဝါးပင်ပျို့(၈)ပင် လိုအပ်ပါတယ်။ ကြီးထွားခြင်း၊ ရှင်သန်ခြင်း အဓိပ္ပါယ်ကို ဆောင်ပါတယ်။

**ဝါးပင်ပျို့ (၉)ပင်ရဲ့ အဓိပ္ပါယ်**

ဝါးပင်ပျို့ကိုးပင်ဟာ ကံကောင်းခြင်းကို ဖော်ညွှန်းပြီး ကိုယ်တိုင်ဆောင်ထားတာဖြစ်ဖြစ်၊ သူများကို လက်ဆောင်ပေးတာ ဖြစ်ဖြစ်၊ ကံကောင်းစေတယ်လို့ ယူဆပါတယ်။

**ဝါးပင်ပျို့ (၁၀)ပင်ရဲ့ အဓိပ္ပါယ်**

ကိုယ့်ဘဝကို ပြီးပြည့်စုံ သွားစေချင်တယ်ဆိုရင်တော့ (၁၀) ဂဏန်းပါပဲ။ (၁၀)ပြည့်သွားရင် (၁)ကပဲ ပြန်စရတာမို့ (၁၀)ဆိုတာဟာ (0 - 10) ဆိုပြီး လူတစ်ယောက်ရဲ့ဘဝမှာ အဆုံးစွန်သော ပြည့်စုံခြင်းကို (၁၀)က ပေးပါတယ်။ ဒါကြောင့် (၁၀)ပင်လည်း ထားနိုင်ပါတယ်။

ကိုယ့်ဘဝအတွက် ပြီးပြည့်စုံ Perfect ဖြစ်လာစေဖို့ (၁၀) ပင် ဆောင်ပါ။ သင့်ကို တစ်ယောက်ယောက်က (၁၀)ပင် ပေးခဲ့ရင်လည်း သင့်စိတ်ကူးထဲက အတွေးအကြံဖြစ်ချင်တာတွေ အားလုံး ဖြစ်လာစေချင်တဲ့ဆန္ဒ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



**ဝါးပင်ပျို(၂၁)ပင်ရဲ့ အဓိပ္ပါယ်**

သင့်ကို တစ်စုံတစ်ယောက်က (၂၁)ပင်ပေးလာခဲ့ရင်တော့ သင်နဲ့ သင့်မိသားစုကို ကောင်းစေလိုတဲ့ ဆန္ဒတွေကို ပါဝါကြီးကြီးနဲ့ လွှတ်လိုက်ပြီလို့သာ ထင်မှတ်လိုက်ပါ။ ပြီးပြည့်စုံခြင်းအားလုံးဟာ ဝါးပင်ပျို (၂၁)ပင်ထဲမှာ ပါဝင်ပါတယ်။

**ဘယ်အချိန်မှာ ဝါးပင်ပျို လက်ဆောင်ပေးမလဲ**

အိမ်တက်မင်္ဂလာ၊ မွေးနေ့ပွဲ၊ နှစ်ပတ်လည် အခမ်းအနားများ၊ ဖွင့်ပွဲကြီးများ၊ ဆုရှီးမြှင့် ဂုဏ်ပြုပွဲများ၊ အောင်မြင်မှုအသိအမှတ်ပြုပွဲများနှင့် အခြားသော ဘဝရဲ့အမှတ်တရ နေ့ထူးတွေမှာ လက်ဆောင်ပေးနိုင်ပါတယ်။

ကိုယ့်ဆီကို လက်ခံရရှိလာမယ်ဆိုရင်လည်း ကံကောင်းခြင်းလာပြီလို့ မှတ်ယူပါ။ ဖဲကြိုးနီနဲ့ စနစ်တကျ စည်းနှောင်ထားတာမျိုးဖြစ်စေ၊ အကျအန ဒီဇိုင်းဖော်ထားတဲ့ ထုတ်ပိုးပုံနဲ့ဖြစ်စေ၊ လက်ဆောင်ပေးနိုင်ပါတယ်။

**တရုတ်လူမျိုးတို့ရဲ့ ဝါးပင်ပျိုအပေါ် ဖွင့်ဆိုချက်**

| | | |
|---|---|---|
| ဖူ | Fu | - ကံကောင်းခြင်းနှင့် ပစ္စည်းဥစ္စာ |
| ဂွေ | Gwey | - ပါဝါနှင့် ဂုဏ်သိက္ခာ |
| ရှူး | Zhu | - ဝါး |


တရုတ်ဝါးပင်ပျိုလေးတွေကို တရုတ်အခေါ်အဝေါ်မှာ Fu Gwey Zhu လို့ခေါ်ဆိုပြီး Lucky Bamboo ဆိုတာကတော့ နိုင်ငံတကာက ဒီဝါးပင်လေးများကို အသိအမှတ်ပြုခေါ်ဆိုတဲ့ အမည်နာမဖြစ်ကြောင်း ဖော်ပြလိုက်ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



# အမျိုးသမီးများအတွက် ဖန်ဒီသိုင်းကွက်များ(၂)



လောကတွင် အချစ်ရဆုံးဆိုသော ချစ်သူရည်းစားများပင် တစ်ခါတရံတွင် အခန့်မသင့်လျှင် မိမိအသက်ကိုပင် ရန်ရှာတတ်ကြကြောင်းကို လူတိုင်း Facebook၊ သတင်းစာနှင့် ဂျာနယ်များတွင် တွေ့ရှိကြရပေလိမ့်မည်။

ဖြစ်ပျက် လောကကြီးတွင် အချစ်သည် မမြဲသလို၊ အမုန်းသည်လည်း မမြဲပါ။ လောကတွင် တည်မြဲသည်မှာ ဖြူစင်သော မေတ္တာတရားသာ ရှိပါသည်။

ထို့ပြင် မိမိတို့သည် အပြင်သို့ မဖြစ်မနေ သွားလာရသည့် အခါများတွင် ရန်သူမျိုး(၅)ပါးထဲမှ (၁)ပါးဖြစ်သော မချစ်မနှစ်သက်သောသူ (သို့) လူဆိုးလူမိုက်များနှင့် မကြုံတွေ့ရအောင်လည်း ဘာသာရေးများများ လိုက်စားထားရန် လိုအပ်ပေသည်။ (ဥပမာ- အပြင်သို့သွားခါနီးတွင် ဓာရဏပရိတ်ရွတ်ဖတ်ခြင်းမျိုး ဖြစ်သည်)


သို့သော် မလွှဲမရှောင်သာ၍ ကျဉ်းထဲကျပ်ထဲတွင် ရန်သူနှင့် ရင်ဆိုင်နေရပြီဆိုပါက ယခုဖော်ပြမည့် လွယ်ကူသောကိုယ်လုံ

www.burmeseclassic.com



ပညာရပ်များကို အသုံးပြုရပါမည်။

ထို့ကြောင့် ပြီးခဲ့သည့်လ၌ ဗန်ဒိုသိုင်းကွက်များ အမှတ်(၁) ကို တခဲနက်အားပေးကြပြီး အမှတ်(၂) မထွက်သေးဘူးလားဟု မေးနေကြသော စာဖတ်ပရိတ်သတ်များအတွက် ယခုလတွင် အမှတ်(၂)ကို စေတနာရှေ့ထား၍ ရေးသားဖော်ပြလိုက်ရပါသည်။



## ၁) ဦးခေါင်းပေါ်မှမိုး၍ ရိုက်လာခြင်းကို ကာကွယ်နည်း

ရန်သူမှ ထိုသို့အပေါ်မှစီး၍ ရိုက်ခါတိုက်ခိုက်လာပါက မိမိလက်ကို ထောင့်မှန်စတုဂံပုံ ကန့်လန့်ဖြတ်ထားကာ လက်ဖျံဖြင့်တား၍ ခုခံကာကွယ်ရပါမည်။

ထိုသို့မကာကွယ်ဘဲ မိမိ၏လက်အစုံကို ကြက်ခြေခတ်ပုံစံပြုလုပ်၍ အပေါ်သို့ပင့်တင်၍ ကာကွယ်သော ဒုတိယနည်းကို အသုံးပြုချင်ရင်လည်း ရပါသည်။

## ၂) မျက်နှာကို လက်သီးဖြင့် ထိုးလာခြင်းကို ကာကွယ်နည်း

ရန်သူမှ ထိုသို့ မိမိမျက်နှာကိုလက်သီးဖြင့် ထိုးလာပါက မိမိလက်ကို ထောင့်မှန်စတုဂံပုံ ဒေါင်လိုက်ထားကာ လက်ဖျံဖြင့်ကာ၍ ခုခံကာကွယ်ရပါမည်။

မျက်နှာကို လက်သီးဖြင့်ထိုးလာခြင်းကို ကာကွယ်နည်း နောက်တစ်နည်းမှာ ရန်သူမှ မိမိမျက်နှာကို လက်သီးဖြင့် ထိုးလာပါ



www.burmeseclassic.com

www.burmeseclassic.com





ကာ နောက်ထပ်တစ်နည်းဖြင့် ကာကွယ်၍ ရပါသေးသည်။

ထိုနည်းမှာ ပထမနည်းလို မိမိ၏လက်ကို အတွင်းမှ ရစ်ယူ၍ ထောင့်မှန်စတုဂံပုံ(ဒေါင်လိုက်)ထား၍ မကာကွယ်ဘဲ မိမိ၏ လက်ကို အပြင်မှယူ၍ ထောင့်မှန်စတုဂံပုံ(ဒေါင်လိုက်)ထားကာ လက်ဖျံဖြင့် အတွင်းသို့ရိုက်ထုတ်၍ ကာကွယ်ရပါမည်။



၃) ဝမ်းဗိုက်ကို လက်သီးဖြင့် ထိုးလာခြင်းကို ကာကွယ်နည်း

ရန်သူမှ ထိုသို့ မိမိဝမ်းဗိုက်ကို လက်သီးဖြင့် ထိုးလာပါက မိမိလက်ကို ထောင့်မှန်စတုဂံပုံ ကန့်လန့်ဖြတ်ထားကာ လက်ဖျံကို အပေါ်မှအောက်သို့ ခုတ်ဖိချသောနည်းဖြင့် ကာကွယ်ရပါမည်။

ထိုသို့မကာကွယ်ဘဲ မိမိ၏လက်အစုံကို ကြက်ခြေခတ်ပုံစံ

www.burmeseclassic.com

www.burmeseclassic.com



ပြုလုပ်၍ အောက်သို့ ညှပ်ဖိချ၍ ကာကွယ်သော ဒုတိယနည်းကို အသုံးပြုချင်ရင်လည်း ရပါသည်။



၄) ခါးကို ခြေထောက်ဖြင့် ဝိုက်ကန်၍ တိုက်ခိုက်လာခြင်းကို ကာကွယ်နည်း

ရန်သူမှ ထိုသို့ မိမိ၏ခါးကို ခြေထောက်ဖြင့် ဝိုက်ကန်၍ တိုက်ခိုက်လာပါက မူလက ရင်ညွှန့်၌ကပ်ထားသော မိမိ၏လက်ဖျံဖြင့် အတွင်းမှအပြင်သို့ ရိုက်ထုတ်သောနည်းဖြင့် ကာကွယ်ရပါမည်။

၅) ဝမ်းဗိုက်ကို ခြေဖနောင့်ဖြင့် ဆောင့်ကန်၍ တိုက်ခိုက်လာခြင်းကို ကာကွယ်နည်း

ရန်သူမှ ထိုသို့ မိမိ၏ဝမ်းဗိုက်ကို ခြေဖနောင့်ဖြင့် ဆောင့်ကန်၍ တိုက်ခိုက်လာပါက လက်ဖြင့် ကာကွယ်ခြင်းမပြုဘဲ လွတ်ကျွတ်ရာ နံဘေးသို့ (ညာ) သို့မဟုတ် (ဘယ်)ဘက်ခြမ်းသို့ ခုန်ရှောင်၍ ကာကွယ်ရပါမည်။ ရန်သူမှ အားလွန်၍ ဟန်ချက်ပျက်နေစဉ်မှာ အကျကိုထောက်၍ ဝင်ရောက်တိုက်ခိုက်ရပါမည်။

ယခုဖော်ပြသောနည်းများတွင် စာရေးသူအနေဖြင့်ကာကွယ်နည်းစနစ်များကိုသာ ဖော်ပြထားပြီး တိုက်ခိုက်နည်းများကိုမဖော်ပြထားရခြင်းမှာ သိုင်းပညာရပ်တိုင်းတွင် ရန်သူကို ပြန်လည်တိုက်ခိုက်ဖို့ထက် သူ တိုက်ခိုက်လာသည်များကို မိမိဘက်မှ ခုခံကာကွယ်



www.burmeseclassic.com

www.burmeseclassic.com





နိုင်ဖို့က ပိုအရေးကြီးသောကြောင့် ဖြစ်ပါသည်။

သတိပြုရန်မှာ ယခုဖော်ပြပြီးနည်းများကို ကာကွယ်ပြီးပါက အဆင်ပြေသလို၊ ရန်သူကို ပြန်လည်တိုက်ခိုက်၍ရပါကြောင်း။

နိဂုံးချုပ်အနေဖြင့် စာရေးသူ မှာကြားချင်သည်မှာ-

လူတိုင်း မြတ်စွာဘုရားရှင်၏ "အောင်ခြင်း(၈)ပါး"ထုံးကို နှလုံးမူပြီး နေ့စဉ် မေတ္တာဘာဝနာ ပွားများနိုင်ပါက လာမည့် ဘေးဆိုးများကို အနည်းနဲ့အများဆိုသလို လွတ်ကင်းနိုင်ပါမည်။

သို့သော် ခြွင်းချက်အနေဖြင့် မိမိမှ မေတ္တာထားသည့်ကြားထဲမှ မိမိကို ထိခိုက်နစ်နာစေမည့် လူစားမျိုးနှင့် ကံအားလျော်စွာ တွေ့ကြုံလာရပါက မလွှဲမရှောင်သာ ပြန်လည်တုံ့ပြန်ရတော့မည်ဖြစ်ပါ၍ ထိုအခါမျိုးတွင် ယခုဖော်ပြခဲ့သော ကာကွယ်နည်းစနစ်များ တစ်ထောင့်တစ်နေရာမှ အသုံးဝင်လာမည်ဖြစ်သောကြောင့် လူတိုင်းသိထားသင့်သည်ဟု ယူဆမိပါသည်။

ဤကဏ္ဍဖြစ်မြောက်ရေးအတွက် အကူအညီပေးသော ဆရာရန်နိုင် (ကွန်ဖူး၊ ဗန်ဒို၊ ထိုက်ကျို) အထူးသင်တန်းကျောင်းအား အထူးကျေးဇူးတင်ရှိပါသည်။

မိုးနိုင်



www.burmeseclassic.com

www.burmeseclassic.com



# ခုနှစ်စဉ်တိုက်

နတ်လူသစ်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





"ဟဲ့ . . ကောင်မ"

"ဗြုန်း ! . ."

ရိုင်းစိုင်းရင့်သီးလှသည့် ခေါ်သံနှင့်အတူ နောက်ဆက်တွဲ ပါးဖြတ်ရိုက်လိုက်သံကြီးကပါ ပေါ်ထွက်လာလေတော့ အိမ်သန့်ရှင်းရေးလုပ်နေကြသည့် အနိုင်းအစေ အိမ်ဖော်များပင် လန့်ဖျပ်ကုန်ကြလေတော့သည်။

မည် သို့ ဖြစ် ကြ ရသနည်း။

ဒေါ်မမကြီးရဲ့ဒေါသတွေက ငယ်ထိပ်တက် ဆောင့်နေလေပြီ။ သူ့မရှေ့မှာ ရှိနေသူက မလေးနွယ်။ ဒေါ်မမကြီးက မလေးနွယ်ကို မီးဝင်းဝင်းတောက်သည့် မျက်လုံးတစ်စုံဖြင့် ကြည့်ရင်း . .။

"နင့်လိုကောင်မကများ ငါ့သမီးတွေ ခိုင်းတာကို ကလန်ကဆန် လုပ်ရဲရတယ်လို့ . . အာပါ ဆွဲဖြဲပစ်လိုက်မယ်။ ငါ့ ဘာမှတ်နေလဲ"

ဆိုပြီး မလေးနွယ်ကို ကြိမ်းဝါးပစ်လိုက်ပြန်သည်။

မလေးနွယ်ခမျာ ဒေါ်မမကြီးရဲ့ ရိုင်းစိုင်းစွာ အပြောအဆို ခံရရုံတင်မက ပါးကိုပါ အရိုက်ခံရသည်ဆိုတော့ . .။ ဒေါ်မမကြီး ဆက်လက်ပြီး -

"ဒီမယ် . . မိလေးနွယ် ညည်းသိထားဖို့က ဒီအိမ်ကြီးမှာ ငါရှိနေသေးသ၍ ညည်းရဲ့ဘဝ ရှေ့လျှောက် မလွယ်ဘူးမှတ်ပါ . . ကောင်မ အမှုန့်ပါကြိတ်ပစ်လိုက်မယ် ဟင်း"



www.burmeseclassic.com

www.burmeseclassic.com


မြင်းထန်လှတဲ့ စကားလုံးတွေကို မလေးနွယ် ရင်ဘတ်ထဲ ပစ်သွင်းပြီး အိမ်ကြီးအပေါ်ထပ်သို့ တက်သွားလေတော့သည်။ မျက်လုံးအိမ်ကကျလာတဲ့ မျက်ရည်စတွေကို သုတ်ပြီး အရိုက်ခံလိုက်ရသည့် ပါးပြင်ကိုပွတ်ကာ မလှုပ်မယှက်နှင့် ကျန်နေခဲ့သူက မလေးနွယ်ပင် ဖြစ်တော့သည်။

ဤသို့ဆိုလျှင် မလေးနွယ် သူမသည် အဲမှားတစ်စုံတရာ ကျူးလွန်မိလိုက်သည့် အိမ်စေများလား။

မဟုတ်ပါ။ မလေးနွယ်သည် အိမ်ဖော်အနိုင်းအစေ တစ်ယောက် မဟုတ်။ ဒီအိမ်ကြီးရဲ့အရှင်သခင် ဦးကိုကိုလတ်ရဲ့သမီး တစ်ယောက်ပင် ဖြစ်ပေတော့၏တကား။

❖

ဆရာဝန်ကြီးရဲ့စကားကိုကြားပြီးနောက် ဒေါ်သူဇာရင်ထဲ ဘယ်လိုမှ ဖြေဆည်လို့ မရနိုင်တော့။ ခင်ပွန်းဖြစ်သူ ဦးကိုကိုလတ် ရင်ခွင်ထဲ ခေါင်းတိုးဝင်ပြီး ရှိုက်ကြီးတငင်နှင့် ငိုပစ်တော့ပြီ။ ဆရာဝန် ကြီးပြောတဲ့စကားက –

"ခင်ဗျားတို့လင်မယားအတွက် ကျွန်တော်အရမ်း ဝမ်းနည်း မိပါတယ် ဦးကိုကိုလတ် . . ခင်ဗျားဇနီးဒေါ်သူဇာက ဒီတစ်သက် ကလေးလုံးဝ မရနိုင်တော့တဲ့ အနေအထားပါ။

ဆိုလိုသည့်သဘောက ဒေါ်သူဇာသည် သားသမီးမရနိုင် တော့သည့် သန္ဓေသား ကိုယ်ဝန်မဆောင်နိုင်ခြင်း (အမြှုံ)ဖြစ်နေ သောကြောင့်ပင်။ ထို့နောက်ပိုင်း ဒေါ်သူဇာတစ်ယောက် အဲဒီစိတ် နဲ့ပဲ အိပ်ရာထဲ ဘုန်းဘုန်းလဲတော့သည်။ အစားလည်း ကောင်း ကောင်း မစားတော့။

ဦးကိုကိုလတ်ခမျာ ဇနီးသည်အတွက် လွန်စွာစိတ်မကောင်း ဖြစ်မိပြီး တစ်ခုခုတော့ စီစဉ်မှဖြစ်တော့မည်ဟုဆိုကာ မိဘမဲ့ကလေး များဂေဟာမှ ကလေးတစ်ယောက်ကို ဒေါ်သူဇာအတွက် ခေါ်ယူ မွေးစားပေးခဲ့တော့သည်။


www.burmeseclassic.com

www.burmeseclassic.com


သူတို့လင်မယား မွေးစားလိုက်သည့်ကလေးမှာ မိန်းကလေးဖြစ်ပြီး သုံးလအရွယ်သာသာလောက်သာရှိကာ လမ်းဘေးတစ်နေရာမှာ အစွန့်ပစ်ခံထားရ၍ မိဘမဲ့ကလေးများဂေဟာသို့ ရောက်ရှိလာသည့် ကလေးပင်ဖြစ်သည်။

ကလေးမှာ ဝဝကစ်ကစ် ချစ်စရာလေးမို့ လင်မယားနှစ်ယောက်လုံးသာမက အိမ်ကြီးမှာရှိကြတဲ့ အိမ်ဖော်အနိုင်းအစေများကပါ ကလေးကို ချစ်ကြတော့သည်။

ဦးကိုကိုလတ်က ကလေးရဲ့နာမည်ကို သူကိုယ်တိုင်ပင် မှည့်ပေးထားသည်။ ကလေးနာမည်က မလေးနွယ်။

မလေးနွယ် ရှစ်နှစ်အရွယ်လောက်မှာ ဒေါ်သူဇာတစ်ယောက် လူကြီးရောဂါဖြင့် ဆုံးပါးသွားခဲ့သည်။ ဦးကိုကိုလတ်ခမျာလည်း အရွယ်ကရှိသေးသည်မို့ အချိန်စောစီးစွာဖြင့် မုဆိုးဖိုဖြစ်ခဲ့ရသည်။

ဤသို့ဖြင့် တစ်နေ့သောအခါဝယ် –

"သမီးလေး မကြာခင် မေမေအသစ်ရတော့မယ်ကွယ့်"

ဟုဆိုကာ မလေးနွယ်ကို ပြောလာသည့်အခါ မလေးနွယ်ရင်ထဲ ဝမ်းနည်းခြင်းများက ဖော်ပြလို့ပင်မရ။ မကြာပါ။ ဦးကိုကိုလတ်တစ်ယောက် သူနှင့်သက်တူရွယ်တူ မိန်းမတစ်ယောက်နှင့် လက်ထပ်လိုက်ကြသည်။ ထိုမိန်းမရဲ့နာမည်က မမကြီး။ သူမကလည်း ဦးကိုကိုလတ်လိုပင် မုဆိုးမတစ်ယောက်။ ဒါပေမယ့် သမီးနှစ်ယောက်ရှိတဲ့ မုဆိုးမပင်ဖြစ်သည်။

ဒေါ်မမကြီးရဲ့သမီးနှစ်ယောက်မှာလည်း ဦးကိုကိုလတ်ရဲ့သမီး မလေးနွယ်နှင့် သက်တူရွယ်တူများဖြစ်ကာ နာမည်တွေကတောင် ဘိုဆန်ဆန်ပင် မှည့်ထားသေးသည်။ ဒေလီယာနှင့် ဆိုဖီယာတဲ့။ သူတို့သားအမိတွေ ရောက်လာပြီးနောက်ပိုင်း မလေးနွယ်ရဲ့ဘဝကံကြမ္မာ တစ်ဆစ်ချိုး ပြောင်းသွားခဲ့သည်ကိုတော့ . .။

❖



www.burmeseclassic.com

www.burmeseclassic.com



"ရှေ့တစ်မျိုး ကွယ်ရာတစ်မျိုး"ဆိုတဲ့စကားက ဒေါ်မမကြီး နှင့် အံဝင်ခွင်ကျလှသည်။ မောက်မာ ရိုင်းစိုင်းလိုက်တာလည်း နစ်ယောက် မရှိ။ စိတ်ထဲ သိပ်မတွေ့လျှင် အိမ်ဖော်အနိုင်းအစေများ တောင် ပါးပိတ်ထရိုက် ပစ်တတ်သည်။ ကြာတော့ ဒေါ်မမကြီးရဲ့ ဒဏ်ကို မခံနိုင်၍ အလုပ်ထွက်သွားသူတောင် ရှိလှသည်။

မလေးနွယ်ကိုလည်း ဦးကိုကိုလတ်သမီးဆိုပြီး မျက်နှာသာ မပေး။ အိမ်အလုပ်တွေကအစ ခိုင်းတတ်လာသည်။ မလေးနွယ် ကတော့ အနေအေးသူမို့ ဒေါ်မမကြီးခိုင်းတာတွေကို မလွှန်ဆန်ဘဲ လုပ်ပေးရှာသည်။

ကြာတော့ ဒေါ်မမကြီးက အဆင့်တက်လာပြီး အိမ်ဖော် အခိုင်းအစေတစ်ယောက်လို ဆက်ဆံလာသည်။ ဒေါ်မမကြီး ဘာ ကြောင့် မလေးနွယ်ကို ဦးချိုးနေရသလဲဆိုလျှင် ဦးကိုကိုလတ် ပိုင် ဆိုင်သည့် အမွေအားလုံးကို မလေးနွယ် မပိုင်ဆိုင်နိုင်ရအောင်ပင် ဖြစ်သည်။

ဒေါ်မမကြီးက ဦးကိုကိုလတ်ရှေ့မှာတော့ မလေးနွယ်ကို ချိုချိုသာသာ ပြောဆိုဆက်ဆံပြီး နောက်ကွယ်ကျလျှင်တော့. .။

"ဟဲ့ကောင်မ . . အလုပ်ကို သေချာလုပ်နော် မဟုတ်လို့က တော့ နင့်ကို ထမင်းမကျွေးဘူး"

ဤကဲ့သို့ ပြုမူ ဆက်ဆံတတ်ပေသည်။ ဒီကြားထဲ ဒေါ်မမ ကြီးရဲ့သမီးနစ်ယောက်က အမေ့ခြေရာအတိုင်း မလေးနွယ်ကို အလုပ်ပေါင်းစုံခိုင်းပြီး ရမယ်ရှာတတ်သည်။ နောက်ဆုံး သူတို့ရဲ့ ကျွန်တစ်ယောက်လိုဖြစ်လာကာ မလေးနွယ်ဘဝက မှေးမှိန်လာ တော့ပြီ။

ဒီအကြောင်းတွေကို အခြားအိမ်ဖော်၊ အစေခံများက ဦး ကိုကိုလတ်နားထဲ ပြန်မပြောရဲ။ ဒေါ်မမကြီးသိလျှင်ပြောတဲ့သူ ကိုသာ အထုတ်ကိုယ်ဆွဲ၊ ညောင်းပေတော့။

ဤသို့ဖြင့် မလေးနွယ် အသက်ဆယ့်ငါးနစ်အောက်မှာ ဦး ကိုကိုလတ်တစ်ယောက် ဦးနှောက်သွေးကြောပြတ်ပြီး ကွယ်လွန်



www.burmeseclassic.com

www.burmeseclassic.com


သွားခဲ့လေပြီ။ ဦးကိုကိုလတ် မရှိတော့ပြီမို့ ..။

"ဒီအိမ်ကြီးမှာ အစ်ကိုကြီး မရှိတော့ပေမယ့် ငါရှိသေးတယ်။ အားလုံး သဘောပေါက်ကြတယ်နော်"ဟု ကြွေးကြော်ထားလေတော့သည်။ ဒေါ်မမကြီးက မလေးနွယ်ကိုလည်း အိမ်မှာ မရှိစေချင်တော့ မလေးနွယ်မရှိလျှင် အမွေတွေအားလုံး သူတို့ပိုင်ပြီ။

မလေးနွယ်ကို ဘယ်လိုကန်ထုတ်ရမလဲ။ ဒေါ်မမကြီး ဆင်ကြံကြံတော့သည်။ နဂိုကတည်းက ဦးချိုးပြီးသားမို့ ..

"မိလေးနွယ် .. မိလေးနွယ် ဒင်းတော့လား"

❖

တစ်နေ့ ..။

ထိုနေ့သည်ကား မလေးနွယ်အတွက် ကံကြမ္မာအလှည့်အပြောင်းဖြစ်လာမည့်နေ့ဟု ဆိုရမလား။

"သူခိုးမ .. ညည်းကများ ရာရာစစ .. ငါ့လက်စွပ်ကို ခိုးရဲတယ်။ တော်တော် အကျင့်မကောင်းတဲ့ဟာမ ကဲဟယ်"

"ဖြန်း! .."

"ရှိက်! .. ရှိက်! .. မာမီ၊ ဒီကောင်မကို သေအောင်သာ ရှိက်"

"အန်တီ့လက်စွပ်ကို ကျွန်မ မခိုးဘူး"

"လိမ်ပြောဦးဟယ်"

"ဖြန်း! .. ဖြန်း! .."

"သူခိုးမ .. ကဲဟာ"

"ဖြန်း"

ဒေါ်မမကြီးတို့ သားအမိသုံးယောက် မလေးနွယ်ကို ဝိုင်းပြီး နှိပ်စက်နေကြခြင်း ဖြစ်သည်။ မည်သူမှ ဝင်မဆွဲရဲ။ ပြဿနာက လက်စွပ်ပျောက်သည့် ပြဿနာ။ ဒေါ်မမကြီးက စိန်လက်စွပ်ကို မှန်တင်ခုံပေါ်တင်ပြီး ရေချိုးနေစဉ် အခန်းထဲဝင်ပြီး သန့်ရှင်းရေး လုပ်ပေးနေသူက မလေးနွယ်။



www.burmeseclassic.com

www.burmeseclassic.com





သန့်ရှင်းရေးလုပ်နေစဉ် လက်စွပ်ကို မလေးနွယ် မြင်ပေမယ့် ကိုင်တောင် မကြည့်ခဲ့။ သူမ ပြန်ထွက်သွားသည့်တိုင်အောင် လက်စွပ်က ခုံပေါ်မှာ ရှိနေဆဲ။ အရိုးရှင်းဆုံးဆိုရလျှင်တော့ သားအမိသုံးယောက်ပေါင်းပြီး မိလေးနွယ်ကို လုပ်ကြံခြင်းဖြစ်သည်။

လက်စွပ်ကို မလေးနွယ် အခန်းထဲမှာ ဆိုဖီယာသွားထားပြီး ပျောက်တော့ ဒေါ်မမကြီးက အခန်းတိုင်းမှာ ရှာသည်။ လူတိုင်းမှာ ရှာသည်။ မတွေ့တော့ မလေးနွယ် အခန်းထဲ ဝင်ရှာကြသည်။ အဲဒီလိုနဲ့ အလစ် အငိုက်ခံလိုက်ရသည့် မလေးနွယ်ခမျာမှာတော့ . .။

"ဒီလောက်တောင် အကျင့်မကောင်းတဲ့ ကောင်မ၊ နင့်ကို ရဲလက်အပ်ရမယ်"

"ဟုတ်တယ် . . မာမီ၊ အို! . . ကြာပါတယ် သမီးအခုပဲ ရဲစခန်းကို ဖုန်းဆက်လိုက်မယ်"

"ကျွန် . . ကျွန်မ တောင်း . . တောင်းပန်ပါတယ်။ ကျွန် . . ကျွန်မ သူခိုး မဟုတ်ပါဘူး။ ဟင့် . . ဟင့်"

မလေးနွယ်ငိုပြီး ဒေါ်မမကြီးကို ခြေသလုံးဖက် တောင်းပန်ရှာသည်။

"ဟဲ့ . . သူခိုးက ခိုးတယ်လို့တော့ ပြောမလား"

"ကြာတယ် . . မာမီရာ၊ ရဲစခန်း ဖုန်းဆက်ရအောင်"

သမီးနှစ်ယောက်ကလည်း ရဲစခန်း ဖုန်းဆက်မယ်ချည်း ပြောနေတော့ မလေးနွယ် တုန်လှုပ်လာသည်။

"မခိုးဘူး။ ကျွန်မ သူခိုးမဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com


ဟုဆိုကာ မလေးနွယ် ထွက်ပြေးလေတော့သည်။

"သူခိုးမ . . မပြေးနဲ့"

"လိုက် . . လိုက် မာမီ"

"ဟဲ့ကောင်မ . . မပြေးနဲ့"

သားအမိသုံးယောက် မလေးနွယ်နောက်ကို ပြေးလိုက်ပေမယ့် လိုက်လို့မမှီတော့။ မလေးနွယ်လည်း ကြောက်အားလန့်အားနှင့် ဖွတ်ကို ပြေးလာခဲ့တော့သည်။

ဤသို့ဖြင့် . .။

❖

"ဘယ်လိုပြောလိုက်တယ် . . ရှေ့နေကြီး။ အမွေတွေကို ဦးကိုကိုလတ်က သူ့သမီး မလေးနွယ်နဲ့ ကျွန်မတို့သားအမိအတွက် တစ်ယောက်တစ်ဝက်စီ ခွဲပေးခဲ့တာ ဟုတ်လား"

"ဟုတ်ပါတယ် . . ဒေါ်မမကြီး၊ အဲဒီလို တစ်ယောက် တစ်ဝက်စီ ခွဲပေးခဲ့ပေမယ့်လည်း မလေးနွယ် လက်မှတ်ထိုးပေးမှ သာလျှင် ဒေါ်မမကြီးတို့က အမွေတစ်ဝက်ကိုရမှာပါ"

ရှေ့နေကြီးပြောတဲ့စကားတွေက ဒေါ်မမကြီးရင်ကို ဖနောင့်နှင့်ပေါက်နေသလို၊ ဦးကိုကိုက သူ မသေခင် အသေအချာ စီစဉ်သွားတာဆိုတော့ ဘာမှလုပ်လို့ မရ။ သေတမ်းစာမှာလည်း ဒီအတိုင်း ရေးခဲ့သည်မို့။

ဒေါ်မမကြီး အခုမှ ရင်နာလေပြီ။ ဒီအတိုင်းဆို ဗျူဟာ ပြောင်းရတော့မည်။ မတတ်နိုင်။ ချက်ချင်း လူလွှတ်ပြီး မလေးနွယ် ကို ရှာခိုင်းရပြီ။ အချိုသပ်ရလျှင် သပ်ရပါစေတော့။ အရေးအကြီး ဆုံးက အမွေတစ်ဝက်ရဖို့ပဲ ဖြစ်သည်။ ဒါပေမယ့် ရက်၊ လ၊ နှစ် များကြာသည့်တိုင်အောင် မလေးနွယ်သတင်းက အစရှာမရ။

ခုနစ်နှစ် ပြည့်ခဲ့လေပြီ။ ဒေါ်မမကြီး သမီးအငယ်လိုဇီယာ ဆောက်လုပ်ရေးအင်ဂျင်နီယာတစ်ယောက်နှင့် အိမ်ထောင်ကျ လျက်ပင်။

www.burmeseclassic.com



## ။

"အသက်မှန်မှန် ရှူချင်ရင် စကားပြော ဆင်ခြင်၊
ဒီနေ့ကစပြီး ငါတို့ ဒီအိမ်မှာ နေမယ်။ နင်တို့ သဘောတူလား"
"ဟုတ်.. ဟုတ်ကဲ့ ရှင့်.. နေလို့ရပါတယ်၊ ကျွန်မတို့ သဘောတူပါတယ်"

---

တစ်နေ့ ဒေါ်မမကြီးနှင့် တွေ့ဆုံရန်ဟုဆိုကာ ညွှန့်သည် ရောက်လာကြောင်း အိမ်ဖော်တစ်ယောက်က လာပြောတော့ -

"ဘယ်သူလဲဟဲ့ .."

ဟုမေးလိုက်ရာ အိမ်ဖော်ကောင်မလေးက -

"နာမည်တော့ မပြောဘူး .. သခင်မကြီး၊ မိန်းကလေး တစ်ယောက်ပါပဲ။ သူနဲ့အတူ အဖွားကြီးတစ်ယောက်ပါ ပါလာ သေးတယ်" ဟုရှင်းပြပြီး အခန်းထဲမှ ပြန်ထွက်သွားတော့သည်။

သမီးနှစ်ယောက်လုံးလည်း အခန်းထဲမှာ ရှိနေသည်မို့ သားအမိသုံးယောက် အောက်ထပ်ဆင်းလာကာ ညွှန့်သည်ကို ထွက် တွေ့လိုက်ကြသည်။

"ဟင် ! .."

"အိုး !.. မိုင်ဂေါ့ဒ်"

သားအမိသုံးယောက်စလုံး အံ့ဩသင့်ပြီး ပါးစပ်များပင် အဟောင်းသား ဖြစ်ကုန်ကြသည်။ သူတို့ရှေ့မှာ ရောက်နေသူက တခြားသူတော့မဟုတ်။ တစ်ချိန်က သူတို့နှိပ်စက်ခဲ့သမျှ ခံခဲ့ရ သည့် မလေးနွယ် ဖြစ်နေသောကြောင့်ပင်တည်း။

မလေးနွယ်ဘေးမှာက အသက်ခြောက်ဆယ်လောက်ရှိ မည့် အဖွားကြီးတစ်ယောက်။ မလေးနွယ်က -

"ကျန်းခန့်သာလို့ မာပါစ"

ဟု စတင်နှုတ်ဆက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com


"နင် . . နင် မလေးနွယ် . . ဟုတ် . . ဟုတ်ပါတယ်နော်"

*ခေါင်းမကြီး အသံတွေတောင် ယိုင်နေပြီ။ ဒေလီယာနှင့်* ဆိုဖီယာဆိုလျှင် မလေးနွယ်ကို ကြောင်ပြီးတော့ကို ကြည့်နေလျက်။

"ကျွန်မ မလေးနွယ်ပါ ရေမရောပါဘူး။ အခု ကျွန်မ ပြန်ရောက်လာတာကလည်း အမေ့ကိစ္စအတွက် ရှင်တို့ ကျွန်မကို အပူတပြင်း လိုက်ရှာနေတယ်ဆိုလို့ . . ကျွန်မသတင်းတွေ အကုန်ကြားပြီးသားပါ။

အော် . . ဒါနဲ့ မိတ်ဆက်ပေးရဦးမယ်။ ဒီအဖွားက ကျွန်မရဲ့ကျေးဇူးရှင်အဖွား . . ကျွန်မ ဒုက္ခရောက်နေစဉ်မှာ အဖွားက ကျွန်မကိုခေါ်ပြီး စောင့်ရှောက်ထားတာ၊ အဖွားကျေးဇူးတွေ ကျွန်မပေါ် အများကြီးရှိတယ်။ အဖွားနာမည်ကတော့ . ."

မလေးနွယ်ပြောခါနီးမှာ အဖွားကြီး မလေးနွယ်ကို ခေါင်းခါပြသည်။ မပြောနှင့်ဟု သဘော။

"အဖွားလို့ပဲ ရှင်တို့ခေါ်ပါ"

သားအမိသုံးယောက် အဖွားကြီးကို သေချာ အကဲခတ်ကြည့်လိုက်ကြသည်။ အဖွားကြီးရဲ့ပုံသဏ္ဌာန်မှာ အသက်ခြောက်ဆယ်လောက်ရှိပေမယ့် အသားအရေက ဝင်းလက်စိုပြေလွန်းလှသည်။

ရှည်လိုက်တဲ့ဆံပင်ကလည်း ခြေတံကောက်ကွေးထိ ရှိပြီး ပျော့ပျောင်း နူးညံ့လွန်းလှသည်။ ထိုင်တာတောင် သက်ကြီးရွယ်အိုတွေလို ခါးမကိုင်း၊ တုန်တုန်ချိချိ မဟုတ်။ အနောက်တိုင်းဆန်ဆန် ခြေထောက်တစ်ချောင်းပေါ် တစ်ချောင်းချိတ်ပြီး ထိုင်နေတာ ဟန်ပါလွန်းလှသည်။

"အဖွား . . သူတို့က သမီးပြောပြောနေတဲ့ . ."

"ဂျုံးဂျုံးကျမတွေဆိုတာလား"

မလေးနွယ် မိတ်ဆက်စကားပင်မဆုံးပင် အဖွားကြီးက မထင်မှတ်တဲ့စကားနှင့် ဖြတ်ပြီးပြောလိုက်သောအခါ -

"ဘာ . . ဘာ ရှင့် . . ဒီမယ်အဖွားကြီး ခုနက ဘာပြောလိုက်


www.burmeseclassic.com

www.burmeseclassic.com


တယ်"ဟု စပြောလာသူက အငယ်မ ဆိုဖီယာ ဖြစ်သည်။

"အော် . . ငါ့သမီးနယ် . . နား ဂီလာန ဖြစ်နေတယ်ထင်ပါ့၊ ဂျုံးဂျုံးကျ တွေလားလို့ မေးလိုက်တာလေ"



အဖွားကြီးကတော့ ရောက် ရောက်ခြင်း ဆောက်နဲ့ထွင်းလေပြီ။ အကြီးမ ဒေလီယာကလည်း-

"အဖွားကြီး အသက်ကြီးမှ ပါးကွဲချင်နေတာလား"

ဟု ပြောလိုက်ရာ အဖွားကြီးက ညီအစ်မနှစ်ယောက်လုံးကို အသေအချာ စိုက်ကြည့်နေပြီးမှ-

"အသက်မှန်မှန်ရှုချင်ရင် စကားပြော ဆင်ခြင်၊ ဒီနေ့က စပြီး ငါတို့ ဒီအိမ်မှာ နေမယ်။ နင်တို့ သဘောတူလား"ဟု မေးလိုက်လေသည်။ ညီအစ်မနှစ်ယောက် ညှို့ချက်မိနေသလို ဖြစ်နေကာ နှစ်ယောက်လုံး ပြိုင်တူညီစွာဖြင့်-

"ဟုတ် . . ဟုတ်ကဲ့ရှင့် . . နေလို့ ရပါတယ်၊ ကျွန်မတို့ သဘောတူပါတယ်"ဟု ပြန်ဖြေလိုက်သံက ဘေးမှာထိုင်နေသည့် ဒေါ်မမကြီးကို အံ့အားသင့်စေသွားသည်။ ဤသို့ဖြင့် . .။

❖

ညသည် လမိုက်ညဖြစ်နေသည့်အတွက် ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ထုကြီးက ဖုံးလွှမ်းနေလျက်။ အချိန်အားဖြင့် သန်းခေါင်ကျော်အချိန်မို့ အိမ်ကြီးတစ်အိမ်လုံးလည်း တိတ်ဆိတ်ငြိမ်သက်နေလေ၏။

ထိုကဲ့သို့သော အချိန်မျိုးမှာမှ သဏ္ဍာန်တစ်ခုသည် တရွေ့ရွေ့နှင့်လျှောက်လာနေပြီး ဒေါ်မမကြီးအခန်းဆီသို့ရောက်သော

www.burmeseclassic.com

www.burmeseclassic.com





အခါ ရပ်တန့်သွားတော့သည်။

တစ်ခုထူးဆန်းသည်မှာ တံခါးပိတ်ထားပါလျက်နှင့် ထိုသတ္တဝါန် ဝင်သွားပုံမှာ ဗိညာဉ်ကဖြတ်ပြီး ဝင်သွားပုံနှင့် တူနေတော့သည်။ အခန်းထဲမှာ ဒေါ်မမကြီးက တခေါခေါနှင့် ဟောက်ကာ အိပ်လို့ ကောင်းနေတုန်း။

ထိုသတ္တဝါန်က ဒေါ်မမကြီးခေါင်းမှ ဆံပင်ကို နှစ်ပင်၊ သုံးပင်ခန့် ဖြတ်ယူလိုက်ပြီး မွေ့ရာအောက်ထဲသို့ ပစ္စည်းတစ်ခုကို ထည့်လိုက်ပြန်သေးသည်။ လုပ်သွားပုံမှာ ပိရိသေသပ်လွန်းလှသည်မို့ ဒေါ်မမကြီးခမျာ သိတောင်သိမည်မထင်။

အရာအားလုံး ပြီးစီးသည်နှင့် ထိုသတ္တဝါန်က စောစောကအတိုင်း တံခါးကို လုံးဝမဖွင့်ဘဲ ဖောက်ထွက်သွားလေတော့သည်။

မနက်မိုးလင်းတော့ ဒေါ်မမကြီး အိပ်ရာမှ လုံးဝမထနိုင်။ ခန္ဓာကိုယ်တစ်ခြမ်း လေဖြတ်ထားသလိုဖြစ်နေကာ ပါးစပ်ပင် ဟ,လို့မရတော့။ တအီးအီးနှင့် အော်နေရှာတော့သည်။ ဒါကို သူ့သမီးနှစ်ယောက်သိတော့ ဆရာဝန် အမြန်ခေါ်ပြီး ပြကြည့်တော့ပြီ။

"လူနာအနေအထားက လေဖြတ်တဲ့အနေအထား မဟုတ်ဘူး။ ကျွန်တော်တောင် နားမလည်နိုင်ဘူး ဖြစ်နေတယ်။ အားလုံးကလည်း Normal ပဲ"

ဆရာဝန် ပြောသည့်စကားကြောင့် ဒေလီယာနှင့်ဆိုဖီယာတို့ ကိုယ့်နားတောင်ကိုယ် မယုံရဲ။ လက်တွေ့မှာက သူမတို့မိခင်ခမျာ လှုပ်တောင် မလှုပ်နိုင်မို့။ လတ်တလော အနေအထားအရ ဆရာဝန် ညွှန်ကြားသည့်အတိုင်းသာ လုပ်ရုံရှိတော့သည်။ မိခင်

www.burmeseclassic.com

www.burmeseclassic.com


အတွက် ပူဆွေးနေရှာသာရှိသေး တစ်ပူပေါ်၊ နှစ်ပူဆင့်ဆိုသလို။

နယ်မှာ ဆောက်လုပ်ရေးလုပ်ငန်းဖြင့် တာဝန်ကျနေသည့် ဆိုဖီယာခင်ပွန်းဖြစ်သူသည် လုပ်ငန်းခွင်ထဲမှာပင် အက်ဆီးဒင့်ဖြစ်ကာ ဘယ်ဘက်ခြေထောက်မှ ဒူးခေါင်းရိုးကျိုးသွားသည့် သတင်းကပါ ထပ်မံရောက်ရှိလာတော့။

ဆိုဖီယာ ချက်ချင်း သူ့ခင်ပွန်းရှိရာ နယ်သို့ လိုက်သွားတော့သည်။ အိမ်မှာ အကြီးမ ဒေလီယာတစ်ယောက်သာ မိခင်ကို စောင့်ရှောက်နေလျက်။ ဒါတွေကို အရေးမစိုက်ဘဲ လုပ်နေသူတွေကတော့ မလေးနွယ်နှင့် အဖွားအိုတို့ပင် ဖြစ်ပေတော့သည်။

ဒေလီယာခမျာလည်း နေ့ရောညပါ မိခင်အနားမှာ နေ.နေရ၍ အစားအသောက်များပင် မမှန်တော့။ ဒါကိုသိတဲ့ မလေးနွယ်က သူကိုယ်တိုင် မီးဖိုချောင်ဝင်ပြီး ဒေလီယာအတွက် အစားအသောက်များကို ချက်ပြုတ်ပေးသည်။

တစ်ချိန်က သူ့မအပေါ် ဘယ်လိုပဲ ပြုမူဆက်ဆံ.ဆက်ဆံခဲ့၊ ယခုလိုအချိန်မျိုးမှာ ဒါတွေကို မေ့ထားရမည်မဟုတ်လော။

"ဒေလီယာ ငါ နင့်အတွက် ထမင်းပွဲပြင်လာခဲ့တယ်။ နင်က အောက်ဆင်းမစားချင်တော့ ငါက ယူလာပေးရတာပါ"

မလေးနွယ်ယူလာသည့် ထမင်းပွဲကို ဒေလီယာ မျက်စောင်းတောင် မထိုး။ မလေးနွယ်ကိုလည်း စကားမပြော။ အဖွားကြီးက ဒေလီယာမျက်နှာကို အသေအချာ စိုက်ကြည့်ပြီး -

"စေတနာနဲ့ ယူလာပေးတဲ့သူ စိတ်မကောင်းအောင် မလုပ်နဲ့၊ စားဆိုရင်စားလိုက်"

ဟု အမိန့်သံပါပါနှင့် ပြောလိုက်သောအခါ ဒေလီယာတစ်ယောက် ခေါင်းညိတ်ပြီး ထမင်းစားလေတော့ပြီ။

ဤသို့ဖြင့် . .။

❖

www.burmeseclassic.com

www.burmeseclassic.com




ယခုရက်ပိုင်း ဒေလီယာ ဗိုက်ပူ့ပူလာသလို။ ကိုယ်ဝန်ဆောင်သည်တွေ ဗိုက်ပူနေသလိုမျိုးကို ပူလာတာမို့ အိမ်ဖော် အစေခံများက ဒေလီယာအား နောက်ကွယ်မှာ –

“ဘယ် အကောင်နဲ့ဖြစ်လို့မှန်းမှ မသိတာ၊ ဗိုက်က ပူလာပြီပေါ့”ဟု စကားမျိုးတွေကို ပြောကြလေတော့ ဒေလီယာ ကိုယ့်ကိုကိုယ် ပြန်စဉ်းစားကြည့်မိသည်။ သူမ ဘယ်ယောက်ျားနဲ့မှ မအိပ်ခဲ့ပါဘူး။ အိပ်ဖို့နေသာသာ ရည်းစားတောင်မရှိမို့။

တစ်ရက်ထက်တစ်ရက် ဗိုက်က ပိုပြီး ပူ့ပူလာသည်။ ကြာလျှင် ခက်ရချည်ရဲ့။ ဒေလီယာတစ်ယောက် ဆေးစစ်ကြည့်သည်။ အဖြေက “တစ်လိုင်း”ပဲ ပေါ်နေသည်။ သေချာအောင် အမျိုးသမီးသားဖွားမီးယပ်ဆရာမနှင့် ပြကြည့်ပြန်တော့လည်း –

“ဘာကလေးမှ မရှိပါဘူး။ ကိုယ်ဝန်လည်း မဟုတ်ပါဘူး။ ညီမ စိတ်ထင်လို့ပါ။ ဆရာမကတော့ ညီမ ဝလာတယ်လို့ပဲ ထင်တယ်”

အဲဒီအဖြေကို ဒေလီယာ ဘဝင်မကျ။ တခြားဆေးရုံမှာ ဆေးခန်းတွေမှာ ပြကြည့်တော့လည်း ထိုနည်း လည်းကောင်း၊ ကိုယ်ဝန်မဟုတ်။ ဗိုက်ကြီးတာ မဟုတ်။ ကိုယ့်ကိုကိုယ် ရှက်လွန်းမို့ မိခင်အခန်းထဲမှာသာနေပြီး အပြင်ကိုမထွက်တော့။

သူမမိခင် ဒေါ်မမကြီးခမျာလည်း လှုပ်လည်းမလှုပ်နိုင်။ စကားလည်း မပြောနိုင်မို့ သမီးဖြစ်သူကိုကြည့်ပြီး မျက်ရည်များ ကျ


www.burmeseclassic.com

www.burmeseclassic.com


ရုံသာလွှဲ၍ ဘာမှမတတ်နိုင်။

ဒေလီယာဗိုက်ကလည်း ပူသထက်ကို ပိုပြီးပူလာကာ နောက်ဆုံး ဗိုက်ကြီး ပွင့်ထွက်၊ ကွဲထွက်သွားမလိုတောင် ဖြစ်လာတော့သည်။ ယခုအချိန်ထိလည်း ဆိုဖီယာထံမှ ဘာသတင်းမှ မကြားသေး။ ပြန်လာဖို့ဆိုတာ ဝေးစွ။

❖

ဤသို့ဖြင့် . .

တစ်နေ့သောအခါဝယ် မလေးနွယ်အခန်းထဲမှာ စာတစ်စောင်တွေ့ရှိ၍ အိမ်ဖော်တစ်ယောက်က ဒေလီယာထံ လာပေးတော့ ဒေလီယာ ဖတ်ကြည့်မိလိုက်သည်။

"သိပ္ပံပညာရှင် နယူတန်ရဲ့
တတိယနိယာမထဲမှာ
သက်ရောက်မှုတိုင်းတွင်
တန်ပြန် သက်ရောက်မှုရှိသည်တဲ့။
ငါ့ဘဝရဲ့ တစ်ချိန်က နာကြည်းချက်တွေကို
ငါ အကောင်အထည် ဖော်ခွင့်ရလို့
ငါကျေနပ်တယ်။ နင်တို့ လိုချင်တဲ့
အမွေတွေအတွက်ကိုပါ
ငါ လက်မှတ်ထိုး ပေးထားခဲ့တယ်။
ဒါတွေ ငါ့အတွက် မလိုအပ်တော့ဘူး။
ငါ့အတွက် လိုအပ်တာက လွတ်လပ်မှု . .

မလေးနွယ်

စာက ဘာသဘောမှန်း မသိ။ ဒီလိုဆိုရင် မလေးနွယ် အိမ်က ထွက်သွားပြီပေါ့။ ဒါ . . ဒါဆို ဟိုအဖွားကြီးကကော။

ဒေလီယာတစ်ယောက် အိမ်စေတစ်ယောက်ကိုခေါ်ပြီး အဖွားကြီးကိုပါ ရှာခိုင်းကြည့်သည်။ အရိပ်ယောင်မှပင် မတွေ့။

www.burmeseclassic.com

www.burmeseclassic.com





အဖွားကြီးကော မလေးနွယ်ကော နှစ်ယောက်လုံး မရှိတော့။

"အား . . ကျွတ် . . ကျွတ် ဗိုက်ထဲကလည်း နာလိုက်တာ၊ အထဲမှာလည်း တလှုပ်လှုပ်၊ တရွရွနဲ့"

❖

ဆိုဖီယာတို့လင်မယား ပြန်ရောက်လာကြသည်။ ဆိုဖီယာ ခင်ပွန်းမှာလည်း ပိုးရဲကြီးနှင့်။ ဆိုဖီယာတို့နှင့်အတူ ဦးလေးမြိုင်လည်း ပါလာသေးသည်။

ဦးလေးမြိုင်ဆိုတာက ဆိုဖီယာခင်ပွန်းရဲ့ ဦးလေးအရင်းခေါက်ခေါက်။ သူ့တူကို သူကိုယ်တိုင်လိုက်ပို့ရင်း ဆေးလည်းကုရန်ဖြစ်သည်။ ဦးလေးမြိုင်က (-)ဂိုဏ်းဝင်တစ်ယောက်ဖြစ်ပြီး ပယောဂကုရာမှာလည်း နာမည်ကြီးလွန်းလှသည်။

ပယောဂကုပေမယ့်လည်း နယ်နယ်ရရ ပုဂ္ဂိုလ်မဟုတ်။ (-)မေရျာနှင့် ဘွဲ့တောင် ရထားဖူးသေးသည်။

ယခုလည်း ခြံထဲဝင်ရုံရှိသေး၊ မကောင်းတဲ့အာရုံတွေကို ဦးလေးမြိုင် ခံစားမိသည်။ စိတ်ထဲမှာလည်း ဒါဘာလဲဆိုတာ သိနေပြီ။

ဆိုဖီယာတို့ပြန်ရောက်လာပြီမို့ ဒေလီယာတစ်ယောက် အားတက်သွားသည်။ ဒါပေမယ့် ဒေလီယာဖြစ်ရပ်ကို ကြည့်ပြီး ဆိုဖီယာ အံ့သြမိသည်။ ဒီအကြောင်းတွေကို ဆိုဖီယာ ရှင်းပြနေစဉ်ကြားထဲမှ ဦးလေးမြိုင်က -

"ငါ့တူမကြီးကို ပညာသည်က ပြုစားထားတာပဲ . . အဲဒီပညာရပ်ကို "ကရင်အပန်း"လို့ ခေါ်တယ်။ အစားအသောက်များနဲ့



www.burmeseclassic.com

www.burmeseclassic.com


ပြုစားတဲ့ပညာရပ်ပေါ့ကွယ်"

ဟု ရှင်းပြသောအခါ ဒေလီယာနှင့်အတူ ဆိုဖီယာတို့ လင်မယားပါ အံ့ဩသွားတော့သည်။

"ဒါ . . ဒါဆိုရင် ဦးလေးဆိုလိုတာက . ."

ဒေလီယာအသံ ဖြစ်သည်။ ဦးလေးမြိုင်က သက်ပြင်းတစ်ချက်ချရင်းမှ -

"ဦးလေး ခြံထဲစဝင်လာတော့ မကောင်းတဲ့အာရုံတွေ ရတယ်။ အဲဒီမှာကတည်းက ဦးလေး သဘောပေါက်ပြီးသား။ နောက်ပြီး ငါ့တူမကြီးတို့အမေရဲ့အခြေအနေကို ကြည့်ရတာလည်း . ."

ဒီလောက်နဲ့ စကားစဖြတ်လိုက်သည်။ ပြီးနောက် ဒေါ်မမကြီးရဲ့မျက်လုံး သူငယ်အိမ်ကိုကြည့်ပြီး -

"တော်တော် ကြောက်စရာ ကောင်းလှပါလား"ဟု ဆိုလိုက်ရာ ဒေလီယာတို့သုံးယောက် အံ့ဩသွားရပြန်သည်။

"ဘာ . . ဘာ ကြောက်စရာကောင်းတာလဲဟင် ဦးလေး"

ဆိုဖီယာအသံတွေပင် တုန်နေပြီ။

"ဒီအိမ်ကို ပညာသည်ကြီးတစ်ယောက် ရောက်ခဲ့တာပဲ။ အင်း . . မြွေပွေး ခါးပိုက်,ပိုက်မိရတယ်လို့ . ."

"ပညာသည် ဟုတ်လား" (သုံးယောက်လုံးရဲ့အသံ)

"ပညာသည်မှ စုန်းထက်မြင့်တဲ့ ကဝေပညာသည်ပဲ။ ငါ့တူမကြီးတို့တစ်အိမ်လုံးကို ခုနစ်စဉ်တိုက်လို့ခေါ်တဲ့ ဘုရင်တိုက်ပညာနဲ့ လုပ်သွားတာ။ ခုနစ်စဉ်တိုက်ဆိုတာက တစ်ခါတည်း သေအောင်မလုပ်ဘဲ တဖြည်းဖြည်း လုံးပါး,ပါးအောင် လုပ်သွားတာ။ သိပ်ကြောက်ဖို့ကောင်းတယ်"


ထို့နောက် ဦးလေးမြိုင်က တစ်အိမ်လုံးကို လျှောက်ကြည့်လိုက်သည်။ အခန်းတစ်ခန်းရှေ့ရောက်သော် ဦးလေးမြိုင်၏ခြေလှမ်းတွေ တုံ့ခနဲ ရပ်သွားသည်။ ဦးလေးမြိုင်နောက်မှာ ဆိုဖီယာနှင့် သူမယောက်ျားပါ ရှိနေသည်။

"ဦးလေး အခန်းထဲ ဝင်ကြည့်မယ်နော်"

www.burmeseclassic.com

www.burmeseclassic.com






ဟု ခွင့်တောင်းလိုက်ရာ ဆိုဖီယာက ခေါင်းညိတ်ပြလိုက်သည်။ အခန်းထဲမှာတော့ ဘာဆိုဘာမှမရှိ။ အားလုံး အရှင်း။

ဒါပေမယ့် ဦးလေးမြိုင်အာရုံထဲ ဒီအခန်းထဲမှာ တစ်ခုခုတော့ရှိရမည်ဟု အတပ်သိနေသည်။ ဒါကလည်း ပညာရပ်သဘောအရ ဆရာတစ်ယောက်က အတပ်သိနေလို့မျိုးပင်။

ဦးလေးမြိုင်လွယ်အိတ်ထဲမှ မှိုင်းကိုင်စာရွက်လေး တစ်ရွက်ကို ထုတ်လိုက်သည်။ မှိုင်းကိုင်စာရွက်လေးပေါ်မှာတော့ အင်းကွက်လိုလို အရာတစ်ခု။

"ဆရာသခင်အပေါင်း . . ဝိဇ္ဇာရှစ်သောင်း အာဏာစက်နှင့် ငါ=ဆရာ အမိန့်အရ ဤအခန်းထဲမှာရှိတဲ့အရာများ ပြဆိုပြအခုပြ"

မှိုင်းကိုင်စက္ကူကို မီးရှို့ပြီး ကြမ်းပြင်ပေါ် ပစ်ချလိုက်သည်။ မှိုင်းကိုင်စက္ကူလေးမှာ မီးလောင်ကျွမ်းပြီး ပြာမှုန်တွေ ဖြစ်သွားကာ လေမတိုက်ပါဘဲနှင့် လွင့်ပြီး မှန်တင်ခုံရှိုးကစ်အောက်သို့ စုပြီးဝင်သွားသည်ကို ဆိုဖီယာတို့လင်မယား အံ့သြစွာဖြင့် တွေ့မြင်လိုက်ကြသည်။

ဆရာမြိုင်က ရှိုးကစ်အောက် လက်နှိုက်ပြီး စမ်းလိုက်ရာ အခါ ဦးလေးမြိုင်လက်ထဲ ပါလာသည်များကတော့ လွန်စွာမှ ကြည့်ရဆိုးလှတဲ့ အရုပ်တစ်ရုပ်နှင့် ဆိုဖီယာခင်ပွန်းရဲ့ဓာတ်ပုံတစ်ပုံပင် ဖြစ်တော့သည်။

www.burmeseclassic.com





အရုပ်ကို အင်းကွက်တစ်တွက်ပါ ပိတ်စတစ်စဖြင့် ချည် ထားပြီး အပ်သုံးချောင်း စိုက်ထားလေ၏။ ပိတ်စကို ဆွဲခွာကြည့်တော့ ဆံပင်မွှေးများနှင့် တွဲချည်ထားကာ နာမည်တစ်ခုကိုပါ ရေးထားသေး၏။

ဆိုဖီယာခင်ပွန်းဓာတ်ပုံကတော့ တစ်ကိုယ်လုံးပုံဖြစ်ပြီး ပုံထဲမှ ဘယ်ဘက်ခြေထောက်ကို ခေါက်ရိုးထား၏။ အပြင်မှာ ဆိုဖီယာခင်ပွန်းဖြစ်တဲ့ ခြေထောက်ကလည်း ဘယ်ခြေထောက်ဆိုတော့။

ဆရာမြိုင် သဘောပေါက်ပြီးရင်း ပေါက်နေပြီ။

"ဒီလိုအရုပ်မျိုးကိုတော့ အနောက်တိုင်းလောကမှာ ဗူးဒူး (Voodoo)လို့ ခေါ်တယ်။ အာဖရိကန်လူမျိုးတွေဆီကနေ ဆင်းသက်လာတဲ့ အစီအရင်တစ်မျိုးပေါ့။ ဝိညာဉ်၊ အောက်လမ်းနဲ့ မှော်အတတ်ပညာတွေမှာ သုံးဖို့ တီထွင်ခဲ့ကြတာပေါ့ကွာ။

ဗူးဒူးဟာ ကမ္ဘာနှစ်ဘက်ကို ဆက်စပ်ပေးနိုင်တဲ့အစွမ်း ရှိတယ်လို့ ဒါကို အသုံးပြုသူတွေက ယုံကြည်ကြတယ်။ မြင်နိုင်တဲ့ လူသားတွေနဲ့ မမြင်နိုင်တဲ့လောကသားတွေကို ချိတ်ဆက်ပေးတယ်လို့ ဆိုကြတယ်။

ဗူးဒူး အသုံးပြုသူတိုင်းဟာ တန်ခိုးကြီးတဲ့ အီဝါ(IWA)ဆိုတဲ့ ဝိညာဉ်နဲ့ စကားပြောဆက်ဆံရတယ်ကွ။ ဒါကြောင့်မို့လို့ ဗူးဒူး အသုံးပြုသူတွေဟာ အီဝါ(IWA) ဆီကနေ အကြံဉာဏ်နဲ့ နည်းတွေကို မေးမြန်းဆွေးနွေးပြီး ဗူးဒူးအရုပ်ကို အသုံးပြု စီရင်လုပ်ရတာ။

နောက်ပြီး မှတ်ထား . . ဗူးဒူးမှာ ဆရာဆိုတာ မရှိသလို စေခိုင်း အမိန့်ပေးခွင့်ရှိသူလည်း မရှိဘူး။ လူတွေသိတဲ့ ဗူးဒူးဆိုတာ အရုပ်သက်သက် မဟုတ်ဘူး။ မှော်အတတ်နဲ့ တစ်ပါးသူကို ကျိန်စာ

www.burmeseclassic.com




တိုက်ဖို့ ဒုက္ခပေးဖို့ အစီအရင်တွေ လွှဲပြောင်းတဲ့ ကြားခံနယ်လို့ သတ်မှတ်ကြတယ်။

သမိုင်းတစ်လျှောက်ကို ပြန်ကြည့်မယ်ဆိုရင် အီဝါ (Marie Laveau) ဆိုတဲ့ အမျိုးသမီးဟာ နယူးအောလင်းမှာ "ဗူးဒူး ဘုရင်မ"အဖြစ် နာမည်ကြီးတယ်။ ယုံကြည်သူတွေ အဆိုအရပေါ့ကွာ။

(Marie Laveau) ရဲ့ အုတ်ဂူပေါ်မှာ ()အမှတ်အသားရေးပြီး ကိုယ်ကို သုံးခါလှည့် လိုချင်တဲ့ဆုကို အော်တောင်းရင် သူမက ဖြစ်လာအောင် လုပ်ပေးတယ်လို့ အယူအဆရှိကြတယ်။

တချို့အဆိုအရ အီဝါ (Iwa)ဟာ ဗူးဒူးအသုံးပြုသူရဲ့ ကိုယ်ထဲကို ဝင်စီးနေထိုင်လေ့ရှိတယ်လို့ ဆိုထားတယ်။ အခုဆိုရင် ဗူးဒူးအသုံးပြုသူတွေ ကမ္ဘာမှာ (၉)သန်းနီးပါးတောင် ရှိနေပြီ"

ဦးလေးမြိုင် ရှင်းပြသမျှ လွန်စွာမှ စိတ်ဝင်စားဖို့ကောင်းလှသည်။ ဆက်လက်ပြီး ဦးလေးမြိုင် ဆက်ပြောသည်က -

"ငါ့တူ ဓာတ်ပုံကိုလုပ်သွားတာကလည်း ဦးလေးပြောသလို ဗူးဒူးအရုပ်အစီအမံနဲ့ ပေါင်းပြီး လုပ်သွားတာ၊ ဒါပေမယ့် တကယ်လူကို လုပ်တာက ဒေါ်မမကြီးကို"

ဟု ပြောလိုက်တော့ -

"ဗျာ ! . ."

"ရှင် ! . ."

ဆိုပြီး လင်မယားနှစ်ယောက် အံ့သြသွားလျှက်။

❖



www.burmeseclassic.com

www.burmeseclassic.com


ဤသို့ဖြင့် ဦးလေးမြိုင်ပညာဖြင့် တစ်အိမ်လုံးကို စစ်ဆေး တော့သည်။ တစ်အိမ်လုံးမှာရှိတဲ့ ဘီဒိုကြား၊ ခုတင်အောက်တွေပါ မကျန်။ အမှိုက်များမရှိအောင် တံမြက်စည်းနှင့် လှဲနိုင်းသည်။

ထိုကဲ့သို့ လှဲနိုင်းရာမှာ ခြေသုတ်ပုဝါအောက်တွင် ဒေါ်မမ ကြီးတို့သားအမိသုံးယောက် နာမည်ကို ခဲတံဖြင့်ရေးထားသည်ကို တွေ့လိုက်ရ၏။

"အဲဒါ နာမ်နှိမ်ထားတာ"ဟု ဦးလေးမြိုင်က ရှင်းပြပေး သည်။ ဆက်လက်၍ ဦးလေးမြိုင်လုပ်ဆောင်သည်မှာ ဆန်နို့ဆီဘူး တစ်လုံးခန့်ကို ပန်းကန်ပြားထဲ ထည့်ပြီး ဆန်များရဲ့အလယ်မှာ ဖယောင်းတိုင်တစ်တိုင်ကို မီးထွန်း၊ ဂါထာများ တီးတိုးရွတ်ဆိုကာ တစ်အိမ်လုံးရှိ အခန်းများအားလုံး စားပွဲ၊ ဘီဒိုပါမကျန် ဆန်များနှင့် ပျဲလေသည်။

ပြီးနောက် ယခင်နည်းအတိုင်း တစ်အိမ်လုံးကို တံမြက် စည်းလှဲပြီး ဆန်များကို တစ်နေရာထဲတွင် စုစည်းစေပြန်သည်။ အဲဒီမှာ အံ့သြစရာကောင်းသည်မှာ ဒေါ်မမကြီး ခုတင်အောက်ရှိ ဆန်များမှာ လုံးဝလှဲလို့မရဘဲ ကော်များနှင့်ကပ်ထားသလို ဖြစ်နေ တော့ ဦးလေးမြိုင် ခုတင်အောက်ကို ရှာနိုင်းပြန်သည်။

ဘာဆိုဘာမှမတွေ့။ မွေ့ရာအောက်ကိုရှာနိုင်းတော့မှ တွေ့ပါပြီ။ ဆေးလိပ်အရွက်အရွယ် အလိပ်တစ်လိပ်။ အဲဒီအလိပ် ကို ဖွင့်ကြည့်လိုက်တော့ -

၁) ဘုန်းကြီးသင်္ကန်းစ
၂) အခေါင်းလုပ်တဲ့အခါသုံးသည့် သွပ်ပျော့
၃) ဆံပင်များ (ဒေါ်မမကြီး ဆံပင်များဟု ယူဆလျက်)
၄) အံရိုးတစ်ချောင်း (အစိမ်းသေအရိုးဟု ယူဆလျက်)

တို့ကို အဆင့်ဆင့်ပတ်ထားသည်ကို အားလုံးတွေ့လိုက်ကြရသည်။

ဦးလေးမြိုင်က အင်းကွက်ပုံပါ မှိုင်းကိုင်စက္ကူကို မီးရှို့ပြာ ချပြီး ရေနှင့် ဒေါ်မမကြီးတို့လေးယောက်ကို တိုက်လိုက်တော့ အန် ထိုက်ကြတားများ တဝေါဝေါနှင့်။



www.burmeseclassic.com

www.burmeseclassic.com


ဒေလီယာ အန်သမျှ ဆိုးလွန်းလှသည်။ ဆံပင်ချည်တွေးများနှင့် တိရိစ္ဆာန်တစ်ကောင်ရဲ့ အသားအပိုင်းအစများ ထွက်ကျလာပြီး အနံ့မှာလည်း ညှီစို့စို့၊ ပုပ်အဲ့အဲ့အနံ့များပင် ဖြစ်သည်။

အန်သမျှ အရည်တွေအားလုံး အစိမ်းရည်များ ဖြစ်ပြီး တအောင့်လောက်ကြာတော့ ဝမ်းတွေသွားကုန်ကြလို့ အိမ်သာလုကြရပြန်သည်။ ဆက်လက်၍ ဦးလေးမြိုင် စီရင်သည်မှာ-

ကန်တော့ပွဲ သုံးပွဲထိုး၊ ဖယောင်းတိုင် သုံးတိုင်စီကို တစ်ပွဲစီထိုးလျက်။ အမွှေးတိုင်ကိုလည်း ထိုနည်း လည်းကောင်း ထိုးကာ အရုပ်(ပူးဒူးရုပ်ဟု ယူဆလျက်)ကို အင်းကွက်ချပြီး-

"ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးဂုဏ်တော်နှင့် ဆရာအပေါင်း ဝိဇ္ဇာရှစ်သောင်း၊ အဘဘိုးမင်းခေါင်၊ ဘိုးဘိုးအောင်တို့ရဲ့ ကျေးဇူးတော်နှင့် ငါဆရာရဲ့အမိန့် . .

ဤစီရင်ထားတဲ့ အရုပ်ထဲမှ ပညာရပ်များ သူ့နေရာသူပြန် အမိန့် . . ငါဆရာရဲ့အမိန့်" ဟု ရွတ်ဆိုပြီး မကြာခင် ခုတင်ပေါ်မှာ လုံးဝမလှုပ်နိုင်သည့် ဒေါ်မမကြီးတစ်ယောက် ခြေတွေ၊ လက်တွေ စတင်လှုပ်ရှားလာချေပြီ။ ပါးစပ်မှလည်း -

"သ . . သမီးတို့ ရေ"ဟု ခေါ်လိုက်တော့ သမီးနှစ်ယောက်လုံး အမေကိုဖက်ပြီး ငိုလေတော့သည်။ ထူးဆန်းလှပေစွ။

ဦးလေးမြိုင်ကတော့ အရုပ်ကိုယူပြီး-

"ဒီအရုပ်ကို မြစ်ထဲ မျှောပစ်ရမယ်"ဟုဆိုကာ လွယ်အိတ်ထဲ ထည့်လိုက်တော့သည်။ ဤသို့ဖြင့်။

"ခင်ဗျားတို့ကိုလုပ်သွားတဲ့ ပညာသည်က နယ်နယ်ရရ မဟုတ်ဘူး။ ဒါတောင် သူက ပညာပေးရုံလေး ပေးခဲ့တာ . . ကြည့်ရတာ အဲဒီပညာသည် အရှေ့တိုင်း(ပညာ)ကော၊ အနောက်တိုင်းပညာပါ တတ်တယ်။ တော်ရုံပုဂ္ဂိုလ် မဟုတ်ဘူး။ တန္တရဂိုဏ်းအနွယ်များလားပဲ"

"အဲဒါ ဘာကိုဆိုလိုတာလဲ ဦးလေးမြိုင်"

"တန္တရဂိုဏ်းဆိုတာ ရှေးခေတ်တုန်းက မလေးရှားနိုင်ငံက


www.burmeseclassic.com

www.burmeseclassic.com



စပြီး ထွန်းကားခဲ့တာပေါ့ကွာ။ တို့မြန်မာအယူအဆဆိုလျှင်တော့ ပုဂံခေတ်က အရည်းကြီးတွေလိုမျိုးပေါ့ . .။

စုန်းကဝေတွေ၊ ဂမ္ဘီရပညာတွေ ဒါတွေဟာ မြန်မာနိုင်ငံမှာ စတင်ထွန်းကားခဲ့တဲ့ အရည်းကြီး တန္တရဂိုဏ်းဝင်တွေရဲ့ပညာရပ်တွေပဲပေါ့"

"ဘာပဲ ဖြစ်ဖြစ်ပါလေ။ ဘယ်သူမဆို ကိုယ်ပြုသည့်ကံ ကိုယ့်ထံပြန်ရစမြဲပါ။ ဒီလမ်းကို လုပ်သူရော၊ အသုံးချသူပါ မကြာခင် ဝဋ်ပြန်ခံရပါလိမ့်မယ်"

"အော် . . ဒါနဲ့ လေးလေး အခုလိုမျိုး ကျွန်တော်တို့ကို ပညာပြသွားတဲ့ ပညာသည်ကို လေးလေး သိသလားဟင်"

ဒီမေးခွန်းကို ဦးလေးမြိုင် မဖြေပါ။ သူ့စည်း၊ ကိုယ်စည်းရှိတာမို့ မသိဘူးဟုသာ ပြန်ဖြေလိုက်ရသည်။ ဒါပေမယ့် ဦးလေးမြိုင် စကားက မုသားပါနေမှန်း ပေါ်လွင်နေသည်။ စိတ်ထဲမှာတော့ ဖြင့် ဒီလိုပညာရပ်ကိုသုံးတာ တစ်ယောက်ပဲရှိတာလို့ ဖြေလိုက်ချင်ပါသည်။

ထိုသူကား တခြားသူမဟုတ်။


"မြပုဝါ (ခ) ဆရာမကြီးမြပုဝါ"

နတ်လူသစ်

www.burmeseclassic.com

www.burmeseclassic.com


## ဆေးပညာနတ်ဘုရား Asklepius




သေခြင်းကိုပိုင်စိုးသူ (Asklepios)ကို (Asclepius) လို့လည်းခေါ်ပြီး လက်တင်ဘာသာအရ (Aesuclapius) ဖြစ်ပါတယ်။ သူဟာ အနာရောဂါကင်းပစေသူ၊ အကြောင်းအမြင် ရှေ့ဖြစ်ဟောနိုင်သူနှင့် အမှန်တရား၏အရှင်သခင်ဖြစ်သော အပိုလို (Apollo) ရဲ့ သားတော်ဖြစ်ပါတယ်။

ဂရိရှေးဟောင်းပုံပြင်လာ လူဦးခေါင်းနှင့် မြင်းကိုယ်ရှိ (ain- rEGO)က သူ့ကို ကုသနည်းတွေ သင်ပေးတယ်လို့ဆိုပါတယ်။ ဂရိဒဏ္ဍာရီထဲမှာတော့ (Askepios)ဟာ တစ်နေ့သောအခါမှာ လမ်းလျှောက်သွားရင်း မြွေတစ်ကောင်ကို မလွဲမရှောင်သာတဲ့အတွက် သတ်ခဲ့မိပါတယ်။

အဲဒီအချိန်မှာပဲ အခြားမြွေတစ်ကောင်ဟာ ရောက်ရှိလာပြီး သေသွားတဲ့ မြွေရဲ့ခံတွင်းထဲကို ဆေးပင်တစ်မျိုး ထည့်လိုက်ပါတယ်။ အံ့ဖွယ်ကောင်းလှစွာပင် သေနေတဲ့မြွေဟာ ပြန်လည်ရှင်သန်လာပြီး လူးလွန့်ကာ ထွက်သွားပါတော့တယ်။

www.burmeseclassic.com





Asklepios က ထိုဆေးပင်ကို မသေဆေး ဖြစ် သိရှိသွားပြီး ဆေးပင်ကိုရအောင် ရှာဖွေတွေ့ရှိခဲ့တာကြောင့် လူသေတစ်ယောက် ပြန်အသက်သွင်းပေးနိုင်ခဲ့ပါတယ်။ အဲဒီနောက် သူ့တောင်ဝှေးမှာ မြွေတစ်ကောင်ကို ရစ်ခွေလျက်သား တွေ့ရပါတော့တယ်။

Asklepiosကို ဆေးပညာနတ်ဘုရားလို့ အနွတ္တသညာပြု ခေါ်ဝေါ်ခဲ့ကြပါတယ်တဲ့။ ဤဆေးပညာနတ်ဘုရားကို သံရုပ်ဖော်တဲ့အခါမှာ မတ်ရပ်ပုံတော် ထုလုပ်လေ့ရှိကြပါတယ်။

ရင်ဘတ်ပေါင်းလောင်းဖွင့်ထားသော ဝတ်ရုံရှည်ကြီး ခပ်ဖားဖားဝတ်လျက် သူ၏အမှတ်သင်္ကေတ မြွေတစ်ကောင် ပတ်ထားတဲ့ တောင်ဝှေးတစ်ချောင်းကို အမြဲဆွဲကိုင်ထားတဲ့ ရုပ်တုသဏ္ဌာန်ဖြစ်ပါတယ်။

ဟိုးမား (Homer) ကဗျာရှည်ကြီးမှာတော့ Asklepiosကို ကျွမ်းကျင်လိမ္မာတဲ့ သမားတော်အဖြစ်နဲ့ ထရိုင်မြို့(Troy)က ဂရိသမားတော်နှစ်ယောက်ရဲ့ဖခင်အဖြစ်သာ ဖော်ပြခဲ့ပါတယ်။ ဒါပေမယ့်လို့ ဂရိနိုင်ငံရဲ့နေရာအတော်များများမှာတော့ သူ့ကို နတ်ဘုရားအဖြစ်နဲ့ ပူဇော်လာခဲ့ကြပါတယ်တဲ့။

သူဟာ အနာရောဂါတော်တော်များများကို အိပ်မက်ထဲမှာ ကုသတယ်လို့ ဆိုပါတယ်။ ဂရိတောင်ပိုင်း(Epidaurus)မှာ ရှိတဲ့ နတ်ဘုရားကျောင်းတွေမှာ လူအတော်များများက ရောဂါကုဖို့ သွားရောက်အိပ်စက်တဲ့ဓလေ့လည်း ရှိလာခဲ့တယ်လို့ ဆိုတယ်။ ဘီစီ(၂၉၃)မှာ အဆိုပါဓလေ့ဟာ ရောမကိုပါပျံ့နှံ့သွားခဲ့ပြီး သူ့ကို ပူဇော်ပသမှု ပြုကြပါတယ်တဲ့။

www.burmeseclassic.com

www.burmeseclassic.com





ဤနတ်ဘုရားနှင့် ဆက်နွှယ်မှုမရှိသော်လည်း Asklepios နှင့် ဆင်တူသော သင်္ကေတလက္ခဏာ တစ်ခုကတော့ အတောင်ပံများ တပ်ထားတဲ့ တောင်ဝှေးမှာ မြွေတွေ လိမ်ပတ်နေတဲ့ပုံပဲ ဖြစ်ပါတယ်။ အဲဒီသင်္ကေတကို မကြာခဏဆိုသလို ဆေးပညာသင်္ကေတအဖြစ် သုံးတတ်ကြပါတယ်။ နောက်ပိုင်းကာလတွေမှာတော့ တမန်တော် သို့မဟုတ် မာကျူရီတို့ရဲ့ ဂမ္ဘီရ ဆေးကြိမ်လုံးများအဖြစ် သတ်မှတ်ခဲ့ကြတယ်လို့ ဆိုပါတယ်။

## * မြွေနှင့် ရောဂါကုစားခြင်း *

မြွေသည် ရောဂါဘယများကို ကင်းပစေသော ဆေးပညာနတ်ဘုရားများနှင့် ဆက်စပ်နေတယ်လို့ ရှေးက ယူဆခဲ့ကြပါတယ်။ အီဂျစ်ပြည်၌ ခေတ်စားခဲ့သော ဝေါဟာရချင်းတစ်ပုဒ်တွင် ဘုရားရှင်သည် လူမမာတစ်ဦး အနာပျောက်ကင်းစေရန် ညအခါတွင် မြွေ ယောင်ဖန်ဆင်း၍ လာရောက်ကုသပေးသွားခဲ့သည်ဟု ဖွဲ့သီထားရှိပါတယ်။

ဘီစီ(၅၅၅)တွင် ဘေဘီလုံမြို့၌ကျရောက်သော ရောဂါဘယအပေါင်းမှ ကင်းဝေးစေရန် နတ်ဘုရားမ (Gula)က ကုသပေးခဲ့တယ်။ သို့ဖြင့် ထိုနတ်ဘုရားမအား ပူဇော်ပသသောသဘောဖြင့် ဘုရင်မင်းမြတ်က နတ်ဘုရားကျောင်းဆောင်များတွင် မြွေရုပ်များကို ကြေးဖြင့် သွန်းလုပ်ထားရှိခဲ့ဖူးပါတယ်။

ရဟူဒီစာပေမှတ်တမ်းများတွင်လည်း မိုးဇက်သည် မြွေကိုက်ခံရသူအပေါင်းတို့အားအသက်ဘေးမှ ကင်းဝေးစေခြင်းငှာ မြွေ တစ်ကောင်ရစ်ပတ်ထားသည့်ပုံပါ ကြေးဖြင့်သွန်းလုပ်ထားသော ပုံ



www.burmeseclassic.com

www.burmeseclassic.com


ပါရှိသည့် ဆောင်ရေးဖြင့် ကုသပေးခဲ့ကြောင်း တွေ့ရှိရပါတယ်။

ဘီစီ(၂၅၀)မှ အေဒီ(၄၀၅)အထိ ကာလအတွင်း အီဂျစ်တွင် ခေတ်စားခဲ့သော ဗိဇ္ဇာဉ်နှင့်ဆိုင်သည့် ပညာရပ်ဓာတ်စုတွင် မြွေဘုရား (Chonubis)အား ရောဂါဘယကင်းဝေးအောင် လုပ်နိုင်စွမ်းရှိသည်ဟု ယူဆကာ ပူဇော်ပသခဲ့ကြပါတယ်။

## * မြွေနှင့် ဒဏ္ဍာရီ *

အနောက်နိုင်ငံရှိ ရှေးဟောင်းမှတ်တမ်းများတွင်ကား မြွေသတ္တဝါကို ကောင်းမှုပြုသောမြွေနှင့် ရက်စက်ကြမ်းကြုတ်ကာ ပျက်စီးတတ်သောမြွေဟု နှစ်မျိုးနှစ်စား ခွဲခြားဖော်ပြထားပါတယ်။

### ၁) ရန်သူမြွေဆိုး

ကမ္ဘာဦးပုံပြင်တွေမှာ လူတို့ထံသို့ ဘေးအန္တရာယ်အသွယ်သွယ်တို့က မြွေအဖြစ် ဖန်ဆင်းရောက်လာကြတယ်လို့ ဆိုပါတယ်။ အီဂျစ်ဒဏ္ဍာရီတွေမှာလည်း မြွေသည် ဘုရားနဲ့အတူ ကမ္ဘာကြီးဆီသို့ ရှေးဦးစွာရောက်ရှိလာပြီး ၎င်းကြောင့် မကောင်းသော ဘေးအန္တရာယ်များ မပေါ်စေရေးအတွက် နေနတ်သားက မဆုံးနိုင်သော စစ်ပွဲကြီးခင်းကျင်းပြီး နှိမ်နင်းနေရသည်ဟု ပါရှိပါတယ်။

မြွေနှင့်နဂါးရုပ်တုများကို အတွေ့အမြင်ရဆုံးဖြစ်တဲ့ တရုတ်နဲ့ ဂျပန်တို့ရဲ့ ရှေးအယူအဆတွေမှာတော့ မြွေသည် ရန်သူ၊ ဖျက်ဆီးတတ်သူဖြစ်တာမို့ နှိမ်နင်းရမည်သာ ဖြစ်ပါတယ်တဲ့။

### ၂) နိမိတ်ကောင်းနဲ့ မြွေ

ကမ္ဘာ့အရှေ့ပိုင်းဒေသတွေမှာ တူးဖော်ရရှိခဲ့တဲ့ ကျောက်စာတွေမှာတော့ မြွေသည် အနိစ္စတရားကို စွမ်းဆောင်နိုင်သူ၊ ရောဂါဘယများမှ ကင်းငြိမ်းအောင် လုပ်ပေးနိုင်စွမ်းရှိသူ ဖြစ်နေပါတယ်။ မြွေသည် အရေခွံလဲသည့်အလေ့ရှိရာ ထိုသို့ အရေခွံလဲလေ့ရှိတဲ့အတွက် မိမိရဲ့ပျိုမြစ်ခြင်း၊ နုနယ်ခြင်းကို ပြန်လည်ရရှိတတ်တာမို့


www.burmeseclassic.com

မြွေနှင့် ထာဝရပျိုမြစ်ခြင်းကိုလည်း ဆက်စပ်ထားကြပါတယ်။

အချို့က ဒဏ္ဍာရီပုံပြင်များနှင့် ဆက်နွှယ်ကိုးကားကာ ထာဝစဉ် နုနယ်ပျိုမြစ်မှုကိုပေးစွမ်းရှိတဲ့ ဘယဆေးပင်မျိုးကို မြွေက တွေ့ရှိကာ ရယူပိုင်ဆိုင်ထားသည်ဟု အယူအစွဲရှိကြသေး၏ ။ ဂရိဒဏ္ဍာရီလာ ဆေးပညာဘုရား (Asklepios)က မြွေတစ်ကောင်ထံမှ မသေတတ်သော ဘယဆေးပင်ရရှိခဲ့ပုံမျိုး ဖြစ်ပါတယ်။

## * အတောင်ပံပါသော နှင်တံ *

အတောင်ပံပါသော နှင်တံသည် ဂရိဒဏ္ဍာရီတွင် ဂရိဘုရား၏ တမန်တော်မာကျူရီ ကိုင်ဆောင်သောအရာဖြစ်ပြီး တန်ခိုးအစွမ်းရှိသည်ဟု ယုံကြည်ကြပါတယ်။

အီဂျစ်တို့က နှင်တံသည် အထွဋ်အထိပ်၊ အုပ်ချုပ်စိုးမိုးခြင်း လက္ခဏာလို့ ယူဆခဲ့ကြပါတယ်။ နှင်တံသည် ဩဇာအာဏာရဲ့ အထိမ်းအမှတ်ဖြစ်တဲ့အတွက် နှင်တံနဲ့ တွဲလျက်ရှိနေတဲ့ မြွေရုပ်ရဲ့ ရောဂါဘယကင်းငြိမ်းခြင်းကို ဒိုင်းလွှားသဖွယ် ကာကွယ်ပေးတဲ့ သဘောသက်ရောက်စေတယ်လို့ ယူဆကြပါတယ်။

ရှေးခေတ် ဆေးပညာရှင်အများစုသည် လူအများအား ကုစားသောအခါတွင် မြွေရုပ်ပါတဲ့နှင်တံကို လက်စွဲတော် တောင်ဝှေးအဖြစ် အသုံးပြုလေ့ရှိကြောင်း မှတ်တမ်းမှတ်ရာများစွာရှိပါတယ်။

## * ဆေးပညာရပ်နှင့် မြွေရုပ်ပါနှင်တံ *

ရှေးဒဏ္ဍာရီလာအရ ဆေးပညာရပ် (ဆေးပညာသင်္ကေတ) မြွေနှစ်ကောင်အနက် တစ်ကောင်သည် နိစ္စသဘောကို ဆောင်ကာ တစ်ကောင်က အနိစ္စသဘောကိုဆောင်ပါတယ်။

နိစ္စနှင့် အနိစ္စသဘောမှာ ကမ္ဘာသုံး အယူအဆဖြစ်သော်ငြားလည်း ဗုဒ္ဓတရားသဘောနှင့်လည်း ကိုက်ညီလျက်ရှိပါတယ်။

လောကတစ်ခွင်တွင် မကောင်းမှုကိုသာ အမြဲတလဲလဲ ပြု၍ ဖျက်ဆီးမှုကိုသာ ရှေ့ရှုသူများရှိသကဲ့သို့ ကောင်းကျိုးကိုသာ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်၍ တည်ဆောက်နေကြသူတွေလည်း ရှိနေပါတယ်။ ဒါသည်က ကမ္ဘာ့နိယာမနှင့် သက်ဆိုင်ညီညွတ်လျက် ရှိပါတယ်။



(ဆေးပညာ သင်္ကေတပုံ)

လူတို့အား ကျန်းမာရေးပြိုကွဲစေလျက် သုခအပေါင်းမှ ကင်းဝေးစေသည့် ဖျက်ဆီးသူများရှိသကဲ့သို့ ယင်းတို့အား အသက်နှင့်လဲ၍ တိုက်ခိုက်ကာကွယ်ပြီး သေမင်းနှင့် စစ်ဆင်ပေးသော ဆေးပညာရှင်တွေလည်း ရှိနေကြပါတယ်။ ဤသည်ကား ဆေးပညာသင်္ကေတ မြွေညီနောင်ရဲ့အဓိပ္ပာယ်ပင် ဖြစ်ပါတယ်။

သို့ဖြစ်ရာ မကောင်းသောမြွေဆိုးအား ကောင်းမှုကိုသာပြုတတ်သော မြွေကောင်းက အမြဲတမ်း အနိုင်ရနေဖို့လိုပါတယ်။ ကမ္ဘာပေါ်ရှိ ဆေးပညာရှင်အပေါင်းသည်ကား မကောင်းမှုကိုပြုလျက် လူတို့အား ဒုက္ခပေးတတ်တဲ့ ရောဂါဘယများကိုတော့ဖြင့် တွန်းလှန်တိုက်ခိုက်နေကြမည်သာ ဖြစ်ပါတယ်။

မြွေတစ်ကောင်တည်းသာပါသော ဆေးပညာသင်္ကေတတွင်မူ မြွေသည် ကောင်းမှုကိုသာပြုတတ်သော ဆေးပညာရှင်ကို ကိုယ်စားပြုပါတယ်။ သူသည် မိမိတတ်ကျွမ်းသော ဆေးပညာနှင့် ဆင်ခြင်တုံတရားကို လက်ကိုင်ထားလျက် ရောဂါဘယဘေးအန္တရာယ်မှ လူအပေါင်းအား ကင်းဝေးစေရပါမည်ဟု သစ္စာပြုထားသူဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



၈

# နာဘူးသရဲ

စိုးမိုးနိုင်

www.burmeseclassic.com

www.burmeseclassic.com





။

"သမီးတို့မလာခင်ကလည်း
လင်မယားနှစ်ယောက်
အဲဒီအခန်းမှာ လာတည်းတာ
ဒီသရဲက မိန်းမကိုပဲ
ခြောက်တယ်။ ယောက်ျားကိုတော့
မခြောက်ဘူးလို့ သိတယ်။

"ဖြန်း ! . ."

"တဲ့ . . ငါ့ဖင် ဘယ်သူချ . . အဲလေ . . ငါ့တင်ပါးကို ဘယ်သူရိုက်လိုက်တာလဲ လက်ဝါးနဲ့ . ."

"အာ . . မရိုက်ပါဘူး။ ဒီမှာ Korea ကားလေးက ကြည့်လို့ အရမ်းကောင်းနေတာ၊ F4မင်းသား လီမင်ဟိုလေးကလည်း ချောလိုက်တာ . . ဟီဟိ"

"ဟိုရတီမရော . . ညည်းရိုက်လိုက်တာ မဟုတ်လား ငါ့ကို . ."

"ဟာ . . နင်နော် အိုးစွပ်ခွက်စွပ်။ ငါ့ဘာသာငါ ဒီမှာ TV ကြည့်ရင်း နေကြာစေ့စားနေတဲ့ဟာကို"

ဖော်ပြပါ ပြဿနာအသံများ ထွက်ပေါ်ရာနေရာသည်ကား ပြင်ဦးလွင်မြို့နယ် ရုက္ခဗေဒဥယျာဉ်အနီးရှိ တော်ဝင်သူမိုတယ်၏ အိပ်ခန်းအတွင်းမှ အသံများဖြစ်ပါသည်။

အိပ်ရာခုတင်ထက်၌ ဝမ်းလျားမှောက်၍ တီဗီမှလွှင့်ပေးနေသော ကိုရီးယားကိုကြည့်နေသည့် ဥမ္မာခင်မှ ဘေးတစ်ဘက်တစ်ချက်စီမှနေ၍ တီဗွီအတူကြည့်နေသော သူငယ်ချင်းများဖြစ်သည့်



www.burmeseclassic.com

www.burmeseclassic.com


လှမဥ္ဇူနှင့် ရတီဦးတို့ကို တရားခံစစ်မေး.မေးနေခြင်းဖြစ်ပါသည်။

"နင်တို့ ငါ့ကို မရိုက်ဘူးဆိုတာ တကယ်ပဲလား"

"တကယ်ပြောတာပါဟ .. နင့်ကို ငါတို့က ဘာဖြစ်လို့ လိမ်ရမှာလဲ"

"ဒါဆို နင်တို့ကျတော့ အရိုက်မခံရဘဲ ငါတစ်ယောက်တည်း ဘာဖြစ်လို့ အရိုက်ခံရတာလဲ"

"ဩော် .. ဒါကတော့ နင်က ငါတို့ထဲမှာ ဖင်အကြီးဆုံးမို့နေမှာပေါ့ .. ဟား .. ဟား"

"ဒါကြောင့် နင့်ကို ငါတို့က ဥမ္မာဖင်လို့ခေါ်ကြတာ"

"ဟာ .. ကောင်မတွေနော်၊ ပြောလေ ကဲလေ"

သူငယ်ချင်းများ၏ စ.နောက်သော စကားများကြောင့် ဥမ္မာခင်၏ ချစ်စဖွယ်မျက်နှာလေးမှာ ပန်းနုရောင် ရှက်သွေးများ ယှက်ဖြာနေလျက် တစ်မျိုးကြည့်လို့ ကောင်းနေပြန်တော့၏။

ပြီးတော့ ရှက်ရှက်နှင့် သူငယ်ချင်းများကို ခေါင်းအုံးများဖြင့် လိုက်ရိုက်နေမိသေး၏။ ထိုသို့လိုက်ရိုက်နေရင်း တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့် ရပ်တန့်သွားရင်း ဥမ္မာခင် မှင်သေနေမိ၏။

ဂုင်းကား မနေ့က သူမတို့သူငယ်ချင်းတစ်သိုက် ဤမိုတယ်က အခန်းနံပါတ်(-)ကို ကောင်တာ၌သွားငှားစဉ် ညှို့ကြို့ဝန်ထမ်းကောင်လေးတစ်ဦးမှ ပြောလိုက်သောစကားများ -

"အစ်မတို့ကို အားနာလို့မပြောချင်ပေမယ့် သတိတော့ပေးရဦးမယ်"

"ဘာများလဲ မောင်လေးရဲ့ .. ပြောစရာရှိ .. ပြောလေ"

"ဟို .. ဟိုလေ ကျွန်တော်တို့ဒီမိုတယ်မှာကလည်း အခန်းလွတ်က ဒီတစ်ခန်းပဲ ရှိတော့တာဆိုတော့ .."

"အဲဒါဘာဖြစ်လဲရှင်"

"ဟို .. အဲဒီအခန်းက မ .. မသန့်ဘူးဗျ၊ တကယ်တော့ ဒီအခန်းကို သူဌေးက မိန်းကလေးမတည်းရဆိုတဲ့ စာကပ်ပြီး ပိတ်ထားဖို့တောင် လုပ်နေတာဗျ။



www.burmeseclassic.com

www.burmeseclassic.com


ဒီအခန်းက ခဏ . . ခဏ ပြဿနာတက်လွန်းလို့ အဲဒါ တတ်နိုင်ရင် အစ်မလေးတို့ တခြားမိုတယ်တွေမှာ ပြောင်းတည်း ပေးပါလားဗျာ"

"ဩော် . . ဒီကိစ္စအတွက်ဆိုရင်တော့ မပူပါနဲ့ရှင်၊ ကျွန်မ တို့က ခေတ်ပညာတတ်တွေပဲ . . အဲဒါတွေ အယုံအကြည်မရှိဘူး"

ထိုအခါ ညွှန့်ကြိုကောင်လေးမှာ စိတ်ပျက်ဟန်ဖြင့် ခေါင်း ကိုသာ တွင်တွင်ကုတ်လျက် ကျန်ရစ်ခဲ့ရှာလေ၏။

"ဟဲ့ . . ဥမ္မာခင် ခေါ်မကြား အော်မကြားနဲ့၊ ဘာတွေ စဉ်း စားနေတာလဲဟဲ့ . . ရုတ်တရက်ကြီး ဘယ်လိုဖြစ်သွားရတာလဲ တကတည်းနော်"

"ဩော် . . မနေက ငါတို့ကို ညွှန့်ကြိုကောင်လေးလေ . . သူတို့သူ့ဌေးမသိအောင် နိုးပြီး တိုးတိုးတိတ်တိတ် လာပြောသွားတဲ့ စကားတွေကို ပြန်သတိရသွားလို့ပါ လှမဥ္ဇူရယ်"

"အေး . . ဟုတ်တယ်ဟ၊ သူပြောသွားတာ အကြောင်း တော့ရှိရမယ်။ ငါမှတ်မိပြီ . . မဟုတ်မှလွဲရော နင့်တင်ပါးကို ခုနက ရိုက်သွားတာ ဒါ . . ဒါဆို သ . . သရဲပေါ့ . . အမယ်လေး . . လေး"

"ငါကတော့ အဲဒါမျိုးတွေ အယုံအကြည်မရှိပါဘူး။ သရဲ တို့ တစ္ဆေတို့ဆိုတာ တကယ်မရှိပါဘူးဟာ . . ရှိခဲ့ရင်လည်း သူတို့ တွေက လူတွေလောက် ပါဝါ (Power- တန်ခိုးစွမ်းအင်)မရှိလို့ ငါတို့အနားကို မကပ်နိုင်ပါဘူးဟာ . . ဟင်း . . ဟင်း"

သူတို့အုပ်စုထဲမှ ရတီဦးကတော့ ပရလောကကို အယုံ အကြည်မရှိဟုဆိုကာ ကြောက်ရွံ့နေကြသော ဥမ္မာခင်နှင့် လှမဥ္ဇူ တို့ကိုကြည့်၍ ဟားတိုက်ရယ်မောကာနှင့် အိပ်ရာဝင်သွားလေ၏။

"ဖြန်း . . ဖြန်း"

"အမယ်လေး . . လုပ်ကြပါဦး"

"ဟဲ့ . . ရတီ . . ဘာဖြစ်လို့လဲ"

ရေချိုးခန်းအတွင်းမှ ရတီဦး၏ အထိတ်အလန့်အော်သံ ကြောင့် နံနက်ခင်း Breakfastစာကို ကော်ဖီနှင့် မုန့်ကိုယ်စီဖြင့် စား


www.burmeseclassic.com

www.burmeseclassic.com



ဆုမွန်ဆောင် မဂ္ဂဇင်း

နေကြသော ဥမ္မာခင်နှင့် လှမဥ္ဇူတို့ ရုတ်တရက်မို့ လန့်ဖျပ်ကုန်ကြ၏။

ထို့နောက် မိမိတို့အနားသို့ မျက်စိမျက်နှာပျက်နှင့် မပြေးရုံတမယ် ရောက်ရှိလာသော ရတီဦးကိုကြည့်ပြီး လက်ညှိုးတထိုးထိုးနှင့် အသောမသတ်နိုင်အောင် ရယ်မောမိကြတော့၏။

"ဟား . . ဟား . . ဟား"

"ခစ် . . ခစ် . . ခစ် . . ခစ်"

"ဟဲ့ . . နင်တို့ . . ငါ့ကိုကြည့်ပြီး ဘာဖြစ်လို့ ရယ်နေကြတာလဲ။ ဒီမှာ ကြောက်ရတဲ့ကြားထဲ"

"ဟား . . ဟား . . ရတီရယ် နင့်ကိုယ်နင်လည်း ပြန်ကြည့်ပါဦး"

"ဟာ ! . ."

ထိုတော့မှ ရတီဦးလည်း သူ့ကိုယ်သူ သတိထားပြီးနေရာမှ တစ်ချိုးတည်း လစ်ပြေးတော့၏။ လက်နှစ်ဖက်ကတော့ ဖွံ့ဖွံ့ထွားထွား ကိုယ်ကာယထက်မှ အမေပေးထားသော လယ်တစ်ကွက်စာကို အုပ်လျက်ပေါ့။

အကြောင်းမှာ ရေချိုးခန်းအတွင်းသို့ လာရောက် ခြောက်လှန့်လာသော (နှာဘူး)သရဲကြောင့် သူမမှာ ရေချိုးနေရင်း တန်းလန်းမှ အဝတ်အစားနတ္ထိ ကိုယ်လုံးတီးဖြင့် ဥမ္မာခင်တို့ ကော်ဖီသောက် နေသောနေရာသို့ သတိလက်လွတ် ပြေးထွက်လာမိခြင်းဖြစ်သည်။

နောက်တစ်နေ့ နံနက်တွင်မူ အရှက်အကြောက်ကြီးသော ရတီဦးသည် သူငယ်ချင်းများကိုပင် နှုတ်မဆက်နိုင်တော့ဘဲ ရန်ကုန်သို့ တစ်ဦးတည်းပြန်သွားလေတော့၏။

"ဩော် . . တူမကြီးက အခန်းနံပါတ် (-)အကြောင်းကို သိချင်လို့လား"

"ဟုတ်ပါတယ် အန်ကယ်(လ်) . . သမီးတို့ သိချင်ပါတယ်။ နောက်ပြီး ဒီက သမီးသူငယ်ချင်း ဥမ္မာခင်ဆိုတာလည်း ဂမ္ဘီရနဲ့

www.burmeseclassic.com

www.burmeseclassic.com



လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်တွေကို ရေးနေတဲ့ စာရေးဆရာမတစ်ဦးပါ"

"အန်ကယ်(လ်)ပြောပြမယ်ဆို သူ့အတွက်လည်း ရေးစရာကုန်ကြမ်းရတာပေါ့ရှင် .. အခုလည်း ဒီကို ရောက်လာတယ်ဆိုတာ အပန်းဖြေခရီးထွက်ရင်း စာလေး၊ ပေလေးလည်း အေးအေးဆေးဆေး ရေးရအောင်လို့ပါ"

ရတီဦးပြန်သွားပြီး နောက်တစ်နေ့တွင် ဥမ္မာခင်တို့မှ မိမိတို့ တည်းခိုသောအခန်းနှင့် ပတ်သက်၍ မိုတယ်မန်နေဂျာ ဦးသိန်းတန်နှင့် စကားစမြည် ပြောဆိုနေကြခြင်းဖြစ်ပါသည်။

"အင်း .. ဒီအခန်းက တော်တော်လေးကို ထူးဆန်းတယ်လို့ ပြောရမှာပဲ သမီးတို့ရယ် .. အမှန်တော့ သိပ်မပြောပြချင်ပါဘူး။ သမီးတို့ကို မျက်နှာပူလို့ပါ"

"ဩော် .. ရပါတယ် အန်ကယ်(လ်)ရယ် .. ပြောမှာသာ ပြောပါ သမီးတို့ကို အားမနာပါနဲ့"

"ပြောပါ့မယ် သမီးရယ် .. ဒါပေမယ့် သမီးတို့ .. အန်ကယ့်(လ်)ကို ကတိတစ်ခုတော့ ပေးမှဖြစ်မယ်"

"ဘာများလဲ အန်ကယ်(လ်)"

"ဩော် .. အဲဒါက သမီးတို့ ဒီအခန်းအကြောင်းကိုသိပြီးရင် ဒီမှာ ဆက်မတည်းပါနဲ့တော့ .. နောက်ပြီး ဒီအကြောင်းတွေကို တခြား မည်သူ့ကိုမှ ပြန်မပြောပြပါနဲ့ .. အန်ကယ်(လ်)တို့ မိုတယ် သိက္ခာကျမှာ စိုးလို့ပါ"

"ဟုတ်ကဲ့ .. ရပါတယ် အန်ကယ်(လ်) သမီးတို့ ကတိပေးပါတယ်"

"သူ့နာမည်က ကိုပန်းမောင်ပါ။ ဝေါ်မစွံ လူပျိုသိုးကြီးပေါ့။ ပြင်ဦးလွင်မြို့သားစစ်စစ်။ ဒီတော်ဝင်သူမိုတယ်မှာ မန်နေဂျာအဖြစ် အလုပ်ဝင်နေသည်မှာ ဆယ်စုနှစ်တစ်ခုပင် ရှိနေပြီ။

အသက် (၃၀)အရွယ်ကတည်းက လုပ်နေတာ .. ယခုဆိုလျှင် (၄၀)ကျော်အရွယ်သို့ပင် ရောက်နေပြီဖြစ်တယ်။ ကိုပန်းမောင်



www.burmeseclassic.com

www.burmeseclassic.com


က စကားနည်းပြီး အနေအထိုင်အေးတယ်။ ရိုးရိုးအေးအေးကြီး ဆိုတော့ ဒီအသက်အရွယ်အထိ ရည်းစားဆိုတာ မူးလို့ပင် ရှူစရာ မရှိသေးဘူးပေါ့။

ဒါပေမယ့်ကိုပန်းမောင်က အနေသာအေးတယ်။ သူ့အသွေး အသားထဲမှာပါ လူပျိုဘဝက ကျွတ်လွတ်ချင်စိတ်က အပြည့်အဝရှိ နေတယ်။ ဒါကလည်း အပြစ်မဆိုသာပေ။

သူနှင့် သက်တူရွယ်တူရှိတဲ့ မိတ်ဆွေအပေါင်းအသင်း သူငယ်ချင်းတွေအားလုံးက အိမ်ထောင်ပြုကုန်ကြပြီ။ အိမ်ထောင် မပြုကြသေးတဲ့သူတွေကလည်း အနည်းဆုံးတော့ ချစ်သူရည်းစား တွေရှိနေကြတာကိုး။ သူတို့ကိုကြည့်ပြီး အားကျနေမိတာပေါ့။

တစ်နေ့ . .။

ထိုနေ့က ကိုပန်းမောင်အတွက် ကံကောင်းသည့်နေ့လား ဟူ၍ပင် ပြောရလေမည်လားမသိ။ ကိုပန်းမောင်တို့ တော်ဝင်သူ မိုတယ်သို့ ကျောင်းနေဖက် သူငယ်ချင်းဖြစ်သူ ရွှေမဝဆိုသည့် မိန်းမ ချောတစ်ဦး ရောက်ရှိလာ၏။

စင်စစ်တွင် ကိုပန်းမောင်သည် ရွှေမဝအား စီးပွားရေး တက္ကသိုလ် ပထမနှစ်တွင် စတွေ့ကတည်းကပင် တစ်ဖက်သတ် စိတ်ဝင်စားနေမိခြင်း ဖြစ်သည်။ ယခုလို မထင်မှတ်ဘဲ ပြန်လည် ဆုံတွေ့ရသောအခါ ကိုပန်းမောင်မှာ အတိုင်းမသိအောင် ဝမ်း မြောက်နေမိတော့၏။

ယခင်ကထက် ပြင်ဆင်တတ်လာသော ရွှေမဝသည် ပို၍ လှပကျော့ရှင်းလာသည်ဟု ထင်မိ၏။ ထို့ကြောင့် ကျောင်းတုန်းက အုံ့ပုန်း၍ ဖွင့်မပြောရဲခဲ့သမျှ ယခုအခါတွင် သူမကို မေတ္တာမျှနေ ပြီဖြစ်ကြောင်း ဖွင့်ပြောတော့မည်ဟု ဆုံးဖြတ်လိုက်တော့၏။

တကယ်တော့ ရွှေမဝသည် ကျောင်းပြီးသည့်နှစ်၌ပင် မိဘ များ သဘောမတူသော လူတစ်ဦးနှင့် ခိုးရာလိုက်ပြေးဖူး၏။ နောက် တွင် မိဘများမှ ပြန်ခွဲထားကြခြင်းဖြစ်၏။

ထို့ပြင် ရွှေမဝသည် ကျောင်းနေစဉ်အခါကလည်း လွန်စွာ



www.burmeseclassic.com

www.burmeseclassic.com


ချက်နာများသည့် ခပ်ရှုပ်ရှုပ် မိန်းကလေးတစ်ဦးဖြစ်ပြီး လွန်စွာလည်း အစအနောက်သန်သူတစ်ဦးဖြစ်သည်ကို လူရိုးကြီး ကိုပန်းမောင်တစ်ယောက်မှ မသိရှာပေ။

တစ်နေ့ . .။

ထိုနေ့ကတော့ ကိုပန်းမောင်အတွက် ကံဆိုးမိုးမှောင်ကျစေမည့်နေ့ရက် (သို့) ဘဝနိဂုံးချုပ်စေမည့် နေ့ရက်ဟူ၍ပင် သတ်မှတ်ရပေတော့မည်။

ထိုနေ့တွင် ကောင်တာထိုင်နေသော ကိုပန်းမောင်ထံသို့ ရှမဝသည် သူမတည်းခိုနေရာ အခန်းမှထွက်လာပြီး -

"ကိုပန်းမောင် . . ရှင် ဟိုတစ်နေ့က ကျွန်မဆီက ချစ်အဖြေတောင်းထားတာ မှတ်မိသေးတယ်မဟုတ်လား"

"ဟာ . . ဟုတ်တယ်လေ၊ အဲဒါ ညီမကတောင် ပြောသေးတယ်။ ဒီနေ့အဖြေပေးမယ်ဆိုတာလေ"

"အင်း . . ညီမအခုလာတာ အဲဒီကိစ္စအတွက်ပဲ ကိုပန်းမောင်"

"ဟား . . ရင်တွေ ခုန်လိုက်တာ ညီမရယ်"

"နေဦး . . သိပ်ပြီး စိတ်လှုပ်ရှားမနေနဲ့ဦး . . ကိုပန်းမောင်၊ ကျွန်မကို တကယ်ချစ်တယ်ဆိုရင် သက်သေ(၁)ခုပြဖို့လည်း လိုသေးတယ်နော်"

"ဟင်! . . သက်သေ၊ ဘယ်လိုသက်သေမျိုးလဲ ညီမရဲ့"

ထိုအခါ ရှမဝသည် အကျီစားသန်သူပီပီ ကောက်ကျစ်စွာ ပြုံးလိုက်သည်။ တကယ်တော့ ရှမဝသည် ကိုပန်းမောင်လို ရေခဲတုံးကြီးကို စိတ်မဝင်စားပါ။

သို့ပေမယ့် အတော်အတန် စုမိဆောင်းမိနေပြီဖြစ်သော မရှိမရှား လူတန်းစား ကိုပန်းမောင်ထံမှ ရသလောက် ချူစားဖို့တော့ စိတ်ဝင်စားပါသည်။

မိန်းမမာယာ သဲကိုးဖြာ၌ ရုန်းမထွက်နိုင်ရှာသော ကိုပန်းမောင်မှာ ရှမဝလိုချင်သမျှ ဝယ်ခြမ်းပေးနေရသည့်ကိုပင် မိုးမမြင်၊

www.burmeseclassic.com





လေမမြင်နှင့် အပျော်ကြီး ပျော်နေသည်။

ယခုလည်း သူမ၏ အပျော်တမ်း ဂိမ်းတစ်ခုထဲသို့ ကစားစရာသားကောင်အဖြစ် ဝင်ရောက်လာသော ကိုပန်းမောင်အား-

"ပြောပြမယ်လေ . . ချစ်သက်သေပြဖို့ သိပ်ပြီး ခဲခဲယဉ်းယဉ်းကြီး မဟုတ်ပါဘူး။ ဒီမိုတယ်ရဲ့ အနောက်အုတ်တံတိုင်းအနားမှာ ခြံစည်းရိုးခတ်ထားတဲ့ သစ်ပင်ကြီးတစ်ပင်ရှိတယ်ဆိုတာ ကိုပန်းမောင် သိတယ်မဟုတ်လား"

"အင်း . . သိတယ်လေ၊ အဲဒီသစ်ပင်ကြီးက သရဲအခြောက်ကြမ်းတယ်လို့ နာမည်ကြီးနေတဲ့ သစ်ပင်ကြီးပဲ။ ပြီးတော့ . . အဲဒီသစ်ပင်ကြီးပေါ်ကနေ လူတွေ ခဏခဏ ပြုတ်ကျ သေဆုံးတာတွေဖြစ်နေတာနဲ့ မိုတယ်ပိုင်ရှင်သူဌေး ဘယ်သူမှ ဝင်လို့မရအောင် ခြံစည်းရိုး ခတ်ထားလိုက်တာလေ။ ဘာဖြစ်လို့လဲ"

"ကိုပန်းမောင် . . သရဲတစ္ဆေတို့ ပရလောကတို့ကို အယုံအကြည်ရှိလား"

"အင်း . . ယုံတယ်လည်း မဟုတ်၊ မယုံဘူးလည်း မဟုတ်ဒီလိုပါပဲ။ ဒီအသက်အရွယ်ထိတော့ တစ်ခါမှ သရဲတွေဘာတွေအခြောက်ခံရတာမျိုး မဖြစ်ဖူးသေးဘူး။ ဒါပေမယ့် အပါယ်(၄)ဘုံ

www.burmeseclassic.com

ထဲမှာ ပြိတ္တာဘုံဆိုတာလည်း တစ်ခုအပါအဝင်ဖြစ်နေတော့ . .”

“ကဲပါ . . ကျွန်မ လိုရင်းပဲ ပြောမယ်။ ရှင် ကျွန်မကို တကယ် ချစ်တယ်ဆိုရင် အဲဒီအပင်ကြီးက ပိတောက်ပန်းတွေကို ည(၁) နာရီတိတိ အချိန်မှာ ရှင် ခူးပေးနိုင်မလား။ သကြံန်အကြို ချစ်သက် လက်ဆောင်ပေါ့ . . ဟုတ်လား”

“ဗျာ! . . အဲဒီအပင်ကြီးက ပိတောက်ပန်းတွေကို ည(၁) ချက်ထိုးမှာ ခူးပေးရမယ် ဟုတ်လား”

ကိုပန်းမောင်မှာ စွန့်စားရမည့်ကိစ္စများ၌ ကြောက်ရွံ့တတ် သူ မဟုတ်သော်ငြားလည်း သတင်းဆိုးများဖြင့် နာမည်ကြီးလှသော ပိတောက်ပင်ကြီးနှင့် ရင်ဆိုင်ရမည်ဆိုသောအခါ စိတ်လှုပ်ရှားမှုများ တော့ ဖြစ်ပေါ်နေမိ၏။

“ကဲ . . ရှင် စဉ်းစားပါ။ ကျွန်မဘက်ကတော့ ပြောစရာ ရှိ တာ ပြောပြီးသွားပြီ။ ရှင်မလုပ်ပေးနိုင်ဘူးဆိုရင်တော့ ကျွန်မ အချစ်ကို ဒီတစ်သက်ရဖို့ စိတ်မကူးနဲ့တော့ ဒါပဲ”

ရှုမဝကတော့ သူ့ကို သွေးတိုးစမ်း၍ ထွက်သွားချေပြီ။ သူ့မှာ သာ ရှေ့တိုးရအခက် နောက်ဆုတ်ရအခက် . . တုံကျိဘာဝေနေ၏။

ည(၁)နာရီအချိန် . .။


ကောင်းကင်တွင် လငပုပ် အဖမ်းခံနေရသည်။ လက သာ ချင်လျက်နှင့် တိမ်ညို၊ တိမ်မည်းများကြောင့် လင်းလင်းကျင်းကျင်း မရှိ။

“အချစ်အတွက် အသက်ပင် သေသေ”ဟု ဆုံးဖြတ်ထား သော မိုက်ရူးရဲ ကိုပန်းမောင်တစ်ယောက် ပုဆိုးကို ခါးတောင်းကျိုက် လိုက်၏။ ပါဝါမျက်မှန်အထူကြီးကိုလည်း သေသေချာချာ တပ် လိုက်၏။

ထို့နောက် ငယ်စဉ်ကပင် သစ်ပင်များပေါ်တက် ဆော့ကစား ဖူးနေသူမို့ ပိတောက်ပင်ကြီး၏ ခွဆုံတစ်နေရာသို့ရောက်အောင် ကျွမ်းကျွမ်းကျင်ကျင်ဖြင့် တက်လိုက်၏။ (မှတ်ချက် - ခြံစည်းရိုးမှာ အပုလေးဖြစ်သဖြင့် ကျော်ဝင်၍ရပါသည်။)

www.burmeseclassic.com





တက်သည် . . တက်သည် တစ်ထစ်ပြီး တစ်ထစ်။

နောက်ဆုံးသစ်ပင်၏ ခွဆုံနေရာသို့ ရောက်ခါနီးအချိန်တွင်တော့ . .။

မျောက်ဝံကြီးတစ်ကောင်လို တစ်ကိုယ်လုံး အမွေးရှည်ကြီးများ ဖုံးအုပ်ထားသော အရပ် (၁၀)ပေခန့်ရှိမည့် မည်းမည်းကောင်ကြီး တစ်ကောင်မှာ ဘွားခနဲ ပေါ်လာတော့၏။

ထို့နောက် ကျဉ်းမြောင်း၍ ရဲရဲနီသော မျက်လုံးအစုံဖြင့် စိုက်ကြည့်နေပြီး ကြီးမားသော အစွယ်နှစ်ချောင်းနှင့် ချွန်ထက်သော သွားများရှိနေသော ပါးစပ်ကြီးကို တစ်ထွာနီးပါးမျှ ဟ၍ဖြလိုက်ရင်း သူ၏ သန်မာသောလက်အစုံဖြင့် ကိုပန်းမောင်အား တွန်းချလိုက်ရာ . .။

"ဘုန်း! . ."

"အား! . ."

ဤပိတောက်ပင်၌ သရဲရှိသည်ဆိုခြင်းကို မယုံတစ်ဝက်၊ ယုံတစ်ဝက်ဖြစ်နေရှာသော ကိုပန်းမောင်မှာ ရုတ်တရက် သစ်ပင်ခွကြားမှ တစ္ဆေကောင်ကြီး၏ အလစ်အငိုက် တိုက်ခိုက်လာခြင်းကို မရှူမလှ ခံစားလိုက်ရတော့၏။

မြေပြင်ထက်တွင် ပြူးကျယ်ပိုင်းစက်နေသော မျက်ဝန်းအစုံဖြင့် (အံ့ဩသင့်ဟန်) ကိုပန်းမောင်မှာ သေဆုံးခါနီးတွင် မိန်းမ

www.burmeseclassic.com

www.burmeseclassic.com





ဆိုလျှင် အရမ်း ကြောက်စရာကောင်းသည်။ မိန်းမများကို ရွံမုန်းသည်ဟူသော အသိအစွဲကြီးဖြင့် အားလုံးကို သိမ်းကြုံး၍ စိတ်နာ သွားသည့်ဟန်မှာ သူ၏မျက်နှာတွင် အတိုင်းသား ပေါ်လွင်နေပါတော့၏။

ဤသို့ဖြင့် တော်ဝင်သူမိုတယ်တွင် အမျိုးသားဆိုလျှင် မခြောက်၊ အမျိုးသမီးများကိုသာ ရွေးချယ်ခြောက်လှန့်နေသော (နာဘူးသရဲ)ဟူ၍ အခန်း(-)တွင် နာမည်ကြီးနေပါတော့သည်။

ဟိုတယ်မန်နေဂျာဦးသိန်းတန်မှ (နာဘူး)သရဲကိုပန်းမောင် အကြောင်း ပြောပြလိုက်ရ၍ မောသွားဟန်ဖြင့် ရေတစ်ခွက်ငှဲ့သောက်လိုက်၏။

"အခန်းနံပါတ် (-)အကြောင်းကတော့ အဲဒါပါပဲ သမီးတို့ရယ် .. သမီးတို့ မလာခင်ကလည်း လင်မယားနှစ်ယောက် အဲဒီအခန်းမှာလာတည်းတာ ဒီသရဲက မိန်းမကိုပဲ ခြောက်တယ်။ ယောက်ျားကိုတော့ မခြောက်ဘူးလို့ သိရတယ်။ ဒီလိုပဲ မိသားစုတွေ လာတည်းရင်လည်း အမျိုးသမီးတွေကိုပဲ ရွေးခြောက်တယ်။ အရမ်းထူးဆန်းတယ်"

"ဒါနဲ့ အန်ကယ်(လ်) တစ်ခုလောက် မေးပါရစေ။ အဲဒီသရဲက သမီးတို့တည်းတဲ့ အခန်းကိုပဲခြောက်ပြီး တခြားအခန်းတွေကို ဘာဖြစ်လို့ မခြောက်ရတာလဲ"

"ဪ .. အဲဒါက သူ တစ်ဖက်သက် စိတ်ဝင်စားနေတဲ့ ရှုမဝဆိုတဲ့အမျိုးသမီးက အဲဒီအခန်းမှာ တည်းသွားတာဆိုတော့ သူ့သေခါနီးအချိန်မှာ စိတ်စွဲသွားလို့ နေပါလိမ့်မယ်ကွယ်"

"ဪ .. အခုလိုရှင်းပြပေးတာ ကျေးဇူးတင်ပါတယ်

www.burmeseclassic.com


အန်ကယ်(လ်)၊ ဒါနဲ့ သမီးတို့ တစ်ခုလောက် ကူညီလို့ရမလား မသိဘူး"

"ဘာများလဲ သမီးတို့ရဲ့ . . ပြောကြည့်လေ"

"ဟို . . အခု အဲဒီအခန်းထဲမှာ မကျွတ်မလွတ်ဖြစ်နေတဲ့ ကိုပန်းမောင်အတွက် သမီးတို့က ကြားထဲကနေ ကုသိုလ်ယူတဲ့ အနေနဲ့ သံဃာတော်တွေပင့်ပြီး ဆွမ်းကပ် အမျှဝေပေးချင်ပါတယ်"

"ဪ . . ရပါတယ် သမီးရယ် . . ဒီအတွက်လည်း အန်ကယ်(လ်)က သာဓုခေါ်ပါတယ်"

ထို့နောက် ဥမ္မာခင်နှင့် လှမဥ္ဇူတို့ သူငယ်ချင်းနှစ်ဦးမှ ပေါင်း၍ တော်ဝင်သူမိုတယ်၏ အခန်းနံပါတ်(-)တွင် သံဃာတော်(၅) ပါးပင့်၍ တရားနာပြီး အမျှဝေရာ၌ ကိုပန်းမောင်နာမည်ကို ခေါ်၍ အမျှဝေပေးဝေခဲ့ပါသည်။

နောက်တစ်နေ့တွင် ရန်ကုန်သို့ သူငယ်ချင်းနှစ်ဦး ပြန်လာခဲ့ပါတော့သည်။ ရန်ကုန်သို့ ပြန်ရောက်ပြီး (၃)ရက်အကြာမှာတော့ စာရေးဆရာမ ဥမ္မာခင်၏ ဖုန်းထဲသို့ ပြင်ဦးလွင်မှ မိတ်ဆွေဖြစ်သူ မန်နေဂျာဦးသိန်းတန်ထံမှ မက်ဆေ့ချ်ဝင်လာပါသည်။

အဆိုပါ မက်ဆေ့ချ်စာများကို ဥမ္မာခင်တို့ သူငယ်ချင်းနှစ်ဦး ဖတ်မိသည့်အချိန်တွင်တော့ တော်ဝင်သူမိုတယ်မှ ပရလောကသား ကိုပန်းမောင်ကို စိတ်အပျက်ကြီး ပျက်သွားမိပါတော့သည်။ ဖုန်းထဲမှ စာအတိုင်းကို ဖော်ပြရသော် -

"တော်ဝင်သူကနေ သမီးတို့ပြန်သွားပြီး
နောက်တစ်နေ့ ညမှာပဲ နာဘူးသရဲ
ခြောက်လှန့်မှုတွေ ပြန်စလာတယ်။
အဲဒီညမှာ လာတည်းသွားတဲ့စုံတွဲမှာ
ကောင်မလေးကိုပဲ ရွေးပြီး
ခြောက်လှန့်ခဲ့တယ်။
ဒီလို ပြဿနာတွေနဲ့ ပတ်သက်ပြီး
အန်ကယ်တို့လည်း မကြုံတတ်အောင်


www.burmeseclassic.com

www.burmeseclassic.com


ဖြစ်နေကြတယ်။ ဘာပဲဖြစ်ဖြစ်
သမီးတို့ဘက်က တတ်စွမ်းသမျှ
ကူညီပေးခဲ့တာကို ကျေးဇူးတင်ပါတယ်"

၎င်းစာကို ဖတ်ပြီးချိန်၌ ငယ်စဉ်က အဘွားဖြစ်သူ ပြောခဲ့ဖူးသောစကားကို ဥမ္မာခင် ပြန်လည်ကြားယောင်နေမိတော့၏။ ၎င်းမှာ -

"ပရလောကသားတွေ ကျွတ်လွတ်ဖို့ဆိုတာက သူတို့ရဲ့ ကုသိုလ်ကံနဲ့လည်း ဆိုင်သေးတယ်ကွဲ့ သမီးရဲ့ . . ကိုယ်က အမျှဝေတိုင်းလည်း ကျွတ်လွတ်သွားတာ မဟုတ်ဘူး။ ကိုယ် အမျှဝေနေတဲ့ အချိန်မှာ သူတို့က အနီးမှာရှိနေဦးမှ၊ ကိုယ်က သူ့နာမည် ခေါ်နေတဲ့ အချိန် သူက တခြားတစ်နေရာ အဝေးကြီးကိုရောက်နေရင် အမျှဝေတာ . . သူတို့ မရနိုင်ဘူး"

"တစ်ခါ . . အနီးမှာရှိနေမြန်ရင်တောင် သူတို့ဘက်က သာဓု(၃)ကြိမ်လိုက်ခေါ်မှ ကျွတ်လွတ်တာ သမီးရဲ့ . . "ဟူသတည်း။

မည်သို့ပင်ဆိုစေကာမူ ဤ တော်ဝင်သူ(အမည်ပြောင်း) မိတယ်သရဲအကြောင်းကို စာရှုသူတို့ဘက်မှ မယုံကြည်ဘူးဆိုပါက မြင်ဦးလွင်ရှိ အဆိုပါမိတယ်သို့ တစ်ကြိမ်တစ်ခါလောက်သွားရောက်၍ တည်းခိုစမ်းသပ်ကြည့်စေလိုကြောင်း စာရေးသူမှ အကြံပြုလိုပါသည်။

စိုးမိုးနိုင်


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





၂။

"ကျွန်မ မေတ္တာသုတ်ကို
ဂြိုဟ်သက်အလိုက်
ရွတ်ဆိုလိုက်တာ..
တစ်ပတ်ပြည့်တော့
(၁၀၈)ခေါက် ရွတ်ဆိုပြီး
ဖြစ်ပါတယ်"

ဘဝမှာလူရယ်လို့ဖြစ်လာတဲ့သူတိုင်း စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးအမျိုးမျိုးသော အခက်အခဲတွေ ရှိလာတတ်ပါတယ်။ ဒီလိုဖြစ်လာတိုင်း စိတ်ပျက်အားမငယ်နေဘဲ အားကိုးရာဖြစ်သော မြတ်စွာဘုရား၏ ဂုဏ်တော်အစွမ်းများကို သတိရကြတော့တာပါပဲ။

ကျွန်မကိုယ်တိုင်ကလည်း မွေးရာပါ ပဋိသန္ဓေစိတ်ကြောင့်ပဲ ပြောရမလား။ ငယ်ငယ်ထဲက ဘာသာရေး အားနည်းသူတစ်ယောက်မဟုတ်ပါ။ အမေနဲ့လည်း ဥပုဒ်နေ့တိုင်း၊ ဥပုဒ်ကျောင်းတွေလိုက်သွား ဥပုဒ်စောင့်၊ တရားလိုက်ထိုင်၊ အသက်(၁၂)နှစ်သမီးလောက်ကတည်းက ဆိုပါစို့။

ဒါတင်ဘယ်ကမလဲ ဟိုမန္တန်ကောင်းတယ်ဆိုလည်း ရွတ်၊ ဒီဂါထာကောင်းတယ်ဆိုလည်း ရွတ်ပေါ့။ မှတ်မိပါသေးတယ်။ (၂၀၁၂)ခုနှစ်လောက်ကပေါ့။ ကျွန်မက ကဆုန်လပြည့်နေ့၊ ရွှေဘုန်းပွင့်ဘုရားမှာ ကဆုန်ညောင်ရေသွန်းလောင်းဖို့ သွားပါတယ်။

အဲဒီမှာ အဘိဓမ္မာသင်တန်းက မိတ်ဆွေတစ်ယောက်နဲ့ တွေ့တယ်။ သူတို့က ဘုရားမှာ အအေးဒါနပြုနေကြတယ်။ တစ်



www.burmeseclassic.com

www.burmeseclassic.com


ယောက်နဲ့တစ်ယောက် အပြန် အလှန်နှုတ်ဆက်စကားပြောပြီး ကျွန်မက ပြောတယ်-

"သွားလိုက်ဦးမယ် မမီး၊ ကျွန်မ ဘုရားရှိခိုးလိုက်ဦးမယ်။ ဘာမှလည်း မရွတ်ရ၊ မဖတ်ရ သေးဘူး"ပေါ့။ အဲဒီတော့ သူမ က ကျွန်မကို နောက်လိုက်တယ်။ အရွတ်တွေများပြီး အရွတ်ကြီးပဲ ရနေဦးမယ်ပေါ့"



ဟုတ်ပါတယ် . . သူမ ပြောတာ တချို့လူတွေအဖို့တော့ ဟုတ်ချင် ဟုတ်နေပါလိမ့်မယ်။ ဝါချုပ်ဆရာတော် ဒေါက်တာ နန္ဒ မာလာဘိဝံသရဲ့တရားတော်တွေ နာယူတိုင်း အမြဲတမ်း ကြားနာ ရတဲ့ ဓမ္မစကားက -

"မကောင်းမှု ရှောင်၊ ကောင်းမှု ဆောင်၊ ဖြူအောင် စိတ်ကို ထား"တဲ့။ ဒါကြောင့် ကိုယ်ကျင့်တရားကောင်းမွန်ပြီး မပြစ်မှား သင့်တဲ့သူကို မပြစ်မှားဖို့ပါပဲ။ ခင်ပွန်းကြီး ဆယ်ပါး၊ ကျေးဇူးတရား အသိနဲ့သတိဆိုတာ လူတိုင်း မသိကြပါဘူး။

အဲဒီလိုမသိတဲ့လူတွေကို ကိုယ်ကျင့်တရား မကောင်းဘူး လို့ ဆိုရမှာပါပဲ။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတိုင်း ဘုရားစင်ရှေ့တော့ ထိုင်ဖူးမှာပါပဲ။ ဘုရားလည်း ရှိခိုးဖူးမှာပဲ။ မရွတ်ဘူးလားမေးတော့ လည်း ရွတ်ဖတ်ပူဇော်ဖူးမှာပါပဲ။

သို့သော် အရွတ်ပဲရတယ်။ အသားမရဘူး။ အကာပဲ ရ တယ်။ အနှစ်မရဘူး။ ကုသိုလ်တော့ ရတယ်။ အကျိုးပေး မသန်ဘူး ပေါ့။ ဘာကြောင့်လဲလို့ပြောရင် သူတို့မှာရှိနေတဲ့ စိတ်ထားနဲ့ကိုယ် ကျင့်တရားက အားနည်းနေသေးတယ်လို့ ပြောလို့ရပါတယ်။

လူတိုင်းမှာ အခက်အခဲဆိုတာ ရှိတတ်ကြပါတယ်။ ကျွန်မ

www.burmeseclassic.com



မှာလည်း အခက်အခဲမျိုးစုံကို ရင်ဆိုင်ခဲ့ဖူးပါတယ်။ ကိုယ့်ဘဝမှာ မပြည့်စုံတာလေးတွေရှိရင် ပြည့်စုံချင်တယ်။ ကျွန်မက လူတစ်မျိုး။ ကိုယ်လှူချင်တန်းချင်တာလေးတွေရှိလို့ မလှူနိုင်ရင် စိတ်ဆင်းရဲတယ်။ ကျွန်မ အကြောက်ဆုံးက သာသနာမပြုနိုင်ဘဲ ချို့တဲ့စွာ နေရတဲ့ဘဝကို အကြောက်ဆုံးပါပဲ။

အခက်အခဲမျိုးစုံကိုကျော်လွှားနိုင်ဖို့က မြတ်စွာဘုရား၏ အဆုံးအမတရားတွေနဲ့ နေထိုင်တတ်ဖို့လည်း လိုတယ်ပေါ့။ ဒီလိုနဲ့ ဘဝကို ပြုပြင်နေထိုင်ရင်း တစ်နေ့မှာ ကျွန်မရဲ့ မိတ်ဆွေတစ်ယောက်က

"သက်သက်ရေ . . ဒီမှာ ကြည့်စမ်း၊ ဒီမဂ္ဂဇင်းစာအုပ်ကို ယူဖတ်ကြည့်တော့ မေတ္တာသုတ်ကို ပြိုဟ်သက်တွေအလိုက် ရွတ်သွားပုံကို ရေးထားပေးတယ်"

အချိန်ကတော့ ကြာပြီ . . (၁၉၉၄)ခုနှစ်လောက်ဖြစ်မယ်။ မဂ္ဂဇင်းအမည်ကတော့ သိပ်မမှတ်မိပါဘူး။ ကျွန်မလည်း ကိုယ့်ဘဝတစ်စိတ်တစ်ပိုင်း တိုးတက်ရာတိုးတက်ကြောင်း အခက်အခဲတွေ ကျော်လွှားနိုင်ဖို့က အားကိုးတစ်ခုပါ။

အလုပ်ကတော့ အားတယ်မဟုတ်ပေမယ့် ဒီလိုပဲ အချိန်လုပြီး ကြိုးစားရွတ်ရပါတယ်။ မေတ္တာသုတ်ပါဠိနဲ့ အနက်အဓိပ္ပာယ်ကတော့ ပရိတ်ကြီး(၁၁)သုတ်စာအုပ်တွေမှာ အတော်များများပါပြီးသားမို့ အထူးဖော်မပြတော့ပါဘူး။ မရွတ်ပွားခင် ဘုရားစင်ရှေ့မှာ ကတိသစ္စာတစ်ခုခုပြုပြီးမှ ရွတ်ပွားလျှင် ပိုကောင်းပါလိမ့်မည်။

ဒီလိုနဲ့ ကျွန်မ မေတ္တာသုတ်ကို ပြိုဟ်သက်အလိုက် ရွတ်ဆို

www.burmeseclassic.com


လိုက်တာ၊ တစ်ပတ်ပြည့်တော့ (၁၀၈)ခေါက် ရွတ်ဆိုပြီးဖြစ်ပါတယ်။ နောက်ပိုင်းလည်း အလျဉ်းသင့်သလို၊ အဓိဋ္ဌာန်ဝင်သွားပါတယ်။ ဒီလိုနဲ့ပဲ ကျွန်မရဲ့ဘဝ တိုးတက်ရာ တိုးတက်ကြောင်းလမ်းကြောင်းပေါ်ရောက်လာပါတော့တယ်။

အခုလက်ရှိ ဘဝပေးအခြေအနေအရလည်း အတော်အတန်လေး လှူနိုင်တယ်။ သာသနာပြုနိုင်ခဲ့တယ်။ တစ်ဖန်ပုဗ္ဗဏှသုတ်လည်း သူ့ဟာနဲ့သူတော့ အစွမ်းထက်ပါတယ်။ နောက်ပိုင်း ပုဗ္ဗဏှသုတ်ရဲ့ကိုယ်တွေ့အကြောင်းလေးတွေလည်း အလျဉ်းသင့်သလို ဖော်ပြသွားပါဦးမည်။

ယခု မေတ္တာသုတ် ဂြိုဟ်သက်အလိုက် ရွတ်ပွားပုံကို စာရှုသူ အပေါင်းကို မျှဝေပါရစေ။ မနက်ပိုင်း ရွတ်နိုင်လျှင် ပိုကောင်းပါသည်။

| | | |
|---|---|---|
| ၁) | တနင်္ဂနွေဂြိုဟ်သက် | (၆)ခေါက် |
| ၂) | တနလာင်္ဂြိုဟ်သက် | (၁၅)ခေါက် |
| ၃) | အင်္ဂါဂြိုဟ်သက် | (၈)ခေါက် |
| ၄) | ဗုဒ္ဓဟူးဂြိုဟ်သက်(မနက်) | (၁၇)ခေါက် |
| | ရာဟုဂြိုဟ်သက်(ညနေ) | (၁၂)ခေါက် |
| ၅) | ကြာသပတေးဂြိုဟ်သက် | (၁၉)ခေါက် |
| ၆) | သောကြာဂြိုဟ်သက် | (၂၁)ခေါက် |
| ၇) | စနေဂြိုဟ်သက် | (၁၀)ခေါက် |


(၁)ပတ်ပြည့်လျှင် မေတ္တာသုတ်(၁၀၈)ခေါက် ရွတ်ပွားနိုင်ပါကြောင်း မျှဝေလိုက်ပါသည်။

အင်ကြင်းနိုင်(ပဲခူး)

www.burmeseclassic.com

www.burmeseclassic.com


# သွေးလေဆီးဝမ်းအတွက် ကေရာင်ပင်အစွမ်း



နေရာဒေသအနှံ့အပြားတွင် ပေါက်ရောက်သော မြန်မာ့ဆေးဘက်ဝင် ကေရာဇ်ပင်သည် အပွင့်၊ အဖူး၊ အရွက်၊ အခေါက်၊ အမြစ်အပါအဝင် ပဥ္စငါးပါးစလုံး ဆေးဘက်ဝင်အသုံးဝင်မှုနှင့် ကေရာဇ်ပင်၏ အကျိုးအာနိသင်ကို အများသိ၍ အသုံးပြုနိုင်ရန် လေ့လာမိသမျှနှင့် မြင်တွေ့သိရှိသမျှကို မျှဝေလိုက်ရပါသည်။

ကေရာဇ်ပင်သည် အပင်မှာ အပွေးပါးပြီး ရေမြေကောင်းလျှင် အပင်ကြီးမားရှင်သန်နိုင်သည်။ အရသာမှာ ခါးသက်သော အရသာရှိ၍ အေးသောဂုဏ်သတ္တိရှိပြီး လေကိုနိုင်သည်။


အပွင့်၊ အရွက်နုတို့ကို ရေနွေးစိမ်၍ နမ်းဆီကျက်၊ ကြက်သွန်ကြော်၊ သံပရာသီးညှစ်ကာ ကြက်သွန်နီတို့နှင့် အသုပ်လုပ်စားလျှင် သွေးတိုး၊ သွေးတက်ကို သက်သာပျောက်ကင်းစေသည်။ ထို့ပြင် အမျိုးသမီးများ မီးယပ်ကြောင့်ဖြစ်သော ရောဂါဝေဒနာများကို ကောင်းမွန်စေပါသည်။

ကေရာဇ်ရွက်နုကို ရေနွေးစိမ်၍နေစဉ် အတို့အမြုပ်လုပ်၍ စားပေးခြင်းဖြင့် သွေးတိုး၊ နလုံးတုန်၊ ရင်ခုန်ခြင်းတို့ကို ပျောက်ကင်းသက်သာစေပါသည်။ အမြစ်ကို ဆန်ဆေးရေ(ရေသန့်)နှင့်


www.burmeseclassic.com

www.burmeseclassic.com





သွေး၍ သကြား၊ ဆားသင့်ရုံနှင့် စပ်၍လည်း သောက်ပေးနိုင်သည်။

အမြစ်ကိုပြုတ်၍ ရက်ရှည်လများ ပုံသေစွဲ၍ သောက်ပေးလျှင် ခရုသင်း၊ သမင်ဖြူ ပျောက်သည်။ နိုင်ငံခြားသောက်ဆေးမှားခြင်း၊ အဆိပ်အမျိုးမျိုး မိခြင်းတို့အတွက် ဘုမ္မရာဇမြစ်နှင့် ကေရာဇ်မြစ်တို့ကို သွေး၍ ရေအေးနှင့်တိုက်လျှင် အဆိပ်ပြေပါသည်။


ဘုမ္မရာဇမြစ်နှင့် ကေရာဇ်မြစ်ကိုတွဲ၍ ဆေးဘက်ပြုလျှင် အားတိုးဆေး၊ စားကောင်းအိပ်ပျော်ဆေးနှင့် အဆိပ်ဖြေဆေး၊ လေဆေးတို့အဖြစ် ဖော်စပ်အသုံးပြုနိုင်သည်။

ကေရာဇ်မြစ်၊ အခေါက်၊ အရွက်၊ အပွင့်တို့ကို အချိန်အတွယ် လိုအပ်သလောက် အနေအထား(ဥပမာ) ကေရာဇ်ပဥ္စငါးပါး ငါးဆယ်သားကို ထုထောင်း၍ သံပရာသီး အလုံးငါးဆယ်ကိုလည်း ရေဆေးပြီး ဓားနှင့်ခုတ်စင်းရောစပ်ကာ အရက်ချက်၊ အရက်ပေါင်းသလို ပေါင်း၍ ရရှိသော ပေါင်းရည်ကိုခံယူပြီး အဖျားရောဂါအမျိုးမျိုးကို ကုသတိုက်ကျွေးနိုင်သည်။

ရေငတ်ဝမ်းကျဖြစ်ခြင်း၊ ဝေဒနာတစ်ခုကြောင့် ရေအလွန်ငတ်ခြင်းကို ဆန်ဆေးရေနှင့် ကေရာဇ်မြစ်ကိုသွေး၍ သုံးကြိမ်မျှ သောက်ပေးခြင်း၊ အဝတ်ပါးနှင့် အရည်ကိုစွတ်၍ ရင်ဘတ်ပေါ်တွင်အုပ်ပေးခြင်းဖြင့် ပျောက်ကင်းသက်သာစေပါသည်။

ကေရာဇ်မြစ်ကို ဓားနှင့်စင်း၍ အမှုန့်ပြုလုပ်ပြီး နှမ်းသက်ရာ သွေးဆေး၊ သို့မဟုတ် သကြားနှင့်သောက်ပေးလျှင် အိပ်ပျော်သည်။ လူပိန်ခြင်းမှ ဝဖြိုးစေပါသည်။

www.burmeseclassic.com

ကေရာဇ်ပင်ကို ပဥ္စငါးပါးအစုံရလျှင် ဓားနှင့်နှုပ်နှုပ်ပါအောင် ခုတ်စင်းပြီး ပြာချပါ။ ၎င်းပြာကို ရေဖျော်ပြီး ပြာရည်ကို ခမ်းခြောက်အောင် ချက်ခြင်းဖြင့် ဆားတစ်မျိုး ရရှိပါသည်။

ထိုဆားကို ရုက္ခမူဆားဟုခေါ်ပြီး ဆေးဘက်အသုံးပြုရာတွင် အစားပျက်၊ အစာမကြေ၊ ရင်ပြည့်ရင်ကာယ်၊ သလိပ်ကြပ်ခြင်း၊ အပုတ်လွန်ကဲခြင်း၊ ခံတွင်း အနံ့မကောင်းခြင်းနှင့် ကေရာဇ် ရုက္ခမူဆားကို သံပရာရည်နှင့် ဖျော်ရည်ကဲ့သို့ သောက်ပေးလျှင် ချောင်းဆိုးသွေးပါ အဆုတ်နာ ရောဂါဝေဒနာကို ညင်သာစွာဖြင့် အပန်းမကြီး၊ ငွေကုန်ကြေးကျသက်သာစွာဖြင့် ပျောက်ကင်းနိုင်ပါသည်။

ရုက္ခမူဆားအနည်းငယ်ကို ရေသန့်သန့်နှင့်ပုလင်းငယ်ဖြင့် ထည့်ထားပြီး နံနက်ညတို့တွင် မျက်စဉ်းခပ်ပေးခြင်းဖြင့် မျက်ရည်ကျခြင်း၊ မျက်စိရှုးခြင်း၊ မျက်သားတက်ခြင်း၊ မျက်စိနာခြင်းတို့ကို ပျောက်ကင်းသက်သာစေပါသည်။

စိုးယဉ်ထွန်း


www.burmeseclassic.com

www.burmeseclassic.com



# ထိပ်ကပ်နာအတွက် ဆေးနည်းကောင်းတစ်လက်



ထိပ်ကပ်နာ၊ နှာခေါင်းပိတ်ခြင်းဆိုသည်မှာ နှာတာရှည် ရောဂါမျိုးဖြစ်သည်။ အရှင်းပျောက်ကင်းဖို့ မလွယ်ကူဘဲ အေးလာသည်နှင့် ပြန်ပြန်ဖြစ်တတ်သည်။ နှာခေါင်းတွင် နှာရည်များခဲနေ၍ ပိတ်ဆို့နေခြင်းဖြစ်သည်။

ထိုအခါ အသက်ရှူမဝ၊ အနံ့မရနှင့် တချို့ကျတော့ နပ်ပုပ်ရည်များ ကျဆင်းတတ်သည်။ ယခုနောက်ပိုင်းတွင် လူတိုင်းလိုလိုဖြစ်လာကြသည်။ ထိုသို့ဖြစ်ပါက တိုင်းရင်းဆေး နည်းလမ်းကောင်းဖြင့် ကုသနိုင်သည်။

ရေအေးခွက်တစ်ခွက်တွင် ဆားခါးတစ်ဇွန်းထည့်ပြီး ရေနွေးပါထည့်ဖျော်၍ ရေခွက်ထဲတွင် နှာခေါင်းနှစ်ပြီး ရေကိုရှူပါ။ (သီးတာခံပါ)

နောက်တစ်နည်းမှာ ချုံမှုန့်ကို သံပရာရည်နှင့်နယ်ပြီး နှာခေါင်းပေါ်တွင် အုံပေးပါ။ ထိုနည်းကို တိုင်းရင်းဆေးအမှတ်(၄၁) တွင် "အကင်းဆယ်ပါးဆေး" ဟု ခေါ်သည်။

တတိယနည်းမှာ ဒန့်သလွန်ရွက်ကို ကြက်သွန်ဖြူများများ (ဓားပြားရိုက်)ထည့်၍ တင်းချိုချက်သောက်ပါဟု လမ်းညွှန်ပါမည်။

စိုးယဉ်ထွန်း



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



# ကလေးရှူးနေသောသရဲမ

ရေနံမြေ ခရေ

www.burmeseclassic.com

www.burmeseclassic.com





။

*"ကလျာ့ကိုယ်ထဲ ဝင်ပြီးနေရင်*
*ကလေးရမှာပဲ တွေးပြီး*
*ကျောက်ဆောင်နောက်မှာ*
*ကလျာကို ချော်လဲအောင်*
*လုပ်ပြီး သတ်ကာ*
*သူ့ကိုယ်ထဲ ဝင်နေတာပါ"*

ဒီနေ့ ကိုကိုနဲ့ကလျာတို့ မင်္ဂလာဆောင်သောနေ့ပါ။ ညီညီ တစ်ယောက် သူ့အစ်ကိုကိုကြည့်ပြီး ပျော်နေသည်။ ညီညီတို့မှာ ညီအစ်ကိုနှစ်ယောက်တည်းရှိသည်။ မိဘတွေက ချမ်းသာကြသည်။

ကိုကိုက မိဘ၏ကုမ္ပဏီမှာ လုပ်သည်။ ညီညီကတော့ ကျောင်းမပြီးသေး။ ကိုကိုမင်္ဂလာဆောင်ပြီးနေရန် ပြင်ဦးလွင်မှာ တိုက်ခန်းဝယ်ထားသည်။ ကိုကို မင်္ဂလာဆောင်ပြီးသည်နှင့် ပေလီကို ဟန်းနီးမွန်းသွားကြမည်။

ကိုကိုတို့ဇနီးမောင်နှံမှာ ပေလီသွားခါနီး မိဘတွေကို ကန်တော့ပြီး ဆွေမျိုးတွေနှင့် သူငယ်ချင်းတွေကို နှုတ်ဆက်နေသည်။ ညီညီကိုလည်း မှာစရာရှိတာ မှာနေသည်။

"ညီညီ . . ကိုကိုမရှိလို့ လျှောက်လည်မနေနဲ့ဦး။ မေမေနဲ့ ဖေဖေကို ဂရုစိုက်နော် . . ကိုကို စိတ်ချမယ်နော်"

"စိတ်ချလက်ချသွားပါ ကိုကိုရာ . . ဖေဖေနဲ့မေမေအတွက် ဘာမှမပူပါနဲ့"

ကိုကို အားလုံးကိုနှုတ်ဆက်ပြီး ပေလီကို ထွက်သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com


ကိုကိုတို့ဇနီးမောင်နှံ နောက်တစ်နေ့ ပေလီကိုရောက်ကြသည်။ နှစ်ယောက်သား ဟိုတယ်မှာ တည်းသည်။ ကိုကိုတို့နှစ်ယောက် ပေလီမှာ ပျော်နေကြသည်။

ဒီနေ့ ကိုကို အစောကြီးနိုးနေသည်။ သူ့ဘေးက ကလျာကို ကြည့်လိုက်တော့ မတွေ့ရသဖြင့် ကလျာကို လိုက်ရှာသည်။ ဟိုတယ်မှာ မတွေ့သဖြင့် ပင်လယ်ဘက်ကို ထွက်ခဲ့သည်။ နှုတ်မှလည်း ကလျာကိုအော်ခေါ်သည်။

"ကလျာ . . ကလျာ . . မင်း ဘယ်မှာလဲ"

"ကိုကိုလိုက်ရှာရင်း ကျောက်ဆောင်တွေဘေးကို ရောက်သွားသည်။ ကျောက်ဆောင်ဘေးတွင် ကလျာကို တွေ့လိုက်သည်။

"အမလေး . . ကလျာရယ် အစောကြီး ဘယ်တွေလျှောက်သွားနေတာလဲ"

"ကလျာ . . အိပ်မပျော်လို့ အစောကြီး ခရုလာကောက်တာ"

"အဲဒါများ ကိုကို့ကို နှိုးရောပေါ့"

"ကိုကို အိပ်ရေးပျက်မှာစိုးလို့ မနှိုးတာ"

ကိုကိုတို့နှစ်ယောက် ပေလီမှာ နှစ်ပတ်လောက်နေပြီး ကိုကို မိဘအိမ်ကို ပြန်လာကြသည်။ မိဘအိမ်မှာ တစ်ပတ်လောက်နေပြီး ကလျာက မိဘအိမ်မှာ နေရတာ မလွတ်လပ်ဘူးဆို၍ သူတို့နေရန် ပေးထားသော ပြင်ဦးလွင်ကတိုက်ကို ပြောင်းလာကြသည်။

ကိုကိုမှာ ပြင်ဦးလွင်ရှိ သူ့အဖေကုမ္ပဏီခွဲတွင် အလုပ်ဝင်လုပ်သည်။ ကိုကိုမှာ ကလျာကို သတိထားမိသည်။ ကလျာ တစ်ယောက် အရင်ကနဲ့မတူ။ သူ့ကို မျက်စိအောက်က အပျောက်မခံ။

သူအိမ်မှာရှိရင်လည်း သူ့ကိုပွတ်သီးပွတ်သပ်နှင့် ပလူးပလဲလုပ်သည်။ အရင်က ရှက်တတ်သောကလျာနှင့် တခြားစီ ဖြစ်နေသည်။ ယခင်က အစားအသောက်နည်းသော ကလျာမှာ ပေါ့ အစားကို အငမ်းမရစားသည်။

ယခင်က ကလေးမလိုချင်သော ကလျာ၊ ယခုကလေးယူရန် ခဏခဏပြောသည်။ ကိုကို အံ့သြနေသည်။

www.burmeseclassic.com



"ကိုကို . . ကလျာတို့ ကလေးယူရအောင်နော်"

"ကလျာစကားက ဆန်းလှချည်လား။ အရင်ကတော့ ကလေးမလိုချင်ဘူးဆို . . အခု ဘယ်လိုဖြစ်တာလဲ"

"အိမ်မှာ ကလျာတစ်ယောက်ထဲပျင်းလို့ . . ကလေးရှိတော့ ပျော်စရာကောင်းတာပေါ့"

"အေးပါကွာ . . ကိုကို ကြိုးစားပါ့မယ်၊ ကဲ . . ကိုကို အလုပ်သွားဦးမယ်"

ကိုကိုတစ်ယောက် ကလျာကိုနှုတ်ဆက်ပြီး ရုံးကိုထွက်လာခဲ့သည်။

ကိုကို မနက်တိုင်းမှာ လမ်းလျှောက်ထွက်သည်။ ယနေ့လည်းအစောကြီးထပြီးလမ်းလျှောက်ထွက်လာသည်။ လမ်းတစ်ဝက်လောက်ရောက်တော့ နှုတ်ခမ်းမွေးနှင့် အဖိုးအိုတစ်ယောက် သူ့ကိုကြည့်၍ ထူးဆန်းသောစကားတွေပြောပြီး အနားကဖြတ်သွားသည်။

"သေမင်း အနားမှာ ရောက်နေတယ်၊ မကြာမီ သေမည်"

ထိုအဖိုးအိုသည် သူနဲ့တွေ့တိုင်း ဒီစကားပြောသည်။ ကြာတော့ သူမနေနိုင်။ အဖိုးအိုကို မေးရတော့သည်။

"အဖိုးကို ကျွန်တော် တစ်ခုမေးချင်လို့ပါ"

"ကဲ . . ဘာမေးမှာလဲ"

"အဖိုးပြော့ပြောနေတဲ့စကားက ကျွန်တော့ကိုပြောနေတာလား"

"ဟုတ်တယ် မင်းကိုပြောတာ . . သေမင်းက မင်းအနားမှာ ရှိတယ်။ မကြာခင် မင်းသေရလိမ့်မယ်"

"အဖိုးက ကြံကြံဖန်ဖန် ပြောတော့မယ်။ ကျွန်တော့အနားမှာ ကျွန်တော့မိန်းမပဲရှိတာ။ ဘယ်က သေမင်းရှိရမှာလဲ"

"လူလေး . . မင်းတော်တော်အတာပဲ၊ အဲဒါ မင်းမိန်းမ မဟုတ်ဘူး သေမင်း"

အဖိုးအိုစကားကြောင့် ကိုကိုဒေါသဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com





"အဖိုး မဟုတ်တာတွေ မပြောနဲ့နော်၊ ကျွန်တော် စိတ်ဆိုးလာပြီ"

"အေး . . ငါ ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်။ အဲဒါ မင်းရဲ့ မိန်းမ မဟုတ်ဘူး။ မင်းမိန်းမက သေသွားပြီ။ အခု မင်းအနားမှာရှိတာက မင်းမိန်းမကိုယ်ထဲဝင်နေတဲ့ သရဲမပဲ"

"ဗျာ! . ."

ကိုကိုမှာ အဖိုးအိုစကားကြောင့် လန့်သွားသည်။ မယုံနိုင်အောင်လည်း ဖြစ်သွားသည်။

"ဘာတွေပြောနေတာလဲ၊ ကျွန်တော်မယုံဘူး"

"မင်းကို ငါသက်သေပြရင် မင်းယုံမလား"

ကိုကို ခဏစဉ်းစားပြီးမှ-

"ကျွန်တော့ကို သက်သေပြရင်ယုံမယ်"

"ဒါဆိုရင် မင်းရုံးက (၆)နာရီလောက်ပြန်လာပြီး ခြံထဲမှာ စောင့်နေ၊ ငါလာခဲ့မယ်။ မင်း ဆက်ဆက်စောင့်နေနော်"

"ဟုတ်ကဲ့ . . စောင့်နေပါ့မယ်"

အဖိုးအိုနှင့်လမ်းခွဲပြီး ကိုကိုအိမ်ကို ပြန်လာသည်။ သူ့အိမ်ထဲဝင်ရမှာ ကြောက်နေသည်။ ကလျာကိုလည်း မကြည့်ရဲအောင် ဖြစ်နေသည်။

"ကိုကို ကြည့်ရတာ သွက်သွက်လက်လက်မရှိဘူး"

"ဘာမှမဖြစ်ပါဘူး။ လမ်းလျှောက်တာများသွားလို့"

ကိုကိုတစ်ယောက် ရေမိုးချိုးပြီး မနက်စာစား၍ ရုံးကို စော

www.burmeseclassic.com


စောထွက်လာခဲ့သည်။ သူ့မိန်းမကိုလည်း အိမ်ပြန်နောက်ကျမည့် အကြောင်း ပြောခဲ့သည်။ ကိုကိုမှာ တစ်နေ့လုံး နာရီတကြည့်ကြည့် နှင့် လုပ်နေသည်။

ညနေ(၆)နာရီထိုးတော့ သူ့ရုံးက ထွက်လာသည်။ သူ့အိမ် နှင့် မနီးမဝေးရောက်တော့ ကားကိုရပ်ထားခဲ့ပြီး လမ်းလျှောက်လာ သည်။ ခြံဝရောက်တော့ ခြံထဲကို အသာလေးဝင်လာခဲ့သည်။

"လူလေး . . ဒီကိုလာ"

အဖိုးခေါ်သံကြောင့် အဖိုးဆီကို လျှောက်သွားသည်။ မီးဖို ခန်းရှိ ပြူတင်းပေါက်မှ အထဲကိုကြည့်နေသည်။ သူ့ကိုလည်း အဖိုး က ပြူတင်းပေါက်မှ အထဲကိုကြည့်ခိုင်းသည်။ သူ အထဲကို ကြည့် လိုက်သည်။

ဘာမှမတွေ့။ ခဏကြာတော့ . . ကလျာ ကြက် အရှင်တစ် ကောင်ကို ယူလာသည်ကို တွေ့ရသည်။ ကြက်ကိုမြှောက်ပြီး ဘယ် ပြန် ညာပြန် ကြည့်နေသည်။ ထိုစဉ်မှာပင် ကလျာမျက်နှာပုံ ပြောင်း သွားပြီး အစွယ်တွေထွက်လာသည်။

သွားရည်တွေကျလာပြီး ကြက်ကို ပေါင်နစ်ခြမ်းဖြဲ၍ အစိမ်း လိုက် ကိုက်စားနေသည်ကို တွေ့လိုက်ရသဖြင့် ကိုကို လန့်အော်မည် ပြုစဉ် အဖိုးအိုက ကိုကို့ပါးစပ်ကို ပိတ်ထားပြီး အပြင်ခေါ်သွားသည်။

"ကဲ . . ငါပြောတာ မင်းယုံပြီလား"

"ဟုတ်ကဲ့ . . ယုံပါပြီ၊ ကျွန်တော် အိမ်ကို မပြန်ရဲတော့ဘူး"

"မင်း မပြန်လို့ မရဘူး။ မင်းအိမ်ပြန်ပြီး အိမ်ခြေရရနေ၊ ည ဘက် သူအိပ်သွားရင် ရော့ . . ဒီကြိုးကို သူ့လည်ပင်းမှာ ဆွဲပြီး သူ့လက်နစ်ဖက်ကို ခုတင်တိုင်နဲ့ ချည်ထားပြီးတာနဲ့ ငါ့ကို လှမ်းခေါ် လိုက်"

"ကျွန်တော် ဘယ်လိုခေါ်ရမှာလဲ၊ အဖိုးနာမည်မှ မသိတာ"

"ငါ့နာမည် ဆရာစက္က မှတ်ထား"

ဆရာစက္က မှာစရာရှိသည်များကိုမှာ၍ ပြန်သွားသည်။ ကိုကိုလည်း ကားမောင်းဝင်လာသည်။ ကားသံကြောင့်ကလျာအိမ်


www.burmeseclassic.com

www.burmeseclassic.com





ရှေ့ကို ပြေးထွက်လာသည်။ ကိုကိုမှာ ကလျာကိုတွေ့သည်နှင့် ကြက်သီးတွေ ထသွားသည်။ ဒါပေမယ့် ဟန်ဆောင်ပြီး အိမ်ထဲဝင်လာသည်။

"ကိုကို ထမင်းစားတော့မလား"

ကိုကိုမှာ စောစောက ကြက်အစိမ်းစားသည်ကို ပြန်မြင်လာပြီး ထမင်းစားချင်စိတ် မရှိတော့ပါ။

"မစားနေတော့ဘူး။ ရုံးက စားလာပြီးပြီ။ ကဲ . . ကိုကို ပင်ပန်းလာလို့ အိပ်တော့မယ်"

သူအိပ်တော့ ကလျာလည်း သူ့ဘေးမှာ လာအိပ်ပြီး သူ့ကို ဖက်ထားသဖြင့် သူလုပ်စရာရှိတာ လုပ်၍မရအောင် ဖြစ်နေသည်။

"ကလျာ . . ဟိုဘက် နည်းနည်းတိုးပါ။ ကိုကို ပင်ပန်းလာလို့ လွတ်လွတ်လပ်လပ် အိပ်ပါရစေ"

ကလျာဘေးကို အနည်းငယ် ခွာပေးလိုက်သည်။ ကိုကို အိပ်ချင်ယောင်ဆောင်နေသည်။ ကလျာကိုချည်ဖို့ ကြိုးအဆင့်သင့် လုပ်ထားသည်။ ခဏနေတော့ ကလျာ အိပ်ပျော်သွားသည်။

သူရလာသော အခွင့်အရေးကို လက်လွှတ်မခံဘဲ ဆရာစက္ကပေးထားသော ပရိတ်ကြိုးဖြင့် ကလျာ၏လည်ပင်းကို စွတ်လိုက်သည်။ လက်နှစ်ဘက်ကိုလည်း ခုတင်တိုင်တွင် ချည်လိုက်သည်။ ကလျာ အတင်းရုန်းသည်။

"ရှင် . . ဘာလုပ်တာလဲ။ ကျွန်မကို လွှတ်ပေးပါ"

ကိုကို ဆရာစက္ကအား ခေါ်လိုက်သည်။ ဆရာစက္က ရောက်လာပြီး -

"ကဲ . . ငါ့ကို မှန်မှန်ပြော၊ နင် သရဲမ မဟုတ်လား"

www.burmeseclassic.com



"မဟုတ်ဘူး ကိုကို၊ ကျွန်မ ကလျာပါ။ သူပြောတာ မယုံနဲ့"

"နင်က ငါ့ကို လိမ်ချင်သေးလား၊ ပြောမလား မပြောဘူးလား ကဲဟာ . ."

"အမလေး . . သေပါပြီ"

"ကဲ ပြော . . မပြောရင် နင့်ကို သေအောင်သတ်မယ်"

"ပြောပါ့မယ် . . ကျွန်မ ကလေးမွေးပြီး ကလေးရော ကျွန်မပါ သေသွားပါတယ်။ ကျွန်မ ကလေးကို စွဲလန်းပြီး သေသွားလို့ ကျွန်မ သရဲဖြစ်သွားတာပါ"

"ကျွန်မကလေးကို ပြန်လိုချင်လို့ ငပလီမှာ သူတို့ကို တွေ့တော့ ကျွန်မအားကျပြီး ကလျာကိုယ်ထဲ ဝင်ပြီးနေရင် ကလေးရမှာပဲတွေးပြီး ကျောက်ဆောင်နောက်မှာ ကလျာကို ချော်လဲအောင် လုပ်ပြီးသတ်ကာ သူ့ကိုယ်ထဲဝင်နေတာပါ"

"ကျွန်မကို လွှတ်ပေးပါ။ နောက် မလုပ်တော့ပါဘူး"

"နင့်ကို ငါမယုံဘူး။ နင့်ကို ချုပ်ထားရမယ်"

ဆရာစက္ကမှာ သရဲမ၏ဝိညာဉ်ကို အိုးထဲထည့်ပြီး အပေါ်က ပရိတ်ကြိုးဖြင့်ချည်၍ မြေမြှုပ်ထားလိုက်သည်။ ကလျာ၏ ရုပ်အလောင်းမှာ အရိုးစုပဲ ကျန်တော့သည်။ ကိုကိုမှာ ကလျာ၏အရိုးစုကို မြေမြှုပ်သဂြိုဟ်ပေးလိုက်သည်။

"လူလေး . . သရဲမ ဝိညာဉ်အိုးကို ဘယ်သူမှမဖော်စေနဲ့ . . ဒီအိမ်မှာလည်း မနေနဲ့၊ ဘယ်သူမှလည်း မနေစေနဲ့ . . ဒီအိမ်ကြီးကို ဒီအတိုင်းပဲပိတ်ထားလိုက်"

ကိုကိုတစ်ယောက် ကိစ္စအားလုံးပြီးသွားသဖြင့် သူနေသောတိုက်ကိုပိတ်၍ မိဘအိမ်ကို ပြန်လာခဲ့သည်။

ညီညီတို့သူငယ်ချင်းအားလုံး နောက်ဆုံးနှစ်စာမေးပွဲကို ဖြေနိုင်ကြသဖြင့် ပျော်နေကြသည်။ သူတို့မှာ သူငယ်ချင်း(၆)ယောက် ရှိသည်။ ယောက်ျားလေး(၃)ယောက်၊ မိန်းကလေး(၃)ယောက်ပါ။

ယောက်ျားလေး (၃)ယောက်မှာ ညီညီ၊ ဖိုးချို၊ ကျော်ကျော်တို့ဖြစ်ပြီး မိန်းကလေး (၃)ယောက်မှာ မိစု၊ ဥမ္မာ၊ လဲ့လဲ့တို့ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com


သူတို့(၆)ယောက်မှာ အလယ်တန်းကတည်းက နောက်ဆုံးနှစ်အထိ မခွဲဘဲ ကျောင်းတက်လာသော သူငယ်ချင်းတွေဖြစ်သည်။

ဒီနှစ် နွေရာသီကျောင်းပိတ်ရက်တွင် အပန်းဖြေခရီးသွားရန် ဆွေးနွေးနေကြသည်။

ကျော်ကျော်က -

"ငါတို့ ပေလီသွားရင် မကောင်းဘူးလား"

"မကောင်းဘူး။ ပေလီမှာ စားစရိတ်ရော၊ နေစရိတ်ရော ဈေးကြီးတော့ အကြာကြီး နေရမှာမဟုတ်ဘူး"

"ငါတို့က ဆိတ်ငြိမ်ပြီး အေးအေးချမ်းချမ်းနေရမယ့် နေရာ သွားချင်တာ"

"ဒါဆို အတော်ပဲ . . ပြင်ဦးလွင်မှာ ငါ့အစ်ကို ခြံကြီးရှိတယ်။ ခြံကြီးက အကျယ်ကြီးပဲ။ အသီးအနှံပင်တွေလည်း ရှိတယ်။ တိုက်ကြီးကလည်း အကျယ်ကြီးပဲ။ နင်တို့မြင်ရင် နေချင်မှာပါ"

"ညီညီပြောတာနဲ့ သွားချင်စိတ်ပေါက်လာပြီ"

"ကဲ . . ညီညီအစ်ကိုခြံကို သွားကြမယ်။ သဘောတူလား"

"တူပါတယ်"

သူတို့အားလုံး ညီညီအစ်ကိုခြံကို ပျော်ပွဲစားသွားရန် အားလုံး သဘောတူကြသဖြင့် ညီညီတစ်ယောက် သွားရန် စီစဉ်ရတော့သည်။ မသွားခင် ခြံသော့နှင့်အိမ်သော့ကို လိုက်ရှာသည်။ မတွေ့သဖြင့် သူ့အမေကိုမေးရသည်။

"အမေ . . ကိုကိုခြံနဲ့အိမ်သော့ ဘယ်မှာထားလဲ အမေ သိလား"

"အမေလည်း မသိပါဘူး။ ရှာကြည့်ပါလား"

"ရှာတာ မတွေ့ဘူး။ နံ့နေပြီ မရှာတော့ဘူး။ ဟိုရောက်မှ ကြည့်လုပ်မယ်"

ညီညီတို့သူငယ်ချင်းတွေ ပြင်ဦးလွင်က ခြံကြီးဆီကို ထွက်ခဲ့သည်။ ညီညီသူငယ်ချင်းတွေ ပြင်ဦးလွင်က ခြံကြီးဆီရောက်တော့ ခြံသော့နှင့်အိမ်သော့ မပါလာသဖြင့် သော့ဖျက်ပြီး ဝင်ကြ

www.burmeseclassic.com



သည်။ အားလုံး ခြံကြီးနှင့်အိမ်ကြီးကိုကြည့်ပြီး သဘောကျသည်။

"ညီညီ မင်းတို့တိုက်ကြီးက အကျယ်ကြီးပဲနော်"

"ဟုတ်ပါရဲ့ဟာ . . ငါတို့သူငယ်ချင်းတွေ လွတ်လွတ်လပ်လပ်ပျော်ရတော့မယ်"

သူတို့အားလုံး ပျော်နေကြသည်။ အားလုံး ဈေးကိုသွား၍ ဟင်းချက်စရာတွေ တစ်ပတ်စာဝယ်ပြီး ချက်ပြုတ်စားကြသည်။ သူတို့ရောက်၍ တစ်ပတ်အကြာတွင် -

"ညီညီရေ . . ငါတို့ခြံထဲမှာ ကြက်တောင်ရိုက်ရအောင်"

"အေး ရိုက်မယ် . . ဘယ်လိုရိုက်မှာလဲ"

"သူတို့မိန်းကလေးတွေက တစ်ဘက်၊ ငါတို့ယောက်ျားလေးတွေကတစ်ဘက် ရိုက်မယ်"

"အေး . . စိန်လိုက်"

သူတို့ ကြက်တောင်ရိုက်နေရင်း မိစုတစ်ယောက် ခလုတ်တိုက်လဲတော့သည်။ သူတို့အားလုံး မိစုကို ဝိုင်းထူကြသည်။

"မိစု ဘယ်နားနာသွားလဲ"

"ဒူးခေါင်းကွဲသွားတယ်"

"မြေကြီးက ပြောင်နေတာ၊ ဘာနဲ့ ခလုတ်တိုက်တာလဲ"

မိစု ခလုတ်တိုက်တာကို လိုက်ရှာကြသည်။

"တွေ့ပြီ . . ဒီမှာ ကြိုးတစ်ချောင်း"

"နောက်ထပ် ခလုတ်တိုက်နေဦးမယ်။ အဲဒီကြိုးကို ဆွဲထုတ်ပြီး လွှင့်ပစ်လိုက်"

ကြိုးမှာ မြေကြီးထဲဝင်နေသဖြင့် အလွယ်တကူ ထုတ်၍မရပေ။ သူတို့ ပေါက်တူးယူပြီး မြေကြီးကိုပေါက်၍ ကြိုးကို ဆွဲထုတ်မှရသည်။

"ကြိုးကြီးကလည်း ရှည်လိုက်တာ၊ ဟိုဘက် လွှင့်ပစ်လိုက်ကွာ"

"ကဲ . . အိမ်ပေါ်သွားပြီး မိစုကို ဆေးထည့်ပေးရအောင်"

သူတို့အကုန်လုံး အိမ်ထဲ ဝင်သွားကြသည်။ မာကယ်တော့



www.burmeseclassic.com

www.burmeseclassic.com







စောစောကကြိုးမှာ သရဲမ၏ဝိညာဉ်အိုးကို ချည်ထားသော ပရိတ်ကြိုးဖြစ်သည်။

သူတို့ဆွဲဖြုတ်လိုက်သဖြင့် သရဲမဝိညာဉ် လွတ်သွားသည်။ မိစုမှာ ခြေထောက်နာသွားသဖြင့် အစောကြီး ဝင်အိပ်သည်။ မိစု အိပ်နေရင်းမှ သူ့နာမည် ခေါ်သံကြားနေရသည်။

"မိစု ဒီကိုလာခဲ့ . . ငါ့ဆီကိုလာခဲ့ . . မြန်မြန်လာခဲ့"

မိစုတစ်ယောက် သူ့နာမည်ခေါ်သံကြားရာသို့ လိုက်သွားသည်။ တဖြည်းဖြည်းနှင့် အိမ်အပြင်ဘက်ရောက်လာသည်။

"မိစု ဒီဘက်ကိုလာခဲ့"

မိစု တဖြည်းဖြည်းနှင့် ခြံထဲရောက်လာသည်။ သူ ခလုတ်တိုက်သော နေရာရောက်တော့ မြေကြီးထဲက သရဲမက မိစုကို ခြေထောက်ကို ဆွဲချသွားသည်။ မိစု အော်ရန်ပင် အချိန်မရလိုက်ပါ။ သရဲမက မိစုကိုသတ်ပြီး မိစုကိုယ်ထဲဝင်၍ မိစုအဖြစ် အပြင်ထွက်လာသည်။

ထိုအချိန်မှာပင် ဖိုးချိုတစ်ယောက် တစ်ရေးနိုးပြီး ရေသောက်ရန် ထလာသည်။ ရေသောက်ရင်း အပြင်ကိုကြည့်လိုက်ရာ မိန်းကလေးတစ်ယောက် ကျောပေးပြီး ရပ်နေသည်ကို တွေ့ရသဖြင့် သူ သေချာကြည့်လိုက်သည်။

"ဟိုမှာရပ်နေတာ မိစုလား မသိဘူး . . ဒီအချိန်ကြီး ခြံထဲ ဘာသွားလုပ်တာလဲ မသိဘူး။ ငါသွားခေါ်ဦးမှပဲ"

ဖိုးချိုမှာ မိစုရှိရာသို့ ထွက်လာသည်။ အနားရောက်တော့ မိစုပုခုံးကိုကိုင်၍ ခေါ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com


"မိစု . . နင် ဒီမှာ ဘာလုပ်နေတာလဲ"

"အတော်ပဲ၊ ငါ အစာမစားရတာကြာပြီ"

မိစု ပြောပြောဆိုဆိုနှင့် ဖိုးချိုကုတ်ကို ကိုက်၍ သွေးစုပ်လိုက်သည်။ ခဏကြာတော့ ဖိုးချို မြေကြီးပေါ်လဲကျပြီး သေသွားသည်။ မိစု သူ့အခန်းထဲဝင်ပြီး အိပ်နေလိုက်သည်။

မနက်လင်းတော့ အားလုံး အိပ်ရာကထ၍ မျက်နှာသစ်ပြီး ကော်ဖီသောက်ရန် စားပွဲမှာ ထိုင်နေကြသည်။ ဖိုးချိုကို စောင့်နေကြသည်။

"ဖိုးချို ကြာလှချည်လား . . အခုထိ မလာသေးဘူး။ ကျော်ကျော် မင်းသွားခေါ်ပါလား"

ကျော်ကျော် ဖိုးချိုကို သွားခေါ်သည်။ ခဏကြာတော့ ကျော်ကျော် ရောက်လာသည်။ ဖိုးချို ပါမလာပါ။

"ကျော်ကျော် . . . ဖိုးချိုရော"

"သူ့အခန်းထဲ ငါသွားရှာတာ မတွေ့ဘူး။ ခြံထဲမှာများ လမ်းလျှောက်နေလား မသိဘူး"

"ဒါဆိုလည်း ထားလိုက်တော့ . . သူ့ဘာသူ လာသောက်လိမ့်မယ်"

အားလုံး ကော်ဖီသောက်ပြီးသောအခါ ခြံထဲ ဆင်းလာကြသည်။ ဖိုးချိုကို လိုက်ရှာကြသည်။ ခဏကြာတော့ လဲ့လဲ့အော်သံကြားရသည်။

"အမလေး! . . လာကြပါဦး"

အားလုံး လဲ့လဲ့ဆီ ပြေးလာကြသည်။ လဲ့လဲ့နှင့် မလှမ်းမကမ်းတွင် ဖိုးချို၏ သေနေသောအလောင်းကို တွေ့လိုက်ရသည်။

အားလုံး ကြောက်ပြီး ကြောင်ကြည့်နေကြသည်။ ခဏကြာတော့ ညီညီကစပြီး ဖိုးချိုအလောင်းကို သွားကြည့်သည်။ ဖိုးချို လည်ပင်းတွင် အပေါက်နှစ်ပေါက်တွေ့ရသည်။

ညီညီ ရဲကို အကြောင်းကြားထားသဖြင့် ရဲတွေရောက်လာပြီး ညီညီအလောင်းကို ယူသွားသည်။ ဥမ္မာနှင့်လဲ့လဲ့မှာ စိတ်

www.burmeseclassic.com


၁၂

"မင်းကလည်း မိစုကိုယ်ထဲမှာ သရဲဝင်ပူးနေတာ။ အဲဒီ သရဲမက သတ်တာပေါ့။ အခု ငါတို့ ဘယ်လိုလုပ်ကြမလဲ။ ကြာရင် ငါတို့ကိုလည်း သတ်ရင် သတ်မှာ"

---

မကောင်းဖြစ်၍ ငိုနေကြသည်။ မိစုမှာ သူတို့ကို မျက်လုံးပြူးပြီး ကြည့်နေသည်။ ဖိုးချိုသေသွားသဖြင့် သူတို့အပျော်လေးတွေ ပျောက်ပြီး ကြောက်စိတ်တွေ ဝင်နေသည်။

"ငါတို့အားလုံး ပြန်ရင်ကောင်းမယ်"

"အေး. . ငါလည်း ပြန်ချင်တယ်"

"ငါကတော့ မပြန်ချင်ဘူး"

"မိစု . . နင်က ဘာဖြစ်လို့ မပြန်ချင်ရတာလဲ"

"ဒီမှာ နေချင်လို့ပေါ့၊ ငါမပြန်ရင် နင်တို့လည်း မပြန်ရဘူး"

မိစုအပြောကြောင့် အားလုံး စိတ်ထဲ တစ်မျိုးဖြစ်သွားသည်။ မိစု၏ထူးခြားသော အမူအယာကိုလည်း သူတို့သတိထားမိသည်။

တစ်နေ့ ည(၁၂)နာရီလောက် ရှိမည်။ ဥမ္မာတစ်ယောက် ရေသောက်ရန် မီးဖိုခန်းထဲ ဆင်းလာသည်။ မီးဖိုခန်းအပေါက်ဝရောက်တော့ မိစုတစ်ယောက် ကြက်ကို အစိမ်းလိုက် ဝါးစားနေသည်ကို တွေ့လိုက်ရသဖြင့် လန့်ပြီးအော်မည်ပြုပြီးမှ ပါးစပ်ကို ပိတ်၍ လဲ့လဲ့အခန်းကို ပြေးလာသည်။

"လဲ့လဲ့ . . လဲ့လဲ့ ထပါဦး"

"ဘာလဲဟာ . . အိပ်ကောင်းနေတုန်း"

"ထပါဦး . . အရေးကြီးလို့"

"ဘာဖြစ်လို့လဲ"

"ဟို မိစုလေ"


www.burmeseclassic.com

www.burmeseclassic.com


"မိစု ဘာဖြစ်လို့လဲ၊ နင်ကလည်း အလန့်တကြား ပြောမှာ မပြောဘူး"

"မိစုလေ . . မီးဖိုထဲမှာ ကြက်သားတွေကို အစိမ်းလိုက် ကိုက်စားနေတယ်"

"ဘာ! . . ဟုတ်ရဲ့လားဟာ နင် အမြင်မှားတာနေမှာပါ"

"ဟုတ်ပါတယ် . . ငါမျက်စိနဲ့ သေသေချာချာမြင်ခဲ့တာ"

"အဲဒါဆို ဒုက္ခပဲ၊ ငါတို့ဘယ်လိုလုပ်ကြမလဲ"

"မနက်ကျရင် ညီညီတို့ကိုပြောပြရအောင်"

"အခုပဲ ညီညီတို့အခန်းထဲ သွားမယ်၊ ဒီမှာ ငါတို့နှစ်ယောက် ထဲ မနေရဲဘူး"

"အေး . . သွားမယ် လာ"

ဥမ္မာနှင့်လဲ့လဲ့တို့ ညီညီတို့ဆီသွားပြီး အကျိုးအကြောင်း ပြောပြသည်။ ပထမ ညီညီတို့ အံ့ဩသွားသည်။ လေးယောက်သား ကြောက်ပြီး ထိုင်နေကြသည်။ သူတို့ဆီကို မိစုသရဲမ ရောက်လာ သည်။

"လဲ့လဲ့တို့အခန်းထဲ ငါသွားကြည့်တာ မတွေ့လို့ သူတို့က ဒီရောက်နေတာကိုး . . နင်တို့ ဘာတွေပြောနေကြတာလဲ။ ငါ့ အကြောင်း ပြောနေတာလား"

"မဟုတ်ပါဘူးဟာ . . လဲ့လဲ့က အိမ်ကိုသတိရလို့ ပြန်မယ် ပြောနေလို့"

"ပြန်လို့ မဖြစ်သေးဘူးလေ။ ငါ့ခြေထောက်က မကောင်း သေးဘူး"

ညီညီတို့ ဘာမှမပြောဘဲ ငြိမ်နေကြသည်။ မိစု သူတို့ကို ဘာမှမပြော။ ခပ်စိမ်းစိမ်းကြည့်ပြီး ထွက်သွားသည်။

"ညီညီ . . ငါ့စိတ်ထင် ဖိုးရျိုကို သူသတ်တာပဲဖြစ်မယ်"

"ဟုတ်ပါ့မလားကွာ . . သူက ဘယ်လိုသတ်နိုင်မှာလဲ"

"မင်းကလည်း မိစုကိုယ်ထဲမှာ သရဲဝင်ပူးနေတာ၊ အဲဒီ သရဲမက သတ်တာပေါ့။ အခု ငါတို့ ဘယ်လိုလုပ်ကြမလဲ။ ကြာရင်



www.burmeseclassic.com

www.burmeseclassic.com





ငါတို့ကိုလည်း သတ်ရင်သတ်မှာ"

"ငါတို့ သူအိပ်နေတုန်း ပြေးရအောင်"

"အေး . . အဲဒါကောင်းတယ်။ ဉမ္မာတို့ ညကျရင် မအိပ်နဲ့၊ သူအအိပ်စောင့်ပြီး ငါတို့ထွက်ပြေးကြမယ်။ နင်တို့ အသင့်ပြင်ထား"

ညီညီတို့လေးယောက် မိစုအအိပ်ကို စောင့်နေကြသည်။ ဉမ္မာနင့်လဲ့လဲ့မှာ အိပ်ချင်ယောင်ဆောင်ပြီး မိစုအရိပ်အကဲကို ကြည့်နေကြသည်။ ည(၁၀)နာရီလောက်တွင် မိစု အိပ်ပျော်သွားသည်။ သူတို့လေးယောက် အထုပ်အပိုးတွေသယ်ပြီး အပေါ်ထပ်မှ အသာလေး ဆင်းလာသည်။ အောက်ထပ်ရောက်သောအခါ -

"ဒါ ဘယ်သွားကြမလို့လဲ။ ငါ့ကိုထားပြီး သွားကြမလို့လား"

သူတို့ အသံလာရာဆီသို့ ကြည့်လိုက်သည်။

မိစုတစ်ယောက် ဆိုဖာပေါ်မှာထိုင်ပြီး သူတို့ကိုပြုံးပြီး ကြည့်နေသည်။ စောစောက မိစု အပေါ်ထပ်မှာ အိပ်နေသည်။ အခု အောက်ထပ် ရောက်နေသည်။ သူတို့ အံ့ဩနေသည်။

"စောစောက နင် အပေါ်ထပ်မှာ အိပ်နေတာ မဟုတ်လား။ အခု ဘယ်လိုလုပ်ပြီး အောက်ရောက်လာတာလဲ"

"နင်တို့သွားမယ်ဆိုတာသိလို့ ငါ အရင်စောင့်နေတာ"

"ငါတို့အိမ်ပြန်ပါရစေဟာ . . ဒီရောက်နေတာကြာပြီ။ အိမ်က စိတ်ပူနေတော့မယ်"

"ငါလည်း မပြန်ဘူး။ နင်တို့လည်း မပြန်ရဘူး"

ညီညီမှာ မိစုသရဲမ၏စကားကြောင့် စိတ်တိုလာပြီ။

"နင် ပြန်ပြန် မပြန်ပြန် ငါတို့ကတော့ ပြန်မှာပဲ။ လာ သွားကြမယ်"

အားလုံး အထုပ်တွေဆွဲပြီး ပြန်ရန် တံခါးပေါက်ကို သွားကြသည်။ သူတို့ အပေါက်ဝရောက်တော့ တံခါး သူ့အလိုလိုပိတ်သွားသည်။

"ဟား . . ဟား ဟား နင်တို့ တံခါးဖွင့်လို့ရရင် ဖွင့်သွားလေ"



www.burmeseclassic.com

www.burmeseclassic.com



ညီညီတို့လေးယောက် ကြောက်သွားသည်။ ဘာလုပ်ရမှန်း မသိအောင်ဖြစ်သွားသည်။ ဒါပေမယ့် မိစုသရဲမက အရင်ရောက်နေပြီး တံခါးတွေ အကုန်ပိတ်ထားသည်။ မိစုသရဲမ လဲ့လဲ့နား ရောက်လာပြီး -

"ငါ့အကြောင်းကို နင်ပြောတာ မဟုတ်လား။ အခု အားလုံးသိသွားပြီ။ အဲဒီတော့ နင့်ကိုအရင်သတ်မယ်"

သရဲမက လဲ့လဲ့ကို လည်ပင်းညှစ်နေသည်ကို အားလုံးကြောင်ကြည့်နေကြသည်။ နောက်မှ ညီညီသတိရလာပြီး သရဲမကိုနောက်မှတုတ်နှင့် ရိုက်ချလိုက်သည်။ သရဲမ ညီညီဘက်သို့ လှည့်လာသည်။

"နင်တို့ ဘုရားခန်းထဲဝင်ပြေး"

"နင်ရောလာလေ"

"ငါ့ကို မစောင့်နဲ့ . . နင်တို့ အရင်ပြေးနှင့်၊ သူ့ကို ငါတားထားမယ်"

သရဲမနှင့် ညီညီတို့ သူတစ်ပြန်၊ ကိုယ်တစ်ပြန် ချနေကြသည်။ ညီညီသရဲမကို နောက်ကနေ ခုန်နဲ့ရိုက်ပြီး ဘုရားခန်းကိုပြေးသည်။ ဒါပေမယ့် သရဲမက သူ့ခြေထောက်ကို လှမ်းဆွဲလိုက်သဖြင့် ညီညီလဲသွားသည်။

သရဲမ ညီညီကိုယ်ပေါ်တက်ပြီး လည်ပင်းညှစ်မည်လုပ်နေစဉ် ညီညီလည်း သူ့လည်ပင်းက ပရိတ်ကြိုးကိုသတိရသဖြင့် ထုတ်ပြလိုက်သည်။

ပရိတ်ကြိုး၏တန်ခိုးကြောင့် သရဲမအော်ပြီး ပျောက်သွားသည်။ ညီညီလည်း ဘုရားခန်းထဲ ဝင်ပြေးသည်။ ဘုရားခန်းထဲမှာ တယ်လီဖုန်းကို တွေ့လိုက်ရသဖြင့် ညီညီဝမ်းသာပြီး ရဲစခန်းကို ဖုန်းဆက်သော်လည်း ဖုန်းကြိုးတွေဖြတ်ထားသဖြင့် ဆက်၍မရချေ။

ညီညီတို့အားလုံး အပြင်မထွက်ရဲ။ ဘုရားခန်းထဲမှာ နေရသည်။ အပြင်မှာ သရဲမမိစုက သူတို့ကို စောင့်ကြည့်နေသည်။

ကိုကို နယ်သွားရာမှ အိမ်ကိုပြန်ရောက်လာသည်။ ကိုကို



www.burmeseclassic.com

www.burmeseclassic.com





မှာ အိမ်ရောက်ရောက်ချင်း ညီညီကိုမတွေ့သဖြင့် -

"အမေ . . ညီညီရော မမြင်ပါလား။ ဘယ်သွားလဲ"

"မင်းညီနဲ့သူငယ်ချင်းတွေ ပြင်ဦးလွင်က မင်းခြံကို ပျော်ပွဲစား သွားကြတယ်"

"ဗျာ ! . . သူတို့သွားကြပြီလား"

"ကြာပြီ . . ဖုန်းလည်း မဆက်ဘူး"

"ဒါဆို မဖြစ်ဘူး။ ကျွန်တော်လိုက်သွားမယ်"

ကိုကိုမှာ ညီညီဆီဖုန်းဆက်သော်လည်း ဆက်၍မရသဖြင့် စိတ်ပူလာသည်။ ကိုကိုလည်း ဆရာကြီးစက္ကဆီသွားပြီး ဆရာကြီးကိုခေါ်၍ ညီညီတို့ဆီ လိုက်သွားသည်။

ညီညီတို့မှာလည်း အစာမစားရ၊ ရေမသောက်ရနှင့် အားပြတ်နေကြသည်။ ထိုစဉ် သူတို့ဆီကို ဖိုးချိုသေမှုနှင့်ပတ်သက်၍ ရဲနှစ်ယောက်ရောက်လာသည်။

"အိမ်ရှင်တို့ . . . အိမ်ရှင်တို့ ဘယ်သူမှမရှိဘူးလား"

သရဲမမိစု တံခါးဖွင့်ပေးလိုက်သည်။

"ဒီအိမ်က လူတွေ ဘယ်သွားလဲ။ ခင်ဗျား တစ်ယောက်ထဲလား"

"သူတို့ အပြင်သွားကြတယ်။ ဘာကိစ္စရှိလို့လဲ"

"ဟိုနေ့က လူသေမှုနှင့်ပတ်သက်ပြီး မေးစရာရှိလို့"

"ထိုင်ပါဦး . . အေးအေးဆေးဆေးပေါ့၊ ရော့ ရေသောက်ပါဦး"

သရဲမမိစု ရဲတွေကို ရေဘူးနှင့် ရေခွက်ချပေးပြီး ကုလားထိုင်မှာထိုင်ပြီး ရဲတွေကို ညို့ပြီးကြည့်နေသည်။ ညီညီတို့ အပေါက်

www.burmeseclassic.com



က ချောင်းကြည့်နေသည်။ ရဲတွေ မလှုပ်မယှက်ထိုင်ပြီး သရဲမ မိစုကို စိုက်ကြည့်နေသည်။ ခဏကြာတော့ သရဲမကလာပြီး ရဲတစ်ယောက်ရဲ့ပုခုံးကိုဖက်ပြီး လည်ပင်းကိုကိုက်၍ သွေးတွေစုပ်နေသည်။

ဒီမြင်ကွင်းကို မြင်လိုက်ရသော ညီညီတို့အားလုံး လန့်ပြီး အော်လိုက်သည်။ သူတို့အော်သံကြောင့် ရဲတစ်ယောက် သတိရလာပြီး အပေါက်ဝကို ထွက်ပြေးသည်။

ဒါပေမယ့် တံခါးက ဖွင့်လို့ မရပါ။ ရဲလည်း ပါလာသော သေနတ်နှင့် လှမ်းပစ်သည်။ ဒါပေမယ့် ကျည်ဆံမထွက်။ နောက်ဆုံး ထိုရဲလည်း သွေးစုပ်ခံလိုက်ရသည်။

ထိုအချိန်တွင် ညီညီတစ်ယောက် ဘုရားခန်းထဲက အသားလေး ထွက်လာပြီး စားပွဲပေါ်တင်ထားသော ရေဘူးကိုယူပြီး အခန်းထဲကို ပစ်ပေးပြီး အခန်းထဲဝင်ရန် ပြေးသွားစဉ် သရဲမ သူ့ကိုမိသွားပြီး ကုတ်ကို သွေးစုပ်ရန် ကြိုးစားနေသည်။

ညီညီကလည်း အတင်းရုန်းသည်။ ထိုစဉ်မှာပင် ဆရာကြီးနှင့် ကိုကိုရောက်လာသည်။

"ဟဲ့ . . သရဲမ လွှတ်လိုက်စမ်း"

ဆရာကြီး၏အမိန့်ပေးသံကြောင့် သရဲမ ညီညီကို လွှတ်လိုက်သည်။ ညီညီ သူ့အစ်ကိုဆီ ပြေးသွားသည်။

"ဩော် . . လက်စသတ်တော့ ဆရာစုတ် ရောက်လာတာကိုး၊ အရင်က နင် ငါ့ကို နိုင်ပေမယ့် အခု မနိုင်တော့ဘူး။ ငါ့ကိုယ်ထဲမှာ လူသွေးတွေနဲ့ ပြည့်နေလို့ စွမ်းအားတွေရနေပြီး နင် မနိုင်တော့ဘူး ဟီး ဟီး ဟီး"

"အေး . . ငါနိုင်လား၊ မနိုင်လား စမ်းကြည့်လေ။ အရင်တုန်းက နင့်ကို သနားလို့ မသတ်ဘဲ လွှတ်ထားလိုက်တာ၊ အခုတော့ နင့်ကို သတ်ရတော့မယ်"

"ဟား . . ဟား . . ဟား နင်ပဲ သေမလား၊ ငါပဲ သေမလား ကြည့်ရသေးတာပေါ့"

"လူလေးတို့ ဒီနားမနေနဲ့ . . ဘုရားခန်းထဲ ဝင်နေ၊ ကိုကို



www.burmeseclassic.com

www.burmeseclassic.com


ကတော့ ဆရာ့နားမှာနေ။ လိုအပ်ရင် ကူညီလို့ရအောင် ဆရာနဲ့ သရဲမပြိုင်လို့ ဆရာအခြေအနေမဟန်ရင် ဒီဆေးလုံး(၃)လုံးကို သရဲမဆီ ပစ်ပေါက်လိုက်နော်"

"ဟုတ်ကဲ့ . . ဆရာကြီး"

ဆရာကြီးနှင့်သရဲမတို့ ပညာပြိုင်နေကြသည်။ ဆရာကြီးမှာ သရဲမကို မနည်းနိုင်အောင် ပြိုင်နေရသည်။ နောက်ဆုံး ကိုကို့ကို မျက်ရိပ်ပြလိုက်သည်။ ကိုကိုလည်း ချက်ချင်း လက်ထဲမှာရှိသော ဆေးလုံးဖြင့် သရဲမဆီ ပစ်ပေါက်လိုက်သည်။

"အား! . . အား! . ."

သရဲမမှာ အသံနက်ကြီးနှင့်အော်ပြီး တစ်ကိုယ်လုံး မီးလောင်ပြီး ပြာဖြစ်သွားသည်။ ထိုအခါကျမှ အားလုံး စိတ်ချမ်းသာသွားသည်။

"ဆရာကြီးကို ကျေးဇူးတင်ပါတယ်။ ဆရာကြီးသာ မကယ်ရင် အားလုံးဒုက္ခရောက်မှာ"

"ရပါတယ်ကွယ် . . လူတွေရဲ့အသက်ကိုကယ်ဖို့ ဆရာကြီးတာဝန်ပါ"

"ကဲ . . အားလုံး အိမ်ပြန်ကြမယ်။ လူကြီးတွေ စိတ်ပူနေပြီ"

မြို့ကြီးကိုပိတ်ပြီး အားလုံးပြန်လာကြသည်။ အလာတုန်းက သူငယ်ချင်း(၆)ယောက်။ အခုတော့(၂)ယောက်လျော့ပြီး (၄)ယောက်သာ ပြန်လာကြသည်။ သူတို့အားလုံး ကျန်ခဲ့သော ဖိုးချိုနှင့် မိစုကို သတိရနေပါတော့သည်။

ရေနံမြေခရေ(သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com



# ရိုးရာနတ်နှင့် ဆက်သရသည့် စားတော်ပွဲများ



ကျေးလက်တောရွာများမှာသာမက မြို့နေလူတန်းစားပါ မိမိတို့နှင့်သက်ဆိုင်ရာ ရိုးရာနတ်များကို ကိုးကွယ်ယုံကြည်ကြသည်။ ရိုးရာနတ်ပွဲများကိုလည်း ခမ်းနားစွာကျင်းပပြီး အဓိဋ္ဌာန်များ အောင်မြင်ပါက ထပ်မံ၍ ပွဲပေးတတ်ကြသည်။

ဤတွင် ရိုးရာနတ်များထံသို့ ဆက်သရသည့် သက်ဆိုင်ရာ စားတော်ပွဲများအကြောင်းကို လေ့လာသိရှိရသမျှနှင့် သုတရရှိစေရန်အတွက် ဖော်ပြပေးလိုက်ရပါသည်။ ဖတ်မှတ်ထားနိုင်သည့် အဖိုးတန်လှသည့် အချက်အလက်များလည်း ဖြစ်ပေသည်။

## ပခန်း ဦးမင်းကျော်အတွက် စားတော်ပွဲ

ပခန်းဦးမင်းကျော်အတွက် စားတော်ပွဲကို ထန်းရည်(သို့) အရက်နှင့် ကြက်သားကြော်ကို လည်းကောင်း၊ ကြက်သားကြော် မရပါက မုစွန်ထုပ်နှင့် ငါးကင်ဆီလူးကို ဆက်သနိုင်ပါသည်။

## ပုပ္ပါးမယ်တော်အတွက် စားတော်ပွဲ

ပုပ္ပါးမယ်တော်ကို စားတော်ပွဲဆက်သပါက သက်သတ်



www.burmeseclassic.com

www.burmeseclassic.com





လွတ်သော တင်မြှောက်ရပါသည်။ ရရာ သစ်သီးမျိုးစုံနှင့် စား၍ရသော မြန်မာနှင်းဆီပန်းကို ဆက်သနိုင်ပါသည်။

**အမေရေယဉ်အတွက် စားတော်ပွဲ**

အမေမရေယဉ်အတွက် စားတော်ပွဲကိုတော့ သွားဖုံးမြုပ်အောင် ခုတ်ထစ်ထားသော ဝက်သား၊ ဆိတ်သား၊ ကြက်သား၊ အမဲ အရေခွာ အစိမ်းစားတော်ပြပြီး ကျက်အောင်ချက်ကာ ဆက်သနိုင်ပါသည်။

**အမေဂျမ်းအတွက် စားတော်ပွဲ**

အမေဂျမ်းအတွက် စားတော်ပွဲကို ထန်းရည်၊ လက်ဖက်သား၊ ဆေးပေါ့လိပ်တို့အပြင် ကြက်သား(ကာလသားချက်)တင်းတို့ကို ဆက်သနိုင်ပါသည်။

**နံ့ကရိုင်းမယ်တော်အတွက် စားတော်ပွဲ**

နံ့ကရိုင်းမယ်တော်အတွက် စားတော်ပွဲ ဆက်သနည်းကတော့ မုန့်ကြာစေ့၊ မုန့်လုံးရေပေါ်၊ ကညွတ်ရွက်သုပ်၊ ငါးရံ့ကြော်နှစ်ကောင်၊ ငါးရံ့ခြောက်ဖုတ်၊ ငါးရံ့အကောင်လိုက် ပြုတ်ထားသော ဆန်ပြုတ်တို့ကို ဆက်သနိုင်ပါသည်။

**ကိုးမြို့ရှင်အတွက် စားတော်ပွဲ**

အဖ ကိုးမြို့ရှင်အတွက် စားတော်ပွဲကတော့ ကောက်ညှင်းပေါင်း(၉)ပုံ၊ မုန့်ဖြူ (၉)ချပ်၊ မုန့်နီ (၉)ချပ်၊ ငါးအမြီးခေါင်းစုံ (၉)



www.burmeseclassic.com

www.burmeseclassic.com





ကောင်၊ လက်ဖက်(၉)ပုံ၊ ကွမ်းယာ (၉)ယာ၊ ဆေးလိပ်(၉)လိပ်၊ ပိန်းဥ၊ မြောက်ဥတို့ကို ဆက်သရပါသည်။

## မနဲ့လေးအတွက် စားတော်ပွဲ

ကလေးနတ်ဖြစ်သည့် မနဲ့လေးအတွက် စားတော်ပွဲ ဆက်သနည်းကတော့ ကလေးကစားစရာ မုန့်များ၊ ချိုချဉ်၊ ဘဲဥ၊ ကြက်ဥ အစုံ၊ ကြက်ဥ(၂)လုံး၊ သို့မဟုတ်(၄)လုံး၊ သို့မဟုတ်(၈)လုံး စုံတင်ရပါသည်။

## အိမ်တွင်းခုနစ်ပါးအတွက် စားတော်ပွဲ

အိမ်တွင်းခုနစ်ပါးအတွက် စားတော်ပွဲဆက်သနည်းကတော့ ကောက်ညှင်းပေါင်း (သို့မဟုတ်) ဆီထမင်း (သို့မဟုတ်) ထမင်းဦးပေါင်း(၇)ပုံ၊ မုန့်ဖြူ(၇)ချပ်၊ မုန့်နီ(၇)ချပ်၊ မုန့်ဖြူကို အောက်ထားပြီး မုန့်နီကို အပေါ်က ထားရပါမည်။ ငါးအမြီးစုံ ခေါင်းစုံ(၇) ကောင်၊ လက်ဖက်(၇)ပုံ၊ ကွမ်းယာ(၇)ယာတို့ကို ဆက်သနိုင်သည်။

## မြင်းဖြူရှင်နတ်အတွက် စားတော်ပွဲ

ရွှေစစ်သည် မြင်းဖြူရှင်နတ်အတွက် စားတော်ပွဲ ဆက်သနည်းကတော့ ထမင်းနို့ပေါင်း(၇)ပုံ၊ ထန်းလျက်ခဲ(၇)ခဲ၊ အုန်းသီး (၇)စိပ်၊ မုန့်ဖြူ(၇)ချပ်၊ မုန့်နီ(၇)ချပ်၊ ငါးအမြီးစုံခေါင်းစုံ(၂) ကောင်၊ သို့မဟုတ် ငါးခြောက်(၇)ထစ်ကို ဆက်သနိုင်ပါသည်။ (ကနီမြင်းဖြူရှင်ဆိုပါက ပဲပုပ်၊ ချဉ်ပေါင်ကြော်ပါ ဆက်သရသည်)


## တောင်ပြုံးမင်းနစ်ပါးအတွက် စားတော်ပွဲ

တောင်ပြုံးမင်းညီနောင်နစ်ပါးအတွက် စားတော်ပွဲ ဆက်သ

www.burmeseclassic.com

www.burmeseclassic.com





နည်းကတော့ မုန့်ဖြူ၊ မုန့်နီ နှစ်ခုစီ နှစ်စုံ၊ ငှက်ပျောနှစ်ဖီး၊ ရွှေပန်းခိုင်(၂)ခိုင်၊ ငွေပန်းခိုင်(၂)ခိုင်၊ အချိုပွဲ(၂)ပွဲ ဆက်သနိုင်ပါသည်။ (မင်းကလေးပွဲကျင်းပမည်ဆိုပါက ကြက်ကြော်ဆက်သရပါသည်။ စစ်ထွက်ပွဲ၌ ခေါက်ဆွဲကြော်၊ ကြက်ကင်နှင့် ထန်းရည်တို့ကို တင်မြှောက်ရပါသည်)

**ပြည်ကန်တော်မောင်နှမအတွက် စားတော်ပွဲ**

ပြည်ကန်တော် မောင်နှမအတွက် စားတော်ပွဲ ဆက်သနည်းကတော့ အမဲသားအစိမ်းကိုပြုပြီး ချက်ပြုတ်ကာ ဆက်သနိုင်ပါသည်။

**ရှမ်းတလိုင်းနတ်အတွက် စားတော်ပွဲ**

ရိုးရာ ရှမ်းတလိုင်းနတ်အတွက် စားတော်ပွဲ ဆက်သနည်းကတော့ နေမထွက်ခင် ကြက်ဖိုနှင့် ကြက်မကို ဆက်သနိုင်ပါသည်။

**မနှင်းဘိုးတော်အတွက် စားတော်ပွဲ**

ကံမှိုဘိုးတော်၊ သံပျင်းဘိုးတော်၊ ဦးဗျတ်ဝိ၊ ဦးဗျတ္တ၊ တနလာ်ရိဘိုးတော်အတွက် ဒံပေါက်၊ အုန်းထမင်း၊ ခေါက်ဆွဲကြော်(၅)ပွဲ၊ အချိုရည်(၅)လုံးတို့ ဆက်သနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



# စိညာဉ်နှလုံးသား

ဇလွန်ကျော်ဦး

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





။

"ငါ့ကို မနောက်စမ်းပါနဲ့
ထွန်းရာ.. ငါ ဖဲရှုံးနေလို့
စိတ်ညစ်နေတာကွ..
စိတ်ညစ်နေတာ.."
"မင်း ဖဲရှုံးတာသိလို့
ငါလာတာကွ"

(၁)

"တောက်!.."

ကျုပ်ရင်ထဲမှာ မမြိုသိပ်နိုင်ဘဲ ခံပြင်းစွာ ထွက်ပေါ်သွားမိတဲ့ တောက်ခေါက်သံပြင်းပြင်း။ ကျုပ်ရဲ့တောက်ခေါက်သံ ပြင်းပြင်းကြောင့် ဘုမသိ၊ ဘုမသိကြည့်နေတဲ့ ဖဲဝိုင်းသားတွေ။

ကြည့်လေ ..။ ကျုပ် ဒီဖဲဝိုင်းကို ထိုင်မိကတည်းက သေလိုက်တဲ့ဖဲ။ ကျုပ်ဘယ်လိုလိုက်လိုက် ဖဲမစီးတဲ့အဖြစ်က မယုံနိုင်စရာပါပဲ။

ကျုပ်ပါလာတဲ့ ပိုက်ဆံတောင် မကာဘူး။ အမေ မသိအောင် ယူလာတဲ့ ရွှေလက်စွပ်ပါ အဆစ်ပါသွားခဲ့တာ။ ပြီးတော့ ဒိုင်လုပ်တဲ့ ဘကင်းရှေ့မှာ ကျုပ်မမြင်ချင်ဘဲ မြင်မြင်နေရတဲ့ ပိုက်ဆံပုံကြီးနဲ့ ရွှေတွေ။ ဒီပိုက်ဆံပုံကြီးက ဖဲရှုံးနေတဲ့ကျုပ်ကို လှောင်နေသလို ဖြစ်နေတာ မဟုတ်လား။

"ဖိုးတိုး .. ဆက်လိုက်ဦးမှာလား"

ဒိုင်လုပ်တဲ့ ဘကင်းရဲ့အသံကြောင့် ကျုပ်ရင်တစ်ခုလုံး



www.burmeseclassic.com

www.burmeseclassic.com


ဗလောင်ဆူသွားမိတယ်။ ဟုတ်တယ်လေ . . ကျုပ်တစ်သက်လုံး ဖဲရိုက်လာလို့ "ဖဲချိုး ဖိုးတိုး"လို့တောင် သတ်မှတ်ထားခဲ့ကြတာ။ ခု တော့ . . ကျုပ် ဒီလို ဖဲအချီကြီးရှုံးရတဲ့အဖြစ်မျိုး ကြုံမှ မကြုံဖူးခဲ့တာ။

"ငါပြန်လာမယ် ဘကင်း . . မင်းစောင့်နေ"

ကျုပ် ဘကင်းကိုပြောပြီး ဖဲဝိုင်းက ထွက်လာမိပေမယ့် ဘယ် သွားလို့ ဘယ်လာရမှန်း မသိတော့ဘူး။ ကျုပ် ခုလို ဖဲအချီကြီး မရှုံး စဖူး ရှုံးခဲ့လို့ စိတ်တွေ မွှန်ထူနေတာ။ ကျုပ်ဖဲရှုံးလို့ သူများဆီ ချေးငှား ဖို့ဆိုတာ မလွယ်မှန်း ကျုပ်သိတယ်။

ဒါဆို . . ကျုပ် ဖဲပြန်နိုင်ဖို့ ပိုက်ဆံ ဘယ်လိုရှာရမလဲ။ ကျုပ် အတွေးတွေနဲ့ကျုပ် ခေါင်းမီးတောက်နေမိတယ်။

ကြည့်လေ . .။

ကျုပ်ကလည်း ကျုပ်ပါပဲ။ ဖဲရိုက်ပစ်ခဲ့လို့ အမွေရထားတဲ့ လယ်နဲ့ နွားတစ်ရှဉ်းတောင် မကျန်ဘူး။ ကျုပ်အမေ လူမသိ၊ သူမသိ ကုန်ခဲ့ရတဲ့ ပိုက်ဆံတွေက နည်းမှ မနည်းပဲ။

ဖြန်းဆို ကျုပ်သူငယ်ချင်း ထွန်းကို သတိရသွားမိတယ်။ ဟုတ်တယ်လေ . . ကျုပ်နဲ့ထွန်းက လည်ပင်းဖက်ပြီး ကြီးလာခဲ့တဲ့ သူတွေ။ ခက်နေတာက . . ကျုပ်နဲ့ထွန်းက သူငယ်ချင်းအရင်း ဆိုပေမယ့် စိတ်ဓာတ်က ပြဒါးတစ်လမ်း၊ သံတစ်လမ်းဖြစ်နေတာ။

ကျုပ်ကလည်း ကျုပ်ပါပဲ။ ဖဲမရိုက်ရ၊ အရက်မသောက်ရ ရင် စားလို့မဝင်၊ အိပ်လို့မပျော်တတ်တဲ့ အကျင့်။ ဒါကြောင့်လည်း ထွန်းက ကျုပ်ကို အမြဲတမ်း ပြောပြောနေတဲ့စကား။

"ဖိုးတိုးရာ . . မင်းကို ငါခင်လွန်းလို့သာ အဖော်လိုက်နေရ တာကွ၊ မင်း ဒီအလုပ်တွေကို မလုပ်ပါနဲ့တော့ကွာ"

ထွန်းက ဘယ်လိုပြောပြော နားမဝင်ဘဲ ဖဲရိုက်မြဲ၊ အရက် သောက်မြဲ လုပ်နေတဲ့ ကျုပ်။ ခုလည်း ကျုပ် ဖဲမရှုံးစဖူး ရှုံးခဲ့လို့ စိတ် ညစ်ညစ်နဲ့ အရက်ဝယ်ပြီး ကျုပ်ဘကြီး သာမောင်ရဲ့ထန်းတဲလေး မှာ သောက်ရင်း ဘယ်အထိ မူးနေမှန်းတောင် မသိတော့ဘူး။

❖



www.burmeseclassic.com

www.burmeseclassic.com






"ဖိုးတိုး . . ဖိုးတိုး"

ကျုပ်မှူးနေတုန်း ဖြုန်းစားကြီး ကြားလိုက်ရတာက ငထွန်းခေါ်သံ။ ကျုပ် အံ့အားသင့်သွားမိတယ်။ ဒီကောင် ငထွန်းကို ကျုပ် မတွေ့တာ ကြာပြီပဲ။ ငထွန်း ဘာစိတ်ကူးပေါက်ပြီး ကျုပ် ဆီလာတာလဲ။

ကျုပ်လည်း ငထွန်းခေါ်သံ ကြားလို့ လိုက်ရှာကြည့်မိတယ်။ ကျုပ် ဘယ်လိုရှာရှာ ငထွန်း အရိပ်အယောင် တောင် မတွေ့ရဘူး။

"ဟေ့ကောင် . . ငထွန်း မင်း ငါ့ကို ခေါ်ပြီး ဘယ်မှာ ပုန်း နေတာလဲ"

"ငါ မပုန်းပါဘူး ဖိုးတိုးရာ၊ မင်းအနားမှာပဲ ထိုင်နေတာကွ"

ကျုပ် ငထွန်းစကားသံကြောင့် ဇဝေဇဝါကြီး ဖြစ်သွားမိတယ်။ ကြည့်လေ . .။

ကျုပ်ဘယ်လိုရှာရှာ မတွေ့ရတဲ့ ငထွန်း။ ကျုပ်အနားမှာ ထိုင် နေတာတဲ့ . . ။ ကျုပ် ငထွန်းကို ဒေါသဖြစ်သွားမိတယ်။

"ငါ့ကို မနောက်စမ်းပါနဲ့ ငထွန်းရာ . . ငါ ဖဲရှုံးနေလို့ စိတ် ညစ်နေတာကွ . . စိတ်ညစ်နေတာ"

"မင်းဖဲရှုံးတာသိလို့ ငါလာတာကွ"

ငထွန်းစကားကြောင့် ကျုပ်အလိုလို အံ့ဩသွားမိတယ်။ ကျုပ် မအံ့ဩဘဲရှိပါ့မလား။ ကျုပ်ဖဲရှုံးတဲ့အဖြစ်ကို သိနေတဲ့ငထွန်း။

"ငါ . . ငါ ဖဲရှုံးတာ . . မင်း ဘာလုပ်ပေးမှာလဲ။ ပြောစမ်း ငထွန်း"

"မင်းကလည်း ဒေါသကြီးပဲ။ ငါက ဖဲမရိုက်ဖူးပေမယ့် မင်း ဖဲနိုင်အောင် ကူညီမလို့ကွ . . ကူညီမလို့"



www.burmeseclassic.com

www.burmeseclassic.com



သဝေမအောဂ် မဂ္ဂဇင်း

ငထွန်းရဲ့ ထူးထူးခြားခြား စကားသံကြောင့် ကျုပ် မျက်လုံးပြူး သွားမိတယ်။ ဒီကောင့်အဖြစ်ကိုလည်း မယုံနိုင်အောင် ဖြစ်မိတယ်။

"မဟုတ်တာတွေ မပြောစမ်းပါနဲ့ ငထွန်းရာ၊ မင်းက ဖဲချပ် တောင် ကိုင်ဖူးတာမှ မဟုတ်ဘဲ . . ငါ့ဘဝနဲ့ငါ ရှိပါစေကွာ၊ ငါ မင်းကို ဒုက္ခပေးခဲ့ပေါင်း များခဲ့ပြီကွ . . များခဲ့ပြီ"

ကျုပ်က မှုးမှုးနဲ့ ခရေးရေလွှတ်ပြောနေပေမယ့် ငထွန်းရဲ့ တုံ့ပြန်စကားကို မကြားရတော့ဘူး။ ဒီကောင် ကျုပ်ကို အရင်ကလို ပြောမရ၊ ဆိုမရလို့ စိတ်ဆိုးသွားပြန်ပြီနဲ့တူတယ်။

"ဟေ့ကောင် . . ငထွန်း ငါ့ကို စကားပြောလေကွာ"

ကျုပ် ငထွန်းကို ဘယ်အထိ ပြောနေမိတယ် မသိဘူး။ မြန်း စားကြီး ကျုပ်မျက်စိရှေ့မှာ တွေ့လိုက်ရတဲ့ ဘကြီးသာမောင်။ ကျုပ် ကို ဒေါသထွက်နေတဲ့ မျက်လုံးစူးစူးနဲ့ကြည့်ပြီး -

"ဖိုးတိုး . . မင်းဖဲရှုံးလို့ ကုန်သွားပြီဆို . . မင်းကြောင့် ငါ မျက်နှာပျက်ခဲ့ရပေါင်း များပြီ။ မင်းရွာထဲကို လုံးဝ ပြန်မလာနဲ့တော့၊ ဒီထန်းတဲမှာပဲ နေ၊ ဒအေး . . မင်းရွာထဲကို ပြန်ဝင်လာလို့ကတော့ နာပြီသာမှတ်"

ကျုပ်ဘကြီးသာမောင်က ကျုပ်ကို ဒေါသဖြစ်ဖြစ်နဲ့ ကြိမ်း မောင်းပြီး ပြန်သွားတယ်။ ဘကြီးသာမောင်ကို ကျုပ် မကြောက်ဘဲ ရှိပါ့မလားဗျာ။

ကျုပ်အဖေ ဆုံးပါးပြီးကတည်းက ကျုပ်အမေ ကျုပ်ဒုက္ခကို ခါးစည်းမခံနိုင်လို့ ကျုပ်ကို ဘကြီးသာမောင်ဆီ ဝ,ကွက်ပြီး အပ်နှံ ထားခဲ့တာ။ ဒါနဲ့ ကျုပ်လည်း လက်ကျန်အရက်ကိုမော့ပြီး သောက် လိုက်မိတယ်။

❖

"ဖိုးတိုး မင်းအရက်တွေ သောက်နေပြန်ပြီလား"

"ဟော . ."

ကျုပ် အရက်သောက်နေတုန်း ကြားလိုက်ရတဲ့ ငထွန်း

www.burmeseclassic.com

www.burmeseclassic.com



အသံ။ ကျုပ်အံ့ဩတကြီးနဲ့ အသံတောင် ထွက်သွားမိတယ်။

"ဟော့ကောင် .. ငထွန်း မင်းကိုခေါ်နေတာ မကြားဘူးလား"

"ငါကြားပါတယ် ဖိုးတိုးရာ .. မင်းဘကြီးလာလို့ ငါပုန်းနေရတာကွ"

ကျုပ် အံ့အားသင့်သွားမိတယ်။ ကျုပ်ဘကြီးနဲ့ ငထွန်းက ဘာဆိုင်လဲ။ ကျုပ်တောင် ငထွန်းကို ဘယ်လိုရှာရှာမတွေ့ရဘဲ အသံပဲကြားနေရတာ မဟုတ်လား။

"မင်းက ပုန်းစရာလိုလို့လား ငထွန်းရာ .. ငါတောင် မင်းကို ရှာလို့မှ မတွေ့ရတာ"

"မင်းမတွေ့အောင် ငါနေရတာကွ၊ ငါ့အဖြစ်မှန်ကို မင်းတွေ့သွားရင် မလွယ်ဘူး"

"မင်း ဘာဖြစ်နေတယ်ဆိုတာ ပြောစမ်းပါကွာ၊ ငါ .. ငါ သိချင်တယ်"

ကျုပ်စကားကြားတော့ ငထွန်းအသံ အတန်ကြာ တိတ်ဆိတ်သွားတယ်။

"မင်း ငါ့ကို မတွေ့ချင်ပါနဲ့ကွာ .. ငါက ဟိုတုန်းကလို မဟုတ်တော့ဘူးကွ မင်းကို ခင်လွန်းလို့သာ လာခဲ့တာကွ .. ငါက မင်းနဲ့ဘဝခြားနေတဲ့ သရဲ .. သရဲဖြစ်နေပြီကွ"

"ဘာ! .. မင်း .. မင်းက သ .. သရဲဖြစ်နေပြီ ဟုတ်လား ငထွန်း"

ဖြုန်းစားကြီး ကြားလိုက်ရတဲ့ ငထွန်းစကားကြောင့် ကျုပ်အလိုလို ခေါင်းနပန်း ကြီးသွားမိတယ်။ ကျုပ်ထန်းတဲပေါ်က ဆင်းပြီး ငထွန်းကို ရှာဖွေကြည့်လိုက်မိတယ်။ ထန်းတောတစ်ခုလုံး လေပြင်းပြင်းကြောင့် ထန်းရွက်ချင်း ရိုက်ခတ်သံပဲကြားနေတယ်။

ကျုပ်စိတ်ထဲမှာ ငထွန်းအဖြစ်ကို မတွေးတတ်အောင် ဖြစ်သွားမိတယ်။ ကျုပ်ပဲ အရက်မူးနေလို့ ငထွန်းရောက်လာပြီး စကားပြောတာလား။ ကျုပ်ပဲ ငထွန်းကို စိတ်စွဲနေလို့လား။

www.burmeseclassic.com

www.burmeseclassic.com





အဲဒီအချိန်မှာ ထန်းတဲလေးဘေးမှာ လေမတိုက်ဘဲ ဖြန်းဆိုတဲ့ ရိုက်ခတ်သံကြီးကို ကြားလိုက်ရလို့ ကျုပ်ရင်တွေ တဒိန်းဒိန်း ခုန်သွားမိတယ်။

"ငထွန်း ငါ့ကို မနှောက်စမ်းပါနဲ့ကွာ . . မင်း တကယ်ရှိနေတယ်ဆိုတာ တကယ်ပဲလား"

"မင်း မယုံလို့ ငါရှိနေတာကို သက်သေပြတာကွ၊ ငါ မင်းနဲ့ အတူနေချင်တယ် ဖိုးတိုး"

ကျုပ် ငထွန်းစကားကို ကြားလိုက်ရတော့ မယုံနိုင်အောင် ဖြစ်သွားမိတယ်။

"မင်း . . မင်းက သရဲ၊ ငါက လူလေကွာ . . အတူတူနေလို့ ဖြစ်ပါ့မလား"

"မင်းက ငါနဲ့အတူ မနေချင်ဘူးလား။ မင်းဖဲရှုံးပြီး စိတ်ညစ်နေတာ မဟုတ်လား . . ငါက မင်းကို ကူညီမှာလေကွာ"

ကျုပ် ငထွန်းအကြောင်းကို မသိလို့မဟုတ်ဘူး။ ဒီကောင် ငထွန်းက ကျုပ်နဲ့ပတ်သက်လာရင် အသက်တောင် ပေးဝံ့တယ်ဆိုတာ ကျုပ်သိတယ်။

❖

တစ်နေ့ . .

ကျုပ် ဖဲအကြီးအကျယ်နိုင်ပြီး ရွာပြန်လာတုန်း . . ဖဲရှုံးတဲ့ သံချောင်းတို့လူသိုက်က ကျုပ်ဖဲနိုင်လာတဲ့ ပိုက်ဆံတွေကို ပြန်လုယူတာ။ ကျုပ်နဲ့ ငထွန်း သံချောင်းတို့လူသိုက်နဲ့ ထိုးကြိတ်သတ်ပုတ်ရင်း ကျုပ် ဒဏ်ရာရလဲနေတုန်း ကျုပ်ကိုသတ်ဖို့ အပြေးလာနေတဲ့ သံချောင်းလက်ထဲက ဓား။

www.burmeseclassic.com

www.burmeseclassic.com





“ဖိုးတိုး . . လွတ်အောင် ပြေး . . ပြေး”

ဆိုတဲ့ ငထွန်းရဲ့အသံနဲ့အတူ ကျုပ်နောက်ဆုံး တွေ့လိုက်ရတဲ့ ငထွန်းရဲ့အဖြစ်။ ချောင်းရိုးလေးဘေးမှာ ကျုပ်ကိုယ်စား ဓားတန်းလန်းနဲ့ သေခဲ့ရတဲ့ ငထွန်းရဲ့အဖြစ်။

“မင်း ငါ့အကြောင်းတွေကို ပြန်တွေးနေတာလား။ မင်း မတွေးပါနဲ့တော့ကွာ . . ငါ့ဘဝနဲ့ ငါ့ကံတရား မကောင်းခဲ့လို့ပါကွာ။ ခု မင်းတွေးရမှာက မင်းဖဲနိုင်ဖို့ . . အရေးကြီးတယ် မဟုတ်လား”

“ငါ့မှာ ဖဲရိုက်ဖို့ ပိုက်ဆံမရှိဘူး ငထွန်း၊ အဲဒါ စိတ်ညစ်နေရတာ”

ကျုပ်က ဖဲရှုံးပြီး ခြေဗလါး၊ လက်ဗလါး ဗလာဖြစ်နေလို့ စိတ်ညစ်နေတာ။ ပြီးတော့ ကျုပ်စိတ်ထဲမှာ တွေးမိတိုင်း မခံချင်စွာအောင် ဖြစ်နေမိတာက ဘကင်း။ ဒီကောင်ဘကင်းက ဖဲလောကထဲ ဝင်လာတာ သိပ်မကြာသေးဘူး။ ကျုပ်လို ဖဲချိုးကိုတောင် ဖဲအနိုင် ရိုက်နိုင်ခဲ့တာ။

“မင်း စိတ်မညစ်စမ်းပါနဲ့ ဖိုးတိုးရာ . . ငါ့မှာ စုထားတာရှိပါတယ်ကွာ၊ အဲဒါ မင်းသွားယူ”

ကျုပ်ဖဲရှုံးလို့ ပြန်တွေးပြီး စိတ်ဘဝင်မကျ ဖြစ်နေတာ။ ရုတ်တရက် ငထွန်းစကားသံကြောင့် မျက်လုံးပြူးသွားမိတယ်။

“မင်း မဟုတ်တဲ့စကားတွေ . . မပြောစမ်းပါနဲ့ကွာ၊ ငါ့လို လူတောင် ပိုက်ဆံရှာမရလို့ စိတ်ညစ်ပြီး အရက်သောက်နေရတာကွ၊ မင်းက သရဲလေကွာ . . ဘာတတ်နိုင်မှာလဲ”



www.burmeseclassic.com

www.burmeseclassic.com



သွေးသောက် မဂ္ဂဇင်း

။

ကျုပ် ဖဲဝိုင်းထိုင်ပြီးကတည်းက ကောင်းလိုက်တဲ့ ဖဲ။ ဘကင်းတို့လူသိုက် ပါလာတဲ့ပိုက်ဆံတွေက ကျုပ်ရှေ့မှာ တစ်ပုံကြီး။ "ဖိုးတိုးက ဒီဝိုင်းမှာ ဖဲမျော်အောင်ပါလားကွ၊ ဘယ်လိုရိုက်ရိုက် မရပါလား"

"မင်း ငါ့ကို အတော်အထင်သေးတာပဲ၊ အေး . . ငါပြောတာမှန်ရင် မင်းငါ့ကို ကတိပေး"

"ငါ . . ငါက ဘာကတိပေးရမှာလဲ ငထွန်း"

"ငါပေးတဲ့ပိုက်ဆံနဲ့ မင်း ဖဲရိုက်လေကွာ . . ဒီတစ်ခါ မင်း အချိုကြီး ရမှာကွ၊ မင်း အချိုကြီးရပြီးရင် ဖဲဆက်မရိုက်တော့ပါဘူးလို့ ငါ့ကို ကတိပေး"

ကျုပ် ငထွန်းစကားကြောင့် အမှတ်ရသွားမိတယ်။

ဟုတ်တယ်လေ . .။ ကျုပ်ဘဝအတွက် ဒီကောင်ငထွန်းက ဘဝခြားနေတာတောင် စိတ်မချဘဲဖြစ်နေတာ။ ကျုပ်တစ်ယောက်ပဲ အသိဆုံး မဟုတ်လား။

"ငါ . . ငါ ကတိပေးပါတယ် ငထွန်းရာ"

"မင်းကတိမတည်နိုင်ရင် ငါ မကူညီနိုင်တော့ဘူး"

ကျုပ်ငထွန်းကို ဘယ်လိုပြောရမှန်းတောင် မသိဘူး။ ခက်နေတာက ကျုပ်ငထွန်းနဲ့ စကားသာပြောနေရပေမယ့် မမြင်မတွေ့ရတဲ့အဖြစ်က ဆန်းကြယ်နေတာ။

"ငါနေတဲ့ ခြံဟောင်းတဲက သရက်ပင်ဘေးမှာ မြေကြီးမို့မို့ ရှိတယ် သွားတူး . ."

"မင်းထားတဲ့ပစ္စည်းက"

"ဖြုန်း"

ကျုပ် ငထွန်းကို ဆက်ပြီးမေးလို့တောင် မရသေးဘူး။

www.burmeseclassic.com




ထန်းတဲဇရပ်ဘေးက ကြားလိုက်ရတဲ့ အသံကြီး။ ကျုပ်ကြောက်ချွေးတွေ အလိုလို ထွက်သွားမိတယ်။

ဟုတ်တယ်လေ၊ ကျုပ်ကလည်း ကျုပ်ပဲ။ ထွန်းအကြောင်းကို သိလျက်နဲ့ စပ်စပ်စုစု မေးမိတာကိုး။ ထွန်းက ကျုပ်ကို စိတ်ဆိုးပြီး ရိုက်ပုတ်လိုက်တဲ့ ထန်းတဲဘေးကအသံကြီး။

ကျုပ်လည်း ထွန်းကို ဆက်မမေးတော့ဘဲ ကမန်းကတန်း ထွန်းနေခဲ့တဲ့ ခြံဟောင်းကို အပြေးသွားမိတယ်။ ပြီးတော့ ထွန်းပြောတဲ့ သရက်ပင်ဘေးက မြေကြီးမို့မို့ကို တူးပြီး ကြည့်လိုက်တယ်။ ကျုပ်တွေ့လိုက်ရတဲ့ မြေအိုးလေး။

မြေအိုးလေးထဲက ရွှေတိုရွှေစတွေ။ ကျုပ်မြေအိုးလေးကို ပိုက်ပြီး ထန်းတဲလေးဆီ အပြေးပြန်လာမိတယ်။

"ထွန်း . . ထွန်း မင်းပြောတာ အမှန်ပဲကွ"

ကျုပ် မြေအိုးလေးထဲမှာ ရွှေတိုရွှေစတွေကို တွေ့ရလို့ ဝမ်းသာအားရနဲ့ ပြောလိုက်မိတယ်။

ကြည့်လေ . . ဒီကောင်ထွန်း ဘယ်တုန်းက စုထားမှန်း မသိတဲ့ ရွှေတိုရွှေစတွေ။ ဟိုတုန်းက ကျုပ်ဖဲရှုံးတိုင်း စိတ်ညစ်ပြီး အရက်မူးအောင် သောက်နေတာတွေ့ရင် ကျုပ်အဖြစ်ကို မကြည့်ရက်နိုင်တဲ့ ထွန်း။ ရွှေစလေးတွေယူလာပြီး ကျုပ်ကို ကူညီခဲ့တာတွေ . .။


"ဖိုးတိုး . . မင်းဝမ်းသာနေတာတွေ့လို့ ငါပျော်ပါတယ်ကွာ၊ ဒါပေမယ့် . . မင်းကတိပျက်မှာ ငါသိတယ်"

"ဟာကွာ . . ထွန်းကလည်း ပြောပြန်ပြီ။ မင်းနဲ့ငါ ပေါင်းလာတာ ကြာပြီကွ၊ မင်း ငါ့ကို အခုထိ မယုံသေးဘူးလား"



www.burmeseclassic.com

www.burmeseclassic.com

"အေးပါကွာ . . မင်းစကားသာ တည်၊ မင်း ဖဲသွားရိုက်"

ငွေထွန်းစကား ကြောင့် ကျုပ်အလိုလို ပျော်သွားပြီး ဘကင်း တို့နဲ့ ချိန်းပိုင်းလုပ်လိုက် တယ်။ ကျုပ် ဖဲဝိုင်းထိုင်ပြီးက တည်းက ကောင်းလိုက်တဲ့ဖဲ။ ဘကင်းတို့လူသိုက် ပါလာတဲ့ပိုက်ဆံတွေက ကျုပ်ရှေ့မှာ တစ်ပုံ ကြီးဖြစ်နေတာ။

"ဖိုးတိုးက ဒီဝိုင်းမှာ ဖဲမှော်အောင်ပါလားကွ၊ တို့ ဘယ်လို ရိုက်ရိုက် မရဘဲဖြစ်နေပါလား"

ဘကင်း ပြောလည်း ပြောစရာ။ ကျုပ်အဖြစ်ကို ကြည့်ပြီး ဘယ်သူမှ မယုံနိုင်အောင် ဖြစ်နေကြတယ်။ ဘကင်းကလည်း ကျုပ်ကိုအပိုင်တွက်ပြီး အချီကြီးရဖို့ ကြံတာ။ ကျုပ် ဖဲထုပ်မှောက် ဝိုင်းသိမ်းပြီး ထန်းတဲလေးဆီ ပြန်လာမိတယ်။

ကျုပ်ထန်းတဲရောက်ပြီး အရက်သောက်ဖို့ ပန်းကန်ထဲ ထည့်ပြီး အမြည်းစားနေတုန်း ကျုပ်သောက်ဖို့ ထည့်ထားတဲ့ ပန်းကန်ထဲက အရက် မရှိတော့ဘူး။ ကျုပ်မသင်္ကာလို့ ပန်းကန်ထဲကို အရက်ထပ်ငှဲ့ထည့်ပြီး သောက်ဖို့လုပ်တော့လည်း အရက်မရှိ တော့ဘူး။ ကျုပ်သောက်ဖို့ကြံတိုင်း အရက်တွေ ပျောက်ပျောက် သွားတာ။ ကျုပ် ကျွဲမြီးတိုသွားမိတယ်။

"ဘယ်ကောင်လဲကွ . . ငါ့အရက်တွေ သောက်ပစ်နေတာ သတ္တိရှိရင် ထွက်ခဲ့စမ်း"

ကျုပ် အရက်မသောက်ရလို့ ဘယ်အထိ စိန်ခေါ်နေမိတယ် မသိဘူး။ ဗြုန်းဆိုတဲ့ အသံကြီးနဲ့အတူ ကြမ်းပြင်ပေါ်မှာ ကျုပ်ထား တဲ့ အရက်ပုလင်းနဲ့ အမြည်းပန်းကန် လွင့်စင်မှောက်ကုန်တယ်။

www.burmeseclassic.com

www.burmeseclassic.com


"မင်းက ငါရှိနေတာသိရက်နဲ့ ဘာဖြစ်လို့ စိန်ခေါ်နေရတာလဲ ဖိုးတိုး"

ကျုပ် ရုတ်တရက် ကြားလိုက်ရတဲ့ ငထွန်းရဲ့ခေါ်သံသံ။ ဒီတော့မှ ကျုပ် ငထွန်းကို သတိရသွားတယ်။

"မင်း . . မင်းရှိနေတာကို ငါမေ့သွားလို့ပါကွာ"

"တော်ပြီ . . ဖိုးတိုး၊ မင်းကို ငါ ဘယ်လိုပြောပြော နားဝင်မှာမဟုတ်ဘူး။ ခု ငါကူညီပေးလို့ မင်း ဖဲနိုင်သွားပြီ မဟုတ်လား။ ခု မင်းက အရက်သောက်နေတာ ငါမကြိုက်လို့ သွန်ပစ်နေတာကွ"

ငထွန်းက မထွက်စဖူးဒေါသတွေနဲ့ ကျုပ်ကို ပြောနေတာ။ ကျုပ် ငထွန်းကို ဘာဆက်ပြောရမှန်း မသိတော့ဘူး။ ကျုပ်က ငထွန်းပြောလည်း ပြောစရာ။ ကျုပ်က ဖဲနိုင်ရင် အရက်ကလေးတမြမြနဲ့ လုပ်တတ်တဲ့အကျင့်။

"ငါ့ကို စိတ်မဆိုးပါနဲ့ ငထွန်းရယ် . . ငါ ကတိအတိုင်း လုပ်ပါ့မယ်"

"မင်းစကားကို ကြားရတာ ငါဝမ်းသာပါတယ် ဖိုးတိုးရာ . . ဒါပေမယ့် ငါ့အဖြစ်ကို ဘယ်သူမှ သွားမပြောပါနဲ့ကွာ၊ ငါ မင်းနဲ့အတူနေချင်လို့ လာတာပါ"

"ငါ ဘယ်သူ့ကိုမှ မပြောပါဘူးကွာ . . ငါရွာထဲကို မရောက်တာကြာလို့ သွားဦးမယ် ငထွန်း"

❖

ကျုပ်ငထွန်းကိုပြောပြီး ကျုပ်ဖဲနိုင်လာတဲ့ ပိုက်ဆံတွေနဲ့ ရွှေတိုရွှေစတွေကို အမေ့ပေးလိုက်တယ်။ အမေက ကျုပ်ပေးတဲ့ ပိုက်ဆံနဲ့ ရွှေတိုရွှေစတွေကိုကြည့်ပြီး အံ့အားသင့်နေရှာတာ။

ဟုတ်တယ်လေ . . ကျုပ်က ဖဲနိုင်ရင် ဘယ်တော့မှ အမေ့ကို ပေးဖူး၊ ကမ်းဖူးတာမှ မဟုတ်ပဲ။ ကျုပ်အပေါင်းအသင်းတွေနဲ့ ဖဲနိုင်သမျှ သောက်စားပစ်တာချည်းပဲ မဟုတ်လား။

"ဖိုးတိုး . . ဒီလောက်များတဲ့ ပိုက်ဆံနဲ့ ရွှေတွေကို ဘယ်


www.burmeseclassic.com

www.burmeseclassic.com




က ရလာခဲ့တာလဲ . . မှန်မှန် ပြောစမ်း . . နင့်ဘကြီးသိသွားရင် မလွယ်ဘူး”

“ကျုပ်ပိုက်ဆံက ဖဲနိုင်လို့ရတာပါ အမေရာ . . ရွှေကတော့ ကျုပ်သူငယ်ချင်း ငထွန်း ပေးထားတာ”

“နင့် သူငယ်ချင်း ငထွန်း . . ဟုတ်လား၊ ငထွန်းက သေသွားပြီ မဟုတ်လား . . ဖိုးတိုး နင် အရက်မူးမူးနဲ့ မဟုတ်တာတွေ ပြောရော့မယ်”

“အမေကလည်း ကျုပ်ပြောတာ မယုံဘူးနဲ့တူတယ် . . ငထွန်းက ကျုပ်နဲ့ ထန်းတဲမှာ အတူနေတာဗျ”

ကျုပ်စကားကိုကြားတော့ အမေက ရင်ဘတ်ကို လက်တလေးနဲ့ဖိပြီး မယုံနိုင်အောင်ဖြစ်နေရှာတယ်။

“ဖိုးတိုး . . နင့် ထန်းတဲမှာနေလို့ မဖြစ်တော့ဘူး။ ကြာရင် ငထွန်းက နင့်လိပ်ပြာကို နှုတ်ယူသွားမှာ ဖိုးတိုးရဲ့ . . နင့်ကို အမေစိတ်မချတော့ဘူး။ ဆရာ့ကိုပြပြီး ကုမှဖြစ်မယ်”

အမေက ကျုပ်အဖြစ်ကိုသိပြီး စိုးရိမ်စကြီးနဲ့ ဆရာနဲ့ပြဖို့လုပ်နေတာ။ ဒီတော့မှ ကျုပ် ငထွန်းကို ဖျတ်ခနဲ သတိရသွားတယ်။ ငထွန်းက ဘဝခြားသွားတောင် ကျုပ်နဲ့ အတူနေချင်လို့လာတာ။ ပြီးတော့ ကျုပ်ကို ဘယ်သူမှမပြောဖို့ အတန်တန်ပြောခဲ့တာ။

ကျုပ် ကမန်းကတန်း အမေ့အိမ်ပေါ်က ဆင်းပြီး ထန်းတဲလေးဆီကို အပြေးလာမိရင် ငထွန်းကို ခေါ်လိုက်မိတယ်

“ငထွန်းရေ . . ငထွန်း”

ကျုပ် ငထွန်းကိုခေါ်နေတဲ့အသံက ထန်းတောတစ်ခုလုံး

www.burmeseclassic.com



တိန်းသွားတယ်။ ပြီးတော့ ငထွန်းက ကျုပ်သိအောင် ထန်းတဲလေးကို ပုတ်ပြတဲ့အသံ။ ဒီအသံပေါ်မလာလို့ ကျုပ် နားစွင့်လိုက်မိတယ်။ ဘာအသံမှ မကြားရတော့ဘူး။

"ဖိုးတိုး . . မင်း ငါ့အပေါ် ရက်စက်ပါလားကွ"

ဖြုန်းဆို . . ငထွန်းအသံကိုကြားလိုက်ရလို့ ကျုပ်ရင်တွေ တဒိန်းဒိန်းမြည်အောင် ခုန်သွားမိတယ်။ ပြီးတော့ ငထွန်းကိုလည်း အလိုလို ကြောက်ရွံ့သွားမိတယ်။

"မင်းကွာ . . ငါ့အဖြစ်ကိုမပြောပါနဲ့လို့ ပြောထားရက်နဲ့ကွာ၊ ခု မင်းပြောလိုက်လို့ ငါ မင်းနဲ့ အတူမနေရတော့ဘူးကွ"

"ငါ့ကို ခွင့်လွှတ်ပါ ငထွန်းရာ . . ငါ မင်းကို ရက်စက်ချင်လို့ မဟုတ်ပါဘူး"

ကျုပ် ငထွန်းကိုပြောရင်း ဘယ်နေရာက ပေါ်လာမလဲ ဆိုတာ ရင်တထိတ်ထိတ်နဲ့ ကြည့်နေမိတယ်။

"ငါမင်းကို ခင်လို့ လာတာပါ ဖိုးတိုးရာ . . မင်းဘဝနဲ့ ငါ့ဘဝက ဘဝချင်းမတူဘူးဆိုတာ ငါသိပါတယ်ကွာ၊ ငါ မင်းကို ရွှေတွေ ပေးမလို့ကွ . . ပြီးတော့ မင်း ငါ့ကို အမျှအတန်း ပေးဝေစေချင်တာ။ ခု ငါ မင်းနဲ့ဝေးရာကို သွားရတော့မှာ ဖိုးတိုး"

"မင်းမသွားနဲ့ ထွန်း . . မင်းသွားရင် ငါဘယ်သူနဲ့ စကားပြောရမှာလဲ"

"ဟော . . ဖိုးတိုး . . ငါ့ကိုခေါ်နေကြပြီကွ၊ ခေါ်နေကြပြီ"

ငထွန်း စကားသံနဲ့အတူ ကျုပ်မျက်စိထဲမှာ ပိုးတဝါးတွေ့မြင်လိုက်ရတဲ့ ငထွန်းရဲ့ ကြောက်စရာအသွင်သဏ္ဌာန်။ ကျုပ် မယုံနိုင်အောင် ဖြစ်မိပြီး ကျုပ်ပါးစပ်က အလိုလို ထွက်သွားမိတဲ့အသံ။

"ငထွန်း . . မင်း မသွားနဲ့၊ မသွားနဲ့ . . ငါလည်း လိုက်မယ်"

"ဖိုးတိုး . . ဖိုးတိုး"

ကျုပ် ဘာတွေဖြစ်ခဲ့မိတယ် မသိဘူး။ ကျုပ် ဗျတ်ခနဲ သတိရပြီး ကြည့်လိုက်တော့ ကျုပ်ကို ဝိုင်းကြည့်နေတဲ့လူတွေ။

"ကျုပ် . . ကျုပ် ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို သရဲကပ်နေလို့ . . နင်ထုတ်နေတာ"

ကျုပ် ကြားလိုက်ရတဲ့စကားကြောင့် အံ့ဩသွားမိတယ်။ ကျုပ်ကို "သရဲကပ်လို့"ဆိုတဲ့ စကားလုံးက အထူးအဆန်း ဖြစ်သွားစေတယ်"

"မင်းကသာ မသိတာ . . မင်းကို သရဲပူးကပ်နေတာ ကြာနေပြီကွ၊ အချိန်မှီ ဆရာနဲ့ကုသနိုင်လို့ မင်း အသက်ချမ်းသာခွင့်ရခဲ့တာ . . ကြာသွားရင် မင်းအသက်ပါသွားမှာ သေချာတယ် ဖိုးတိုး"

ကျုပ် ထန်းတောကို ကြည့်လိုက်မိတယ်။ ထန်းတောကြီး တစ်ခုလုံးက လေမတိုက်ဘဲ တဝေါဝေါမြည်သံတွေနဲ့ ယိမ်းထိုးလှုပ်ရှားနေတဲ့မြင်ကွင်း။

"ငထွန်းရေ . . မင်း ကောင်းရာဘဝရောက်ဖို့ ငါကုသိုလ်ပြုပြီး အမျှဝေပေးပါမယ်ကွာ . . အမျှဝေပေးပါ့မယ်"

ကျုပ်ရင်ထဲမှာ မမြိုသိပ်နိုင်ဘဲ ထွက်လာမိတဲ့ အသံနဲ့အတူ ထန်းတဲဆီကနေ "ဝုန်း! . ."ဆိုတဲ့ အသံကြီး။ ငထွန်းက ကျုပ်ကို နောက်ဆုံး နှုတ်ဆက်သံပေးနေတယ်ဆိုတာ ကျုပ်ကလွဲပြီးတော့ ဘယ်သူမှ မသိနိုင်ဘူးဆိုတာကို . .။

ဇလွန်ကျော်ဦး



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ကျွန်ုပ်ကြုံခဲ့ရသည့်
# ထူးခြားဆန်းကြယ်ဖြစ်ရပ်များ


မောင်လှုယဉ် (မော်လမြိုင်)



www.burmeseclassic.com

www.burmeseclassic.com





## နိဒါန်း၏ နိဒါန်း

ယခုကျွန်ုပ်ပြောပြမည့် အဖြစ်အပျက်တို့သည် ကျွန်ုပ်အမေရဲ့အဘိုး (ကျွန်ုပ်နှင့်ဆိုပါက အဘေး)၏ အဖြစ်အပျက်များ ဖြစ်ပါသည်။ ကျွန်ုပ်သည် အဘေးကိုတော့ မမှီလိုက်ရပါဘူး။

အမေက ကျွန်ုပ်တို့ညီအစ်ကို မောင်နှမတစ်တွေကို အိပ်ရာဝင်တိုင်း ပြောပြတတ်၍ သိရှိခဲ့ပါတယ်။ အမေရဲ့ အိပ်ရာဝင်ပုံပြင်များဟုသာ ဆိုချင်ဆိုနိုင်ပါတယ်။

ကြာတော့လည်း ကြာခဲ့ပါပြီ။ အခုဆိုကျွန်ုပ်အမေလည်း ကွယ်လွန်ခဲ့ပြီး ကျွန်ုပ်အသက်ပင် (၆၀)ကျော်လာခဲ့ပြီးဖြစ်ပါသည်။ ယခုကျွန်ုပ်တို့ခေတ်တွင် အဘေး၏ဂမ္ဘီရပညာမျိုး တွေ့ဖူး၊ ကြုံဖူးတော့မည် မဟုတ်ပေ။

ကျွန်ုပ်အဘေး၏ ဂမ္ဘီရပညာသည် အောက်လမ်းပညာလား။ ဂမ္ဘီရပညာအစစ်လား။ မျက်လှည့်ပညာများလားဆိုတာ ကျွန်ုပ် ဝေခွဲမရဖြစ်နေပါတယ်။

ငယ်ငယ်တုန်းကတော့ အမေပြောပြခဲ့သည့် အမေ့ရဲ့ အဘိုး (ကျွန်ုပ်အဘေး)ရဲ့ အဖြစ်အပျက်များကိုတိုက် အမေပြော

www.burmeseclassic.com

www.burmeseclassic.com



တာကို နားထောင်ပြီး အံ့သြခြင်း၊ ကြက်သီးမွေးညှင်းထခြင်း၊ ကြောက်လန့်ခြင်းတို့ဖြစ်လာရပါတယ်။ သည်အဖြစ်အပျက် အမေက ထပ်ခါတလဲလဲ ပြောပြနေသော်လည်း ကျွန်ုပ်တို့မှာ မရိုးနိုင်ပါ။

တစ်ခါတော့ အမေ့ကိုမေးမိသည်။

"အမေ . . သည်အကြောင်းကြီးပဲ ပြောပြနေတာပဲ။ ဒါ့အပြင် အခြားအကြောင်းတွေကိုလည်း ပြောပြပါဦး" လို့ အမေ့ကိုပြောတော့ -

"ဒါက ငါနိုးကြည့်လို့ တွေ့ရတာဟဲ့ . . တခြားအဖြစ်အပျက်တွေတော့ ငါမတွေ့ရဘူး" လို့ ပြောပါတယ်။

သည်နေရာမှာ ကျွန်ုပ်အမေရဲ့အဘိုးအကြောင်းကို ခေတ္တထားပြီး ရှေးလူကြီးတွေရဲ့ လျှို့ဝှက်နက်နဲတဲ့ပညာတွေကို ကျွန်ုပ် ဘုန်းကြီးကျောင်းသားဘဝက မြင်တွေ့ခဲ့ရတဲ့အဖြစ်ကို အရင်ပြောပြလိုပါတယ်။

ကျွန်ုပ်နေထိုင်သောရွာတွင် ရှေးဟောင်းဘုန်းကြီးကျောင်း နှစ်ကျောင်းရှိပါတယ်။ နှစ်ကျောင်းလုံး နှစ်ရာကျော်ကျောင်းများလည်းဖြစ်ပါတယ်။ ထိုကျောင်းနှစ်ကျောင်းသည် ရွာလယ်ခေါင်ရှိ တောင်ဖေပါတွင် တည်ထားကြပါတယ်။ တောင်ကျောင်းနဲ့ မြောက်ကျောင်းလို့ လူကြီးတွေက ခေါ်ဆိုကြတယ်။

တောင်ကျောင်းတွင် ကြေးစည်ထမ်း ဘီလူးကြီးနှစ်ကောင်ကို အစောင့်ပြုလုပ်ထားပြီး မြောက်ဘက်ဘုန်းတော်ကြီးကျောင်း ချုပ်တန်းပေါ်တွင် ဘီလူးနှစ်ကောင်ကို ထုလုပ်ထားပြီး အစောင့်ထားခဲ့ကြတာကို ကျွန်ုပ် ဘုန်းကြီးကျောင်းသားဘဝက တွေ့ကြုံခဲ့ရပါတယ်။

### တောင်ပေါ်ကျောင်းက ကြေးစည်ထမ်း ဘီလူးရုပ်နှစ်ခု

ထိုကြေးစည်ထမ်း ဘီလူးနှစ်ကောင်ရုပ်တုတို့သည် လွန်စွာမှ လက်ရာမြောက်လှပြီး ခြောက်နှစ်၊ ခုနစ်နှစ်သားလေးလောက်

www.burmeseclassic.com



ရှိ၍ ကျွန်ုပ်တို့ကလေးတွေအဖို့ လွန်စွာမှ ကြောက်စရာကောင်းနေပါသည်။

သူတို့ညီနောင်နှစ်ကောင်ကို ဘုရားစန်းထဲတွင် ကြေးစည်ထမ်းခိုင်းထားပါသည်။ ကျွန်ုပ်တို့ညဘက် ဘုရားဝတ်တက်ပြီး အမျှဝေပေးသည့်အခါ ဘီလူးနှစ်ကောင်ထမ်းထားတဲ့ ကြေးစည်ကြီးကို အလှည့်ကျ သွား၍တီးကြရသည်။

တစ်ချီတည်း မသွားရဲ၊ မတီးရဲကြ၍ ကိုရင်ကျောင်းသားများညှိကြပြီး နှစ်ယောက်တွဲသွား၍ တီးကြရတယ်။

ထိုဘီလူးနှစ်ကောင်အဖြစ်အပျက်သည် ကျွန်ုပ်တို့ရွာတွင် ရာဇဝင်တင်ခဲ့ရသည့် အဖြစ်အပျက်ဖြစ်ခဲ့ပါတယ်။ ထိုအချိန်က မြန်မာနိုင်ငံတစ်လွှားတွင် ရှေးဟောင်းပစ္စည်းတွေ လိုက်ဝယ်နေသည့် ရောဂါထနေချိန်ကပါ။

တစ်နည်း တော်လှန်ရေးကောင်စီ ဗိုလ်ချုပ်ကြီးနေဝင်း အာဏာသိမ်းကာစကဖြစ်သည်။ မြန်မာပြည်တံခါးပိတ်ဝါဒကို ကျင့်သုံးနေ၍ ရှေးဟောင်းပစ္စည်းနှင့်အတူ ရှေးဟောင်းဘုရားရုပ်ပွားတော်များပါ ပြည်ပနိုင်ငံကို မှောင်ခို ခိုးထုတ်နေချိန်လည်း ဖြစ်ပါတယ်။

တစ်နေ့ တောင်ကျောင်းကို ရှေးဟောင်းပစ္စည်းဝယ်သူ နှစ်ဦး ရောက်လာပါတယ်။ ထိုသူနှစ်ဦးသည် ရှေးလက်ရာ ကြေးစည်ထမ်း ဘီလူးညီနောင်ရုပ်နှစ်ရုပ်ကို လိုချင်ကြ၍ ဆရာတော်နှင့် အပေးအယူလုပ်ကြတယ်။

ဆရာတော်လည်း ကျောင်းပြင်ဆင်ရန် ငွေလိုနေ၍ ရောင်းချရန်သဘောတူပြီး တစ်ဝက်ငွေစရံပေးခဲ့ပြီး နောက်တစ်ပတ်မှ လာယူမယ်ဟု ပြောဆိုပြန်သွားကြသည်။ ထိုအချိန်က သိန်းချီပေးတယ်ဆိုတော့ တစ်ဖက်နိုင်ငံတွင် ဘယ်လောက်ရမည်ဆိုတာ စဉ်းစားကြည့်ချင်ပါတယ်။

ထိုညတွင်ပင် ဘီလူးညီနောင်က ဆရာတော်ကို အိပ်မက်ပေးပါတယ်။ ရုပ်ချင်း ခွဲမရအောင်တူပြီး သျှောင်တာစောင်း ထုံး

www.burmeseclassic.com

www.burmeseclassic.com


ထားတဲ့ လုလင်ပျိုနှစ်ယောက် ဆရာတော်ထံရောက်လာပြီး ဝတ်ဖြည့်ကာ လျှောက်ထားပါတယ်။

"တပည့်တော်တို့သည် ဘုရားစန်းထဲမှ ကြေးစည်ထမ်း ဘီလူးညီနောင်များဖြစ်ကြပါတယ်။ တပည့်တော်တို့အား ရှေးဆရာကြီးတွေက အသက်သွင်းထား၍ အသက်ဝင်နေသူများလည်း ဖြစ်ပါတယ်။

ဆရာတော်က တပည့်တော်တို့နှစ်ဦးအား မသမာသူ လက်ထဲသို့ မထည့်လိုက်ပါနဲ့ . . သည်ကျောင်းကိုစောင့်၍ သည်နေရာမှာ တပည့်တော်တို့ပျော်ပါတယ်ဘုရား။ ကျောင်းပြင်ရန် ငွေလိုနေပါက တပည့်တော်တို့ ကူညီပါ့မယ်။ ရောင်းလိုက်လျှင်တော့ တပည့်တော်တို့ အရှင်ဘုရားအသက်ကို တာဝန်မယူနိုင်ပါ"

ဟု အိပ်မက်ပေးခဲ့ပါတယ်။ သည်လို အိပ်မက်ခဲ့ပေမယ့် ဆရာတော်က ဂရုမစိုက်ဘဲ ဘီလူးညီနောင်ကို ရောင်းလိုက်ပြီး လူဝတ်လဲခါ မိန်းမယူ၍ ဆေးကုစားနေတယ်။

လူထွက်ပြီး ခြောက်လလောက်အကြာမှာတော့ ကြမ္မာဆိုးဖန်လာပါတော့တယ်။

ညဘက် လင်မယားနှစ်ယောက်အိပ်နေတုန်း ဘုန်းကြီးလူထွက် ဆေးဆရာထံမှ တအင့်အင့်နှင့် အသံတွေထွက်နေပြီး -

"ငါ့ကို လည်ပင်းညှစ်သတ်နေတယ်၊ ဟော့ကောင်တွေ . . မလုပ်ကြပါနဲ့ ငါမှားပါပြီကွာ"

အသံကြားရ၍ မိန်းမလုပ်သူက မီးခွက်ထွန်းကြည့်ရာ ဆေးဆရာမှာ လည်ပင်းလိမ်ပြီး သေနေတာကို တွေ့ရတော့သည်။ သူ့မိန်းမ ထကြည့်တော့ လည်ပင်းမှာ လက်ရာတွေ ညိုမည်းနေတာကို တွေ့ရတယ်။

တချို့က သနားကြပေမယ့် မလိုသူတွေက ကျောင်းပိုင်ပစ္စည်း မတရားလုပ်လို့ အသေဆိုးနဲ့ သေရတာလို့ ပြောကြတယ်။


www.burmeseclassic.com

www.burmeseclassic.com



## ချုပ်တန်းပေါ်က ဘီလူးနှစ်ကောင်

ဆက်တင်ပြမယ့်အကြောင်းက မြောက်ကျောင်းက အဖြစ်အပျက်ပါ။

ရှေးလူကြီးတွေက ကျောင်းဆောက်လှူမယ်။ ဇရပ်၊ သိမ်၊ ဘုရား ဆောက်တည်လှူကြမယ်ဆိုလျှင် မသမာသူတို့ရန်ဘေးမှ ကင်းဝေးရန် ဂန္ဓာရီပညာများဖြင့် စီရင်ထားတတ်ကြတယ်လို့ ရှေးလူကြီးသူမတို့က ဆိုကြပါတယ်။

အခုလည်း မြောက်ကျောင်းက ဘီလူးညီနောင်က တစ်ကိုယ်လုံးမဟုတ်ဘဲ ဦးခေါင်းပုံကိုသာထုပြီး ကျောင်းအလယ် ခန်းမကြီးအနောက်ပိုင်း ချုပ်တန်းပေါ်မှာ ကပ်ထားတာပါ။ လက်နှစ်ဖက်က ဘုရားခန်းရှိရာကို လက်အုပ်ချီထားတဲ့ပုံပါ။

သည်ဘီလူးညီနောင်က လူတွေကို ဒုက္ခမပေးပေမယ့် ကျောင်းသား၊ ကိုရင်ငယ်လေးများကိုတော့ ချစ်လို့ထင်ပါရဲ့ . . နောက်ပြောင်ကျီစယ်တတ်ကြပါတယ်။ သူတို့နောက်ပုံကလည်း တလေးငယ်တွေ ထိတ်လန့်စရာပါ။

ဤအဖြစ်အပျက်နှစ်ခုတို့မှာ ကျွန်ုပ်ငယ်စဉ် ဘုန်းကြီးကျောင်းသားဘဝ ကိုယ်တွေ့များဖြစ်ကြပါတယ်။ ထိုအချိန်က မြောက်ကျောင်းကြီးတွင် လောကုတ္တရာစာပေများအပြင် ခေတ်အတန်းစာများပါ (အလယ်တန်းအဆင့်ထိ)သင်ကြားပေးနေတဲ့ ကျောင်းဖြစ်ပါတယ်။

ကျောင်းတွင် ကျောင်းထိုင်ဆရာတော်ကြီး၊ ဦးပဥ္စင်းသုံးပါး၊ ကိုရင်ငါးပါးနှင့် ကျွန်ုပ်အပါအဝင် ကျောင်းသားကြီးငယ် နှစ်ဆယ့်ငါးယောက်လောက်ရှိကြပါတယ်။

လူပျိုပေါက်ကျောင်းသားကြီးတွေပင် သုံးလေးဦးရှိကြပါတယ်။ ထိုကျောင်းသားတွေထဲတွင် ကျွန်ုပ်က အငယ်ဆုံးကျောင်းသားဖြစ်ပါတယ်။ သည်တုန်းက ကျွန်ုပ်အသက် ခြောက်နှစ်ကျော်ခုနစ်နှစ်လောက်သာ ရှိပါသေးတယ်။

အချိန်တုန်းက လွတ်လပ်ရေးရပြီးကာစ အချိန်ပါ။ နေ့



www.burmeseclassic.com

www.burmeseclassic.com





ဆွမ်းစားပြီးနောက်ပိုင်း (၁၂)နာရီကစ၍ အတန်းစာသင်ကြားပေးပါတယ်။ ညနေ (၅)နာရီခွဲ ကျောင်းလွှတ်၍ ရွာမှ စာလာသင်တဲ့ ကျောင်းသားကျောင်းသူများ အိမ်ပြန်ကြပြီး ကျွန်ုပ်တို့ ကျောင်းအိပ်၊ ကျောင်းစားတွေသာ ညဘက်တွင် ကျောင်းကြီးအလယ် ခန်းမကြီး၌ စုပေါင်းအိပ်ကြရပါတယ်။

ခြင်ထောင်တတ်နိုင်သည့် ကျောင်းသားတွေက အိမ်က ခြင်ထောင်ယူလာ၍ ခြင်ထောင်နှင့် အိပ်ကြပြီး ခြင်ထောင်မတတ်နိုင်တဲ့ ကျောင်းသားတွေကတော့ ခြင်တောထဲတွင် သည်းတိုင်း ဒုက္ခခံ၍ အိပ်ကြရတယ်။

ကျောင်းဝေယျာဝစ္စလုပ်ရခြင်း၊ မျောက်ရှုံး အောင်ဆော့ရခြင်းတို့ကြောင့် အိပ်ပြီဆိုတာနဲ့ တုံးခနဲပါပဲ။ ခြင်ကိုက်တောင် မသိကြတော့လေ။

"အောင်မယ်လေး! . ."

"ဟော့ . . ငါ့ခြေထောက်ကို ဘယ်သူဆွဲတာလဲကွ"

တစ်နေ့ ညဥ့်နက်ပိုင်း ကျွန်ုပ်နှင့်အစ်ကိုတို့ ခြင်ထောင်ထဲတွင် အိပ်မောကျနေစဉ် ကျွန်ုပ်တို့ဘေးတွင်အိပ်နေသည့် မောင်ခြိမ့်ရဲ့ အလန့်တကြား အော်သံကြားလိုက်ရ၍ ကျွန်ုပ်တို့ လန့်နိုးကုန်ကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com


"ဟော့ . . ဘယ်သူလဲ ညဥ့်အချိန်မတော်ကြီး ထအော်တာ"

"တပည့်တော်ပါဘုရား၊ တပည့်တော်ခြေထောက်ကို တစ်ယောက်ယောက်လာဆွဲလို့ လန့်အော်မိတာပါဘုရား"

မောင်ဖြိမ့်က တုန်တုန်ရီရီနှင့် လျှောက်ထားလိုက်ပါတယ်။

"ဘယ်သူက မောင်ဖြိမ့်ခြေထောက်ကို ဆွဲတာလဲဟေ့ . ."

ဆရာတော်ရဲ့မေးမြန်းသံ၊ မောင်ဖြိမ့်ရဲ့အော်သံတို့ကြောင့် ကိုရင်၊ ကျောင်းသားတွေအားလုံး လန့်နိုးကုန်သော်လည်း အသံကတော့ ထွက်မလာရဲ။

"အေး . . ကောင်းကောင်းပြန်အိပ်ကြ၊ နောက်တစ်ခါ ထပ်အော်ရင် အားလုံး တုတ်စာမိမယ်"

ဆရာတော် ကြိမ်းမောင်းပြီး ကျက်သရေခန်းထဲကို ဝင်သွားပါတော့တယ်။ ကျွန်ုပ်တို့လည်း တိုးတိုးတိတ်တိတ် တွတ်ထိုးရင်း ပြန်၍အိပ်ပျော်သွားပါတော့တယ်။ ဆရာတော်ကျိန်းသွား၍ ထင်ပါတယ်။ နောက်ထပ်ဘာမှ မဖြစ်တော့ဘဲ တုန်းခေါက်သံကြားမှ နိုးလာပါတော့တယ်။

နောက်တစ်နေ့ နံနက်လေးနာရီတုံးခေါက်ပြီး တန်းဆွမ်းခံရန် ပြင်ဆင်နေကြ၍ ဘယ်သူ့ကိုမှ မကြည့်အားခဲ့ပေ။ ဦးဇင်း၊ ကိုရင်တွေ သင်္ကန်းဝတ်ရုံပြီး ဆင်းရန် ကျောင်းသားတွေကို လိုက်စစ်တော့ တစ်နေ့ညက ခြေထောက်ဆွဲခံရတဲ့ မောင်ဖျိမ့်ပျောက်နေတယ်။

"ဟော့ . . ဟိုကောင် မောင်ဖျိမ့်ဘယ်ရောက်နေလဲ ရှာကြစမ်းကွာ"

ကိုရင်နှင့်ကျောင်းသားကြီးများလိုက်ရှာကြတော့ သကောင့်သားမောင်ဖျိမ့် အိမ်သာထဲတွင် တခေါ်ခေါ်နှင့် အိပ်ပျော်နေတာကို သွားတွေ့၍ အတင်းနှိုးပြီး ခေါ်လာရတော့တယ်။

"ဟော့ . . မောင်ဖျိမ့် မင်းအိမ်သာထဲ ဘာလို့သွားအိပ်နေတာလဲ။ တော်တော်အအိပ်ကြီးတဲ့ကောင် မျက်နှာသစ်မြန်မြန်သစ် ဆွမ်းခံကြွရတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"တပည့်တော် အိပ်နေတုန်းက သူတို့နဲ့အတူတူ အိပ်တာပါဘုရား . . . အခု ဘယ်လိုဖြစ်ပြီး အိမ်သာထဲ ရောက်နေတာလဲ မသိဘူးဘုရား"

မောင်ရှိမ့်က တုန်တုန်ရီရီနှင့် လျှောက်ထားလိုက်ပါတယ်။ မောင်ရှိမ့်မျက်နှာက အမှန်ပြောနေသည့်ပုံဖြစ်နေ၍ ဦးဖင်းလည်း ဘာမှထပ်မပြောတော့ဘဲ တန်းဆွမ်းဆင်းရန် အချိန်လွန်နေပြီဖြစ်၍ သုတ်သုတ်ထွက်ခဲ့ကြရတော့တယ်။

မောင်ရှိမ့်ကစလိုက်တဲ့ အဖြစ်ဟာ ညစဉ်ရက်ဆက် ကျောင်းသား၊ ကိုရင်တွေ တစ်ယောက်တစ်မျိုး မရိုးရအောင် နောက်နေပါတော့တယ်။ ကျွန်ုပ်က ကျောင်းသားထဲမှာ အငယ်ဆုံးမို့ထင်ပါရဲ့ . . . ကံဆိုးသူမဖြစ်ခဲ့ပါဘူး။ ကျွန်ုပ်နှင့်တူတူ ခြင်ထောင်ထဲအိပ်နေတဲ့ အစ်ကိုဘာလှတောင် ပါလိုက်သေးတယ်။

တစ်ညကို တစ်ယောက်၊ နှစ်ယောက် အိပ်ရာထဲကနေ မီးဖိုခန်းထဲရောက်လိုရောက် အိမ်သာထဲရောက်လိုရောက်နှင့် ဖြစ်နေကြတော့ ည ညဆို ကျောင်းကြီးပေါ်မှာ မအိပ်ရဲကြတော့ဘူးပေါ့။

ကိုရင်နဲ့ကျောင်းသားတွေအားလုံး အိမ်မှာ ပြန်ဆင်းအိပ်နိုင်ကြဖို့ ဆရာတော်ကို လျှောက်ထားကြတယ်။ သည်တော့ ဆရာတော်က အဖြစ်အပျက်ကိုအကုန်ခေါ်မေးပြီး ကျောင်းဒကာကြီးတွေနဲ့ တိုင်ပင်ကြပါတော့တယ်။

ကျောင်းဒကာကြီးတွေထဲက ဗဟုသုတနဲ့ပြည့်စုံတဲ့ ဦးဒွန်းအောင်က နားလည်တဲ့ဆရာတစ်ယောက်ရှာပြီး ကြည့်နိုင်းရင်ကောင်းမည်ဟု အကြံပေးလာ၍ သူ့ကိုပင် ဆရာရှာနိုင်းလိုက်ပါတယ်။

သုံးရက်လောက်ကြာတော့ နံနက်ပိုင်း ဒကာကြီးဦးဒွန်းအောင်သည် အသားဖြူဖြူ၊ အရပ်မြင့်မြင့် အသက်ငါးဆယ်ခန့်လောက်ရှိမယ့် လူခန့်ခန့်ကြီးတစ်ဦးနဲ့အတူ ကျောင်းပေါ်သို့တက်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သျှောင်တစောင်းနှင့် ဖြူဖြူခန့်ခန့်လူကြီးကို ကျွန်ုပ်တို့ ကိုရင်ကျောင်းသားတစ်စု ပြုံးတစ်ပြုံးတစ်နှင့် ချောင်းကြည့်နေကြ ပါတယ်။

ဆွမ်းခံချိန်ကျနေပြီးဖြစ်၍ နောက်ပိုင်းအဖြစ်အပျက်တို့ ကို မကြည့်နိုင်တော့ပါ။ ဆွမ်းခံပြန်လာတော့ သျှောင်တစောင်းနှင့် ပုဂ္ဂိုလ်ကြီး မရှိတော့ပါ။

ဦးဇင်းအောင်နိုင်ကိုမေးကြည့်တော့ ကျောင်းမကြီး အလယ်ခန်းနောက်ဘက် ချုပ်တန်းကြီးကိုလဲရမည်ဟု သိရပါ တယ်။

နောက်တစ်နေ့ ကျောင်းဒကာများနှင့် လက်သမားဆရာ တို့ ရောက်လာကြပြီး ကန်တော့ပွဲပေးခါ လဲမည့်ချုပ်တန်းကို တက် ဖြုတ်ကြသည်။ အောက်ရောက်လာ၍ ချုပ်တန်းကြီးကို ကျွန်ုပ်တို့ ဝိုင်းကြည့်ကြရာ လက်ရာအလွန်မြောက်သည့် ဘီလူးခေါင်းရုပ်တု နှစ်ခုကို ကပ်ထားသည်ကို တွေ့ရပါတယ်။

သည်ချုပ်တန်းကြီးကို ဖြုတ်လဲပြီးသည့်အချိန်မှစ၍ ကျွန်ုပ်တို့ကောင်းစွာ အိပ်ရပါတော့သည်။ နောက်လည်း ဘာမှ မဖြစ်တော့ပါ။

## အမေပြောပြသည့် ဂမ္ဘီရဆိုတာ..

အခုနောက်ဆုံး ကျွန်ုပ်ပြောပြမည့်အကြောင်းက ကျွန်ုပ် အမေသည် ကျွန်ုပ်တို့အိပ်ရာဝင်တိုင်း ပြောပြနေသည့် ကျွန်ုပ်တို့ အဘေးရဲ့အကြောင်း အိပ်ရာဝင်ပုံပြင်ပါ။

ကျွန်ုပ်အမေရဲ့အဘိုး (ကျွန်ုပ်နှင့်ဆိုလျှင် အဘေးတော်ပါ သည်။)ရဲ့အဖြစ်အပျက်ပါ။ ဒါကို အမေပြောပြခဲ့သည့်အတိုင်း ရေး ပြရခြင်းဖြစ်ပါတယ်။ ကျွန်ုပ်အဘေးလုပ်ဆောင်မှုတွေဟာ ဂမ္ဘီရ လား၊ လက်လှည့်ပညာလား၊ မျက်စိကို လှည့်စားထားတာလား ဆို တာ ကျွန်ုပ်မဆုံးဖြတ်နိုင်ပါ။ ဖတ်ရှုသူတို့သာ ဆုံးဖြတ်ပါလေ။

အချိန်က အင်္ဂလိပ်မျက်နှာဖြူတွေ အုပ်စိုးချိန်ကဖြစ်ပါ

www.burmeseclassic.com


တယ်။ သည့်တုန်းက ကျွန်ုပ်အမေ မသက်သည် ဆယ့်လေးသုံးနှစ် ပျိုဖော်ဝင်စအရွယ်ဟု ဆိုပါတယ်။ အမေ့အဘိုးက အငယ်ဆုံးမြေး အမေ့ကို အချစ်ဆုံးလို့ သိရပါတယ်။

ဘယ်သွားသွား ခေါ်သွားလေ့ရှိတယ်။ တစ်ခါတော့ ကျွန်ုပ် အမေရဲ့အမေက ဒီလိုပြောလာပါတယ်။

"အဖေကလေ အဖေ့မြေးကမိန်းကလေး အပျိုပေါက် လည်းဖြစ်လာပါပြီ။ နေရာတကာမခေါ်နေပါနဲ့လား အဖေရယ်၊ ဒီကောင်မလေး ပျက်စီးလိမ့်မယ်"

သည့်တော့ ကျွန်ုပ်အဘေးပြောပုံကိုလည်း ကြည့်လေ။

"နင်က မွေးရုံမွေးထားတာပါ ခင်ထားရယ် . . တို့လင် မယားက ကျွေးမွေးထားတာပါ။ နင့်ကိုလည်း တို့က မွေးထားတာ ပါ။ ပျက်စီးတာဆို နင့်စိတ်ဓာတ်ပါလို့ပဲဖြစ်မယ်"

ကျွန်ုပ်အဘေး ဒီလိုဆိုလိုက်တော့ ကျွန်ုပ်အဖွားဒေါ်ခင်ထား နောက်ထပ်မပြောရဲလည်း ကျွန်ုပ်အမေကို ခေါ်သွားလေ့ရှိပါ တယ်။ ဒါကို အမေ့ရဲ့အဖွားက သူ့မြေးကို အရက်ဆိုင်မခေါ်သွားနဲ့ . . တားတော့ ကျွန်ုပ်အဘေးက သည်လိုပြောပါတယ်။

"ဟ . . ငါ့အချစ်ဆုံးမြေးမလေး ယောက်ျားလေးစိတ်ဝင်မှ ဖြစ်မှာဟ . . ဒါမှ ငါတတ်ထားတဲ့ပညာတွေ သူ့ကို ပေးခဲ့ရမှာဟ"

"မလိုချင်ဘူး။ မိန်းကလေးဟာ မိန်းကလေးလိုပဲနေပါ စေ။ ဘာပညာမှ ကလေးကို မပေးပါနဲ့"

အမေ့ရဲ့အဖွားက တစ်ချက်လွှတ်အမိန့်ပေးလိုက်တော့ ကျွန်ုပ်အဘေး ဘာမှဆက်မပြောရဲတော့ဘဲ ငြိမ်သွားပါတယ်။ အမေက ရယ်ရယ်မောမောနဲ့ ဆက်ပြောတာက ကျွန်ုပ်အဘေးဟာ သူ့မိန်းမကို အလွန်ကြောက်ရသည်ဆိုပဲ။ သည်လို အမေ့အဘွား၏ တစ်ချက်လွှတ်အမိန့်ကြောင့် အမေ မိန်းကလေးပီသခဲ့ရတယ်လို့ ဆိုပါတယ်။

တစ်နေ့မှာပေါ့ . .။

မော်လမြိုင်မြို့က ထောင်ကဲ (တရုတ်) ရုံစီး အမေ့အဘိုး


www.burmeseclassic.com

www.burmeseclassic.com


အိမ်ကိုရောက်လာတယ်။ သည်အချိန်က ဝက်သတ်လိုင်စင်ဖြင့် ဝက်များသတ်၍ တရုတ်များသာ ရောင်းဝယ်နေကြပါတယ်။ အမဲ (နွားသား)ကိုတော့ ကုလား(မူဆလင်)များသာ လိုင်စင်ယူ၍ ရောင်းဝယ်ကြပါတယ်။

ထိုတရုတ်ထောင်ကဲတို့သည် တောရွာတွေဆင်းပြီး ဝက်အရှင်များကို ဝယ်ယူ၍သတ်ခါ ဈေးများတွင် ရောင်းချကြပါတယ်။ ထိုနေ့ မနက်ကိုးနာရီလောက်ရှိပြီ ဖြစ်ပါတယ်။ ဒီအချိန်တွင် အမေသည် သူမအဘိုး၏ ထူးခြားတဲ့အပြုအမူကို တွေ့ရပါတယ်။

အဲ . . ပြောစရာစကား အနည်းငယ်ကျန်ခဲ့ပါတယ်။ ရှေးမွန်လူမျိုးတို့သည် သတ်စားရသည့် ကြက်၊ ဘဲ၊ ဝက်တို့ကို အိမ်တွင် မမွေးမြူကြကြောင်း အမေပြော၍ သိရပါတယ်။

ကျွန်ုပ်အဘေးတို့သည် ရှေးမွန်လူမျိုးများပီပီ အိမ်တွင် ကြက်၊ ဘဲ၊ ဝက်များ မမွေးကြသည်ကို အမေသိထားပါတယ်။

သည်နေ့မနက်တော့ အမေ့အဘိုးသည် ဘယ်ကဆွဲလာသည့် ဝက်နစ်ကောင်လည်း မသိ။ အိမ်ရှေ့ခြံတိုင်တွင် ချည်ထားလိုက်တာကို အမေတွေ့ရ၍ အံ့သြမိလေတယ်။ ထိုဝက်နစ်ကောင်ကို အမေ့ အဘွားကတွေ့၍ မေးလေသည်။

"ကိုကွန်ထွီး . . ဒီဝက်နစ်ကောင် ဘယ်ကယူလာတာလဲ၊ ဘာလုပ်ဖို့ အိမ်ရှေ့မှာ လာချီထားရတာလဲတော့ . ."

"ငါ့သူငယ်ချင်း စောအယ်ထူးလယ်ထဲက လူကြုံပါးလိုက်တဲ့ ဝက်တွေပါကွာ၊ ဒီနေ့ ရွာကို မြို့က ဝက်လာဝယ်တဲ့ ထောင်ကဲတွေလာမယ်လေ။ သူလယ်ထဲက မပြန်နိုင်လို့ ငါ့ကို ရောင်းခိုင်းလိုက်တာကွ"

"ရှင်နော် . . ဘုရားမကြိုက်တဲ့အလုပ်တွေ သူ့ဟာသူ ရောင်းပါစေလား။ ဒီကိုရင် လာမှတွေ့ဦးမယ်။ ကြားထဲက အကုသိုလ် ယူတာလား"

"မဟုတ်ပါဘူး မိနော်ချစ်ရယ် . . သူငယ်ချင်းမို့ကူညီတာပါ။ ဟဲ . . ဟဲ ငါလည်း အရက်သောက်ရတယ်လေကွာ"

www.burmeseclassic.com



"တော် . . ဒီအရက်နဲ့ပဲ သေမှာပဲ၊ ဟင်း . . မပြောချင်ပါဘူး"

အမေ့ရဲ့အဘွားက မြည်တွန်တောက်တီးပြီး အိမ်ထဲသို့ ဝင်သွားပါတယ်။ မွန်းတည့်လောက်အရောက်တွင် တရုတ်နှစ်ဦး အမေ့အဘိုးကို လာတွေ့လေသည်။

"ဟော့ . . သူငယ်ချင်းကွန်ထွီး . . . မင်းစုဝက်ရောင်းဖို့ရှိတယ်ဆို"

"အေဟော့ . . ခေါင်ကဲရ၊ အိမ်ရှေ့ခြံတိုင်မှာ ချည်ထားတဲ့ ဝက်နှစ်ကောင်ပဲကွ"

အမေ့ရဲ့အဘိုးနဲ့ ထောင်ကဲတို့ ဈေးစကားပြောဆိုကြပြီး ဈေးတည့်သွား၍ ငွေပေးချေပြီး ဝက်နှစ်ကောင်ကို ထောင်ကဲတို့ ဆွဲသွားတော့တယ်။ ဝက်နှစ်ကောင်မှာ ပေကပ်ကပ်ဖြင့် မလိုက်ချင်ဘဲ အော်ပြီးကာ ပါသွားတော့သည်။

နောက်နေ့မနက်ပိုင်း အမေ့ရဲ့အဖွား ဒေါ်နော်ချစ်မှာ တခြားရွာသို့ အလှူသွားနေ၍ အိမ်တွင် အမေနှင့် အမေ့အဘိုး ဦးကွန်ထွီးတို့သာ အိမ်တွင်ရှိနေကြတယ်။ ဦးကွန်ထွီးသည် ဒေါ်နော်ချစ်မရှိ၍ အိမ်ရှေ့တွင် အရက်ထိုင်သောက်နေတယ်။ အရက် တစ်ဝက်လောက်အရောက်တွင် သူ့မြေး ကျွန်ုပ်ရဲ့အမေကို သူ့အနားကို ခေါ်ပါတယ်။

"မြေးလေး . . အဘိုးအိပ်နေတဲ့အခါ မနေ့က ဝက်ဝယ်သွားတဲ့ တရုတ်နှစ်ယောက်လာလိမ့်မယ်။ မြေးကိုမေးရင် အဘိုးအိပ်နေတယ်လို့ပြော . . တခြားဘာမှ မပြောနဲ့။

သူတို့ နှိုးခိုင်းရင် မြေးလေး လာမနှိုးနဲ့၊ အဘိုးရိုက်လိမ့်မယ် မနှိုးရဲဘူးလို့ပြော။ အဘိုး အိမ်ရှေ့ခန်းမှာပဲ အိပ်နေမယ်။ သူတို့ အိမ်ပေါ်တက်လာတဲ့အခါ မြေးလေး မလိုက်လာနဲ့ အောက်မှာပဲ နေခဲ့ ကြားလား"

အမေ့ရဲ့အဘိုးဦးကွန်ထွီးက အမေ့ကို မှာစရာရှိတာမှာပြီး အိမ်အောက်တွင် ကစားခိုင်းနေလိုက်ပါတယ်။ အမေလည်း

www.burmeseclassic.com

www.burmeseclassic.com


အဘိုးမှာတဲ့အတိုင်း ခြံဝိုင်းထဲတွင် တစ်ဦးတည်း ကစားနေပါတယ်။

နေထန်းတစ်ဖျားကျော်လောက်အရောက်တွင် တရုတ်နှစ်ယောက်သည် တရုတ်လို မိုးမွှန်အောင်ပြောဆိုပြီး အိမ်ဝိုင်းထဲကို ဝင်လာပါတယ်။

"ဟော့ . . စူဝက်မလေး . . နင့်အဘိုး ကနီနဲကွန်ထွီး ဘယ်မှာလဲ။ ဝတို့ကို ဝက်ဆိုပြီးရောင်းလိုက်တာ ခြင်းတွေ၊ ဒီကောင် ဝတို့ကို လီရောင်းတယ်"

"ထောင်ကဲကြီးတို့ကို အဘိုးက ဘာလိမ်ရောင်းလို့လဲ၊ ထောင်ကဲကြီးတို့ မနေ့က ဆွဲသွားတာ ဝက်မဟုတ်လို့ ဘာမို့လဲ။ ကွီ . . ကွီ . . ကွီလို့တောင် အော်သေး။ တစ်ရွာလုံးသိတယ်တော့ . ."

"ဝတို့ယူသွားတုန်းကတော့ ဝက်ပဲ၊ အိမ်ရောက်မှ ခြင်းတွေဖြစ်ကုန်တာလား။ ဒီကောင်ကွန်ထွီး ဝတို့ကို နှစ်ပေါက်၊ သုံးပေါက်ရိုက်လယ် ခွီးမသား"

ထောင်ကဲနှစ်ယောက်လည်း ဆူးဆဲ . . ဆူးဆဲပြောဆိုပြီး အိမ်ပေါ်သို့တက်သွားကြတယ်။ ကျွန်ုပ်အမေကလည်း သူ့အဘိုးသွေး၊ သူ့အဘိုး စိတ်ဓာတ်ပါသူမဟုတ်လား။

အိမ်ပေါ်ကို နောက်က တိတ်တိတ်ကလေး လိုက်တက်သွားပြီး ပုဏ္ဏားကွယ်ကနေ အသာလေး ချောင်းကြည့်နေလိုက်တယ်။

"ဟော့ . . စူဝက်ကွန်ထွီး ထစမ်း . .၊ နင်က စူလိမ်ပဲကွ။ တို့ကို ဝက်ဆိုပြီး မျက်စိလှည့်ပြီး ခြင်းတောင်းကို ညာရောင်းတဲ့ကောင်"

တရုတ်နှစ်ယောက်က ပြောလည်းပြော၊ ဆဲလည်းဆဲခါ အဘေးဦးကွန်ထွီးလက်ကို လှုပ်ဆွဲပြီးနှိုးလိုက်ရာ အဘေးလက်တစ်ဖက် ပြုတ်ထွက်လာပြီး တရုတ်ကြီးလက်ထဲကို ပါလာကား အမေတွေ့လိုက်ရတော့ လန့်မအော်မိစေရန် ပါးစပ်ကို အမြန်ပိတ်လိုက်ရတယ်။

တရုတ်နှစ်ဦးလည်း ဝမ်းစွေ့လို့ ဘုရားတ . . ၊ အဘေးဦး

www.burmeseclassic.com



ကွန်ထွီးလက်ကို လွှတ်ချလိုက်ပါတယ်။

"ဝမ်စွေ့ ဘုရား . . ကယ်ပါ။ စီကောင့်လက်ကို ဝဖြတ်တာ မဟုတ်ဘူးနော်"

တရုတ်ကြီးက လက်ကို အမြန်လွှတ်ချလိုက်ပြီး ကိုင်မိကိုင်ရာ အမေ့အဘိုးခြေထောက်ကို ဆွဲပြီး လှုပ်နှိုးလိုက်ပြန်တယ်။ ဦးကွန်ထွီးခြေထောက်ကို တရုတ်ကြီး ကိုင်ဆွဲလိုက်တာနဲ့ ပေါင်ရင်းမှ ပြုတ်ထွက်၍ တရုတ်ကြီးလက်ထဲကို ပါလာပြန်တယ်။

"အား . . ယို့ . . ယိုး . . ဝမ်စွေ့ ဘုရားကယ်တော်မူပါဦး၊ ခုနလိတစ်ဖက် ဆွဲမိတယ်။ အရင်းကပြုတ်ထွက်ပါလာတယ်နော် အီခုတစ်ခါ ခြေထောက်ကိုဆွဲတယ်နော် . . ခြေထောက်ကြီး ပြုတ်ပါလာတယ်နော်။

ဝ ဒီကောင်ကို ကြောက်သွားပြီ။ ပိဆံလည်း မယူတော့ပါဘူး။ ကွန်ထွီး ဝလို့ လုပ်တာမဟုတ်ဘူး။ စူးဟာစူဖြစ်တာ။ ဝတို့နှင့် မီဆိုင်ဘူး"

တရုတ်နှစ်ကောင်လည်း ကြောက်ကြောက်လန့်လန့်နဲ့ အမေ့အဘိုးအိမ်ပေါ်မှ ဆင်းပြေးသွားကြပါတော့တယ်။ အမေပြောတာက ဖိနပ်တွေတောင် မယူနိုင်ကြပါဘူးတဲ့။

ကျွန်ုပ်၏အမေသည် အဘေး၏အဖြစ်အပျက်ကို ရယ်ရယ်မောမောနှင့် အဆုံးသတ်လိုက်ပါတော့တယ်။ ဟိုတုန်းကတော့ ကျွန်ုပ်ငယ်သေး၍ နားထောင်စရာပုံပြင်"ဟုသာ မှတ်ယူခဲ့ပါတယ်။

ယခု အသက်အရွယ်ရလာမှပဲ ရှေးလူကြီးတွေရဲ့ လျှို့ဝှက်နက်နဲတဲ့ပညာတွေကို လေးစားမိတော့သည်။ ကျွန်ုပ်အဘေးပညာသည် လက်လှည့်လား၊ မျက်လှည့်လား၊ ဂန္ဓာရီပညာလားဆိုတာ စာရှုသူတို့သာ ဆုံးဖြတ်ပါလေတော့။

ကောင်းကျိုးလိုရာ ပြည့်ပါစေ။
မောင်လှယဉ် (မော်လမြိုင်)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



သိင်္ဂီးသန်းအောင် (မြင်းခြံ)

# ပရလောကသားနှင့်
# လူစိမ်းဧည့်သည်

www.burmeseclassic.com

www.burmeseclassic.com





||

**ပိတ်ထားသော လှေခါးထိပ်မှာ**
**အခန်းတံခါးဆီမှ**
**မီးခိုးလုံးများပမာ၊**
**ဖြူဖွေးဖွေး အရိပ်သဏ္ဍာန်တစ်ခု**
**အိမ်အတွင်းသို့ တဖြည်းဖြည်း**
**ဝင်လာသည်ကို**
**တွေ့လိုက်ရပြန်သည်။**

(၁)

လက်ကိုင်ဖုန်းမှ ဂီတသံစဥ် ထွက်ပေါ်လာသည်။ ကျွန်တော်က လက်ကိုင်ဖုန်းမှ ဖုန်းပြောခလုတ်ကို ဖွင့်၍ -

တစ်ဖက်ဖုန်းပြောသူထံမှ အသံထွက်ပေါ်လာသည်။

"ကျွန်တော်က စာရေးဆရာ တမ္ဘဝတီလူထူးကဲပါ ခင်ဗျာ . . ခုပြောနေတာ ဆရာသိကြားသန်းအောင် (မြင်းခြံ)လား"

"ဟုတ်ကဲ့ပါ . . သိကြားသန်းအောင် (မြင်းခြံ)ပါ၊ ပြောပါ ဆရာ . . ဆရာ့ဆီက ဖုန်းလာလို့ ဝမ်းသာပါတယ်"

"ဆရာလည်း ကျွန်တော့ဆီ အလည်လာမယ် . . လာမယ် ဆိုပေမယ့် မရောက်ဖြစ်သေးဘူးလေ။ ခုတော့ ဆရာလာဖြစ်ဖို့ ကြုံလာပြီလို့ ပြောရမလိုဖြစ်နေပြီ။

မြစ်သားမြို့ရဲ့ အထင်ကရဖြစ်တဲ့ တည်းတော်ရာကျောင်း တိုက်ရဲ့ နှစ်ငါးဆယ်ပြည့်မဂ္ဂဇင်းထုတ်ဖို့ ဆရာတော်က ကျွန်တော့ ကို တာဝန်ပေးထားလို့ ဆရာ့ဆီက စာမူလိုချင်တယ်လေ။

အဲဒါ စာမူလည်းပို့ရင်း ကျွန်တော့ဆီကို အလည်လာဖို့

www.burmeseclassic.com

www.burmeseclassic.com



ဆရာ့ဆီကို ဖုန်းလှမ်းဆက်လိုက်တာလို့ ဆိုပါတော့ဆရာ၊ ဘယ်နှယ့်လဲ ဆရာစာမူယူလာပြီး မြစ်သားကို လာမယ်မဟုတ်လား"

"စာမူပို့တာကတော့ ဟုတ်ပါပြီလေ၊ ဘယ်လို သတ်မှတ်ချက်တွေရှိလဲဆိုတာ သိချင်သေးတယ် ဆရာ၊ ပြောပြဦးလေ"

"ဘာသာရေးစာမူဆိုတော့ ဘာသာရေးဆိုင်ရာ စာပေပုံစံအမျိုးမျိုးနဲ့ လွတ်လွတ်လပ်လပ်ရေးလို့ ရပါတယ်။ ဒါဆို ရတယ်မဟုတ်လား။ တစ်ပတ်အတွင်းဆို လာနိုင်ပါ့မလား။ လာမယ်ဆိုရင် ကျွန်တော့ဆီ ဖုန်းလှမ်းဆက်လိုက်ပါ။ ကားဂိတ်ကို ကျွန်တော် လာကြိုမှာပေါ့"

"ကောင်းပြီလေ ကျွန်တော်လာခဲ့ပါ့မယ်။ စိတ်ချ . . ကျွန်တော်ကလည်း ဆရာ မြစ်သားက စာရေးဆရာတွေနဲ့ ဆုံချင်နေတာနဲ့ အတော်ပဲပေါ့ဗျာ"

ဤသို့ဖြင့် ဆရာတမ္ဗဝတီလူထူးကဲရှိရာသို့ ကျွန်တော် သွားဖြစ်ခဲ့ပါတော့သည်။ သို့ရာတွင် ယခင်ကလို မြင်းခြံ-မန္တလေး ကားစီးသွား၍ မြစ်သားမြို့ကို တိုက်ရိုက်မရောက်ပါလေတော့ မန္တလေးအမြန်ယာဉ်ဖြင့် လိုက်၍ ပြင်စည်ကျေးရွာရောက်လျှင် ဆင်းနေရပါမည်။

ထို့ပြင် ပြင်စည်ရွာမှတစ်ဆင့် မြစ်သားသို့ပြေးဆွဲနေသော ဟိုင်းလပ်ကားငယ်လေးများဖြင့် မြစ်သားမြို့သို့ရောက်ရန် ဆက်လက်စီးခဲ့ရပြန်ပါသည်။

မြစ်သားမြို့ ကားဂိတ်ရောက်သည်နှင့် သံလမ်းကားဂိတ်အနီးရှိ ကောင်းလိုက်လက်ဖက်ရည်ဆိုင်တွင် ထိုင်လျက် ဆရာလူထူးကဲထံသို့ ဖုန်းဖြင့် ကားဂိတ်အနီး "ကောင်းလိုက်" လက်ဖက်ရည်ဆိုင်မှစောင့်နေကြောင်း အသိပေး အကြောင်းကြားလိုက်ရတော့သည်။

ယခင်က သူ့အိမ်သို့ မရောက်ဖူးသေးသည့်အတွက်ဖြစ်ပါသည်။ ကျွန်တော်လက်ဖက်ရည်သောက်ပြီး မကြာမီ ဆရာလူထူးကဲဆိုင်ကယ်ဖြင့် ရောက်လာပါလာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာသိက်ားသန်းအောင် ရောက်နေတာကြာပြီလား။ ကျွန်တော် ကြိုရောက်မနေတာ အားနာလိုက်တာ ဆရာရယ်"

ဟု အားနာသည့်လေသံဖြင့် ပြောနေသဖြင့် ကျွန်တော်က အားမနာရန် လက်ကာပြပြီး-

"တော်တော့ . . ကျွန်တော် လက်ဖက်ရည် သောက်ပြီးပြီ။ ဆရာသောက်မယ်ဆို ထိုင်ဦးလေ"

"ကျွန်တော်က သောက်ပြီးပြီ ဆရာ၊ ဒါဆို သွားကြဦးစို့"

ထို့နောက်တွင် နှစ်ဦးသားဆိုင်ကယ်ဖြင့် ဆရာလှထူးကဲ တို့နေအိမ်သို့ ရောက်လာခဲ့ကြတော့သည်။ အိမ်သို့ရောက်သည်နှင့် ဆရာကဲတော်မှ အပြုံးဖြင့် ဆီးကြိုနေပါသည်။ ဆရာလှထူးကဲမှ ကျွန်တော်နှင့် သူ့ဇနီးမမာမာဝင်းနှင့် မိတ်ဆက်ပြီးပေးပါသည်။

နောက်ပိုင်းတွင် ဆရာတို့အိမ်တွင် လင်မယားနှစ်ဦးတည်း သာရှိသော လွတ်လပ်ပွင့်လင်း၊ အနောင်ကင်းမဲ့သည့် နှစ်ကိုယ်တူ ချစ်စံအိမ်လေးတစ်ခုဟု သိလိုက်ရပါမည်။

သားသမီးသုံးယောက်ရှိသည့်အနက် သားတစ်ယောက် ဆုံးပါးသွား၍ ကျန်ရှိသည့်သားနှင့်သမီးမှာ မလေးတွင် အလုပ် အကိုင်များဖြင့် ထောက်ပံ့ပြုစုစောင့်ရှောက်နေသည်ကို သိခွင့်ရခဲ့ ပါသည်။

ဆရာလှထူးကဲ အိမ်ရောက်၍ ခေတ္တမျှအနားယူပြီး မတတ် တတတ် ကွန်ပျူတာပညာရှင်နှစ်ယောက် တတ်သိသလောက် အတိုင် အဖောက်ညီစွာ ပညာခြင်းဖလှယ်ခဲ့ကြသည်တွင် မြစ်သားမြို့၏ အနောက်ဘက် တော်သလင်းလ၏ နေရောင်လက်လက်မှာ အမှောင်ဘက်သို့ပင် ဝင်ရောက်နေချေပေါ့။

သူပိုင် လက်တော့ပ် ကွန်ပျူတာလေးမျာလည်း လက် ဆော့လိုက်ကြသည့် နှစ်ဦးသားလက်ချက်ကြောင့် ညီးညူစွာ ဆက်လက် အလုပ်မလုပ်နိုင်တော့သဖြင့် နှစ်ဦးသားလက်လျှော့ ကာ ရေမိုးချိုးကြလျက် ဆရာလှထူးကဲမှ စစ်ကဲကျော့တိုက်သို့ လည်းကောင်း၊ မဂ္ဂဇင်းထုတ်မည့် တည်းတော်ရာ မဟာစည် ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



တိုက်သို့ လည်းကောင်း၊ ဆိုင်ကယ်ဖြင့်လိုက်၍ ညနေပိုင်းအချိန်တွင် ပို့ဆောင်ပေးခဲ့သဖြင့် ကျွန်တော့်အနေဖြင့် ကြုံတောင့်ကြုံခဲ သီလအစဉ်မြဲသည့် ကျောင်းတိုက်ဆရာတော်များအား ဖူးမျှော်ခွင့်ရခဲ့ရပါသည်။

ထိုသို့ဖူးမျှော်ပြီးသည်နှင့် စေတနာလွန်ကဲသော ဆရာလူထူးကဲက စစ်ကဲတံတား၊ ပန်းလောင်တံတားအလှများနှင့် ထူးကဲသည့် ပန်းလောင်မြစ်၏ ရေစီးဆင်းပုံအား လိုက်လံ ပြသခဲ့ပါသည်။

ပန်းလောင်မြစ်ရေ၏ စီးဆင်းပုံကား အံ့ဩဖွယ်ကောင်းလှပါဘိတောင်း။ စဉ်းစားကြည့်လေ . . မြန်မာနိုင်ငံအတွင်းရှိ မြစ်များအားလုံးက မြောက်အရပ်မှ တောင်အရပ်သို့ စီးဆင်းကြမြဲ။

စာရေးဆရာလူထူးကဲ နေထိုင်သော မြစ်သားမြို့၏ အထင်ကရဖြစ်သည့် ပန်းလောင်မြစ်ကား ထိုသို့မဟုတ်။ မြို့၏တောင်ဘက်တွင် အရှေ့မှအနောက်သို့ စီးဆင်းလာခဲ့ရာမှ မြို့အနောက်ဘက်ရောက်သော် တောင်မှမြောက်သို့ စီးဆင်းလျက် မြစ်ငယ်မြစ်သို့ စီးဝင်၍ ညီညာဖြူဖြူ မြစ်ဧရာဝတီမြစ်ဖြင့် ပူးပေါင်းရင်း မြောက်မှ တောင်သို့လိုက်ပါ၍ သမုဒ္ဒရာအတွင်းသို့ ဝင်ရောက်သွားခဲ့သည့် ထူးခြားသည့် မြန်မာပြည်၏ထူးခြားသည့် မြစ်တစ်စင်းပင် ဖြစ်ပါသည်။

ကျွန်တော့်အနေဖြင့် ဆရာလူထူးကဲအား အထူးကျေးဇူးတင်လိုက်ပါဘိခြင်း။ ယခင်က မရောက်ဖူးခဲ့သော ဒေသ၏အလှအား စိတ်ရှည်လက်ရှည်ဖြင့် ပို့ဆောင်ပြသခဲ့သော်လည်း စိတ်လည်း မရွှင်၊ ဘဝင်မကျ။

ဖြစ်ခဲ့ရသည်က ကျွန်တော်၏ဆိုးဝါးလှသည့် အကျင့်ဆိုးကြောင့်ဟုသာ ဆိုရပါမည်။ ပြောရလျှင် ညနေမှောင်ရီပျိုးပြီဆိုမှဖြင့် စချင့်ပြန်ချင်သလိုလို စိတ်အလိုကို လိုက်ခဲ့မိသော ကျွန်တော်မှာ အရက်ကိုသာ တမ်းတမ်းတတ ဖြစ်နေခဲ့ရပါတော့သည်။ သည်တော့လည်း မရှက်နိုင်ပါလေတော့။

"ကဲ . . ဆရာ စိတ်တော့မဆိုးနဲ့ဗျာ . . ဒီအချိန်ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်အလုပ်တစ်ခု လုပ်နေကျမို့ ခွင့်လွှတ်ပေးပါ"

ဆရာကဲကလည်း အကင်းပါးလှပါသည်။ ရယ်ရယ်မောမောနှင့်ပင် ပြန်ပြောပါလေ၏။

"အချင်းချင်းတွေပဲလေ . . ကျွန်တော် သဘောပေါက်ပါတယ်။ ကျွန်တော့်မှာ အစီစဉ်ရှိပါတယ် ဆရာရဲ့"

ဆရာလူထူးကဲ ပြောလိုက်သည့်စကားကြောင့် ကျွန်တော် စိတ်ချမ်းသာသွားလိုက်ပါတော့သည်။

"ဒါဆိုလည်း ဒီလိုလုပ်ဗျာ . . မြစ်သားမြို့ စာရေးဆရာထဲက သောက်တတ်၊ စားတတ်တဲ့ ဆရာတွေနဲ့သောက်ရင်း စားရင်း စာကြောင်းပေကြောင်း ပြောကြတာပေါ့နော့"

"အဲဒါတော့ မဖြစ်နိုင်ဘူးထင်တယ် . . ဆရာသိက်းသန်းအောင်ရေ့။ ကျွန်တော်တို့မြို့နယ်မှာ စာရေးဆရာ အားလုံး ခြောက်ယောက်ပဲရှိတာ၊ နှစ်ယောက်က အမျိုးသမီးဖြစ်နေတယ်။ ကျန်တဲ့ယောကျ်ားသားလေးယောက်ကလည်း အသက်အရွယ်ကြီးတာနဲ့ မသောက်ကြတာနဲ့မို့ . .။

ဆရာကြိုက်နစ်သက်တဲ့အလုပ်ကို ဆရာ စိတ်ချမ်းချမ်းသာသာနဲ့ အားမနာတမ်းလုပ်ပါနော်။ ညီလာခံမှာလည်း တွေ့နေကြမို့ ဆရာ့အကြောင်းကို သိထားပြီးသားပါ။ ဆရာက စည်းကမ်းနဲ့ သောက်တတ်တဲ့လူဆိုတာ ကျွန်တော်သိပါတယ်။

အဲ . . ဒါပေမယ့် တစ်ခုတော့ ရှိတယ်နော်။ အိမ်က မိန်းမက ကျန်းမာရေးသိပ်မကောင်းတော့ ဟင်းချက်ရာမှာ ကျွန်တော်ကိုယ်တိုင်စီစဉ်ရမှာဆိုတော့ ဆရာ့ကိုဆိုင်လိုက်ပို့ပြီး ကျွန်တော်အိမ်ခဏ ပြန်လိုက်မယ်။ ဆရာ အေးအေးဆေးဆေးသာ လုပ်ပါ။


နောက်ပြီးမှ ကျွန်တော်လာခေါ်မယ်။ ဘာမှ အားမနာနဲ့ . . ကျွန်တော့်ဘက်ကသာ အားနာနေမိတာ၊ ဒါကိုတော့ ခွင့်လွှတ်ပါ ဆရာ . . နော်"

အချိန်က ငါးနာရီကျော်ကျော် နေဝင်ဖြိုးဖျ။ သမကာ သောက်ချိန်နေကြပေါ့ . . ကျွန်တော်က ကျေကျေနပ်နပ်ဖြင့်ပင်



www.burmeseclassic.com

www.burmeseclassic.com

သူ့ကို ကျေးဇူးတင်
လိုက်မိပါသည်။

သို့ပေမယ့်
စိတ်ထဲမှာတော့ တွေး
လိုက်မိသေး၏။

"လူမိုက်
ဆိုလျှင် ရှောင်သွေ
လွှဲလို့ မမှီဝဲနဲ့ ကင်း
အောင်နေ"

ဆိုဘိသို့ ရှောင်တာမျိုးမဖြစ်ပါစေနှင့်ဟူ၍သာ ဆုတောင်းနေမိသည်။ စိတ်ထဲမှတွေးလိုက်မိရင်း မြစ်သားမြို့နယ်မှ စာရေးဆရာများအား ဂုဏ်ပြုလိုက်မိပါသေးသည်။

နောက်ဆုံး၌ ယမကာကြိုက်တဲ့ ကျွန်တော်လူမိုက် မြစ်သားရောက်သစိုက်တော့ သောက်ဖြစ်အောင် သောက်လိုက်ဦးရ ပေမပေါ့ဟု ကိုယ့်စိတ်ကို ဖြေရင်း ဆရာကဲပို့ပေးသော ရွှေမြိုင်စားသောက်ဆိုင်အတွင်းသို့ဝင်၍ ဘုရားမကြိုက်သည့် အမှားစရိုက်အား မိုက်မဲစွာ ကျူးလွန်ခဲ့မိပါတော့သတည်း။

(၂)

ညစာ,စားသောက်ပြီးကြသော်လည်း ကျွန်တော်တို့ နှစ်ယောက် မအိပ်နိုင်ကြသေးဘဲ ထုတ်လုပ်မည့် ဘာသာရေးမဂ္ဂဇင်းအတွက် လက်တော့ပ်ကွန်ပျူတာလေးအား နှိပ်စက်ကြပြန်သည်။ ယစ်ရွှေရည်လေးမှီဝဲလာသော ဧည့်သည်ကျွန်တော့အား ဆရာလူထူးကဲက အားနာလာပုံရသည်။

"ကဲ . . ဆရာသိုက်းသန်းအောင် ညည့်လည်းနက်ပြီ။ ဆရာ အိပ်ရေးပျက်နေဦးမယ် . . အိမ်အပေါ်ထပ်မှာ ဆရာ့အတွက် အိပ်ရာပြင်ထားတယ်။ တက်ကြရအောင်"

မူလတန်းအဆင့်လောက်သာရှိသည့် ကွန်ပျူတာပညာ

www.burmeseclassic.com

www.burmeseclassic.com


လေးများဖြင့် ကျွန်တော်တို့နစ်ယောက်သား ဖလှယ်နေကြရာမှ ဆုံးဖြတ်ချက်ချလိုက်ကြတော့သည်။ ဆရာကတော် မာမာဝင်းမှာ အလွန်အေးသူမို့ ကျွန်တော်တို့အား ဘာမျှပြောဆိုခြင်းမရှိ။ အလိုက်သိစွာ အိပ်နေရှာသည်။ အလိုက်မသိသူများကမူ ကျွန်တော်တို့နှစ်ယောက်သာ ဖြစ်ပေလိမ့်မည်။

ဆရာလူထူးက ကျွန်တော့အား အိမ်အပေါ်ထပ် အိပ်ရာရှိရာသို့ လိုက်ပို့ပေးသည်။ ကျွန်တော်လည်း အထွန့်မတက်တော့ဘဲ အိပ်ရာဝင်လိုက်ရတော့၏။ အိမ်အပေါ်ထပ်ဝယ် ဘုရားမီးတစ်လုံး ထွန်းထားသဖြင့် မှုန်ပျပျအလင်းရောင် အခန်းလေးသို့ ဖြာကျနေသည်။

ကျွန်တော့မှာ အရက်သောက်ထားပေမယ့် အိပ်ရာဝင်တိုင်း အမြဲ ဘုရားအားဝတ်ပြုပြီးမှ အိပ်နေကြအတိုင်း ဘုရားအား ဦးခိုက်ကန်တော့ပြီးမှသာ အိပ်ရာသို့ ဝင်ရောက် အိပ်လိုက်ရလေတော့၏။

အိပ်ရာအပြောင်းအလဲဖြစ်သော်ငြား ယမကာအရှိန်ကြောင့် ခေါင်းချလိုက်သည်နှင့် မိန်းမောအိပ်ပျော်သွားတော့သည်။ ကျွန်တော် မည်ရွေ့မည်မျှ အိပ်ပျော်ခဲ့လေသနည်းမသိ။ စိတ်အသိက ကျောထဲ ယားလာသဖြင့် မျက်စိမှိတ်ကုတ်သော်လည်း အယားမပြေ။

ထိုကြောင့် အိပ်နေရာမှထလျက် အိပ်ရာခင်းပေါ်သို့ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်၏။

"အလို မြတ်စွာဘုရား" . . အိပ်ရာခင်းပေါ်ဝယ် ကြမ်းပိုးတွေ ပြေးလွှားနေပါကလား။ ကျွန်တော်က ကြမ်းပိုးများအား လက်ဖြင့် လိုက်ချေပစ်မည်အလုပ်၊ ကိုယ့်မျက်လုံးများကိုပင် ကိုယ်မယုံနိုင်အောင် ဖြစ်သွားရသည်။

စဉ်းစားကြည့်လေ။ စောစောက ဓာတ်မီးဖြင့် ထိုးကြည့်လိုက်စဉ်က အိပ်ရာပေါ်တွင် ကြမ်းပိုးတွေက မနည်းမနော။ ခုတော့ တစ်ကောင်တစ်လေမျှ မရှိပါလေတော့။ ကိုယ့်မျက်စိကိုယ် ပြန်စိုက်ကြည့်လိုက်သည်။

အိပ်ရာခင်းပေါ်၌ ဘာဆိုဘာမျှ မတွေ့ရ။ အမှူးပြေသွား

www.burmeseclassic.com





သဖြင့် စိတ်ထင်ခြင်းသာ ဖြစ်လိမ့်မည်ဟု တွေးလျက် အိပ်ရာပေါ်သို့ ပြန်လှဲအိပ်လိုက်တော့၏။ မျက်စိကြောင်သွားသည့်အထဲ အောက်ထပ်အခန်းတွင်းမှ ထွက်ပေါ်လာပြန်သည့် ဆရာလူထူးကဲ၏ဟောက်သံက မျက်လုံးမှိတ်မရအောင်ပင်။

ထိုသို့ မျက်လုံးပွင့်နေဆဲ။ ပိတ်ထားသော လေ့ခါးထိပ်မှာ အခန်းတံခါးဆီမှ မီးခိုးလုံးများပမာ၊ ဖြူဖွေးဖွေး အရိပ်သဏ္ဍာန်တစ်ခု အိမ်အတွင်းသို့ တဖြည်းဖြည်း ဝင်လာသည်ကို တွေ့လိုက်ရပြန်သည်။ ကျွန်တော့အနေဖြင့် မကြောက်တတ်ပေမယ့် ထူးထူးဆန်းဆန်းမြင်ကွင်းဖြစ်စဉ်မို့ အာရုံစိုက်ကြည့်နေလိုက်မိသည်။

ထိုဖြူဖြူငွေ့ငွေ့တန်းက ကျွန်တော့်ခြင်ထောင် ပတ်ပတ်လည်သို့ ဝေ့ဝိုက်ပြီးသကာလ၊ ဝင်လာသည့်တံခါးပေါက်ဆီသို့ ရောက်ခါ ပျောက်သွားလေတော့သည်။ ထူးခြားသည်ကတော့ အမှန်ပင်။

ဘာပဲဖြစ်ဖြစ် မနက်မိုးလင်းမှ ဆရာလူထူးကဲအား ပြောပြဦးမည်ဟု စဉ်းစားထားလိုက်ရင်း ဘုရားကိုအာရုံပြုကာ မျက်စိကိုမှိတ်၍ အိပ်ပျော်အောင် ကြိုးစားအိပ်လိုက်ရတော့သည်။

အိပ်ပျော်သွားသည်ကိုပင် သတိမထားမိဘဲ ဖြစ်နေခဲ့နားစည်ထဲသို့ တဝီဝီဖြင့် ခြင်ကောင်အော်သံတွေက ကျယ်လျှယ်လောင်လောင်ပင် ဝင်လာတော့သည်။

စောစောက ကြမ်းပိုးကို ခါတ်မီးဖြင့်ထိုးကြည့်စဉ်က ခြင်ထောင်တွင်း တိုးဝင်လာကြခြင်းပေလား မပြောတတ်တော့။ ခေါင်း

www.burmeseclassic.com

www.burmeseclassic.com



အုံးနံ့အေးမှ ဓာတ်မီးဖြင့် ခြင်ထောင်ထဲသို့ ဟိုဟိုသည်သည် ထိုး ကြည့်လိုက်သည်။

ကြည့်စမ်းပါဦး . . ဝင်လာလိုက်သည့် ခြင်ကောင်တွေက အစုလိုက် အပြုံလိုက် ကြောက်ရွံ့ထိတ်လန့်စရာပါပဲလား။ ကျွန် တော်က အနီးရှိ ယပ်တောင်ဖြင့် ခါရမ်းပစ်လိုက်သည်။

ထူးထွေအံ့ရာသော်ပါတကား။ ယပ်တောင်ကိုင်လိုက်မှ စောစောက တဝီဝီဖြင့် အသံပေးသောင်းကျန်းနေသော ခြင်တွေ ဘယ်ရောက်ကုန်ပါလိမ့်။ အကောင်ရောအသံပါ ပျောက်ခြင်းမလှ ပျောက်သွားသည်မှာ ထူးဆန်းနေတော့၏။

မဟုတ်မှလွဲရော။ ဆရာလူထူးကဲအိမ်က သာမန်အိမ်မျိုး ဟုတ်ပါလေစ။ လူတွင်ထူးကဲရုံမက၊ အိမ်ကပါ ထူးကဲနေပါရော လား။ ဂမ္ဘီရဝတ္ထုတွေရေးနေသော ဆရာလူထူးကဲသည်ပင် ဂမ္ဘီရ ပညာတွေ တတ်နေချေသည်ပဲလား။

သူ၏ဂမ္ဘီရပညာဖြင့် မှုခင်းရေးနေသော ကျွန်တော် သိုက်း သန်းအောင်အား အကဲစမ်းနေချေသည်ပဲလား မသိ။ သို့သော် လည်း သူတို့အိပ်ခန်းအတွင်းမှ ဆရာကဲ၏ဟောက်သံကတော့ မှန်မှန်ကြီးထွက်ပေါ်နေဆဲပင် ဖြစ်ပါလေ၏။

"လောကီပညာ"ဆိုသည်က လူက အိပ်နေသော်ငြား ပညာ က လှုပ်ရှားသွားလာနေတတ်သည်ဟု ကြားဖူးနားဝရှိခဲ့ပါသည်။ မည်သို့ပင်ဖြစ်စေ ကျွန်တော့်ကိုတော့ ဆရာကဲက သူ၏ဂမ္ဘီရပညာ ဖြင့် အန္တရာယ်မပေးစကောင်း။

ပေးလျှင်တော့ ကျွန်တော် မှုခင်းစာရေးဆရာက ခေါင်းငုံ့ မခံ။ အနည်းဆုံး မှုခင်းဇာတ်လမ်းဆင်၍ ပြန်ဆော်မည်ဆိုသည်ကို တော့ အတွေးပေါက်လိမ့်မည်ဟု ထင်မိပါသည်။ ထို့ကြောင့် မျက်စိ ကိုမှိတ်၊ နားကိုပိတ်လျက် အိပ်ပျော်အောင် အိပ်ပစ်လိုက်ရပါတော့ သည်။ သို့သော် ကျွန်တော်ကောင်းကောင်းအိပ်၍ မရပါချေ။

အိပ်ပျော်လုဆဲဆဲပင်ရှိသေး အိမ်အပေါ်၌ ကြောင်စာ ရောင်းရန် ကြွက်မွေးထားဟန်တူပါသည်။ ကျွန်တော့်ခြေထောက်



www.burmeseclassic.com

www.burmeseclassic.com





အား ကြွက်လာဆွဲသည်ကို ခံစားလိုက်ရ၏။

အိပ်ရာမှမထချင်သဖြင့် လာဆွဲသောကြွက်အား ခြေထောက်ဖြင့် လှမ်းကန်လိုက်သည်။ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ် ခြေထောက်ဖြင့် ကန်သော်လည်း ဆရာကဲ လက်သပ်မွေးထားသော ကြွက်သရဲဖြင့် တွေ့နေရသည်လား မပြောတတ်ပါလေတော့။

ဟော့ဟော့ရမ်းရမ်း ကြွက်က ပိုလို့ပင် အတင့်ရဲလာသည်ပဲထင့်။ မတတ်သာသည့်အဆုံး အိပ်နေရာမှ ဝေါက်ကနဲ ထထိုင်ရင်း ကြွက်ကို ဓာတ်မီးဖြင့် လှမ်းထိုးကြည့်လိုက်မိပါလေ၏။

မှုခင်းနှင့် ဂမ္ဘီရစာရေးဆရာ ကျွန်တော် သိင်္ဂါးသန်းအောင် (မြင်းခြံ)၏ ဦးခေါင်းကြီးသည် ပုတ်လောက်ထိကြီးသွားသည်ဟု ထင်လိုက်ရတော့သည်။ ဟုတ်သည်လေ။ ခြေထောက်အား လာထိနေသည်က ကြွက်မဟုတ်။ မည်သည့်နေရာ၊ မည်သည့်အချိန်က ရောက်လာခဲ့မှန်းမသိသော ဆံပင်သျှောင်ထုံးထားသော အဘိုးအိုတစ်ယောက်က ကျွန်တော့ခြေထောက်ကို ကိုင်ဆွဲနေတာပဲကိုး။

"ဟာ! .. အဘ အဘ ဘာဖြစ်လို့ ကျွန်တော့ခြေထောက်ကို လာဆွဲနေတာလဲ။ အဘက ဘယ်က ရောက်လာတာလဲ ခင်ဗျာ.. အောက်ထပ်မှာ"

ကျွန်တော့စကား အဆုံးထိပင် မပြောလိုက်ရ။ အဘိုးအိုလက်တစ်ဖက်က ကျွန်တော့ခြေထောက်ကို ဆွဲကိုင်ထားပြီး ကျန်လက်တစ်ဖက်ဖြင့် တံခါးပေါက်ဆီသို့ ညွှန်ပြနေတော့သည်။

အစပထမတော့ ကျွန်တော် မတွေးတတ်ဘဲ ငြိမ်နေရသည်။ နောက်မှ သူဆိုလိုခြင်းအဓိပ္ပာယ်ကို သဘောပေါက်လိုက်မိတော့

www.burmeseclassic.com


၏။ အဘိုးအိုက ကျွန်တော့အား အိမ်ပေါ်မှ နှင်ချနေခြင်းပါတကား။

အကြောင်းစုံသိလိုသဖြင့် အဘိုးအိုအား မေးမည်အလုပ် ဝုတ်ခနဲဆိုသလို အဘိုးအိုမှာ ကျွန်တော့မြင်ကွင်းမှ ပျောက်ကွယ်သွားတော့သည်။ ကျွန်တော်မှာ ကြောက်သည်လည်းမဟုတ်။ လန့်သည်လည်း မဟုတ်သော်ငြား ထူးခြားနေသည်ကတော့ အမှန်ပင် မဟုတ်ပါလား။

အဘိုးအိုကွယ်ပျောက်သွားသည်နှင့် ကျွန်တော့မှာ အတွေးနယ်ချဲ့ရင်း မိုးလင်းသည်အထိ မျက်လုံးတွေကြောင်ကာ အိပ်လို့မရဘဲ ဖြစ်နေရပါတော့သည်။

ညကအဖြစ်အပျက်များအား နံနက်စာဖြင့် ပြုစုနေသော ဆရာလူထူးကဲကို ပြောပြလိုက်မိပါသည်။ ဆရာ့မျက်နှာကြည့်ရသည်မှာ ထူးခြားမှုမရှိသလို ပြုံးယောင်ယောင်ဖြစ်နေပေမယ့် အားတုံ့အားနာဖြစ်နေပုံရပါသည်။

"ကဲ . . မနက်စာလေးတော့ စားလိုက်ပါဦး ဆရာသိဏ်းသန်းအောင် . . နောက်တော့ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်တို့ဆွေးနွေးကြသေးတာပေါ့"

ဆရာလူထူးကဲအမျိုးသမီး မဝင်းမှာ တည်ငြိမ်အေးဆေးသော်လည်း တာဝန်ကိုတော့ မလစ်ဟင်းအောင် ပြုစုစောင့်ရှောက်ရှာပါသည်။ ဤသို့ဖြင့် ကျွန်တော်လည်း စကားဆက်မပြောတော့ဘဲ သူတို့ကျွေးမွေးသည့် နံနက်စာအား စားသောက်ခဲ့ရတော့သည်။ စားသောက်အပြီးတွင် ဆရာလူထူးကဲမှာ စာအုပ်တစ်အုပ်အား ယူဆောင်လာရင်းပင် -

"အဲဒီ ဂမ္ဘီရမဂ္ဂဇင်းထဲမှာပါတဲ့ ကျွန်တော့ဝတ္ထုလေးကို ဖတ်ကြည့်ထားပါဦး ဆရာ၊ ဖတ်ကြည့်ပြီးရင်တော့ ဆရာ ညကဖြစ်ခဲ့တဲ့ အဖြစ်ရဲ့အချို့တစ်ဝက်ကိုတော့ စာရေးဆရာပီပီတွေးတတ်မှာပါ။

ဆရာစာဖတ်နေတုန်း . . ကျွန်တော့လူတွေကို "ကြည့်ဝ" လက်ဖက်ရည်ဆိုင်မှာဆုံကြဖို့ ဖုန်းနဲ့ အကြောင်းကြားလိုက်ဦးမယ်"

အမှန်စင်စစ် သူ့လူတွေဆိုသည်မှာ မြစ်သားမြို့နယ်မှ


www.burmeseclassic.com

www.burmeseclassic.com


စာရေးဆရာများကို ဆိုလိုခြင်းဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်က ဘာမှပြန်မပြောတော့ဘဲ သူပေးလိုက်သည့် ဂမ္ဘီရစာအုပ်အား ဖတ်ကြည့်နေလိုက်မိတော့၏။

စာအုပ်မှာ ၂၀၁၂ခုနှစ်၊ ဇန်နဝါရီလထုတ် ဂမ္ဘီရမဂ္ဂဇင်းပင် ဖြစ်ပါလေ၏။ ဆရာလှုထူးကဲက သည်စာအုပ်ထဲမှာပါသည့် သူ့ဝတ္ထုကို ဖတ်ကြည့်ထားပါဟု ညွှန်းဆိုထားသည်ပဲလေ။ ကျွန်တော်က ထို့ကြောင့် သူ့ဝတ္ထုပါ စာမျက်နှာအား လှန်ကြည့်လိုက်မိတော့သည်။

တွေ့လိုက်ရပါချေပြီ။ ဘာတဲ့ . . သူ့ဝတ္ထုအမည်လေးက "မေတ္တာမျှယူ၊ အိမ်စောင့်ပေးတဲ့သူ"တဲ့လေ။ စာအုပ်ထဲပါ သူ့ဝတ္ထု ပန်းချီကားလေးကလည်း သူ့အိမ်ပုံစံနှင့် တစ်ထပ်တည်းပါပဲ တလား။

သည်အတိုင်းဆိုလျှင် ညက ကျွန်တော်တွေ့ကြုံခဲ့သည့် တစ်ညတာအဖြစ်ဆန်းလေးနှင့် ပတ်သက်နေပြီပဲထင့်။ ထိုသိလို စိတ်က အလျင်အမြန်ပင် သူ့စာမူလေးအား ဖတ်ကြည့်လိုက်မိလေ တော့၏။

ဆရာလှုထူးကဲရေးထားသည့် စာမူထဲကအတိုင်းဆိုလျှင် ကျွန်တော်ညက တွေ့ခဲ့ရသည့် အဖြစ်ဆန်းကား အံ့ဩဖွယ်ရာ မရှိ ပါလေတော့။ ဆိုရလျှင် ဆရာလှုထူးကဲ နေအိမ်ဝယ် မြင့်မြတ်သော အစောင့်ပုဂ္ဂိုလ်တစ်ဦးဦး ရှိနေသည်မှာ အမှန်ပင်။

အမှန်စင်စစ် ညက ကျွန်တော့ခြေထောက်အား လာရောက် ဆွဲထုတ်နေသူမှာ ထိုမြင့်မြတ်သော ပုဂ္ဂိုလ်ထူးသာဖြစ်ပေလိမ့်မည်။

သို့ရာတွင် ကျွန်တော် စဉ်းစားမရသည်မှာ မြင့်မြတ်သည့် ပုဂ္ဂိုလ်က အဘယ်ကြောင့် ကျွန်တော့ခြေထောက်အား လာရောက် ဆွဲ၍ အိမ်အပြင်သို့ နှင်ထုတ်နေရပါသနည်း။

ထိုအဖြေကို ကျွန်တော်က သိပ်သိချင်နေမိသည်ကတော့ အမှန်ပင် ဖြစ်ပါလေ၏။ တစ်အောင့်လောက်အကြာမှာပင် ဆရာ လှုထူးကဲက ကျွန်တော့အနားသို့ ရောက်လာတော့သည်။

"ဘယ်နှယ့်လဲ ဆရာသိက်းသန်းအောင် . . ကျွန်တော်


www.burmeseclassic.com

www.burmeseclassic.com


ရေးထားတဲ့ စာမူက တကယ့်ဖြစ်ရပ်အမှန်လေးပါ ဆရာ။ ဒါဆိုရင် မနေ့ညက ဆရာသိက်ြးသန်းအောင် တွေ့ကြုံခဲ့ရတဲ့ အဖြစ်လေးကို ရှင်းရှင်းလင်းလင်း သဘောပေါက်လိမ့်မယ်လို့ ထင်ပါတယ်နော်"

"အင်း . . ပြောကြစတမ်းဆိုရင် ပရလောကသားတွေဟာ ကျွန်တော်တို့လူသားတွေရဲ့ အနီးပတ်ဝန်းကျင်မှာ ရှိနေကြတာပဲ ကိုး . . တစ်ခုတော့ ပြောစရာရှိနေတာကလား"

"ပရလောကသားဆိုပေမယ့် အချို့က ကျွတ်လွတ်ပြီးလို့ ကောင်းမွန်ရာဘဝရောက်မှာ ရောက်နေကြပေမယ့် အချို့ကြ တော့လည်း ဘဝတစ်ပါးပြောင်းလုဆဲဆဲ အချိန်လေးမှာ လောဘ အစွဲအလန်း၊ ဒေါသအစွဲအလန်း၊ မောဟအစွဲအလန်းနဲ့ အတ္တ အစွဲအလန်းတွေကြောင့် မကျွတ်မလွတ်နိုင်ကြဘဲ လူတွေဆီက ကုသိုလ်ကောင်းမှု အမျှဝေခြင်းကို စောင့်မျှော်နေကြတာမျိုးလည်း ရှိတတ်ကြတာပဲနော်ဆရာ"

"ဟုတ်တယ်လေ ဆရာရဲ့ . . ပရလောကသားတွေဟာ လူ တွေဝေပေးမယ့် ကုသိုလ်ကောင်းမှုကို သာဓုခေါ်ဆိုနိုင်ဖို့ အနံ့ အသက်နဲ့တစ်မျိုး၊ အသံပေးလို့ တစ်ဖုံ၊ သူတို့ လက်ရှိ ရုပ်အသွင် သဏ္ဌာန်ကိုပြလို့ တစ်ခါ၊ တောင်းခံခဲ့ကြတာကို လူသားတွေက တစ္ဆေခြောက်တယ်လို့ အထင်ရောက်ပြီး ကြောက်လန့်တတ်ကြ တယ်မဟုတ်လား"

"ဒါပေမယ့် ကျွန်တော့အိမ်မှာ ရှိနေတာကတော့ မြင့်မြတ် တဲ့ ပုဂ္ဂိုလ်ထူးလို့ ပြောရင်ရမယ်ထင်တယ်နော်"

"ဆရာပြောသလို ဆရာ့အိမ်မှာ စောင့်နေရတဲ့ ပရလောက သားကတော့ မြင့်မြတ်တဲ့ပုဂ္ဂိုလ်တစ်ဦးလို့ ပြောရင်ရပါတယ်။ ဒါ ပေမယ့် ကျွန်တော့စိတ်ထဲ မတင်မကျဖြစ်နေတာက ဒီပုဂ္ဂိုလ်က ဘာဖြစ်လို့ ကျွန်တော့်ကို အိမ်ပေါ်က နှင်ချနေတာလဲဆိုတာပါ ဗျာ . . ဆရာလူထူးကဲ ဘယ်လိုမြင်လဲ ပြောစမ်းပါဦး"

ကျွန်တော့်ရင်ထဲ မတင်မကျဖြစ်နေသည့် အကြောင်းအရာ အား ရှင်းလင်းခိုင်းလိုက်ပါသည်။ ဆရာလူထူးကဲက ၎င်း၏စိတ်အထင်


www.burmeseclassic.com

www.burmeseclassic.com



ကို ပြန်လည်တင်ပြပြန်သည်။

"ဒါကတော့ ဒီလိုရှိတယ် ဆရာသိက်းသန်းအောင်ရဲ့ . . စဉ်းစားကြည့်လေ၊ ဆရာက ကျွန်တော့အိမ်ကို ဟိုအရင်တစ်ခေါက် ကမှ လာဖူးသေးတာပဲ မဟုတ်လား"

"မေတ္တာမျှယူ ကျွန်တော့အိမ်ကို စောင့်ပေးတဲ့သူက ဆရာ့ကို အရင်က မတွေ့ဖူး၊ မမြင်ဖူးတော့ ဆရာက လူစိမ်းဖြစ်နေတယ် မဟုတ်လား . . ဒါကြောင့် သူစောင့်ရှောက်ရမယ့် မေတ္တာစိတ်နဲ့ ဆရာ့ကို ဆွဲချနေတာဖြစ်မှာပေါ့ ဆရာရယ် . . အဟဲ . . ဟဲ ဟဲ ဟဲ"

ဆရာကဲက သူ့ထင်မြင်ချက်ကိုပြောရင်း သဘောကျစွာ ရယ်မောလိုက်သေးသည်။ သူ့ထင်မြင်ချက်ကလည်း လက်ခံနိုင်စရာ ရှိပါသည်။ မြင့်မြတ်သည့်ပုဂ္ဂိုလ်ဆိုတော့လည်း ယခင်က သည်အိမ်ပေါ်သို့ မရောက်ဖူးသော ကျွန်တော့အား လူဆိုးသူခိုးအထင် ရှိချင်ရှိနေပေလိမ့်မည် မဟုတ်ပါလား။

ထိုပုဂ္ဂိုလ်အား ခြေထောက်ဆွဲရုံဆွဲသည်ကိုပင် ကျေးဇူးပင် တင်မိပါချေ၏။ မည်သို့ပင်ဖြစ်စေ မြစ်သားမြို့သို့ ရောက်လာခဲ့ခြင်းမှာ ကျွန်တော့အတွက် ရေးစရာ ဇာတ်ကွက်ဇာတ်လမ်း တစ်ပုဒ်ရရှိခဲ့သည်ကတော့ အမှန်ပင်။

"ကဲ . . ဆရာသန်း၊ ကျွန်တော့လူတွေအကုန်လုံး ဗုန်းနဲ့ ပြည့်ဝကဖေးမှာ ဆုံကြဖို့ အချိန်းအချက်လုပ်ပြီးပြီ သွားကြစို့ရဲ့လား"

ကျွန်တော်က စကားအပိုမပြောတော့ဘဲ ပါလာသည့်လက်ဆွဲအိတ်အား ပြင်ဆင်လိုက်ရတော့၏။ နောက်ပြီးမှ ဆရာကတော် မမာမာဝင်းအား မီးဖိုခန်းထဲသို့ ဝင်နှုတ်ဆက်လိုက်ရပြန်သည်။

"ကျွန်တော် မြစ်သားကိုလာတဲ့ ရက်ပိုင်းမှာ ပြုစုချည့်ခံတဲ့ အတွက် ကျေးဇူးတင်ပါတယ်ဗျာ . . မြင်းခြံကိုလည်း လာခဲ့ဖို့လည်း ဖိတ်ခေါ်ပါတယ်နော်"

"ဟုတ်ကဲ့ . . ကျွန်မတို့မြစ်သားမြို့ကို ခုလို လာလည်တဲ့ အတွက် ကျေးဇူးတင်ပါတယ်ရှင်"

ကျွန်တော်က အပြုံးဖြင့် အသိမှတ်ပြုပြီးသည်နှင့် လက်ဆွဲ

www.burmeseclassic.com


အိတ်ကိုဆွဲကာ ဆရာလူထူးကဲ ဆိုင်ကယ်နောက်မှ ခွထိုင်ကာ မြို့တွင်းသို့ ထွက်လာခဲ့ကြတော့သည်။ သူတို့အိမ်လေးကို ပြန်လှည့်ကြည့်ရင်း စိတ်ထဲမှ ရေရွတ်လိုက်မိပါ၏။

"မေတ္တာနဲ့ယှဉ်၊ စောင့်ရှောက်ပေးတဲ့ ပုဂ္ဂိုလ်ထူးကဲ ပရလောကရှင်ကို နှုတ်ဆက်ခဲ့ပါတယ်နော် . . နောက်တစ်ခေါက်ဆိုရင်တော့ ခြေထောက်ကို ဆွဲမချပါနဲ့တော့ခင်ဗျာ"

(၄)

ကျွန်တော်တို့ ပြည့်ဝကဖေးရောက်တော့ ကျွန်တော်တို့ အရင်ရောက်နှင့်နေသော ကိုဝေလွင်ဆိုသော စာရေးဆရာအား တွေ့လိုက်ရပါလေ၏။

ဆရာကဲနှင့် ကျွန်တော်တို့နှစ်ယောက် ဝင်ထိုင်လိုက်ကြသည်။ ဆရာလူထူးကဲက မိတ်ဆက်ပေးသဖြင့် စာရေးဆရာ ကိုဝေလွင်နှင့် လက်ဆွဲနှုတ်ဆက်လိုက်ကြသည်။

ကိုဝေလွင်က စာရေးဆရာ၊ ဓာတ်ပုံဆရာအပြင် ဥဩစာအုပ် အငှားဆိုင်ဖွင့်ထားသူမို့ စာပေနှင့် ကင်းကွာခြင်း မရှိသည်ကတော့ သေချာသည်လေ။

မကြာပါချေ။ ဆရာဦးထွန်းမြင့် (မင်းရဲထွန်းမြင့် -မြစ်သား)နှင့် ကိုတင်ထွန်းလှိုင် (မြစ်သား)တို့ ရှေ့ဆင့်နောက်ဆင့် ဆိုသလို ရောက်လာကြသည်။

လူစုံသွားပြီဟု ဆိုရမြိမ့်မည်။ ကျန် စာရေးဆရာမနှစ်ဦးက ခရီးလွန်သူနှင့် အသက်ကြီးသဖြင့် မလာနိုင်သူတို့ဖြစ်သောကြောင့် လက်ဖက်ရည်ဝိုင်းမှာ အမျိုးသားများချည်းဖြစ်နေသဖြင့် လက်ဖက်ရည်သောက် မုန့်စားရင်း စာအကြောင်း၊ ပေအကြောင်း စသည်တို့ကိုပြောရင်း လက်ဆုံကျခဲ့ရသည်မှာ ကြည်နူးစရာပင် ကောင်းလှပါဘိတောင်း။

စကားပြောရင်း ခင်မင်ရင်းနှီးလာသောအခါ ကျွန်တော်က စကားဖြင့် အစွန်းဖောက်လိုက်ပါလေ၏။


www.burmeseclassic.com

www.burmeseclassic.com






"ကျွန်တော်လာတုန်းက ဒီလိုလက်ဖက်ရည်မှာ ဝိုင်းဖွဲ့ စကားပြောကြရမယ်လို့ မထင်ခဲ့မိဘူးဗျ"

"ဒါဖြင့် ဆရာသိကၡာသန်းအောင်က ဘယ်လိုဝိုင်းမှာ ထင်ခဲ့လို့လဲ . . လင်းစမ်းပါဦး"

ဆရာမင်းရဲထွန်းမြင့်က ရယ်သွမ်းသွေးရင်း မေးလာသည်။ ဆရာကိုတင်ထွန်းလှိုင်ကမူ ကျွန်တော်နှင့် နွားထိုးကြီးသားချင်း အတူတူမို့ ပြုံး၍သာနေသည်။

"ဩော် . . ဒီလိုပါ ကျွန်တော်တွေ့ခဲ့ဖူးတဲ့ စာရေးဆရာတိုင်းဟာ ယမကာကို အနည်းနဲ့အများတော့ သောက်ကြတာချည်းပဲ။ ဒါကြောင့်လည်း မြစ်သားရောက်သခိုက် ယမကာကြိုက်သူ စာရေးဆရာတွေနဲ့ ခပ်မိုက်မိုက်တွေ့ဆုံရင်း ဝိုင်းဖွဲ့ကြမယ်လို့ အားခဲလာခဲ့တာလေ"

"ခုတော့ ဆရာသူတော်ကောင်းတွေနဲ့ တွေ့နေရတာမို့ ယမကာကြိုက်တဲ့ သိကၡာသန်းအောင် လူမိုက်တစ်ယောက်တည်း ဟောဟို . . ရွှေမြို့င်စားသောက်ဆိုင်ထဲမှာပေါ့ဗျာ"

"ဟာ! . . ဒါဆိုရင် ဆရာလူထူးကဲကို အပြစ်တင်ရမှာဗျ။ သူက ကျွန်တော်တို့အားလုံးကို ဆရာ သိကၡာသန်းအောင်(မြင်းခြံ) က ဘုန်းကြီးလူထွက်မို့ အသောက်အစားမရှိဘူးဆိုပြီး ညနေပိုင်းကို မဆုံရအောင် ဒီနေ့မနက်မှ ဖုန်းနဲ့အကြောင်းကြားလို့ သိရတာဗျ"

"အပြီးသတ်တော့ ဆရာလူထူးကဲက ကျွန်တော်တို့ဝိုင်းထဲဝင်ရင် သူ့မိန်းမ,မဝင်းက ဆူမှာစိုးလို့ ရှောင်ကွန်နရီလုပ်ပုံက်တာပဲ ဖြစ်မယ်။ ဒီလူ အတော်ဆိုးတာပဲဗျာ"

စာရေးဆရာ ယောက်ျားသားတွေချည်းမို့ ပြုံးရွှင်ရယ်မော

www.burmeseclassic.com

www.burmeseclassic.com



တသောသော ဖြစ်နေတော့သည်။ စာရေးဆရာအုပ်စုဆိုတော့လည်း ပြောကြသည့်စကားလုံးတွေက စပ်ပနပေါင်းစုံလှသည်။ အသံတွေကလည်း ကျယ်လောင်လှသည်မို့ လက်ဖက်ရည်ဆိုင်အတွင်းမှ လူများက ဝိုင်းကြည့်နေကြတော့၏။

စကားပြောအပြီး ကျွန်တော်က လက်မှနာရီကို ငုံ့၍ကြည့်လိုက်သည်ကို မြင်လိုက်သော ဆရာလူထူးကဲက–

"ကဲ .. ဓာတ်ပုံဆရာ ကိုဝေလွင်ရေ၊ ဒီအုပ်စုလေးကို မှတ်တမ်းတင်လေး လုပ်ပေးပါဦး"

ဟု ပြောလိုက်သဖြင့်–

"ကျွန်တော်က အကုန်လုံးကို ရိုက်လိုက်မှာနော် .. ခေါင်းကနေ ခြေထောက်အထိပဲ"

ဟု ကိုဝေလွင်က ခပ်ထည်ထည်ဖြင့် ပြောလိုက်ပါလေ၏။

"အစကတည်းက ကိုဝေလွင်ပြောမယ့်စကားသိလို့ မှတ်တမ်းလေး လုပ်ပေးပါဦးလို့ ပြောထားတာလေ။ ဘာလဲ .. ကျုပ်တို့အားလုံးကို ခင်ဗျားက တုတ်နဲ့ရိုက်ချင်တာလား .. မလုပ်ပါနဲ့ဗျာ၊ ဟိုဒင်းဟိုဝါလေး ပြည့်ပြည့်ဝဝ တွေ့ကြုံခံစားကြည့်ချင်ပါသေးတယ်နော်"

ထိုစကားကြောင့် အားလုံးက ရယ်မောလိုက်မိကြသည်။ အော် .. အရင်က မတွေ့ဖူး၊ မမြင်ဖူးပေမယ့် ခုလို တွေ့ကြုံတော့လည်း လူရင်းများပမာ ခင်မင်မိကြသည်မှာ ကျွန်တော်တို့မြန်မာလူမျိုးတို့၏ ချစ်စရာကောင်းသော ဓလေ့စရိုက်ပါလားဟု မုဒိတာပွားလိုက်မိပြန်သည်။

စုစုဝေးဝေး ဓာတ်ပုံရိုက်ပြီးကြသည်နှင့် ဆရာလူထူးကဲနှင့် ဆရာ တင်ထွန်းလှိုင်တို့က ကျွန်တော့အား မြင်းခြံကားဂိတ်သို့ လိုက်ပို့ကြသည်။

ကားဂိတ်တွင် ထွက်တော့မည့် မြင်းခြံကားကို တွေ့လိုက်ရသဖြင့် ကားရှေ့ခန်းမှနေရာယူကာ လိုက်ပို့သော ဆရာများကို လက်ပြနှုတ်ဆက်ရင်း မြစ်သားမြို့မှ ပြန်လည်ထွက်ခွာလာခဲ့ပါ

www.burmeseclassic.com

www.burmeseclassic.com


တော့သည်။

ကားရှေ့ခန်းမှ ကျန်ရစ်ခဲ့သော မြစ်သားမြို့လေး၏အလှ အား ငေးမောကြည့်နေမိပါသည်။ အရှေ့ဘက်တစ်ခွင်ဝယ် ရှမ်း ရိုးမတောင်တန်း ညိုပြာပြာ။ စိမ်းစိုသော သစ်ပင်အုပ်တို့က မြစ်သား မြို့လေး၏ နောက်ခံပန်းချီကားချပ်သဖွယ်၊ သာမောဖွယ်ပင် တောင်း နေချေသေးတော့သည်။

တစ်ဖန် စိမ်းလန်းသော လယ်ခင်းတွေနှင့် ကွေ့ကောက် စီးဆင်းနေသော ပန်းလောင်မြစ်တို့က မြစ်သားမြို့၏အလှအား တန်ဆာဆင်ထားဘိသို့ ကြည့်လို့မဝအောင်ပင်။

သဘာဝရှုခင်းအလှကို ကြည့်နေရာမှ စိတ်ကူးထားသည့် ယခုရေးသည့် ဝတ္ထုဇာတ်လမ်းအတွက် စဉ်းစား စိတ်ကူးစာစီရင်း လိုက်ပါလာခဲ့လေတော့သည်။


မေတ္တာရည်လျက် ...
မြစ်သားမြို့နယ်မှ
စာရေးဆရာများသို့ အမှတ်တရ
သိက်းသန်းအောင်(မြင်းခြံ)


www.burmeseclassic.com

www.burmeseclassic.com



# လှူဒါန်းရသော ကန်တော့ပွဲအမျိုးမျိုး



လောကီအတတ်ပညာများကို စီရင်သည့်အခါ အစီအရင် အထမြောက်စေရန် ကန်တော့ပွဲပေးလှူရခြင်းမျိုး ရှိသည်။ ထိုသို့ လှူရာတွင် အထက်ပွဲနှင့်အောက်ပွဲဆိုပြီး ရှိသည်။

အထက်ပွဲက အနောင့်အယှက်ကင်းအောင် လုပ်ရသောပွဲ ဖြစ်ပြီး ဖျင်ဖြူ ဖျင်နီတို့ကိုခင်းလျက် အုန်းသီးတစ်လုံး၊ ငှက်ပျောသီး သုံးဖီး၊ ကွမ်း၊ ဆေး၊ လက်ဖက်နှင့် အမွှေးနံ့သာများ ထည့်ရသည်။

အောက်ပွဲသည် (၃၇)မင်းနတ်တို့ကို ရည်စူးလှူဒါန်းရ သောပွဲဖြစ်ပြီး အုန်းသီးတစ်လုံး၊ ငှက်ပျောသုံးဖီး၊ ဆိုင်ရာနတ်တို့ အတွက် အစားအသောက်၊ အဖျော်ယမကာများ ပါဝင်ရသည်။

ကန်တော့ပွဲအမျိုးအစား အမျိုးမျိုးရှိပြီး သင်ကန်တော့ပွဲ ထိုးသည့်အခါ သိသင့်သိထိုက်သည့် ကန်တော့ပွဲထိုးနည်းများကို သုတအနေဖြင့် ဖော်ပြလိုက်ရပါသည်။

**အနန္တော အနန္တငါးပါး**

အနန္တော အနန္တငါးပါးပွဲဆိုသည်မှာ ကျေးရွာရပ်အပေါင်း

www.burmeseclassic.com

www.burmeseclassic.com



ကို ရည်စူးပြီး လှူဒါန်းရသော ကန်တော့ပွဲ ဖြစ်သည်။ ထိုကန်တော့ပွဲတွင် အုန်းသီးတစ်လုံး၊ ငှက်ပျောသီးငါးဖီး၊ ကွမ်း၊ ဆေး၊ လက်ဖက်နှင့် အမွှေးနံ့သာများ ပါဝင်ရသည်။



**သာသနာပွဲ**

သာသနာကို စောင့်ရှောက်သော နတ်မင်းကြီးများကို ရည်စူး လှူဒါန်းရသော ကန်တော့ပွဲဖြစ်သည်။ ထိုကန်တော့ပွဲတွင် အုန်းသီး၊ ငှက်ပျောသီးသုံးဖီး၊ ကွမ်း၊ ဆေး၊ လက်ဖက်နှင့် အမွှေးနံ့သာများ ပါဝင်ရသည်။

**သူရဿတီပွဲ**

သူရဿတီမယ်တော်ကြီးအား ပူဇော်လှူဒါန်းရသော ကန်တော့ပွဲတွင် အုန်းသီး၊ ငှက်ပျောသီး သုံးဖီး၊ ပန်း၊ အမွှေးနံ့သာနှင့် ပုဝါတစ်ပိုင်တို့ ပါဝင်ရသည်။

**ဒါနပွဲ**

အလှူအတန်းများတွင် လှူဒါန်းသော ကန်တော့ပွဲဖြစ်သည်။ ထိုကန်တော့ပွဲ၌ အုန်းသီး၊ ငှက်ပျောသုံးဖီး၊ အမွှေးနံ့သာများ ပါဝင်သည်။

**ရှင်ဥပဂုတ္တပွဲ**

ရှင်ဥပဂုတ္တ ကိုယ်တော်မြတ်ကြီးကို လှူဒါန်းသည့်ကန်တော့ပွဲဖြစ်သည်။ မမွေ့သဘင် ဆင်ယင်ကျင်းပရာ၌ အနှောင့်အယှက်များ မကြုံရလေအောင် ကန်တော့ပွဲထိုးခြင်းဖြစ်သည်။

www.burmeseclassic.com


ထိုကန်တော့ပွဲကို အုန်းသီးတစ်လုံး၊ ငှက်ပျောသုံးဖီး၊ အမွှေးနံ့သာ၊ ပန်းများဖြင့် ကန်တော့ပွဲပြင်ပြီး ပွဲအစမှသည် အဆုံးတိုင်အောင် ဆီမီး၊ ဖယောင်းတိုင်များ အဆက်မပြတ် ထွန်းညှိပေးထားရသည်။ ပွဲထိုးသူမှာ ရေမချိုးရပါ။ ပွဲသဘင်ပြီးသောအခါမှသာ ပွဲကိုစွန့်ပြီး ရေချိုးရပါသည်။

**လမိုင်းပွဲ**

တောလမိုင်း၊ တောင်လမိုင်း၊ ကုန်းလမိုင်း၊ ရေလမိုင်း၊ ဒေသလမိုင်း စသည်ဖြင့် လမိုင်းအမျိုးမျိုးရှိသည်။ လမိုင်းပွဲပြင်ရာတွင် ဖျင်ဖြူ ဖျင်နီခင်းပြီး အုန်းသီးတစ်လုံး၊ ငှက်ပျောနှစ်ဖီး၊ ကွမ်း၊ ဆေး၊ လက်ဖက်၊ အမွှေးနံ့သာနှင့် ဖယောင်းတိုင်များ ပါဝင်ရသည်။

**ဒိုးရာပွဲ**

မိမိတို့၏ သက်ဆိုင်ရာရှိးရာနတ်များကို လှူဒါန်းရသော ကန်တော့ပွဲဖြစ်သည်။ ထိုကန်တော့ပွဲတွင် အုန်းသီးတစ်လုံး၊ ငှက်ပျောသုံးဖီး၊ ဆိုင်ရာစားသောက်ဖွယ်ရာများ ပါဝင်ရသည်။

**အထက်ဆရာကြီးပွဲ**

တရားကျင့်ကြံအားထုတ်ပြီး ထွက်ရပ်ပေါက်သွားသော သူတော်စင်ပုဂ္ဂိုလ်ကြီးများအား ရည်စူးလှူဒါန်းရသည့် ကန်တော့ပွဲဖြစ်သည်။ ထိုကန်တော့ပွဲတွင် အုန်းသီး၊ ငှက်ပျောသုံးဖီး၊ ကွမ်း၊ ဆေး၊ လက်ဖက်၊ ဆီမီး၊ ဖယောင်းတိုင်၊ အမွှေးနံ့သာများ ပါဝင်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





။

"ဪ.. ဒါလား။
သူတို့က သိချင်လို့
လုပ်မှတော့ အမေကလည်း
ငါပဲဟောလို့ ပြရတာပေါ့။
ဒါက တို့ပညာရှင်တွေရဲ့
ထုံးစံပဲ" ဟု ပြော၏ ။

အဘိုးဦးထွန်းအောင်သာတစ်ယောက် ဆေးကုထွက်ခါနီး ဘုရားကျောင်းဆောင်ရှေ့၌ ဘုရားဝတ်ပြုနေ၏။ ဆိုင်ရာပိုင်ရာ ဆရာအရှင်တို့အားလည်း တိုင်တည်ပန်ကြား၏။

အဘိုးဆေးကုထွက်လျှင် ရက်မှလသို့တိုင် ကြာတတ်၏။ တစ်ရွာဝင်၊ တစ်ရွာထွက်ဖြင့် လူနာပင့်က ကြွရောက်ကုသမှုပြုရ၏။ အချို့လူနာမှာ တစ်ပတ်၊ ဆယ်ရက် စသည် ကြာမြင့်စွာ စောင့်ကြည့်ကုသရ၏။

အဘိုးသည် ဗိန္ဓောဆရာ မဟုတ်ချေ။ ဂန္ဓဗ္ဗနတ်မျိုးနွယ်နှင့် စုန်း၊ ကဝေ၊ မြေဘုတ်တို့၏ဖမ်းစားမှုကြောင့် ဖြစ်ပေါ်လာသည့် ဝေဒနာရှင်များအား ကယ်မကုသသူ ဂန္ဓာရီဆရာဖြစ်၏။

ဆရာကြီး ဘုရားဝတ်ပြုမှု ပြီးစီးသည်ကိုမြင်၍ အဘိုး၏ ဇနီးဖြစ်သူ အဘွားဒေါ်ပုတလက်မှ -

"ဆရာ ထမင်းပွဲပြင်ရတော့မလား။ စားမယ်ဆို ထမင်းခူးလိုက်မယ်"

ဒေါ်ပုတလက်က ခင်ပွန်းဖြစ်သူအား ဆရာဟုသာ ခေါ်၏။

www.burmeseclassic.com



"အေး . . စားတာပ" ဟုဖြေကြားရင်း ဆေးလွယ်အိတ် အတွင်းသို့ ယူဆောင်မည့် ဆေးဝါးပစ္စည်းများ စစ်ဆေးကြည့်ရှု ထည့် သိုနေ၏။

ဆေးများမှာ မျက်ကွင်း၊ မျက်စဉ်း၊ အနံဆေး၊ ဝမ်းသွား ဆေး၊ ဆေးကြိမ်လုံး၊ ဆီမန်း၊ ဆန်မန်း၊ ရေမန်း၊ ထုံးမန်း၊ သဲမန်း၊ ကွမ်းမန်း၊ ကျောက်ခဲမန်း စသည့်မန်းဆေးများ၊ နှာမှုတ်ဆေး၊ ဆေး ကျောက်ပျဉ်ပါရှိ၏။

အစီအမံနာနာရုပ်များဖြစ်သည့် ကျား၊ ဆင်၊ နွား၊ ဂဝံ၊ အာဠာဝကရုပ်များ၊ ချည်မန်းကွင်းများ၊ ဆေးစားနှင့် သိမ်ဝင်အပ်၊ အပ်ချည်လုံးများ စုံတကာစေ့နေ၏။

ယင်းပစ္စည်းပစ္စယများကို ဖျင်ကြမ်း လွယ်အိတ်ကြီးနှစ်လုံး နှင့်ထည့်ခါ တံပိုးဖြင့်ထမ်းပြီး ဆေးကုထွက်ခြင်းဖြစ်၏။ လူပိုမခေါ် တပည့်မမွေး ကိုယ်တိုင်ကု၏။

အဘိုး၏ဆေးကုခွင်သည် ဆိတ်တဲ၊ သမှာန်တင်၊ ချင်းရဲ ကျွန်း၊ ငါးမျက်နှာ၊ မကျီးလုံးတောင်ဘွေ၊ သောင်ကြီး၊ ပဲကြီးအင်း၊ မြစ်ကိုင်း၊ နတ်မောက်မှ လဲရှာ ပန်းတောင်းသို့တိုင် ဆေးကုခွင် အနံ့ဖြစ်သည်။

"ငါမရှိတုန်း အစားအသောက်၊ အနေအထိုင် ဆင်ခြင်ကြ။ အစစအရာရာ သတိရှိပါစေ။ ဘုရားကျောင်းဆောင်ရှေ့က ဆေးဖွဲ နားကို ဘယ်လူစိမ်းမှ အဝင်မခံနဲ့ . . ကြားကြလား"ဟု မှာကြားပြီး ဝါးဦးထုပ်ဆောင်း၍ ဆေးကုထွက်သွားတော့၏။

❖

တောရွာများတွင် ရှာသူ(ပညာသည်)တို့ ထင်ရှားရှိကြ၏။ မြို့ကြီးပြကြီးများ၌လည်း ရှိကြမည်ဖြစ်သော်လည်း နယ်ချဲ့၍ လည်းကောင်း၊ အမှုမဲ့အမှတ်မဲ့နေကြ၍ လည်းကောင်း၊ သတိမမူ မသိရှိကြပေ။

လပြည့်ရက်၏ညများတွင် ကောင်းကင်ယံထက် အရွယ်

www.burmeseclassic.com

www.burmeseclassic.com



အစားအမျိုးမျိုးဖြင့် စက်ကြိုးစီးနေကြသည့် နီကျင့်ကျင့်အရောင်နှင့် မီးလုံးများသည် နိမ့်ချည်၊ မြင့်ချည် လှုပ်ရှား ဆော့ကစားနေကြ၏ ။ ပညာရှင်ကြီးငယ်မဟူ လပြည့်ညများတွင် ပညာနီးခါ စက်ကြိုးစီးကြပေသည်။

ကဝေသည် တစ်ဆယ့်နှစ်ကြိုးနိုင်၏။ ပညာကြီး၍ တော်ရုံ ပညာနသူဆရာတို့ ခံကြရ၏။ တစ်ချက်တည်းနှင့်အသက်ကို အနိုင်ကိုင်၏။ အဘိုး ရွာထိပ်သို့ ရောက်ရှိလာခဲ့၏။ အချိန်က ညနေပိုင်း နေညိုချိန်။ ကောင်းကင်ယံသို့ ဟိုသည် လှမ်းမော့ကြည့်၏။

"အမယ် . . ငါလာမယ်သိလို့ ထင်ပါ့၊ စက်ကြိုးတွေ ဆင်ထားပါလား" ဟုပြောရင်း အိတ်အတွင်းမှ ဆေးဓားကိုထုတ်ကာ အထက်သို့ ဝှေ့ယမ်းပိုင်းဖြတ်၏ ။

ပြီး မှုဆိုးဒူးထောက်ထိုင်ချကာ သက်စောင့်မန္တန်အား ဦးခံလျက် (၇)အုပ်ရွတ်ဆို၏။ ထိုသို့ မန္တန်နှီးပြီးနောက် ချထားသည့် ဆေးအိတ်နှင့်တံပိုးအား ကောက်ထမ်းလျက် ရွာတွင်းသို့ ဝင်ခဲ့၏။

"ဟာ! . . ဆရာကြီး ကြွလာပါလား၊ ကြုံတုန်း အမောဖြေ အကြမ်းရည်လေးများ သောက်ရအောင် ခဏဝင်ပါဦးလား"

ဟု အိမ်တစ်အိမ်ပေါ်မှ ကြိုဆိုသံထွက်လာ၏။

လှမ်းကြည့်သည်တွင် တလိုင်းအိမ်တစ်လုံး၏အပေါ်ဆင့် ပြတင်းပေါက်မှ မိမိသို့လှမ်းကြည့်နေသည့် အမျိုးသမီးကြီးတစ်ဦးကို မြင်ရ၏။

"ဖိတ်ကြားတော့လည်း လာရတာပေါ့လေ" ဟုပြောပြီး အိမ်ပေါ်သို့ တက်လာ၏။ အမျိုးသမီးကြီးလည်း အိမ်အတွင်းသို့ ဦးခေါင်းလှည့်ကာ -

"သမီးရေ . . ရေနွေးကြမ်းနဲ့ အမြည်းပန်းကန် ယူခဲ့ပော့ . . ဒီမှာ ဆရာကြီးရောက်နေလို့" ဟု လှမ်းပြော၏။

မကြာမီ အပျိုအရွယ်မိန်းကလေးတစ်ဦး ရေနွေးပန်းနှင့် ရောက်လာ၏။ ဆရာကြီးကို ရိုကျိုးကြောက်လန့်စွာ တစ်ချက်ကြည့်ပြီး နောက်ဖေးသို့ ပြန်ဝင်သွား၏။

www.burmeseclassic.com

www.burmeseclassic.com





"သုံးဆောင်ပါ ဆရာကြီး၊ အားမနာပါနဲ့ . . ခုလို ကြုံကြိုက်ခဲလို့ပါ"ဟု ပြော၏။ ပြောရင်း ရေနွေးကြမ်းများ ပန်းကန်အတွင်း သွန်ထည့်ပေး၏။

"အမြည်းစားပါ"ပြော၍ ကြည့်ရာ ငါးခြောက်ဖုတ်ဖြစ်သည်ကို တွေ့ရ၏။ ငါးခြောက်ဖုတ်ကို လှမ်းအယူတွင် လက်က ဆတ်ကနဲ တုန်ခါသွား၏။ ထိုသူမက -

"စားသာစားပါ . . ဆရာကြီး၊ ငါးရံ့ခြောက်ပါ နမ်းဆီလေး ဆမ်းထားတာ"ဟု ထပ်ပြော၏။ ဆရာကြီးလက်မှ စားခွက်နှိုက်ဆေးများ ထိုးနံ့ထားသည်ကို သူမက မြင်၏။

သို့သော် မမြင်ချင်ယောင်ပြုလျက် ရှိ၏။ ဆရာကြီး ငါးရံ့ခြောက်ဖုတ်ကိုစား၍ ရေနွေးကြမ်းသောက်၏။ မကြာမီ တစ်ပန်းကန်လုံး ကုန်သွား၏။ ထိုသို့ ကုန်စင်အောင်စားသည်ကို ကျေနပ်စွာ ပြုံးလျက် ကြည့်နေ၏။

ဆရာကြီးမှ -

"ကဲ . . ခုလို ကျွေးမွေးဧည့်ခံတာ ဝမ်းမြောက်မိပါရဲ့ . . ဒါနလည်း မြောက်ပြီဆိုတော့ကာ သွားဦးမယ်နော့"ဟုပြောပြီး အိမ်ပေါ်မှ ဆင်း၏။

"ဟုတ်ကဲ့ရှင့် . . နောက်နေ့များလည်း လာခဲ့ပါဦး"

ဟု ပြောလျက် ကျန်ရစ်၏။

ဆရာကြီးလည်း ရွာလယ်လမ်းမှ ရွာဦးရှိ ဘုန်းတော်ကြီးကျောင်းသို့ သွား၏။ ဆရာတော်ထံ ဝတ်ဖြည့်ရင်း ကျောင်းတွင် တစ်ညတာ တည်းခိုခွင့် လျှောက်ထား၏။ ခွင့်ပြုချက်ဖြင့် နားနေရာကို

www.burmeseclassic.com

www.burmeseclassic.com



ကပ္ပိယကြီးမှ စီစဉ်ပေး၏။

ဆရာကြီးလည်း ဆေးအိတ်များရှုပြီး အိတ်အတွင်းမှ ဆေးပုလင်း(၂)လုံးထုတ်ယူ၏။ (၁)လုံးမှာ အမှုန့်များဖြစ်၏။ ယင်းဆေးမှုန့်ကို ရေတစ်ခွက်ဖြင့် သောက်လိုက်၏။

ကျန်ပုလင်းမှာ ဆီမန်းဖြစ်၏။ ဆီအနည်းငယ် သွန်ယူ၍ ငယ်ထိပ်သို့ တို့၏။ အာခံတွင်းတွင် သုံးစက်တို့၏။ ဝမ်းဗိုက်အားထိုဆီဖြင့် ကြက်ခြေခတ်စားဖြင့် ခွဲသကဲ့သို့ လက်ဖြင့်ဆွဲ၏။ နောက်တုံးလုံး ခဏလှဲအိပ်သည်။

မကြာမီ ဝမ်းဗိုက်မှ ရစ်နာလာ၍ ကျောင်းရှိ လူသုံးအိမ်သာသို့ သွားရ၏။ သုံးကြိမ်သုံးခါသွား၏။ ပြီးသည်နှင့် ရေမိုးချိုးကာ ဘုရားဝတ်ပြုလျက် ညစာ တစ်စုံတရာမစားဘဲ အိပ်တော့သည်။

နံနက်လင်းလျှင် ကပ္ပိယကြီးလာပေးသည့် ပဲပြုတ်နှင့်ထမင်းကြော် တစ်ပန်းကန် ကုန်အောင်စားပြီး ယမန်နေ့က ငါးခြောက်ဖုတ်ကျွေးသည့် အိမ်သို့ ပြန်သွားခဲ့၏။

"အိမ်ရှင်တို့ . ." ဟု အသံပြုသည်နှင့် အိမ်တွင်းမှ -

"ဪ . . ဆရာကြီးလား ကျန်းမာရဲ့နော်၊ အိမ်ပေါ်တက်လာခဲ့ပါ" ဟု ပြောသံထွက်လာ၏။

ဆရာကြီးလည်း အိမ်ပေါ်ရောက်သည်နှင့် ရေနွေးကြမ်းနှင့် ငါးခြောက်ဖုတ်ဆီဆမ်းက ကောင်းလွန်းလို့စားခဲ့သမျှ မစင်တွင်း ချထားခဲ့ကြောင်းပြောရာ အိမ်ရှင်မ မျက်နှာတစ်ချက် ပျက်သွား၏။ ပြီးမှ -

"ဆရာကြီးက စံနိုင်ရည်ကြီးသားပဲကိုး . ." ဟု ပြော၏။ ဆရာကြီးမှ -

"ဒါထက် ကျုပ်ရွာအဝင်တုန်းက စက်ကြိုးဆင်ထားတာ ခင်ဗျားပဲ မဟုတ်လား" ဟု မေးရာ -

"ဟုတ်ပါပေ့ရှင် . . ကိုယ့်ရွာဝင်လာတဲ့သူကို ဘယ်အခြေအနေ၊ ဘယ်အဆင့်ဆိုတာ သိချင်လို့ပါ" ဟု ဖြေ၏။

"ဪအေးလေ . . (အမေး နွားကျောင်းသား၊ အဖြေ ဘုရား

www.burmeseclassic.com





လောင်းလို့) ဆိုရိုးရှိသမို့လား။ ခု သယ်အဆင့်ဆိုတာများကော သိပြီလား”မေး၍-

“သိပါပြီ၊ ဒါကြောင့် ဆရာကြီးကို မိတ်ကောင်းဆွေ ကောင်းအဖြစ် အသိအမှတ်ပြု လိုက်ပါပြီ။ ဒီနေ့တော့ ဖွယ်ရာ ရည်မွန်တဲ့ နံနက်စာနဲ့ ဂါရဝ ပြုပါရစေ။ လက်ခံပါ ဆရာကြီးရှင့်” ဟု ဆို၏။ ဆရာကြီးမှ-

“ဒါတော့ သည်းခံ . . ကျုပ်ရှေ့ရွာဆက်ရန် ကိစ္စရှိသေးလို့ ခွင့်ပြုဦး”ပြောသည်တွင် ထို သူမက-

“ဆရာကြီးကို စမ်းသပ်မိတာ အပြစ်မယူပါနဲ့၊ နောက်ပြီး ဆရာကြီးသွားမယ့် ရွာတွေကိုလည်း လှမ်းပြီး ဆွေမျိုးသားချင်းများထံ အကြောင်းကြားထားပါ့မယ်ရှင်။ နောက်ကိုလည်း ကြုံကြိုက်တဲ့အခါ ဝင်ပါ”

ဖိတ်မန္တကပြုသည့်အသံက နောက်မှပါလာ၏။

“အမေ အဲဒီဆရာကြီးက စွမ်းတယ်နော်၊ ရွာဝင်ကတည်းက စက်ကြိုးလည်း ဖြတ်နိုင်တယ်။ နောက်ပြီး အမေ ကျွေးတာစားပြီးတော့လည်း ဘာမှ မဖြစ်ဘူး”ဟု သမီးကပြောရာ-

“အေး . . ဒီပြင်လူဆို အောင့်တယ် . . အောင့်တယ်နဲ့ သေမှာ မုချ”ဟု ဆို၏။ သမီးဖြစ်သူက -

“အမေက ယူခဲ့ဆိုလို့ ယူခဲ့ရတာ . . ခံ့ဖိနပ် သားရေကြိုးတွေကို ငါးခြောက်ဖုတ်ဆိုလို့ တကယ်ပဲ ငါးခြောက်ဖုတ်ဖြစ်နေတယ်နော်”

“ဒါကြောင့် အမေက သမီးကို ဒီပညာသင်ပေးမယ်လို့ ပြောတာ”

www.burmeseclassic.com

www.burmeseclassic.com



သမီးမှ -

"အဲဒီပညာ သမီးမှ မလိုချင်တာ၊ သမီးတို့ကို ပညာသည်လို့ လူတွေက သိနေတာ မကြိုက်ဘူး။ သမီး သာမန်လူတစ်ယောက် အနေနဲ့ပဲ အေးအေးဆေးဆေးနေချင်တယ်" ဟု ပြော၏။

"ဟဲ့ . . ဘယ်လိုလူတွေက သိနေကြရတာလဲ"

အမေဖြစ်သူ၏ အမေးအား သမီးက -

"အမေ . . ဟိုတစ်ခါ စက်ကြိုးစီးနေတုန်း ကြည့်မြင်ခဲ့တဲ့ သူတွေက ဆန္ဒင်းပြတဲ့သူပြ၊ ဘန်းပြတဲ့သူက ပြခဲ့လို့ . . နောက်တစ်နေ့မှာ အမေပဲ ဆန္ဒင်းပြသူဆီက ဆန္ဒင်း၊ ဘန်းပြသူဆီက ဘန်း သွားငှားရတာလေ။ အဲဒီတော့ အမေဘယ်သူဆိုတာ သူတို့ သိကုန်ကြတာပေါ့" ဟုဆိုရာ -

"ဪ . . ဒါလား သူတို့က သိချင်လို့လုပ်မှတော့ အမေကလည်း ငါပဲပေါ့ . . လို့" ပြရတာပေါ့။ ဒါက တို့ပညာရှင်တွေရဲ့ ထုံးစံပဲ" ဟု ပြော၏။

"အဲဒါကိုပဲ မကြိုက်တာ" ဟု သမီးဖြစ်သူကပြောပြီး နောက်ဖေးမီးဖိုချောင်သို့ ဝင်သွား၏။ မိမိ၏ချစ်ရလွန်းသူ ဖခင်မဲ့တစ်ဦးတည်းသော သမီးလေး၏နောက်ကျောအားကြည့်ပြီး -

"ငါဘယ်လိုလုပ်ပြီး ငါတို့ရဲ့ပညာစဉ်ဆက်အဖြစ် သူ့ကို ဗူးသွင်း(ပညာ)ပေးရပါ့မလဲ။ သူ့ပုံစံကိုက လိုလိုလားလားမရှိတော့။ မတော်လို့ ဗူးချော်ခဲ့ရင် အခက်"

ဟုတွေးခါ မိမိ၏ဆန္ဒနှင့် တလွဲတချော်ဖြစ်နေမှုကို တွေးရင်း သက်ပြင်းမောကို ချမိလေသည်။

ထပ်တရာ

www.burmeseclassic.com